# ဂမ္ဘီရ
# ဝိပဿနာရှုဘွယ်




ကျမ်းပြုသူ-ဦးပဂျိုဝ

# ကြိုးစားက ဘုရားဖြစ်၏

ဤကျမ်းကို ပြုရခြင်းမှာ
ဗမာနှင့် ကမ္ဘာအတွက် ဖြစ်သည်

လောကကြီး၌ သူတပါးဖြစ်နိုင်လျှင် မိမိလည်း ဖြစ်နိုင်၏၊ သို့ရာတွင် တန်ဘိုးကို ပေးရ၏၊ စိန်ကောင်းကို အလိုရှိလျှင် တွင်းကို နက်စွာ တူးရ၏၊ သူတပါးထက် သာလိုလျှင် ပို၍ကြိုးစားရမည်။ သားကောင်းတယောက် ကျောက်ကောင်းတစေ့ ဖြစ် လို လျှင် စာဘတ်ရ၏၊ စာဘတ်ပြီးလျှင် ဆက်၍ စဉ်းစားရ၏၊ အကြံထုတ်ရ၏၊ စိတ်ကူးယဉ်ရ၏၊ လေထဲ၌ တိုက်အိမ်ဆောက်ရ၏။

ဓမ္မပဒ ပါဠိတော်အစ၌ "မနောပုဗ္ဗင်္ဂမာဓမ္မာ" ဟူ၍ ဟောတော်မူ၏၊ အဓိပ္ပါယ်ကား ကိစ္စအဝဝ တို့၌ စိတ်သည် ရှေ့သွား ခေါင်းဆောင် ဖြစ်၏။ စိတ်ကူးပြီးမှ ကာယကံ ဝစီကံတို့ လိုက်ပါလာရ၏၊ တနည်းဆိုသော် စဉ်းစားပါ၊ အကြံထုတ်ပါ၊ စိတ်ကူးယဉ်ပါ၊ လေထဲ၌ တိုက်အိမ်ဆောက်ပါ၊ ယခုအခါ လေထဲ၌ တနေ့လုံး တညဉ့်လုံး ပျံသန်း သွားလာနေသော လေယာဉ်ပျံ များသည် စောစောပိုင်းက စာဘတ်မှု စဉ်းစားမှု အကြံထုတ်မှု စိတ်ကူးယဉ်မှု လေထဲ၌ တိုက်အိမ်ဆောက်မှုတို့မှ ပေါ်ထွက်လာရသော အကျိုးကျေးဇူးတို့ပေတည်း။

သူလုပ်နိုင်က ငါလဲလုပ်နိုင်၏၊ သူ၌ စိတ်တလုံးနှင့် စေတသိက် ၅၂-လုံးရှိ၏၊ ငါ၌လည်း ဤအတိုင်းပင် ရှိ၏၊ တဦးကိုတဦးက မသာချေဟူသော "ဓမ္မနိယာမ"

၁၉၃၀

# ဂန္ထိ ရ

# ဝိပဿနာရှုဘွယ်ကျမ်း

## ဒုတိယတွဲ

ကျမ်းပြုသူ-ဦးပဏ္ဍိုင်

မယှံ ပိ တထာ ရူပါ
သဒ္ဒါ သံဝိဇ္ဇတိ ။

ကြိုးစားက-ဘုရားဖြစ်၏။

(စာမျက်နှာ ၁၀-၁၄၇)

အဘိုးငွေ နှစ်ကျပ်-ပြားရှစ်ဆယ်။

မဟာဝိဇ္ဇာစာပုံနှိပ်တိုက်၊
အမှတ်-၂၁၄၊ လမ်း-၃၀၊ ရန်ကုန်မြို့။

ဒုတိယအကြိမ်ပုံနှိပ်ခြင်း

စာအုပ်ရေ (၃၀၀၀)

၁၉၆၉-ခုနှစ်၊ ဖေဖော်ဝါရီလ

ပ၉၄ ၃၆၄

ပဂင

၇၉၃၀

ခင်-၆

ကျ-၈

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်

အမှတ် (၄၀၀၀)

ဦးယာစင် (မြ-၀၀၉၀)၊ ရောဝတီစာပေတိုက်၊ အမှတ်-၁၂၅၊ လမ်း-၃၀၊ ရန်ကုန်မြို့-က ထုတ်ဝေ၍၊ ဒေါ်စန်းရီ (မြ-၀၀၂၇) မဟာဝိဇ္ဇာစာပုံနှိပ်တိုက်၊ အမှတ်-၂၁၄၊ လမ်း-၃၀၊ ရန်ကုန်မြို့-က တာဝန်ယူ ပုံနှိပ်သည်။

# မာတိကာ


| အမှတ်စဉ် | | | စာမျက်နှာ |
|---|---|---|---|
| ၁။ | သာသနာတော်တည်တံ့ရေး | .... | ၃ |
| ၂။ | သုဘဒ္ဒ ပရိဗိုဇ် | .... .... .... | ၅ |
| ၃။ | နိဗ္ဗာန်အရှု | .... .... .... | ၇ |
| ၄။ | ဗုဒ္ဓဝါဒကို ကမ္ဘာသို့လှူဒါန်းရန် | .... | ၈ |
| ၅။ | ဘာသာခြားတို့၏ မှားယွင်းချက် | .... | ၉ |
| ၆။ | ကာလာမသုတ် ဘာသာပြန် | .... .... | ၁၀ |
| ၇။ | ရုရှ ဒေဗစ္စ၏ မှားယွင်းချက် | .... .... | ၁၃ |
| ၈။ | ဆရာဒတ်၏ မှားယွင်းချက် | .... | ၁၅ |
| ၉။ | ဆာ မိုနီယ ဝိလျံမ်၏ မှားယွင်းချက် | .... | ၁၇ |
| ၁၀။ | တကျမ်းမြင်ရုံ ကျမ်းမစုံ | .... .... | ၁၉ |
| ၁၁။ | မြတ်စွာဘုရားနှင့် ခရစ်တော် | .... | ၁၉ |
| ၁၂။ | ပုဏ္ဏား ဟိန္ဒူကျမ်းများ | .... .... | ၂၁ |
| ၁၃။ | မက်(စ်)မူလာ၏ "အတ္တ"အယူဝါဒ | .. | ၂၂ |
| ၁၄။ | အတ္တ ရှိလေဟန် | .... .... | ၂၄ |
| ၁၅။ | ဝိပဿနာ ဘာဝနာ ဆရာများ | .... | ၂၅ |
| ၁၆။ | သာသနာပြုရန် ဒေသ | .... .... | ၂၇ |
| ၁၇။ | တရားဟောခြင်း မဟောခြင်း | .... | ၂၈ |

အမှတ်စဉ် | စာမျက်နှာ


၁၈။ လောကဓာတ်ပညာ ဆရာကြီးများ .... ၂၉
၁၉။ အမေရိကန်များ တရားအားထုတ်လိုကြခြင်း ၃၀
၂၀။ ကုသိုလ်ကောင်းမှု အကျိုးကြီးပုံ .... ၃၆

မဂ္ဂင် ရှစ်ပါး

၂၁။ မဂ္ဂင်ရှစ်ပါး ထူးခြားချက် .... .... ၃၉
၂၂။ ခေတ်စားနေသော ဘာသာပြန် .... ၄၅
၂၃။ အမှားကြာလျှင် .... .... .... ၄၆
၂၄။ မဟာပဒေသ တရား ၄-ပါး .... .... ၄၇
၂၅။ မဂ္ဂင် ၈-ပါး အနက်အဓိပ္ပါယ် .... ၄၈
၂၆။ စွပ်စွဲရာ ကျမည် .... .... .... ၅၅
၂၇။ မဂ္ဂင် ၈-ပါး၏ အကျိုးကျေးဇူး .... ၅၆
၂၈။ ခရီးလမ်းမကြီး .... .... .... ၅၈
၂၉။ မဂ္ဂင် ၈-ပါးကို ပွားသော် .... .... ၅၉
၃၀။ ကိစ္စ ထက်ဝက်ပြီး၏ .... .... ၆၀
၃၁။ မဂ္ဂင်ဖေါင်ကြီး .... .... .... ၆၂
၃၂။ "သောတ"သည် အဘယ်နည်း .... ၆၂
၃၃။ သောတာပန်နှင့် စူဠသောတာပန် .... ၆၄
၃၄။ အိုးကို ကောင်းစွာမထားက .... .... ၆၇
၃၅။ ပုဏ္ဏား ရေချိုးခြင်း.... .... .... ၆၇

အမှတ်စဉ် စာမျက်နှာ


၃၆။ အရှင်ဝေါတမ ရေချိုးသွားသလော .... ၆၉
၃၇။ သွားခါနီး သန့်ရှင်းမှု .... .... ၇၁
၃၈။ မိုဃ်းသည် မြူမှုန်ကိုနိုင်၏ .... .... ၇၄
၃၉။ လူမထွက်နိုင် .... .... .... ၇၅
၄၀။ မိမိနှင့် မဂ္ဂင် ၈-ပါး .... .... ၇၆
၄၁။ အာဠာရ ဥဒက ရသေ့တို့နှင့်တွေ့ခြင်း.... ၇၈
၄၂။ ကြိုးစားက ဘုရားဖြစ်၏(စာမျက်နှာ၁၄၇) ၈၀
၄၃။ အပြစ်ရှိသူ နှစ်ဦး .... .... .... ၈၂
၄၄။ ဘုရားဟူသည် ဆရာမရှိစကောင်း .... ၈၃
၄၅။ သမ္မာဒိဋ္ဌိ နှစ်မျိုး .... .... .... ၈၄
၄၆။ သီလနှင့် သမာဓိ ကျေးဇူးပြုပုံ... ... ၈၅
၄၇။ သိကြားနှင့် မာတလိတို့ ရှိခိုးကြခြင်း ၈၆
၄၈။ ဥစ္စာစည်းစိမ် ဂုဏ်ရှိန်တိုးတက်မှု ၈၈
၄၉။ သီလသည် ရွှေပြေးနိမိတ် ၉၁
၅၀။ သီလနှင့် ပညာ ... ... .. ၉၂
၅၁။ စိတ်တလုံးကိုသာ ထိန်းရန် ... .. ၉၄
၅၂။ စိတ်ကို အုပ်ချုပ်နိုင်လျှင် ... ... ၉၅
၅၃။ သမာဓိ၏ သဘောတရား .. .... ၉၇
၅၄။ သမ္မာ သမာဓိ၏ အခြေအရံများ ... ၉၉

| အမှတ်စဉ် | | စာမျက်နှာ |
|---|---|---|
| ၅၅။ | ဒိဗ္ဗစက္ခု ဉာဏ်ရခြင်း .... .... | ၁၀၁ |
| ၅၆။ | သမာဓိကို မသိမှုကြောင့် .... .... | ၁၀၁ |
| ၅၇။ | သမ္မာဒိဋ္ဌိသည် ရှေ့ပြေး .... .... | ၁၀၆ |
| ၅၈။ | သစ်တုံး သမုဒ္ဒရာ ဥပမာ .... .... | ၁၀၈ |
| ၅၉။ | ရှိတယ် မရှိဘူး .... .... .... | ၁၁၂ |
| ၆၀။ | မာလုကျပုတ္တ .... .... .... | ၁၁၅ |
| ၆၁။ | မဂ္ဂင် ၈-ပါးနှင့် သစ္စာ ၄-ပါး .... | ၁၂၀ |
| ၆၂။ | ပဋိစ္စသမုပ္ပါဒ် .... .... .... | ၁၂၁ |
| ၆၃။ | မဂ္ဂင် ၈-ပါးအဆင့်အတန်း .... .... | ၁၂၅ |
| ၆၄။ | ဆွေမျိုးများသာမက ကမ္ဘာသို့ပင် .... | ၁၂၇ |
| ၆၅။ | ကျောင်းသုံးနှင့် ရှုဥသောတာပန် .... | ၁၂၉ |
| ၆၆။ | ဗုဒ္ဓဝါဒကို ကမ္ဘာ့ဝါဒ ဖြစ်စေရန် .... | ၁၃၃ |

## အာနာပါန

| | | |
|---|---|---|
| ၆၇။ | "ကကြီး"မှသည် "အ"အထိ.... .... | ၁၃၄ |
| ၆၈။ | ဗုဒ္ဓဘာသာဝင် တဦး၏ ပန်းတိုင် .... | ၁၃၅ |
| ၆၉။ | အမေမှာတဲ့ ဆန်တခွဲ .... .... | ၁၃၇ |
| ၇၀။ | ဘာဝနာအကျိုးပေး မတူကြပုံ .... | ၁၃၉ |
| ၇၁။ | ဉာဏ်ထက်သန်လာရန် .... .... | ၁၄၀ |
| ၇၂။ | ခေါင်းဆောင်များနှင့် ကလောင်ရှင်များ | ၁၄၃ |

အမှတ်စဉ် စာမျက်နှာ

၇၃။ ဉာဏ်ကို နီဝရဏတရား ဖုံးကွယ်ထားခြင်း ၁၄၄
၇၄။ ကြီးစားကဘုရားဖြစ်နိုင်၏ (စာမျက်နှာ ၈၀) ၁၄၇
၇၅။ ကမ္ဘာတွင် ဗမာက သာနေသော
အမွေအနှစ်ကြီး .... ၁၄၉
၇၆။ စိတ်၏ သဘောတရား .... .... ၁၅၁
၇၇။ ပုဂ္ဂိုလ် လေးဦး .... .... .... ၁၅၂
၇၈။ ပါပဿ ရမတိမနော .... .... ၁၅၃
၇၉။ မကောင်းမှု၏ အစ .... .... ၁၅၄
၈၀။ အလောင်းတော်သည် စိတ်မကူး .... ၁၅၅
၈၁။ စိတ်ကူးသည် ဆက်ခါ ဆက်ခါ စိတ်ကူး၏ ၁၅၆
၈၂။ ချက်စိကန်း နားမကြားသူများ .... ၁၅၈
၈၃။ ကာမဂုဏ်ကို စိတ်မကူးရ .... .... ၁၅၉
၈၄။ သူရဲကောင်း နှစ်ယောက် .... .... ၁၆၁
၈၅။ စိတ်ကူး ကြံစည်မှု .... .... .... ၁၆၃
၈၆။ ပန်းနှံ့ရှုသော ရဟန်း .... ၁၆၅
၈၇။ သေခါနီး အရေးကြီးခြင်း .... .... ၁၆၆
၈၈။ ဆင်းရဲ ဒုက္ခခံ၍ ကျင့်ရန်မလို .... .... ၁၆၉
၈၉။ ချမ်းသာစွာ ကျင့်ရခြင်း .... .... ၁၇၂
၉၀။ မဟာကပ္ပိနမထေရ် အာနာပါန ကျင့်ရာ ၁၇၄
၉၁။ အနှစ် ခြောက်သောင်း အသက်တမ်း ၁၇၆

| အမှတ်စဉ် | | စာမျက်နှာ |
|---|---|---|
| ၉၂။ | ကြက်မနှင့် ကြက်ဥ .... .... .... | ၁၇၀ |
| ၉၃။ | ကမ္မဋ္ဌာန်း အာရုံကို သတိ မလွှတ်စေရ .... | ၁၀၁ |
| ၉၄။ | အချိန်ရှိ၏ ဖြစ်နိုင်၏ .... .... | ၁၀၃ |
| ၉၅။ | ဥစ္စာရ ပဿာဝ ကမ္မေ .... .... | ၁၀၆ |
| ၉၆။ | လက်သမား၏ ပဲခွပ်ရိုး .... .... | ၁၀၇ |
| ၉၇။ | အနု ပုဗ္ဗိကထာ .... .... .... | ၁၀၀ |
| ၉၀။ | အာနာပါန သုတ်တော်များ.... .... | ၁၀၉ |
| ၉၉။ | သတိ ရှိနေရမည် .... .... .... | ၁၉၁ |
| ၁၀၀။ | နိဝရဏ တရားငါးပါး .... .... | ၁၉၄ |
| ၁၀၁။ | အဝိဇ္ဇာ နီဝရဏ .... .... .... | ၁၉၆ |
| ၁၀၂။ | သမထမှ ဝိပဿနာသို့ .... .... | ၁၉၇ |
| ၁၀၃။ | ခုတ်တလုံးကို သဘောပေါက်လျှင် .... | ၁၉၉ |
| ၁၀၄။ | ကျမ်းအိပ်ကြီးများ .... .... .... | ၂၀၀ |
| ၁၀၅။ | ဝိပဿနာ ပွားများနည်း .... .... | ၂၀၃ |
| ၁၀၆။ | ဆရာတော်ကြီး နှစ်ပါး၏ အာသီသ .... | ၂၁၃ |

# ကျေးဇူးတင်ခြင်း

စာပေကျမ်းဂန်တို့ကို သင်ကြား ပြသ ပေးပေသော ရန်ကုန်မြို့ အသိတိကျောင်းတိုက် ရွှေ တောင် ကျောင်း ဆရာတော် ဦး တေ ဇိန္ဒ အားရင်း၊ ကွယ်လွန်သူ ပါဠိ ဆရာကြီး ဆရာဘိအားရင်း၊ ပဋ္ဌာန်းကျမ်းကို သင်ကြား ပြသပေးပေသော ရန်ကုန်မြို့ ပြည်လမ်းရှိ ခင်ဦးတောရ ပဋ္ဌာန်းဆရာတော်အားရင်း၊ ပဋ္ဌာန်းနည်းဖြင့် ဝိပဿနာ ဘာဝနာ ပွားများနည်းကို သင်ကြား ပြသ ပေးပေသော မန္တလေးမြို့ မဟိုးရိမ်ပဋ္ဌာန်းဆရာတော် ဦးဝိသုဒ္ဓအားရင်း၊ ဦးတိက္ခမြို့ယ ဆရာတော်၏ ဝိပဿနာ ပွားများနည်းကို မှတည်လျက် အနတ္တဓမ္မ သဘာဝပေါ်အောင် ဝိပဿနာ ဘာဝနာပွားများနည်းကို ပြသ ပေးပေသော အစ်ကိုတော် (ဟသ်ာတ) ဦးသူတော်အားရင်း၊ ပါဠိ တော် နှင့်တကွ ဝိပဿနာ ဘာဝနာ ပွားများနည်းကို ကိုယ်တိုင် သင်ပြ ပေးပေသော ရန်ကုန်မြို့ ဒေဝသာဂရ သိမ်ကုန်းကျောင်း ဆရာတော် ဦးရေဝတဓမ္မ (အဂ္ဂမဟာပဏ္ဍိတ) အားရင်း၊ အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ထို့ပြင်တရပ် ရန်ကုန်မြို့ ဘောင်ဒရီလမ်းရှိ မိုးညှင်း ရိပ်သာတွင် တလတာမျှ ဝိပဿနာဘာဝနာကို လေ့ကျင့် ပွားများ အားထုတ်ခြင်းကိုလည်း ပြုလုပ်ခဲ့ရသဖြင့် မိုးညှင်း ဆရာတော်များနှင့် တကွ ဒကာ, ဒကာမ အသီးသီးတို့၏ ကျေးဇူးသည်လည်း ကြီးလှပါပေ၏။

မဟာဝိဇ္ဇာ ၁။

ထိုမှတဖန် ဤကျမ်းကို ပြုစုရန်ကြိုးစားနေရာ အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးသားထားသော ဘာသာရေး ကျမ်းစာအုပ်များနှင့်တကွ ရှေးအကျဆုံးတွင် အပါအဝင်ဖြစ်သော "ပတံဂျလိ" ယောဂီကျမ်းမှအစပြု၍ ယခုနောက်ဆုံးပေါ် ထွက် လာ သော ရေကြောင်း စစ် ဗိုလ် ချုပ် ကြီး SHATTOCK "ရှက်တော့" ၏ ယောဂီ ကျမ်း ကိုပါ ပေးပို့လိုက်သော အစ်ကိုတော် ကာယဗလ ဦးရှိန်၏ ကျေးဇူးသည်လည်း သာမန်မဟုတ်ပေ။

ထပ်မံ၍ ဖေါ်ပြရသော် ဤကျမ်းကို ရေးသား ပြုစုရာတွင် အကြမ်းရေးသားချက်တို့ အပေါ်၌ ကောင်းသည် သာ၍ကောင်းသည် အကောင်းဆုံး ဖြစ်စေရန် ကြည့်ရှုစစ်ဆေး အကြံပေးပေသော နိုင်ငံရေး ခေါင်းဆောင်ကြီး ဦးဘဖေအားလည်း ကျေးဇူးအထူး တင်ရှိပါကြောင်း။

နိဂုံးချုပ်ရသော် ဤဂမ္ဘီရဝိပဿနာ ရှုဘွယ် ကျမ်း ဒုတိယတွဲကို ပုံနှိပ်ခြင်းမပြုသေးမီ အစမှ အဆုံးတိုင်အောင် ကြည့်ရှု စစ်ဆေး စောင့်ရှောက် ပေး တော် မူပေသော ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် မဟာနာယက ဉက္ကဋ္ဌ (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တဇောတ ဆရာတော်အား အထူး ကျေးဇူးဥပကာရ တင်ရှိကြောင်းကို ဖေါ်ပြအပ်ပေသတည်း။

ပဂျိုင်

# နိဒါန်း

ဂမ္ဘီရ ဝိပဿနာ ရှုဘွယ်ကျမ်း ပဌမတွဲကို ရိုက်နှိပ်ပြီး နောက် ဒုတိယတွဲကိုရိုက်နှိပ်ရန်အဆင်သင့်ရှိခဲ့သော်လည်း အမေရိကန်ပြည်၌ သုံးလကျော်မျှ ဘာသာရေးအရပ်ရပ် တို့ကို စုံစမ်းလေ့လာပြီးလျှင် မြန်မာပြည်သို့ ပြန်လည် ရောက်ရှိလာသောအခါ ယခင်ရေးပြီးသည့်တို့ကို ပုံနှိပ် ရခြင်းထက် ဗုဒ္ဓဝါဒကို ကမ္ဘာ့ဝါဒကြီး ဖြစ်မြောက်လာ စေရန် ထည့်သွင်း ရေးသားခြင်းက ပိုမိုအကျိုး များမည်ကို သိရှိခြင်းကြောင့် ဤဒုတိယတွဲကို အောက် ပါအ တိုင်း အသစ်ပြင်ဆင် ရေးသားထုတ်ဝေ လိုက်ရပေသတည်း။ (ဤကား ဒုတိယတွဲထွက်ရန် ကြံ့ကြာ သွားရ ခြင်း ၏ အကြောင်းရင်းပေတည်း)။

## သာသနာတော် တည်တံ့ရေး

ပါဠိတော်များတွင် ဗုဒ္ဓဘာသာဝင် ရဟန်း၊ ရှင်၊ လူ၊ အပေါင်းတို့က တရားတော်ကို ရိုသေလေးစား ကြိုးစား သမှု ပြုကြမှသာလျှင် သာသနာတော် မြတ်ကြီးသည် အဓွန့် ရှည်စွာ တည်နိုင်ရာ၏။ ယင်းသို့ မဟုတ်မူ၍ တရားတော်ကို ရိုသေလေးစား ကာကွယ်ပြုစုခြင်း မရှိပါက ရှင်တော် ဘုရား တဆူ၊ တဆူ၊ ပွင့်တော်မူပါမှ သိအပ်သော တရား တော် မြတ်ကြီးမှာ လျင်မြန်စွာ ဆုတ်ယုတ်ကွယ်ပျောက် သွားရာ၏ဟူ၍ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် ကဿပ သံယုတ် နောက်ဆုံးသုတ်၌ ဟောတော်မူသည်မှာ-

အို ကဿပ ဤသာသနာတော်၌ ရဟန်း ယောကျ်ား၊ ရဟန်း မိန်းမ ဥပါသကာ ယောကျ်ား ဥပါသိကာ မိန်းမတို့သည် (၁) ဘုရား၊ (၂) တရား၊ (၃) သံဃာ၊ ရတနာ မြတ် သုံးပါးတို့အား မရိုမသေ မကျိုးမနွံ မနှိမ့်မချ နေကြကုန်၏။ (၄) အကျင့်သိက္ခာ၌ မရိုမသေ မကျိုးမနွံ မနှိမ့်မချ နေကြကုန်၏။ (၅) သမာဓိကို ရိုသေလေးမြတ်ခြင်း မရှိကြကုန်သည် ဖြစ်၍ နေကြကုန်၏။

အို ကဿပ ငါးပါးကုန်သော ဤတရားတို့သည် သူတော်ကောင်း တရား၏ ယုတ်လျော့ခြင်း မှေးမှိန်ခြင်း ကွယ်ပျောက်ခြင်း ငှာ ဖြစ်ကုန်၏။

အို ကဿပ ထို ငါးပါးသော တရားတို့၌ ရိုသေ လေးမြတ် ကျိုးနွံ နှိမ့်ချခြင်း ရှိကုန်သည် ဖြစ်၍ နေကြကုန်၏။

အို ကဿပ ဤငါးပါးကုန်သော တရားတို့သည် သူတော်ကောင်း တရား၏ တည်ခြင်းငှာ မမှေးမမှိန်ခြင်းငှာ မကွယ်မပျောက်ခြင်းငှာ ဖြစ်ကုန်၏ဟု ရှင်တော် ဘုရား ဟောတော်မူခဲ့လေသည်။

ထို သုတ်တွင်သာမက အင်္ဂုတ္တိုရ် ပါဠိတော် သတ္တကနိပါတ် အဗျာကတ ဝဂ် ၌လည်း ရှင်တော်ဘုရား ဟောတော်မူခဲ့သည်မှာဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော်မူသည်၏

နောက်၌ သူတော်ကောင်း တရားသည် ကွယ်ပျောက်ခြင်း သို့မဟုတ် အခွန့်ရှည်စွာ တည်ခြင်းတို့မှာ အထက်တွင် ဖေါ်ပြခဲ့သော နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌ လာရှိသော သဘောကိုပင် ရှင်တော်ဘုရား ဟောတော်မူခဲ့လေသည်။

## သုဘဒ္ဒ ပရိဗိုဇ်အား မိန့်တော်မူခြင်း

ထို့ပြင် သုတ် မ ဟာ ဝါ ပါဠိတော် မဟာပရိနိဗ္ဗာန သုတ်၌ သုဘဒ္ဒ ပရိဗိုဇ်အား အကြောင်းပြု၍ ရှင်တော်ဘုရား ဟောတော်မူသည်မှာ–

အို သုဘဒ္ဒ ငါ၏ သာသနာတော်၌သာ နိဗ္ဗာန်သို့ ရောက်ရှိရန် ကျင့်အပ်သော မဂ္ဂင်တရားရှစ်ပါးသည် ရှိ၏။ အခြားဝါဒတို့၌ကား မဂ္ဂင်ရှစ်ပါးတရား မရှိဟူ၍ ဟော တော်မူပြီးနောက် မဂ္ဂင်ရှစ်ပါး ဝိပဿနာဘာဝနာ မြတ် တရားကို ပွား များ နေ ကြပါက လော က ခေတ် ကြီး၌ ရဟန္တာ မဆိတ်သုဉ်း နိုင်ကြောင်းကို သိ စေ လို ရ ကား ဆက်လက်ခါ–

> ဣမေဝ သုဘဒ္ဒ ဘိက္ခူ။
> သမ္မာ ဝိဟရေယျုံ အသုညော
> လောကော အရဟန္တေဟိ အဿာတိ။
> ဟူ၍ ဟောတော်မူ၏။

## ဘာသာပြန်

အို သုဘဒ္ဒ ဤသာသနာတော်၌ သာလျှင် ရဟန်းတို့ သည် တရားတို့ကို ကောင်းစွာလေ့ကျင့် အားထုတ်နေကြ

ကုန်ငြားအံ့၊ လောကကြီးသည် ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့မှ မဆိတ်မသုဉ်းသည်သာ ဖြစ်ရာ၏ဟူ၍ ဟောတော်မူ၏။

အထက်တွင် ရှင်တော်ဘုရား ကိုယ်တော်တိုင် မိန့်ဟတော်မူခဲ့သော သာမုက္ကံသိက ဒေသနာတော် မြတ်များအတိုင်း သာသနာရေးတွင် ပေါ့ပေါ့ဆဆ နေကြပါလျှင် ရှင်တော်ဘုရား တဆူ တဆူ ပွင့်တော်မူပါမှ သိအပ်သော တရားတော်မှာ မကြာမီ မှေးမှိန် သေးသိမ် ကွယ်ပျောက်သွားဘွယ်ရာ ရှိပေသည်။ သို့တည်းမဟုတ်မူ၍ တရားတော်ကို ရိုသေလေးစားခြင်း ကာ ကွက် စောင့် ရှောက် ခြင်း ကျိုးစားပြုစု ပျိုးထောင်ခြင်း စသည်တို့ကို အားထုတ်ပြုလုပ်နေကြပါက သာ သ နာ တော် မြတ် ကြီး မှာ ယခုထက် ထူးခြားစွာ တိုးတက် ထွန်းကားလာဘွယ် ရှိလေသည်။ ဤသည်တို့ကား ရှင်တော်ဘုရား ဟောကြားတော် မူအပ်သော ပါဠိတော်များ၏ အနက် အဓိပ္ပါယ် မူရင်းတို့ပေတည်း။

ထိုကြောင့် အလွန့်အလွန် ကြိုကြိုက်ခဲယဉ်းလှစွာ ရရှိအပ်သော သာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာစွာ တည်ရှိနိုင်စိမ့်သောငှာ သံဃာတော် အရှင်မြတ်များနှင့် တကွ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် ရှင်တော်ဘုရားအား ကျေးဇူးဆပ်သောအားဖြင့် အထူးကြိုးစားတော်မူကြရန် ပဌမအကြိမ်အားဖြင့် လေးနက်စွာ တိုက်တွန်းလိုက်ရပေကြောင်း။

ထိုမှတပါး သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ဟူသည်နှင့်အညီ တရားတည်းဟူသော အလှူတော်ကို ပေးဝေလှူဒါန်းရခြင်း

သည် သာမန် ရွှေ, ငွေ, အိုးအိမ် ဥစ္စာ, ပစ္စည်း, လယ်ယာ ခြံမြေမှစ၍ ကိုယ်တွင်းရှိ မျက်စိ, နား, နှာ, အသဲ, နှလုံး, အသား, အရိုးတို့ကို လှူဒါန်းရခြင်းထက် မြတ်သော အလှူ တော်ကြီးကို တကမ္ဘာလုံးသို့ ပေးဝေလှူဒါန်းခြင်း ဖြစ်ခြင်း ကြောင့် အထူးကြီးစားအပ်သော အလှူတော်ကြီး ဖြစ်ပေ သည်။

## နိဗ္ဗာန်အလှူ

ထို့ပြင်တရပ် သဂါထာဝဂ္ဂ ဒေဝတာသံယုတ် ပါဠိ တော် အာဒိတ္တဝဂ် ဒုတိယသုတ်၌-

အမတံ ဒဒေါ စသော ဟောတိ၊
ယော ဓမ္မ မနုသာသတီတိ။

ဟူ၍ ရှင်တော်ဘုရား ဟောတော် မူခဲ့လေသည်။ အဓိပ္ပါယ်သော်ကား- အကြင်သူသည် မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်အောင် တရားတော်ကို နားမလည် နားလည် အောင် ပြောဟောပြသပေးခြင်းသည် နိဗ္ဗာန်ကို ပေးလှူ သည် မည်၏ဟူ၍ ရှင်တော်ဘုရား ဟောတော်မူခဲ့ခြင်း ဖြစ်သည်။

ထိုကြောင့် သမထဘာဝနာမှ ကျော်လွန်သော ဝိပဿနာ ဘာဝနာလုပ်ငန်းကြီးနှင့် တကွ ရှင်တော်ဘုရား ၏ တရားတော်မြတ်ကြီးကို ကမ္ဘာသို့ ပေးဝေလှူဒါန်းခြင်း သည် အလွန်ကြီးမားလှစွာသော နိဗ္ဗာန်အလှူကြီးကို ကမ္ဘာ သို့ ပေးဝေလှူဒါန်းခြင်း ဖြစ်ခြင်းကြောင့် ထိုအလှူကြီးကို မမှတ်မသုန် အစွမ်းကုန်သော အားတို့ဖြင့် ကြိုးစားတော်

မူကြရန် ဒုတိယအကြိမ် ဆက်လက် တိုက်တွန်းလိုက်ရပေသတည်း။

## ဗုဒ္ဓဝါဒကို ကမ္ဘာသို့ လှူဒါန်းရန်

ကမ္ဘာသို့ ဗုဒ္ဓဝါဒကို ပေးဝေဖြန့်ဖြူးနိုင်ရန်မှာ ကမ္ဘာ၏ အခြေအနေ အရပ်ရပ်တို့ကို သိရှိရန် လိုအပ်ပြန်သဖြင့် ကမ္ဘာ့အခြေအနေ အရပ်ရပ်ကို အောက်ပါအတိုင်း လေ့လာ စုံစမ်းခဲ့ပါသည်။

၁။ လက်ရှိ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေး၊ လောကခေတ် ပညာရေး၊ စသည်တို့ကို လေ့လာစုံစမ်းခြင်း။

၂။ ကမ္ဘာ့ဘာသာရေးအရပ်ရပ် အထူးသဖြင့် မဟာမေဒင်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာတို့ကို လေ့လာစုံစမ်းခြင်း။

၃။ ပတံဂျလိယောဂီကျမ်းမှ စ၍ ဗုဒ္ဓဝါဒ သမထဘာဝနာနှင့် အနီးစပ်ဆုံးဖြစ်သော (ယောဂီ) ကျမ်းများကိုလည်း လေ့လာစုံစမ်းခြင်း။

၄။ ဗုဒ္ဓဝါဒ ရှင်တော်ဘုရား၏ တရားတော်များကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသားထားခြင်းတို့ကို လေ့လာစုံစမ်းခြင်း။

ယင်းသို့ လေ့လာစုံစမ်းခြင်းတို့မှ ထွက်ပေါ်လာသော "ဖြစ်နိုင် မဖြစ်နိုင်"အဖြေအရပ်ရပ်တို့ကို အပေါင်း၊ အနှုတ်ပြုလုပ်လိုက်သောအခါ ရှင်တော်ဘုရား၏ဝါဒကို ကမ္ဘာ့အခြေအနေက လက်ခံရန် အသင့်ရှိနေပြီ ဖြစ်ကြောင်းကို ကောင်းစွာ သိမြင်ရပါမည်။

အထူးသဖြင့်ယခုအခါ SCIENTISTS လောကဓာတ် ဆရာကြီးများက ကမ္ဘာလောကကြီးအတွင်း ဖြစ်ပေါ်နေ သမျှတို့သည် အကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားဖြစ်ခြင်းကို ကောင်းစွာ လက်ခံလာကြလေပြီ။

ဤ၌ အကြောင်း ဖြစ်ပေါ်မှုကြောင့် အကျိုးတရား ဖြစ်ပေါ်သည်ဆိုသော ရှင်တော်ဘုရား၏ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ယခု လောကဓာတ် ဆရာကြီးများ တိကျ လေးနက်စွာ ထောက်ခံနေသည်ကို ထင်ရှားစွာ သိနိုင် လေပြီ။

ထိုကြောင့်လည်း ကမ္ဘာကို ဗုဒ္ဓဝါဒ ပေးဝေဈူဒါန်း ဖြန့်ဖြူးရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်းကိုဗုဒ္ဓဘာသာ ဝင် သူတော်စင် အပေါင်းတို့သည် ကောင်းစွာ သိရှိတော် မူကြပြီးလျှင် အထက်တွင် ရှင်တော်ဘုရား မိန့်ဟတော်မူခဲ့ သည့်အတိုင်း သာသနာတော်မြတ်ကြီး ပျောက်ကွယ်မှုနှင့် အဝွန့်ရှည်စွာ တည်ရှိမှုမှာ ဗုဒ္ဓဘာသာဝင် ရဟန်း ရှင်လူ တို့ ရိုသေလေးစားမှု ကာကွယ်စောင့်ရှောက်မှု ပြုစုအား ပေးမှုတို့ အပေါ်တွင် တည်ရှိနေရကား ဗုဒ္ဓဝါဒကြီး အဝွန့် ရှည်လျား ကျယ်ပြန့်စွာ တည်ရှိနိုင်စိမ့်သောငှာ ဗုဒ္ဓဘာသာ ဝင် သူတော်စင်အပေါင်းတို့သည် ယခုအချိန်ကစ၍ အထူး ကြိုးစားတော်မူကြရန် တတိယမ္ပိ သုံးကြိမ်မြောက် တိုက် တွန်းနှိုးဆော်လိုက်ရပြန်ပေသတည်း။

### ဘာသာခြားတို့၏ မှားယွင်းချက်

ဤမျှဖြင့် ဗုဒ္ဓဘာသာ တရားတော်ကြီးကို အဝွန့်ရှည် ကြာစွာ တည်တံ့ရေးနှင့် ဗုဒ္ဓဘာသာကို ကမ္ဘာ့ဘာသာ

ကြီး ဖြစ်မြောက်ရေးကို ကြိုးစားအားထုတ်တော် မူကြရန် ရေးသား ပြီးနောက် အထက်တွင် ဖော်ပြခဲ့ပြီးသော အချက် လေးချက်တို့အနက် နောက်ဆုံး စတုတ္ထအချက်ကို အနည်းငယ် ရှင်းလင်း ရေးသားလိုသည်မှာ အောက်ပါ အတိုင်းပင်-

ရှင်တော်ဘုရား၏ တရားတော်များကို အင်္ဂလိပ် ဘာသာ ပြန်ဆိုထားသော စာအုပ်များကို ဖတ်ရှုသော အခါ ပါဠိတော်နှင့် မကိုက်ညီသော အချက် အလက်အချို့ တို့ကို တွေ့ရှိရ၏။

ယင်းသို့ မှားယွင်းချက်မှာ ဗုဒ္ဓဝါဒ တက်လာသော် ငါတို့ဘာသာတရား သေးသိမ် ညှိုးမှိန်ဘွယ်ရာ ရှိ၏။ ထိုကြောင့် ဗုဒ္ဓဘာသာ တရားများကို အပြစ်ရှာ၍ ရေး သားမည်ဟူသော သဘောဖြင့် ရေးသားခြင်းပေလော။ သို့တည်းမဟုတ် မသိ နားမလည်ရှာ၍ မှားခြင်းပေလော။ ထိုနှစ်မျိုး နှစ်နည်းတွင် မည်သည့်နည်းဖြင့် မှားယွင်းသည် ကိုကား အသေအခြာ မပြောနိုင်ပေ။ သို့ရာတွင် မှားယွင်း ချက်များကား အမှန်ပင်။

## ကာလာမသုတ် ဘာသာပြန်

ထိုထိုသော မှားယွင်းချက်များအနက် တခုသော ဥပမာကို ပြရသော် လွယ်ကူစွာ သိသာနိုင်သော ကာလာမ သုတ်ကိုပင် တလွဲတချော် ဘာသာပြန်ဆို ရေးသားထား သည်ကို တွေ့ရှိရ၏။ ဘာသာပြန်ဆိုချက် မှားယွင်းပုံကား ရှင်တော်ဘုရားက-

ဂေါ်တမဘုရား ဟောသော တရားကိုပင်လျှင်
သင်တို့ ကိုယ်တိုင် သိရှိမှသာလျှင် ယုံကြည်ကြ-

ဟူ၍ ဘာသာပြန်ဆို ရေးသားထားသော စာအုပ်စာတမ်းများနှင့်တကွ စာ-နယ်-ဇင်းများတွင် မကြာခဏ တွေ့မြင် ဖတ်ရှုရ၏။ ထို ကာလာမသုတ် တသုတ်လုံးကို ဖတ်ရှုပါက ရှင်တော်ဘုရား ဟောတော်မူရာတွင် ထိုသဘောမျိုး လုံးဝ မပါမရှိချေ။

ယင်းသို့ ကာလာမသုတ်ကို ကိုးကားရေးသားကြသော ဘာသာပြန်ဆရာတို့သည် ကာလာမသုတ်သည် နိကာယ်ငါးရပ်တို့တွင် အဘယ်နိကာယ် အဘယ်ကျမ်း အဘယ်အခဏ်း၌ လာရှိသည်ဟူ၍ကား စာ-နယ်-ဇင်းများတွင် မဖော်ပြကြချေ။ ဖော်ပြရသော် ကျမ်းရင်းကို ဖတ်ရှုပါက ၎င်းတို့ ဘာသာပြန်ဆို ထားချက်နှင့် မကိုက်ညီပုံကို လွယ်ကူစွာ သိရှိနိုင်ဘွယ်ရာ ရှိသည်ကို ကြောက်ရွံ့ဟန်လက္ခဏာ ရှိလေသည်။ စင်စစ်သော်ကား ထိုသုတ်သည် အင်္ဂုတ္တိုရ် ပါဠိတော် တိကနိပါတ်မဟာဝဂ်၌ လာရှိသော သုတ်ဖြစ်၏။

ထိုထက် ဆိုးဝါးသော အချက်တရပ်မှာကား-

THE LIVING THOUGHT OF
GOTAMA THE BUDDHA
PRESENTED BY
ANANDA K. COOMARASWAMY
AND
I. B. HORNER

တဘက်ပါ အမည်ဖြင့် ထုတ်ဝေသော စာအုပ်၏ တတိယအခန်း နောက်ဆုံး၌ ကာလာမသုတ်ကို ရေးသား ဖေါ်ပြရာ၌(ရှေးဟောင်း စာပေကျမ်းဂန် ပိဋကတ) ဆိုသည် မှာ သုတ် ဝိနည်း အဘိဓမ္မာ ပိဋက သုံးပုံကို ဆိုသည်ဟူ၍ ရှင်းလင်း ဖေါ်ပြထားလေသည်။

ရှင်တော်ဘုရား ဟောကြားတော်မူသော အလိုကား ထိုသို့မဟုတ် (ဟောတော်မူဟန်ကား) အို-ကာလာမတို့ သင်တို့၏ စာပေကျမ်းဂန် ပိဋကတို့၌ လာရှိသည်ဟူ၍ လည်း မယုံကြည်ကြလေနှင့်ဦး ဟူသော သဘောကို ဟော တော်မူခြင်းဖြစ်၏။ ငါဘုရား၏ ပိဋက သုံးပုံကို မယုံကြည် လေနှင့်ဦး ဟူသော သဘောကို ဟောတော်မူသည်မဟုတ်။

ရှင်တော်ဘုရား ပွင့်တော်မမူမီ ရှေး ရသေ့ ကြီးများ ပြုစုထားခဲ့သော ကျမ်းများမှာ–

> အဘိဓာန်ကျမ်း၊ အလင်္ကာကျမ်း၊ သဒ္ဒါကျမ်း၊ ငါးခုမြောက် ဇုတိဟာသကျမ်းနှင့် တကွ ဗေဒင် ကျမ်းများ၊ ပဒကျမ်း၊ ဗျာကရဏ်းကျမ်း၊ လော- ကာယတကျမ်း၊ မဟာ ပုရိသ လက္ခဏာကျမ်း စသည်တို့ ဖြစ်၏။

အထက်ပါ ကျမ်း များ ရှိ နေ ပြီး ဖြစ် ကြောင်း ကို သုတ်သီလက္ခန် ပါဠိတော် အမ္ဗဋ္ဌသုတ်၌ရှင်း၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဗြာဟ္မဏဝဂ် ဗြာဟ္မာယုသုတ်၌ရှင်း၊ ထိုထိုသော ပါဠိတော်များ၌ ထင်ရှားစွာ လာရှိပြီး ဖြစ်လေသည်။

ယင်းသို့ မှားယွင်း ချွတ်ချော် ရခြင်းမှာ ကူမရဆွာမိနှင့် ပေါ်နာတို့ ဘာသာပြန်ဆို ရေးသားကြရာ၌ ရှင်တော်ဘုရား၏ ပါဠိတော်အရပ်ရပ်တို့ကို နှံ့စပ်အောင် သဘောမပေါက်ကြ၍ မှားယွင်း ချွတ်ချော်ဟန် လက္ခဏာ ရှိလေသည်။

## ရစ္စ ဒေဗစ္စ၏ မှားယွင်းချက်

ထိုပြင် သုတ်သီလက္ခန်ပါဠိတော် သာမညဖလသုတ်၌ ရှင်တော်ဘုရားသည် အဇာတသတ်မင်းအား ရှည်လျားစွာ တရားဟောတော်မူ၏။ တရားတော်၏ အဆုံး၌ အဇာတသတ်မင်းသည် ရှင်တော်ဘုရားအား ဤသို့ လျှောက်ထား၏။

> အရှင်ဘုရား အရှင်ဘုရား၏ တရားတော်သည် အလွန် နှစ်သက် ဘွယ် ကောင်းလှပါသည်ဘုရား၊ ဥပမာအားဖြင့် လျှောက်ထားရသော် မှောက်၍ထား သောအိုးကို တဖန်ဖွင့်လှန် လိုက်ဘိ သကဲ့သို့ရင်း၊ လမ်းမှားနေသော ခရီးသည်အား လမ်းမှန်ခရီးသို့ ညွှန်ကြားဘိသကဲ့သို့ရင်း။ အမိုက်မှောင်တွင် ဆီမီးတန်ဆောင် ထွန်းညှိလိုက်ဘိ သကဲ့သို့ရင်း။ မျက်စိအမြင်ရှိသောသူသည် ရူပါရုံကိုတွေ့မြင်ရဘိ သကဲ့သို့ရင်း။ အကြောင်းအကျိုး တို့ဖြင့် အလွန် ကောင်းလှပါသည် အရှင်ဘုရား။

ဤသို့ လျှောက်ထားပြီးနောက် အဇာတသတ်မင်းက ရှင်တော်ဘုရားအား ဆက်လက် လျှောက်ထားသော ပါဠိတော်မှာ-

သောဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊
ဓမ္မဉ္စ ဘိက္ခု သံဃဉ္စ ဥပါသကံ မံ ဘဂဝါ
ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ။

ဘာသာပြန်ကား။ အရှင်ဘုရား ဘုန်းတော် ကြီးမြတ်တော် မူလှသော မြတ်စွာဘုရားကို ဤအကျွန်ုပ်သည် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တ ရား တော် ကိုရင်း။ ရဟန်းတော်မြတ် အပေါင်းကိုရင်း။ ကိုး ကွယ် ရာ ဟူ၍ ဆည်းကပ်ပါ၏။ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရားသည် တပည့်တော်ကို ယနေ့မှ အစပြု၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာ ဟူ၍ သိမှတ်တော်မူပါဘုရားဟု လျှောက်ထားခြင်းဖြစ်၏။

ယင်းသို့လျှင် အဇာတသတ်မင်းသည် ရှင်တော်ဘုရားအား လေးလေးနက်နက် နှစ်နှစ်ခြိုက်ခြိုက် ရှင်တော်ဘုရား၏ သာ သ နာ တော် သို့ သက် ဝင် ယုံကြ ည် ကြောင်း ဥပါသကာ အဖြစ်ဖြင့် အသိအမှတ် ပြုတော်မူပါ ဘုရားဟု ဝန်ခံ လျှောက်ထားပါလျက်-

**T. W. RHY DAVIS, LL.D., PhD.**

ရစ္စ ဒေဗစ္စ ဆိုသူ ဆရာကြီးသည် ရေးသားသော

**BUDDHIST INDIA**

ဗုဒ္ဓ အိန္ဒိယ

ခေါ် စာအုပ် ပထမပိုင်း အဆုံးတွင် အောက်ပါစကား ရပ်များကို ရေးသားဖော်ပြထားသည်ကို တွေ့ရှိရ၏။

> အဇာတသတ်မင်းသည် ဗုဒ္ဓဝါဒကို ကြိုက်နှစ်သက်ကြောင်း ဝန်ခံ ဂတိပြုသော်လည်း ဗုဒ္ဓဘာသာ သာသနာဘက်သို့ ကူးပြောင်းလာသည် မဟုတ်။ ကူးပြောင်းလာသော အထောက်အထားများ မတွေ့မရှိရချေ။ အဇာတသတ်မင်းသည် ပဌမ သင်္ဂါယနာတင်ပွဲတွင် ကူညီရာ၌ ပရိယာယ်မျှသာ ဖြစ်ဟန်ရာရှိသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းမှာ အိန္ဒိယဘုရင်များသည် ဘာသာ အမျိုးမျိုးကို ကူညီ ဆောင်ရွက် ပေး ခြင်း ထုံးစံဓလေ့ကို အဇာတသတ်မင်း လိုက်နာ ဆောင်ရွက်ခြင်း ဖြစ်သည်။

ဟူ၍ ထင်ယောင်ထင်မှား ဖြစ်ဘွယ်ရာကို ရေးသား သားသည်ကို တွေ့ရှိရ၏။ ထိုမှတပါး ၎င်းဆရာကြီး ချွတ်ချော် တိမ်းပါး ရေးသားထားသော အချက်အလက်များ လည်း ကျန်ရှိပေသေး၏။

## ဆရာဒတ်၏ မှားယွင်းချက်

ထိုမှတပါး အိန္ဒိယတိုင်းသား နာမည်ကျော် ပုဂ္ဂိုလ်ကြီး တဦး မှားယွင်း ရေးသားထားပုံကို တဘက်ပါအတိုင်း သိစေလိုပြန်ပါသည်။

# ASPECTS OF
# MAHAYANA BUDDHISM
## AND ITS RELATION TO
# HINAYANA
BY

NALINAKSHA DUTT, M.A., B.L., PhD., D. LITT.

အထက်အမည်ပါ စာအုပ်စာမျက်နှာ ၂၃၉ ၌ ရှင်ဗုဒ္ဓဃောသ ပြုစုအပ်သော ဝိသုဒ္ဓိမဂ်မှ လာရှိသည်ကို ထုတ်နှုတ်၍ အင်္ဂလိပ် ဘာသာဖြင့် ဖေါ်ပြထားသည်မှာ-

He (ရှင်ဗုဒ္ဓဃောသ) divides it into three Sections, of which the first deals with Sila (moral precepts), the full observance of which results in the attainment of the first two stages, sotapatti and sakadagami the second deals with CITTA or SAMADHI, which results in the attainemt of the third stage Anagami and the third treats of PANNA (knowledge), perfection in which leads the adept to the final stage, Arahatta or complete emancipation.

ရန်ကုန်မြို့ "ဂျတ်ဆင်" ကောလိပ်ကျောင်းတွင် ပါဠိ ဘာသာ သင်ပြသွားသော ပါဠိဆရာကြီး မစ္စတာဒတ်၏ အထက်ပါရေးသားထားချက်ကို မြန်မာလို သိအပ်သည်မှာ-

ရှင်ဗုဒ္ဓဃောသ ပြုစုအပ်သော ဝိသုဒ္ဓိမဂ် တွင် အပိုင်း သုံးပိုင်း ခွဲခြားထားလေသည်။ ပဌမပိုင်းမှာ ကိုယ်ကျင့်သီလ သိက္ခာဖြစ်၍ ၎င်းသီလကိုဖြည့်စွမ်းနိုင်သော်သောတာပန် နှင့် သကာဒါဂါမ်ကို ဖြစ်စေနိုင်၏။ ဒုတိယ

အပိုင်းမှာ သမာဓိ စခန်းဖြစ်၍ ထိုသမာဓိ စခန်းကို ပေါက်ရောက်ပါက အနာဂါမ် ဖြစ်စေနိုင်၏။ တတိယပိုင်းမှာ ပညာစခန်း ဖြစ်၍ ထိုပညာစခန်းကို ပေါက်ရောက်ပါက နောက်ဆုံး ရဟန်းကိစ္စပြီးသော ရဟန္တာ အခြေသို့ ဆိုက်ရောက်နိုင်၏ ဟူ၍ ရေးသား ထားလေသည်။

ဝိသုဒ္ဓိမဂ်ကိုဖတ်ရှုပါက ထိုသဘောမျိုး လုံးဝ မပါမရှိ ချေ။ သီလဖြင့် သောတာပန် သကဒါဂါမ် ဖြစ်သည်ဟု ဝိသုဒ္ဓိမဂ်တွင် ပါရှိသည်ဟု ရေးသားဖေါ်ပြ ထားခြင်းမှာ စဉ်းစား၍ မရအောင်ပင် ရှိပေတော့၏။

## ဆာ မိုနိယ ဝိလျှမ်၏ မှားယွင်းချက်

ထို့ပြင် SIR MONIER WILLIAMS ဆာ မိုနိယ ဝိလျှမ် ရေးသားထားသော BUDDHISM ဗုဒ္ဓဇစ်ဇမ်ခေါ် စာအုပ် စာမျက်နှာ ၄၃-တွင် သစ္စာလေးပါး အကြောင်း ကို အင်္ဂလိပ် ဘာသာ ပြန်ဆိုရေးသားထားပုံကို ရှင်းလင်း ရန်မှာ အောက်ပါအတိုင်းပင်။

ပါဠိတော်၌ လာရှိသည်မှာ-

ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိ ရာဂ- သဟဂတာ တတြတတြာ ဘိနန္ဒိနီ သေယျထိဒံ- ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

မဟာဝဂ္ဂ ၂။

ဤ သစ္စာလေးပါး တရားတော်ကို ဗုဒ္ဓဘာသာဝင် တရားလိုက်စားသူတိုင်း သိရှိပြီးဖြစ်၏။ ထို ပါဠိတော်တွင် သက်ဆိုင်ရာ နောက်ဆုံးပါ ပါဠိတော်ကို ဘာသာပြန်ဆို ရသော်-

၁။ ကာမတဏှာ ရူပါရုံ စသော ကာမဂုဏ်ငါးပါး ကို ခုံမင်တပ်မက်သော တဏှာ။

၂။ ဘဝတဏှာ ဘဝကို တောင့်တသော အားဖြင့် သဿတဒိဋ္ဌိနှင့် တကွဖြစ်သော ရူပဘဝ အရူပ ဘဝကို ခုံမင် တပ်မက်သော တဏှာ။

၃။ ဝိဘဝတဏှာ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သောတဏှာ။

ဤ ကာမတဏှာ, ဘဝ တဏှာ, ဝိ ဘ ဝ တ ဏှာ, ကို အထက်ပါ စာအုပ်တွင် ဘာသာပြန်ဆို ရေးသားထား သည်မှာ-

(1) For sensual Pleasure (KAMA),
(2) For wealth (VIBHAVA),
(3) For existence (BHAVA),

နံပါတ်အစီအစဉ်မှာ သူ့အတိုင်းပင်ဖြစ်၏။ ဤအင်္ဂလိပ် စာတွင် ပါရှိသော ''ဝိဘဝတဏှာ''ကို မြန်မာလိုပြန်ဆို သော် ''ဥစ္စာပစ္စည်း''ကို ခုံမင်တပ်မက်သော တဏှာ ဟူသော အနက်အဓိပ္ပါယ် ထွက်ပေါ်လာ၏။

ဤတွင် ပါဠိတော်၏ အနက်အဓိပ္ပါယ်နှင့် အင်္ဂလိပ် ဘာသာဖြင့် ဖေါ်ပြထားသော အနက်အဓိပ္ပါယ်မှာ မည်မျှ ကွာခြားနေသည်ကို ထင်ရှားစွာ သိနိုင်လေပြီ။

ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော တရား တော်တို့မှာ ခက်လည်း ခက်၍ အနက်အဓိပ္ပါယ်မှာ

နက်လည်း နက်၏။ နူးညံ့သိမ်မွေ့၏၊ သာမန်ပုဂ္ဂိုလ်တို့အရာ မဟုတ်ချေ။

## တကျမ်းမြင်ရုံ ကျမ်းမစုံ

ရှင်တော်ဘုရားသည် အခါတပါး၌ ဟောတော်မူသည်မှာ ငါဘုရားသည် အခါအားလျော်စွာ ဝေဒနာကို နှစ်ပါးထား၍ ဟောတော်မူ၏၊ သုံးပါး လည်း ထား၍ ဟောတော်မူ၏၊ ငါးပါးလည်းထား၍ ဟောတော်မူ၏၊ ခြောက်ပါးလည်း ထား၍ ဟောတော်မူ၏၊ ဤသို့လျှင် ၁၈-ပါး၊ ၃၆-ပါး၊ ၁၀၈-ပါးအားဖြင့် ဝေဒနာကို ဟောတော်မူ၏ ဟူ၍ သဠာယတနသံယုတ် ပါဠိတော် ဝေဒနာသံယုတ် ပဥ္စကင်္ဂ ဂဟပတိသုတ်၌ ဟောတော်မူ၏။

ရှင်တော်ဘုရားသည် တရားဟောတော်မူရာ၌ ပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ ဟောတော်မူ၏။ တဦးကို ဟောတော်မူသောတရားနှင့် အခြားတဦးကို ဟောတော်မူသော တရားတို့မှာ တူသည်လည်းရှိ၏၊ မတူသည်လည်းရှိ၏။

ထိုကြောင့် ဗုဒ္ဓဝါဒကို ဟောကြ ပြောကြ ရေးသားကြရာ၌ "တကျမ်းမြင်ရုံ ကျမ်းမစုံ အာရုံတယ်၍ မတင်းနှင့်" ဟူ၍ ရှေးသူမြတ်တို့ ဆိုစမှတ်ရှိခဲ့လေသည်။

## မြတ်စွာဘုရားနှင့် ခရစ်တော်

ဂင်းပြင်တရပ် ထိုစာအုပ်၏ စာမျက်နှာ ၅၆၃-၌ဂင်း ထိုစာအုပ်ထက် စောသော စာအုပ်များ၌ သော်ဂင်း....

ရှင်တော်ဘုရားကို (The light of Asia)ခရစ်တော်ကို ( The light of the world ) ဟူ၍ အမည် ပေးထား သည်ကို တွေ့ရှိရ၏။

ဤ၌ သတိပြုမိသည်မှာ ရှင်တော်ဘုရား ပရိနိဗ္ဗာန်ပြု တော်မူပြီးနောက် ပဥ္စမ သံဂါယနာ တင် သော အ ခါ ရဟန္တာအရှင်မြတ်များသာ ပါဝင်ကြရ၏။

ထိုတွင် ရဟန္တာမဟုတ်သော ပုဂ္ဂိုလ်တို့သည် ထိုသံဂါ ယနာတင်ပွဲသို့ မပါမဝင်ကြရသည်က အစ ပြု၍ တဂိုဏ်း တစင်ထောင်ကာ မြောက်ပိုင်းသာသနာကို ပြုစုပျိုးထောင် ကြ၏။ ထိုအခါ ၎င်းတို့ကပင် ၎င်းတို့၏ဂိုဏ်းကို "မ ဟာ ယန"ဂိုဏ်းဟု အမည်ပေး၍ "ရဟန္တာ" အရှင်မြတ်များ ပါဝင်သော ဂိုဏ်းကိုကား "ဟိနယာန"ဟု ထို ရ ဟာ န္တာ မဟုတ်သော ပုဂ္ဂိုလ်တို့က အမည်ပေးကြလေသည်။

•ဤတွင်အခြားကိစ္စအရပ်ရပ်တူသည်ပင်ထား၍ရဟန္တာ အရှင်မြတ်တို့မှ ဆင်းသက်လာသော တောင်ပိုင်း ဗုဒ္ဓဝါဒ နှင့် ရဟန္တာအရှင်မြတ်မဟုတ်သော ပုဂ္ဂိုလ်တို့မှ ဆင်းသက် လာသော မြောက်ပိုင်း ဗုဒ္ဓဝါဒမှာ မည် သည့် ဂိုဏ်း က "မဟာ" ဖြစ်ထိုက်သည်ကို ထင်ရှားစွာ သိသာနိုင်လေ သည်။

ယခုလည်း ထိုနည်းတူစွာ ဟိန္ဒူနှင့် ဗုဒ္ဓဝါဒကို အတုယူ ကာ ရှင်တော်ဘုရား ပွင့်တော်မူပြီးနောက် နှစ်ပေါင်း ငါးရာကျော်မှလည်း ပေါ်ထွက်လာပေ သေး၏။ နာမည် ပေးရာတွင် သဗ္ဗညုတ ဉာဏ်တော်ကို ရရှိတော်မူသော ရှင်တော်ဘုရားအား....

THE LIGHT OF ASIA.

သလိုက် အော့(ဖ်) အေရှား

ဟူ၍ အမည်ပေးပြီးလျှင် နောက်မှ အတုယူကာ ဖြစ်ပေါ်သော မိမိတို့၏ ခရစ်တော်ကိုကား....

THE LIGHT OF THE WORLD

သလိုက် အော့(ဖ်) သဝေါလ်ဒ်

ဟူ၍ငှင်းတို့ကပင် အမည်ပေးထားသည်မှာ ဝါဒဖြန့်ဖြူးရေးသည် ယခုမှ ခေတ်စားလာသည်မဟုတ် ထိုအခါကပင် ခေတ်စားနေသည်ကို ကောင်းစွာ သိသာနိုင်လေသည်။

ထိုကြောင့် စာဖတ်သူသည် သက္ကရာဇ် ၁၉၀၀- မပြည့်မီက ရှင်တော်ဘုရား၏ တရားဒေသနာတော်ကို အင်္ဂလိပ်ဘာသာဖြင့်(SIR EDWIN ARNOLD)ဆာအက်ဝင်အာနိုး ရေးသားထုတ်ဝေသွားသော စာအုပ်အမည်ကို....

THE LIGHT OF ASIA. သလိုက်အော့(ဖ်)အေရှား

ဟူ၍ အမည်ပေးသွားခြင်းသည် အော်- ဒီသဘောကိုး ဟူ၍ သဘောပေါက်မိနိုင်လေပြီ။

ပုဏ္ဏား ဟိန္ဒူကျမ်းများ

ဤမှတပန် အထက်တွင် ရေးသားခဲ့သော "ဗုဒ္ဓစ်ဇမ်" ခေါ် စာအုပ်ကို ပြန်၍ဆက် ရသော် ထို စာအုပ်ကြီးမှာ စာမျက်နှာ ငါးရာကျော်ရှိ၏။

ထိုစာအုပ်ကို ခြုံ၍ကြည့်လိုက်သောအခါ အ မှား များစွာ ပါရှိရုံမျှမက ရှင်တော်ဘုရား၏ တရားတော်များမှာ ပုဏ္ဏားဟိန္ဒူကျမ်းများမှ ကောင်းနိုးရာရာကိုယူ၍ ဂေါတမ

ဗုဒ္ဓသည် မိမိအလိုရှိရာ အချက် အလက်များကို ထည့်သွင်းထားသော ဝါဒမျှသာဖြစ်သည်ဟု ပေါ်လွင် ထင်ရှားစွာ စွပ်စွဲထားသော စာအုပ်ကြီး ဖြစ်လေသည်။

ဗုဒ္ဓဘာသာ အယူဝါဒသည် ပုဏ္ဏားဟိန္ဒူကျမ်းများမှ အတုယူ၍ ဟောပြောသော ဝါဒဖြစ်သည်ဟု ထိုစာအုပ် တအုပ်တည်းကသာ စွပ်စွဲထားသည်မဟုတ် အခြားအခြားသော အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေထားသော စာအုပ်ဟောင်းများတွင် အမေရိကန်နှင့် ဥရောပတိုက်သို့ လှည့်လည်စဉ်က စာကြည့်တိုက်များ၌ များစွာတွေ့ရှိခဲ့ရ၏။

ဤသို့ ဖြစ် ပါ မူ အလောင်းဟော်သည် သုမေဓာ ရှင်ရသေ့ဘဝ ဒီပင်္ကရာ ဘုရားထံတော်၌ ဗျာဒိတ် ခံယူပြီးနောက် မရေမတွက်နိုင်သော ဘဝပေါင်းများစွာ တို့တွင် ပါရမီတော်ဖြည့်ရန် ကြိုးစားတော်မူခဲ့ရခြင်းနှင့် ဒုက္ကရစရိယာ ကျင့်တော်မူမှ ရရှိအပ်သော သဗ္ဗညုတ ဉာဏ်တော်မှာ တန်ဘိုးမရှိတော့ချေ။

## မက်(စ်)မူလာ၏ "အတ္တ" အယူဝါဒ

ဘာသာရေးတွင် အထူးကျော်ကြားသော ပုဂ္ဂိုလ်ကြီးတဦးကား MAX MULLER မက်(စ်) မူလာ ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်ကြီး ရေးသားသော ဘာသာရေး ဆိုင်ရာစာအုပ်များကို ကမ္ဘာက အတော်ပင် လေးစားကြ၏။ ထိုပုဂ္ဂိုလ်ကြီးသည် ဟိန္ဒူ"အတ္တ"အယူဝါဒကို အထူးယုံကြည်သူ ဖြစ်လေသည်။

၁၈၉၉-ခုနှစ် ဇန္နဝါရီလ ၁၇-ရက် နေ့စွဲဖြင့် မက်(စ်) မူလာက သီဟိုဠ်ကျွန်းရှိ အရှင်ဓမ္မပါလ မထေရ်ထံသို့ ပေးပို့သောစာတွင် အောက်ပါအတိုင်း စာတပိုဒ် ပါရှိလာလေသည်။

> I am a great believer in Atman, and I can not understand how a religion can do without it.
> The life and letters of Friedrich Max Muller; Page 381; Vol. II.

အဓိပ္ပါယ်သော်ကား တပည့်တော်ကတော့ "အတ္တ" အယူဝါဒကိုအထူးယုံကြည်သူတဦး ဖြစ်ပါသည်။ "အတ္တ" မရှိဘဲ ဘာသာအယူဝါဒတရားသည် အဘယ်သို့ ဖြစ်သည်ကို တပည့်တော် နားမလည်နိုင်အောင် ရှိပါသည်ဟူ၍ ပါရှိလာလေသည်။

ထိုမှုမက ထိုစာအုပ် စာမျက်နှာ ၄၀၁-၌ ဟိန္ဒူလူကြီးလူကောင်း အပေါင်းတို့က မက်(စ်) မူလာသည် ဟိန္ဒူလူမျိုးထက်ပင် ဟိန္ဒူပီသပါပေသည်ဟု ဟိန္ဒူ ဘုန်းတော်ကြီးအား လျှောက်ထားသည်ကိုလည်း တွေ့ရှိရလေသည်။ (ဤ၌ သိမှတ်ရန်ကား....ဟိန္ဒူလူမျိုးက မွေးဖွားမှ သာလျှင် ဟိန္ဒူဖြစ်နိုင်လေသည် )

ဗုဒ္ဓဘာသာတရားသည် အလွန်အလွန် ခက်ခဲနက်နဲလှ၏။ ပဋိစ္စသမုပ္ပါဒ်တရား နိဗ္ဗာန်တရားကို မဆိုထား ဘိ "အတ္တ"ကိုပင် ကျော်လွန်အောင် ဉာဏ်မျက်စိ မရှိသူတို့သည် အဘယ်လျှင် အနတ္တကို သဘော ပေါက် နိုင်ပါ နည်း၊ အနတ္တကို သဘောမပေါက် နိုင် သူတို့သည်

အဘယ်လျှင် ဗုဒ္ဓဝါဒကို ယထာဘူတကျအောင် ရေးသားနိုင်ပါအံ့နည်း။

## အတ္တ ရှိလေဟန့်

ထိုမျှမက အချို့ဘာသာရေး ဆရာတို့က ယခု အခါ တဆင့် တက် လာ ပြန် သည် မှာ ရှင်တော် ဘုရားကပင် "အတ္တ"မရှိဟူ၍ မဟောခဲ့။ ထိုကြောင့် "အတ္တ" ကလေး ရှိလေဟန် ရေးသားစ ပြုလာသည်ကို တွေ့ရှိရ၏။

ရှင်တော်ဘုရား တရားတော်၌ သဗ္ဗေဓမ္မာ အနတ္တာ-ဟူ၍အထပ်ထပ် ဟောတော်မူပါလျက် အတ္တရှိလေဟန်ဟော တော်မူခဲ့သည် ဆိုသည်မှာ ဗုဒ္ဓဝါဒကို ဟိန္ဒူဝါဒနှင့် တန်းတူဖြစ်အောင် ဖန်တည်းနေခြင်းပင် ဖြစ်၏။

ဤ၌ စတုတ္ထအချက်အတွက် အနည်းငယ်ရှင်းလင်းပြီး၍ ဤမျှဖြင့် အဆုံးသတ်ရသော် ရှင်တော်ဘုရား၏ တရားတော်များကို အင်္ဂလိပ်လိုဖတ်ရမှ အဓိပ္ပါယ် ပေါက်သည် အရသာတွေ့သည် ဆိုလေ့ရှိသော ပုဂ္ဂိုလ်များ အတွက် သတိပြုတော် မူနိုင်ကြစေရန် စေတနာကောင်းဖြင့် ရေးသား ဖေါ်ပြလိုက်ရခြင်း ပေတည်း။

ထိုပြင်တရပ် ယင်းသို့ ရေးသားချက်များကို နိုင်ငံခြားသားတို့ ဖတ်ရှုမိပါက ဗုဒ္ဓဝါဒကို အထင်သေးဘွယ်ရာ ရှိခြင်းကြောင့်ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ထိုရေးသားချက်များကို ကာကွယ်ရန် ဝတ္တရားရှိသည်ကိုလည်း အထူးသတိပြုအပ်လေပြီ။

## ဝိပဿနာ ဘာဝနာ ဆရာများ

တနည်းသိရှိတော်မူကြရန်ကို ဆိုဦးအံ့၊ ပြည်ပတွင်သာ အယူအဆ လွဲမှားနေကြသည်မဟုတ် ပြည်တွင်းတွင်လည်း အယူအဆ သဘာဝမကျပုံများ ရှိပေသေး၏။ တခုသော ဥပမာကို ဆောင်ပေအံ့။

စာသင်ကျောင်းများတွင် ၄-တန်းကျောင်း၊ ၇-တန်း ကျောင်း၊ ၁၀-တန်းကျောင်း၊ တက္ကသိုလ် ဟူ၍ ရှိကြ၏၊ သဘာဝအားဖြင့် ဆိုသော် ၄-တန်းကျောင်း ဆရာသည် ၇-တန်း၊ ၁၀-တန်း၊ တက္ကသိုလ်ကျောင်း၏ သင်္ချိုးစာ များကို တက်ရောက်သင်ကြား ပြသခြင်းကို မပြုနိုင်၊ထိုအတူ ကျန်အရာများကိုလည်း သိအပ်၏။

ထိုနည်းတူစွာ ပြည်တွင်း၌လည်း ဝိပဿနာဘာဝနာကို အားထုတ်ပွားများရေးအတွက် သင်ကြား ပြသ ပေးနေ သော ဆရာတို့မှာ တောရော မြို့ပါ မြောက်များစွာ ရှိကြ လေသည်။

စာသင်ကျောင်းများ၌ကား ဆရာဖြစ် စာမေးပွဲအောင် ကြသည့်အလိုက် ဤကား ၄-တန်း ဆရာတည်း၊ ဤကား ၇-တန်းဆရာတည်း၊ဤကား ၁၀-တန်းဆရာတည်း ဤကား တက္ကသိုလ်ဆရာတည်းဟူ၍ လက်မှတ် ကန့်သတ် ရရှိထား ကြလေသည်။

ပြည်တွင်း ဝိပဿနာဘာဝနာ ပွားများရေးကို ပြသနေ သော ဆရာများမှာ ထိုသို့ ထင်ရှားစွာ စာမေးပွဲ အောင် လက်မှတ်များ ရှိရန်မလိုပေ၊လိုကြောင့် ဝိပဿနာဘာဝနာ

တရား အားထုတ်မှု ပြသရာတွင် ဆရာ၏ အဆင့်အတန်းကို သိရှိနိုင်ရန် ကျမ်းဂန်စာပေ ဗဟုသုတ မရှိသူတို့အတွက် ကား တခက်ပင်၊ ထိုကြောင့် ဝိပဿနာ ဘာဝနာကို သဘာဝကျကျ သိရှိနိုင်ရန် ဝိပဿနာ ဘာဝနာ ပွားများ ရေးနှင့် သက်ဆိုင်သော စာပေကျမ်းဂန်များကို တတ်စွမ်း နိုင်သမျှ ဖတ်ကြား မှတ်သားအပ်လေသည်။

တနည်းဆိုသော် မိမိဆရာသည် ၇-တန်းအထိသာ သင် ပြနိုင်သော ဆရာဖြစ်သလော၊ သို့မဟုတ် ၁၀-တန်းအထိမျှ သာ သင်ပြနိုင်သော ဆရာဖြစ်သလော၊ သို့ တည်း မ ဟုတ် မဂ်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် ကျင့်စဉ်နည်း လမ်းကို ပါဠိတော်များနှင့် ကိုက်ညီစွာ ပြသနိုင်သောဆရာ လော ဆိုသည်ကို စုံစမ်းအပ်လေသည်။ ပါဠိတော်နှင့်ကိုက် ညီအောင် ပြသပေးနိုင်သော ဆရာကောင်းများစွာ မြန်မာ နိုင်ငံတော်အတွင်း၌ ရှိသည်ကိုလည်း တွေ့ရှိရ၏။

အများအားဖြင့် ဖြစ်တတ်သည်ကို တွေ့ရှိရသည်မှာ မိမိ တို့၏ဆရာမှာ ၇-တန်းအထိသာ သင်ပြပေးနိုင်သည်ကို မိမိ တို့၌ ဝိပဿနာနှင့် သက်ဆိုင်သော စာပေကျမ်းဂန် ဗဟု သုတ အခံမရှိခြင်းကြောင့် မိမိတို့ဆရာကို ဝိပဿနာ တက္က သိုလ်ဆရာကြီးပင်ဟူ၍ထင်မိကာ နေကြသည်ကိုတွေ့ရှိရ၏။

ဝိပဿနာ ဘာဝနာ ပွားများခြင်းသည် ကောင်းသည် သာတည်း၊ သို့ရာတွင် ဆရာကောင်းနှင့် မတွေ့ရှိရပါက တမဂ်တဖိုလ် ရရှိရေးတွင် ကိစ္စမပြီးနိုင်တော့ပြီ၊ (၀ါ)မဂ္ဂါ ဝရဏဖြစ်၍နေခြင်းကြောင့် တမဂ်တဖိုလ်ကိုမရနိုင်ကြောင်း ကို အထူး သတိပြုတော်မူကြ၍ ဝိပဿနာ တက္ကသိုလ်

ဆရာကြီးများကို တွေ့ရှိအောင် ရှာတော်မူကြရန် အထူးတိုက်တွန်းပါ၏။

၄-တန်းဆရာ၊ ၇-တန်းဆရာ၊ ၁၀-တန်း ဝိပဿနာ ဘာဝနာ ဆရာများကလည်း ဒေါဝစဿတ ဖြစ်သော တရားတို့ကို ပယ်ရှားလျက် သောဝစဿတဂုဏ်နှင့် ပြည့်စုံတော်မူကြပြီးလျှင် သာသနာတော်မြတ်ကြီး၏ အဓွန့် ရှည်ရေးကို မျှော်ကိုးလျက် ဝိပဿနာ ဘာဝနာ တတ္တသိလ် ဆရာကြီးများဖြစ်နိုင်ရန် တိုးတက် ကြိုးစားတော် မူကြရန် ကိုလည်း အထူးတိုက်တွန်း နှိုးဆော်လိုက်ရပေသတည်း။

## သာသနာပြုရန် ဒေသ

ဤနိဒါန်းအစ၌ ပြခဲ့သည့်အတိုင်း ရှင်တော် ဘုရား၏ တရားတော်မြတ်ကြီး အဓွန့်ရှည်ကြာစွာ တည် ရှိ နိုင် စိမ့် သောငှာ သီရိဓမ္မာသောက မင်းကြီးသည် အ တိုင်း တိုင်း အပြည်ပြည်သို့ သာသနာ ပြန့်ပွားရေးကို ကြိုး စား ခဲ့ ဘိ သကဲ့သို့ မြန်မာနိုင်ငံတော်ကလည်း ကြိုးစားသင့်လေပြီ။

သာသနာပြုရန် ကမ္ဘာတွင် အကောင်းဆုံး နေရာ ရဲ ကွက် ရိပ်သာကြီးကိုရှာသော် အမေရိကန်တိုင်းပြည်ကြီးကို တွေ့ရှိရ၏။

အမေရိကန် တိုင်းပြည်သည် မြန်မာနိုင်ငံတော်နှင့် နိုင်ငံရေးအားဖြင့် သော်၎င်း၊ စီးပွားရေးအားဖြင့် သော်၎င်း၊ ပေါင်းသင်း ဆက်ဆံရေး၌သော်၎င်း၊ အလွန် အဆင်ပြေသော တိုင်းပြည်ကြီးဖြစ်လေသည်။

အမေရိကန် ပြည်သူ ပြည်သားတို့သည် အထက်တန်းကျ၍ ဘာသာရေးကို အထူးလေးစား အားပေးသူများဖြစ်

ပြီးလျှင်လောကဓာတ်ဆရာကြီးများ မြောက်များစွာ ပေါ်ထွက်ထွန်းကားနေသော တိုင်းပြည်ကြီး ဖြစ်လေသည်။

ဂျာမနီ တိုင်းပြည်သည် ဗုဒ္ဓဘာသာတရားကို အခြားတိုင်းပြည်များထက် ပိုမို လိုက် စား သည့် သာ မ က ဗုဒ္ဓဘာသာ တရားကို လိုက်စားရာတွင် ရှေးအကျဆုံးသော တိုင်းပြည် တပြည် ဖြစ်ကြောင်းကို သိရှိရ၏။

သို့ရာတွင် ဂျာမနီတိုင်းပြည်မှာ ယ ခု အ ခါ နှစ်စိပ် နှစ်ပိုင်း ကွဲ ပြားနေသည့်အပြင် နိုင်ငံရေး အခြေအနေမှာ လည်း အဆင်မပြေဘဲ ရှိနေသည်ကို တွေ့ရှိရ၏။

အမှန်အားဖြင့်ဆိုသော် အာရှတိုက်က ဖြစ်စေ၊ ဥရောပ တိုက်ကဖြစ်စေ၊ အာဖရိကတိုက်က ဖြစ်စေ၊အမေရိကတိုက် က ဖြစ်စေ၊ မည်သည့် တိုင်းပြည် နိုင်ငံကမဆို ဗုဒ္ဓဝါဒကို ဟောပြော သင်ပြပေးရန် ဘိတ် ခေါ် ပါ က အမြန်ဆုံး သွားရောက် ပြောဟော သင်ပြပေးသင့် လေသည်။

## တရားဟောခြင်း, မဟောခြင်း

တရားပြောဟောခြင်းနှင့် ပတ်သက်၍ ရှင်တော်ဘုရားသည် တဥ္စာယတနဝဂ္ဂ ဂါမဏိသံယုတ် ပါဠိတော်၌ အသိဗန္ဓကၡ၏ သားဖြစ်သော ရွာသူကြီးက အရှင်ဘုရား အရှင်ဘုရားသည် အချို့ကိုကား သွားရောက် တရားဟော တော်မူ၏။ အချို့ကိုကား တရားမဟောခြင်းသည် အသို ပါနည်း ဘုရားဟု လျှောက်ထားသည်ကို အောက်ပါ အတိုင်း မိန့်ဟတော်မူ၏။

အကြင်သူ၌ လယ်ကွင်းသုံးခု ရှိ၏၊ ပဌမလယ်ကွင်းသည် မြေသြဇာကောင်း၏၊ မြေအနိမ့်အမြင့် အလွန်အဆင်ပြေ

၏။ ဒုတိယ လယ်ကွင်းကား ထိုမျှမကောင်း။ တတိယ လယ်တကွင်းကား အလွန်ညံ့ဖျင်း၏။ ထိုလယ်သုံးကွင်းတွင် သင်သည် အဘယ်လယ်ကွင်းကို ရှေးဦးစွာ ဦးစားပေး၍ ထွန်ယက်ကာ စပါးကို စိုက်ပျိုးမည်နည်းဟု မေးတော်မူ၏။

မြေဩဇာကောင်း၍ အဆင်ပြေသော လယ်ကွင်းကို ရှေးဦးစွာ ဦးစားပေး၍ စိုက်ပျိုးပါမည် ဘုရားဟု လျှောက်ထား ဖြေဆိုလေသည်။

ထိုနည်းတူစွာ ငါဘုရားသည်လည်း တရားကို လိုချင်လေးစား အလိုရှိသူအား ရှေးဦးစွာ ဦးစားပေးကာ ဟောတော်မူ၏ ဟူ၍ မိန့်ဟတော် မူလေသည်။

ထိုပါဠိတော်အရ အမေရိကန်နိုင်ငံမှ မြန်မာပြည်သို့ ဗုဒ္ဓဝါဒကို လာရောက်ဟောပြော သင်ပြပေးပါရန် မကြာခဏ စားရိတ်အကုန်ခံကာ ဘိတ်ခေါ် ခြင်းတို့ကြောင့် အမေရိကန်ကို ဦးစားပေးကာ အကြိုပေးရခြင်း ဖြစ်၏။ ထိုနည်းတူစွာ မည်သည့်နိုင်ငံကမဆို ဘိတ်ခေါ်ပါက အရည်အချင်းရှိသူများကို အမြန်ဆုံး စေလွှတ်သွားရောက် ပြောဟော သင်ပြပေးရမည်မှာ ဗုဒ္ဓ ဘာ သာ ဝင်တို့၏ တာဝန် ဖြစ်လေသည်။

## လောကဓာတ်ပညာ ဆရာကြီးများ

လောကဓာတ်ပညာ ဆရာကြီးများသည် တောတောင် ရေမြေ သမုဒ္ဒရာ စသည်တို့ကို လေ့လာစုံစမ်းသောအခါ ကမ္ဘာလောကဓာတ်ကြီး ဖြစ်ပေါ် တည်ရှိလာသည်မှာ နှစ်အားဖြင့်ဆိုသော် သိန်း,သန်းကို ချီ၍ ကြာရှိခဲ့လေပြီ

ဆိုသည်ကို တွေ့ရှိလာကြ၏၊ ဤ၌ ဗုဒ္ဓ တရားတော်နှင့် ကိုက်ညီလျက် ရှိ၏။

ခရစ်ယာန် (ဘိုင်ဘဲလ်)ကျမ်းစာ အလိုအားဖြင့် ကမ္ဘာကြီးကို ခရစ်တော် မပေါ်မီ နှစ်ပေါင်း (၄၀၀၄) လေးထောင့် လေးနှစ်က ထာဝရ ဘုရားသခင် ဖန်ဆင်း၏ဟူ၍ အဆိုရှိ၏။ ယခုသော် ခရစ်တော် ပေါ် လာ သည်မှာ နှစ်ပေါင်း ၁၉၅၉-ကြာရှိခဲ့ပြီဖြစ်ရာ ထို နှစ်ရပ် ပေါင်းသော် ကမ္ဘာကြီးကို ထာဝရ ဘုရားသခင် ဖန်ဆင်းသည်မှာ နှစ်ပေါင်း ခြောက်ထောင်နီးပါး ရှိပြီဟူ၏။

ထို့ကြောင့် ခရစ်ယာန် ဘာသာဝင် ဖြစ်ကြကုန်သော လောကဓာတ်ပညာ ဆရာကြီးများမှ အစပြု၍ ဘာသာရေးကို စုံစမ်းလေ့လာကြသူ အချို့တို့သည် ကမ္ဘာကြီးမှာ နှစ်ပေါင်း ခြောက်ထောင်ခန့်သာ ရှိသေးသည် ဆိုသည်ကို ဆက် လက် ယုံ ကြည် သင့် မယုံကြည်သင့် ဆို သည် တွင် သို့လော သို့လော ဟူသော ဒွိဟဖြစ်ပေါ်၍ လာကြလေသည်။ ထို့ကြောင့် ယခုအချိန်ကား ဗုဒ္ဓဝါဒကို ပေးပို့လှူဒါန်းရမည့် အချိန်အခါကြီး ပေးတည်း။

**အမေရိကန်များ တရားအားထုတ်လိုကြခြင်း**

အမေရိကန်ပြည်မှာ လူဦးရေ သန်းပေါင်း (၁၈၀) တရာ့ရှစ်ဆယ်ခန့် ရှိသဖြင့် မြန်မာပြည်ရှိ လူဦးရေ သန်းနှစ်ဆယ်နှင့်စာသော် (၉)ကိုးဆမျှ ရှိလေသည်။

အမေရိကန်ပြည်၌ ဟိန္ဒူ ယောဂီကျမ်းများကို ဝိုက်ဆံယူ၍ သင်ကြားပေးနေသော ပုဂ္ဂိုလ်ပေါင်း မြောက်မြားစွာ ရှိ၏။

အမေရိကန်ပြည်ရှိ မြို့ကြီးများတွင် တရုပ် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများနှင့် ဂျပန် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကို တွေ့ရှိခဲ့ရ၏။ ၎င်းတို့၏ အဆောက်အဦးများမှာ ကြီးကျယ် ခိုင်ခံ့သော အဆောက်အဦးကြီးများ ဖြစ်လေသည်။

နယူးရောက်မြို့၏ တဘက်ကမ်းဖြစ်သော စတက်တင်ကျွန်းတွင် STATEN ISLAND. အလွန်သာယာသော တောင်ကမ်းပါး၌ ဗုဒ္ဓဘာသာကျောင်း အဆောက်အဦးကြီး တခုကိုလည်း တွေ့ရှိခဲ့ရ၏။

ထိုအဆောက်အဦးတွင် မြန်မာပြည်, ယိုးဒယားပြည်, ကမ္ဘောဒီးယားပြည်, စသော အရှေ့တိုင်းနိုင်ငံက ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် စပ်ဆိုင်သော စေတီတော်, ရုပ်ပွားတော်, သပိတ်, ပုတီး, မောင်း, ကြေးစည်တို့ အပြင် အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထားသော ဗုဒ္ဓဘာသာ ကျမ်းစာ စသည်တို့ကို တခမ်းတနား တွေ့ရှိခဲ့ရ၏။

ထို အဆောက် အဦးကြီးကို (ဘုတ်) အဖွဲ့ လူကြီးများက အုပ်ချုပ်ထားပါသည်၊ ထိုအဖွဲ့ လူကြီးများနှင့် ဗုဒ္ဓဘာသာ တရားတော် အကြောင်းကို ဆွေးနွေးကြရာ တနာရီ ကျော်ကျော်မျှ ကြာပါသည်။

ထိုအခါက ၎င်းအဖွဲ့ဝင်များနှင့် ဆွေးနွေးစဉ် အမျိုးသွီး နှစ်ဦး သုံးဦး ပါရှိပါသည်၊ ဗုဒ္ဓဘာသာ တရားစာများ လေ့လာရာတွင် အဘယ်ကျမ်းကို သဘော အကျဆုံး ဖြစ်ပါသနည်းဟု မေးသောအခါ အမျိုးသမီး တဦးက

ဓမ္မပဒ တရားကျမ်းစာကို ကျွန်မတော့ သဘောအကျဆုံးဟု ဖြေဆိုပါသည်။

ထိုပြင် ထိုဘုတ်အဖွဲ့ လူကြီးများက မှာကြားလိုက်သည်မှာ မြန်မာပြည်သို့ ရောက်သောအခါ ဝိပဿနာ ဘာဝနာ လုပ်ငန်းကို ကျနစွာ သဘောပေါက်အောင် ပြနိုင်သော ပုဂ္ဂိုလ်တဦးကို သူတို့ထံသို့ ပို့ပေးပါရန် အတန်တန် မှာလိုက်ပါသည်၊ အကယ်၍ ဝိပဿနာ ဘာဝနာပြ ဓမ္မကထိက ရောက်ရှိပါက လေ့လာပွားများမည့် လူဦးရေတရာကျော် အဆင်သင့်ရှိပါသည်ဟူ၍လည်း အာမခံကြပါသည်။

ထိုတွင် သေချာသည်ထက် သေချာစေလို၍ မှာကြားကြပြန်သည်မှာ ဟိန္ဒူသမထနည်းကိုတော့ အလိုမရှိပါ၊ ၎င်းတို့တိုင်းပြည်တွင် ထိုသမထနည်းများမှာ လိုသည်ထက် ပိုနေပြီဟု ပြောပြကြပါသေးသည်။

အခြား မြို့ကြီးများသို့ ရောက်သောအခါ အများအားဖြင့် မှာကြားကြသည်မှာ ဝိပဿနာဘာဝနာပွားများနည်းကို လူမျိုးခြားများက ရေးသားသည် မဟုတ်စေဘဲ ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးထဲမှ ပါဠိတော်နှင့် ကိုက်ညီသော ဝိပဿနာ ဘာဝနာ ပွားများနည်းကို ရှင်းလင်းစွာ ရေးသားထုတ်ဝေပေးရန် တောင်းပန်ကြပါသည်။

ထို့ပြင် ၎င်းတို့သိလိုသောအချက် အချို့တို့မှာ အတ္တနှင့် အနတ္တကို ကွဲပြားအောင် သိလိုကြပါသည်။ အဌကထာထက် ပါဠိတော် ကိုးကားချက်ကို ပို၍အလိုရှိကြပါသည်။

ဟိန္ဒူဘာသာ၌ အတိတ်ဘဝရှိ၏၊ ပစ္စုပ္ပန် ဘ ဝ ရှိ ၏၊ အနာဂတ်ဘဝရှိ၏၊ ဗုဒ္ဓဘာသာတရားနှင့် အတူတူပင် ဖြစ်၏၊ဟိန္ဒူဘာသာတရား၌ကား SMALL SELF "အတ္တ" ကလေးရှိ၏။ ထို"အတ္တ"ကလေးသည် တဘဝမှ တဘဝသို့ ကူးပြောင်းသည်မှာ ယုတ္တိရှိပါသည်။

ဗုဒ္ဓဘာသာ တရား၌ကား အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝရှိပါလျက် "အတ္တ" ကလေးကလဲ မရှိဘူး ဆိုတော့ "ဘာက" ဘယ်လိုလုပ်ပြီး တဘဝမှ တဘဝသို့ ကူးပြောင်း ဖြစ်လာနိုင်တယ်ဆိုသော အဖြေကို သိလိုပါသည်ဟူ၍လည်း မှာကြားလိုက်ပါသည်။

နိဗ္ဗာန် ချမ်းသာသည် အလွန်ထူးကဲ၏ ဆိုပါသည်၊ တဘက်တွင် ခံစားသူမရှိဟူ၍ ဆိုပြန်ပါသည်၊သုခချမ်းသာကို အလိုရှိကြကုန်သော သူတို့သည် ခံစားသူမရှိသော သုခ ချမ်းသာ နိဗ္ဗာန်ကို အဘယ်သူသည် လိုချင်ပါအံ့နည်း၊ ဤ အမေးကိုလည်း ဖြေစေလိုပါသည်ဟု မှာကြား လိုက်ပါ သည်။

ယင်းသို့ ခဲယဉ်းလှသော်လည်း ပရိယတ္တိနယ်တွင် စာ အားရှိ၍ ပါဠိတော်၏ သ ဘာ ဝ တို့နှင့် ကိုက် ညီ သော ဝိ ပ ဿ နာဘာဝနာ ပွားများနည်းများကို ဆရာကောင်း များထံမှ ကျနစွာ ခံယူရရှိလျက် မိမိကိုယ်တိုင် ဝိပဿနာ ဘာဝနာ ပွားများအားထုတ် နေကြကုန်သော ပုဂ္ဂိုလ်များ အတွက်ကား ဖြေဆိုရန်ခက်သည် မဟုတ်ပေ။

မဟာဝိဇ္ဇာ ၃။

တဘက်ပါ မေးခွန်းတို့ကို ထောက်သော် နိုင်ငံခြားသို့ ဗုဒ္ဓဘာသာ သာသနာမြတ်ကြီးကို ဝိပဿနာ ဘာဝနာလုပ်ငန်းအထိ သင်ကြား ပြသ ပေးလို၍ သွားမည် ဖြစ်သော ပုဂ္ဂိုလ်သည် ပညတ်မှကျော်လွန်သော ပရမတ္ထ သဘာဝကို ရှင်းလင်းပြသပေးနိုင်ခြင်း၊ သတ္တာယဒိဋ္ဌိ ၂၀-ကိုကျော်လွန်အောင် ပြသပေးနိုင်ခြင်း၊ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ ထိုနှစ်ဘက်သော အစွန်းနှင့်မငြိခကပ်စေရန် ပြသပေးနိုင်ခြင်း ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်စေခြင်းအလို့ငှါ ဂ၁-ပါးသော သင်္ခတဓာတ်တို့၏ ဥာတပရိညာစခန်းကို ပိုင်နိုင်စွာ ပြသ ပေးနိုင်ခြင်း၊ အတ္တမဟုတ် အနတ္တ ဓမ္မ သဘာဝမျှသာ ဖြစ်ကြောင်း ကို ရှင်းလင်း ပြသပေးနိုင်ခြင်း၊ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို နိုင်နင်းခြင်းစသော အရည်အချင်းများနှင့် ပြည့်စုံရပေမည်။

ထိုပြင် ဝိပဿနာ ဘာဝနာ ပွားများနည်းများအတွက် မဟာ သတိပဋ္ဌာန်နည်း၌ ကျွမ်းကျင်ခြင်း၊ ပဋိစ္စ သမုပ္ပါဒ်နည်း၌ ကျွမ်းကျင်ခြင်း၊ ပဋ္ဌာန်းနည်း၌ ကျွမ်းကျင်ခြင်း၊ သစ္စာလေးပါး မဂ္ဂင်ရှစ်ပါးနည်း၌ ကျွမ်းကျင်ခြင်း စသော နည်းများတို့ကိုလည်း ကျွမ်းကျင်ထားအပ်လေသည်။

တကယ်တန်း သာသနာတော်မြတ်ကြီး တိုးတက် ပြန့်ပွားစေလိုပါလျှင် အထက်တွင် ပြအပ်သော အရည်အချင်း ဂုဏ်သိက္ခာနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်များကိုသာ စိစစ်ရွေးချယ်အပ်လေသည်၊ ထိုမျှမရနိုင်မူ ထိုမျှနှင့် အနီးကပ်ဆုံးသော ပုဂ္ဂိုလ်များကိုသာ ရွေးချယ်ရပေမည်။

အမေရိကန်တိုင်းပြည်တွင် အလှူအတန်းတွင် ရက်ရောသော ကုဋေကြွယ်ချမ်းသာသော သူဌေးကြီး ပေါင်းမြောက်မြားစွာရှိ၏၊ အကယ်၍ အထက်တွင် ဖော်ပြအပ်သော အရည်အချင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အချို့ သွားရောက်ခါ ဟောပြော ပြသပေးပါက မြန်မာတို့၏ ဗုဒ္ဓဘာသာ သာသနာတော်မှာ အမေရိကန်ပြည်တွင် ရှိပြီးဖြစ်သော ဂျပန်ဗုဒ္ဓဘာသာ, တရုပ်ဗုဒ္ဓဘာသာ တို့ထက် လျင်မြန်စွာ တိုးတက်ကြီးပွား ထွန်းကားနိုင်ပါသည်။

အမေရိကန်တွင် မြန်မာဗုဒ္ဓဘာသာ သာသနာတော်မြတ် အမြစ်တွယ်မိလျှင် အနီးရှိ ကနေဒါပြည်၊ တောင်အမေရိက တိုင်းပြည်ဘို့အတွက်လည်း ဝန်လေးတော့မည်မဟုတ်ချေ။

အမေရိကန်တိုင်းပြည်၌ ဗုဒ္ဓဝါဒပြန့်နှံ့ခဲ့သော်ကျန်တိုင်းပြည်များအတွက် မြန်မာများ ကြိုးစားရန်ပင် မလိုတော့ချေ၊ အမေရိကန် တိုင်းပြည်ကပင် ခေါင်းဆောင် ပြုကာ ဆောင်ရွက်သွားနိုင်လေသည်။

ရှင်တော်ဘုရားသည် ပဉ္စဝဂ္ဂီ ငါးဦးတို့အား ရဟန္တာဖြစ်စေ၏၊ ယသ သူဌေးသားနှင့်တကွ သူငယ်ချင်း ငါးကျိပ် ငါးဦးတို့ကို ရဟန္တာဖြစ်စေ၏။

ထိုရဟန္တာ ခြောက်ကျိပ်မြောက် ရရှိသော အခါ ရှင်တော်ဘုရားပါ ခြောက်ကျိပ်နှင့် တဦးသော ရဟန္တာ

အရှင်မြတ်တို့သော်မှ သာသနာပြုရန် အသီးအသီး ထွက်တော်မူကြ၍ သာသနာ ပြုတော်မူခဲ့ခြင်းကို ဝိနည်းမဟာဝါ ပါဠိတော်အစ မဟာခန္ဓကဝဂ်၌ ထင်ရှားစွာ လာရှိလေသည်။

သီရိဓမ္မာ သောက မင်းကြီး လက် ထက် တွင် လည်း အတိုင်းတိုင်း အပြည်ပြည်သို့ သာသနာပြုရန်ကြိုးစားတော်မူခဲ့သဖြင့် ဗုဒ္ဓဘာသာ သာသနာတော် မြတ်ကြီးမှာ ယခုကဲ့သို့ တည်တံ့ထွန်းကား နေရခြင်း ဖြစ်လေသည်။

ထို့ကြောင့် လူသတ္တဝါတို့၏ အပါယ်လေးပါး တံခါး ကိုပိတ်စေမည့် သာသနာပြုကုသိုလ်ကြီးကို ယခင်ကမပြုလုပ်နိုင်ခဲ့စေကာမူ ယခုလွတ်လပ်ရေး ရပြီးသော အချိန်အခါ မျိုးတွင် အမြန်ဆုံး ထမြောက် အောင်မြင်ရန် အထူး ကြိုး စား အပ်လေသည်။ သာသနာရေး အသင်း ကြီး များက ကမကထပြု၍ ဆောင်ရွက်သင့်လေပြီ။

## ကုသိုလ်ကောင်းမှု အကျိုးကြီးပုံ

ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း၌ အဘယ်မျှ အကျိုး ကြီးမားသည်ကို မသိထားအံ့ ငါတော့ ဤသည်၊ ဤသည် ကုသိုလ်ကောင်းမှုကို ပြုလုပ်အံ့းမှုသဲဟူ၍ စိတ်ကူးကာမျှနှင့် အကျိုးကျေးဇူးများကြောင်းကို ရှင်တော်ဘုရားသည် မူလ ပဏ္ဏာသပါဠိတော် သလ္လေခသုတ်၌—

စိတ္တုပ္ပါဒံဝိ ခေါ အဟံ စုန္ဒ
ကုသလေသု ဓမ္မေသု ဗဟူပကာရံ
ဝဒါမိ။ ကောပနဝါဒေါ ကာယေန
ဝါစာယ အနုဝိဓိယနာသု။

စသည်ဖြင့် ဟောတော်မူ၏။

အဓိပ္ပါယ်သော်ကား။ အို စုန္ဒ၊ ကုသိုလ်ကောင်းမှုတို့၌ စိတ်ကူးကြံစည်ရုံမျှနှင့်ပင်လျှင် အကျိုးကျေးဇူး များလှပါပေ၏ဟု ငါဘုရား ဟောတော်မူ၏။ ကိုယ် ရော နှုတ် ပါ ပြုကျင့်ပါက အကျိုးကျေးဇူးများခြင်း၌ အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်းဟု ရှင်တော်ဘုရား မိန့်တော်မူ၏။

ဤမျှဖြင့် နိဒါန်းကို နိ ဂုံး ချုပ် ရ သော် ငါ ဘု ရား ၏ သာသနာသည် ရဟန်း သံဃာများနှင့်တကွ ဗုဒ္ဓဘာသာ ဝင် အပေါင်းတို့ကဘုရားတော်ကို ရိုသေလေးစား ကျင့်သုံး ဆောက်တည် ကြိုးစား အားထုတ်နေကြလျှင် သာသနာ တော်ကြီးသည်ရဟန္တာ မဆိတ်မသုဉ်း အဓွန့်ရှည်စွာ တည် လတံ့၊ ထိုသို့မဟုတ်မူ၍ တရားတော်ကို မရိုမသေ မလေး မစား မကျင့်မသုံး မဆောက်တည် မပွားများ မကြိုးစား ဘဲ နေကြပါက လျင်မြန်စွာ ပျောက်ကွယ် ရလတံ့ဟူ၍ ရှင်တော်ဘုရား ကိုယ်တော်တိုင် ဗျာဒိတ်စကား မိန့်ကြား တော်မူခဲ့သည်မှာ ထင်ရှားလျက် ရှိချေပြီ။

ထိုကြောင့် ရှင်တော်ဘုရား ဗျာဒိတ် စကားတော်အရ ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ တည်ရှိ

နှင်စိမ့်သောငှါ သံဃာတော်အရှင်မြတ်များနှင့် တကွ ဗုဒ္ဓ ဘာသာဝင် အပေါင်းတို့က တရားတော်ကို ရိုသေလေး စားကာမဂ်ဖိုလ်နိဗ္ဗာန်ကို ရည်စူးလျက် ဒါနကိုပြုခြင်း၊သီလ ကို ဆောက်တည်ခြင်း၊ ဘာဝနာကို ပွားခြင်း စသည်တို့ကို ကြိုးစား အားထုတ်တော် မူကြရန် အထူး တိုက်တွန်းပါ သည်။

ထိုမှတဖန် တဆင့်တိုးကာ အလှူတကာတို့တွင် အမြတ် ဆုံးဖြစ်သော နိဗ္ဗာန်အလှူကြီးကို (ဝါ)ဒါန၊ သီလ၊ သမထ မှသာမက ပါဠိတော်နှင့်ကိုက်ညီသောဝိပဿနာဘာဝနာ ပွားများနည်း အစစ်အမှန်ကို ကမ္ဘာသို့ ပေးဝေ လှူဒါန်း နိုင်ရန် အထူးကြိုးစား အားထုတ်တော်မူကြရန် တိုက်တွန်း စကား ရေးသားလိုက်ရပေသတည်း။

ပဂျီဝို

၃-၁၀-၅၉။



# မဂ္ဂင်ရှစ်ပါး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မဂ္ဂင်ရှစ်ပါး ထူးခြားချက်

ရှင်တော်ဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူမည့် ဆဲဆဲ သုဘဒ္ဒ ပရိဗိုဇ်က အရေးတကြီး မေးလျှောက်သဖြင့် ရှင်တော်ဘုရားသည် အောက်ပါအတိုင်း ဟောတော်မူလေသည်။

အို....သုဘဒ္ဒ၊ အကြင်တရားဒေသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရားသည်မရှိပါက ထိုတရားဒေသနာ၌-

ပဌမအဆင့်ဖြစ်သော သောတာပန်သည် မရှိချေ။

ဒုတိယအဆင့် ဖြစ်သော သကဒါဂါမ်သည်လည်း မရှိချေ။

တတိယအဆင့်ဖြစ်သော အနာဂါမ်သည်လည်း မရှိချေ။

စတုတ္ထအဆင့် ဖြစ်သော ရဟန္တာသည်လည်း မရှိချေ။

အို သုဘဒ္ဒ အကြင်တရား ဒေသနာ၌ အင်္ဂါရှစ်ပါး ရှိသော အရိယမဂ် တရားသည် ရှိ၏။ ထိုတရား ဒေသနာ၌-

ပဌမအဆင့် ဖြစ်သော သောတာပန်သည် ရအပ်၏။
ဒုတိယအဆင့် ဖြစ်သော သကဒါဂါမ်သည် ရအပ်၏။
တတိယအဆင့် ဖြစ်သော အနာဂါမ်သည် ရအပ်၏။
စတုတ္ထအဆင့် ဖြစ်သော ရဟန္တာသည် ရအပ်၏။

ထိုမှ ဆက်လက်၍ ဟောတော်မူပြန်သည်မှာ-

ဣမသ္မိံ ခေါ သုဘဒ္ဒ
ဓမ္မဝိနယေ အရိယော
အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ။
(သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်)

အို သုဘဒ္ဒ ငါဘုရား၏ တရားဒေသနာဟူသော ဤ သာသနာတော်၌ မှန်မြတ်သောအင်္ဂါရှစ်ပါးရှိသော မဂ္ဂင် တရားကို ရအပ်၏ဟူ၍ ဟောတော်မူအပ်၏။

ဤတွင် ရှင်တော်ဘုရားသည် မဂ်-ဖိုလ် နိဗ္ဗာန်ရရှိရန် မဂ္ဂင်ရှစ်ပါးဟူသော တရားမြတ်သည် ငါဘုရား သာသနာ တော်၌သာ ရှိ၏၊ ပရပ္ပဝါဒဖြစ်သော အခြားအခြားသော ဘာသာများတွင် မဂ္ဂင်ရှစ်ပါး တရားတော်မြတ် မရှိဟု တိကျစွာ ထုတ်ဖော် မြွက်ဟတော် မူ၏။

ထိုမှတပါး သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်နိုင်သော နည်းလမ်း (ဝါ) မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာကို ရရှိနိုင်သော နည်းလမ်း (ဝါ) ဒုက္ခအတိသာ

ဖြစ်သော ၃၁-ဘုံမှ ကျော်လွှန်နိုင်သော အကျင့်တရားမြတ်သည် ငါဘုရား သာသနာတော်၌သာ ရှိ၏ဟူသည်ကို သိစေတော်မူလို၍ တပါးသော သုတ်တွင် ဟောတော်မူသည်မှာ-

ဣဓေဝ သမဏော၊ ဣဓ ဒုတိယော
သမဏော၊ ဣဓ တတိယော သမဏော၊
ဣဓ စတုတ္ထော သမဏော၊ သုညာ
ပရပ္ပဝါဒါ သမဏေဟိ အညေဟိ။

(မူလပဏ္ဏာသ ပါဠိတော် သီဟနာဒဝဂ် စူဠသီဟနာဒသုတ်)

**ဘာသာပြန်။** ။ဤ ငါဘုရား၏ သာသနာတော်၌သာလျှင်-

ရှေးဦးစွာဖြစ်သော သောတာပန် ရဟန်းသည် ရှိ၏။
ဒုတိယမြောက် ဖြစ်သော သကဒါဂါမ် ရဟန်းသည် ရှိ၏။
တတိယမြောက်ဖြစ်သော အနာဂါမ် ရဟန်းသည်ရှိ၏။
စတုတ္ထမြောက် ဖြစ်သော ရဟန္တာမြတ်သည် ရှိ၏။

ငါ၏သာသနာတော်မှ အပဖြစ်ကုန်သော တပါးသော အယူဝါဒတို့၌ မရှိကြကုန် (ဝါ) ရှိခြင်းမှ ဆိတ်သုဉ်း၏ဟု ဟောတော်မူ၏။

ထိုကြောင့် မည်သည့် ဘာသာတရားတွင်မျှ မတွေ့မရှိနိုင်သော မဂ္ဂင်ရှစ်ပါး တရားတော်၏ သဘော သဘာဝ အနက်အဓိပ္ပါယ်ကို တိကျမှန်ကန် ပြတ်သားစွာ သိရှိထားကြရန်မှာ ဗုဒ္ဓဘာသာဝင်တိုင်းတို့၏ အဓိက အရေး

အကြီးဆုံး အချက်ကြီးတရပ်ပင် ဖြစ်လေသည်။ ဆရာမိဘများကလည်း မိမိတို့၏ တပည့် သားမြေးများကို သင်ကြားပေးထားရပေမည်။

ရှင်တော်ဘုရားသည် ရှေးဦးစွာ ပဉ္စဝဂ္ဂီတို့အား တရားဟောတော်မူ၏၊ ထို ရှေးဦးစွာ ဟောတော်မူသော တရားသည်ကား သစ္စာလေးပါး တရားဖြစ်၏၊ ထိုသစ္စာလေးပါးတရားတော်၌ မဂ္ဂင်ရှစ်ပါး လာရှိ၏၊ လာရှိပုံကား–

ကတမာ စ သာ ဘိက္ခဝေ
မဇ္ဈိမ ပဋိပဒါ တထာဂတေန
အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ
ဉာဏကရဏီ ဥပသမာယ
အဘိညာယ သမ္ဗောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ။

(ဝိနည်းမဟာဝါ ပါဠိတော် မဟာခန္ဓက ပဉ္စဝဂ္ဂိယကထာ)

ဤမဇ္ဈိမပဋိပဒါ သုတ်၌ ဝိနည်း မဟာဝါ ပါဠိတော်၌သာမက မဟာဝဂ္ဂ သံယုတ်ပါဠိတော် သစ္စသံယုတ်၌လည်း လာရှိလေသည်။

ဘာသာပြန်။ ။ရဟန်းတို့ ငါဘုရားသည် အကြွင်းအလယ် လမ်းဖြစ်သော အကျင့်အမြတ်ကို သဗ္ဗညုတဉာဏ်အလင်းဖြင့် ထိုးထွင်း၍ သိတော်မူအပ်လေပြီ၊ အကြွင်းအလယ်လမ်းဟု ဆိုအပ်သော အကျင့်အမြတ်သည် ပညာမျက်စိကို ပြုပြင် စီရင်တတ်ပေ၏။

အသိဉာဏ် ပွင့်လင်းမှုကို ပြုပြင် စီရင်တတ်ပေ၏။

ကိလေသာမီး ချုပ်ငြိမ်းစေခြင်း အကျိုးငှာ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိစေခြင်းငှာ မဖေါက်မပြန် မှန်ကန်ကောင်းမွန်စွာ သိစေခြင်းငှာ နိဗ္ဗာန်အကျိုးငှာ ဖြစ်၏၊ ထို အလယ်လမ်းဖြစ်သော အကျင့်မြတ်သည် အဘယ်နည်း-

အယမေဝ အရိယော အဋ္ဌင်္ဂိကော
မဂ္ဂေါ သေယျထိဒံ။ သမ္မာဒိဋ္ဌိ,
သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ,
သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ,
သမ္မာဝါယာမော, သမ္မာသတိ,
သမ္မာသမာဓိ။

ဘာသာပြန်။ ။မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဤ မဂ္ဂင်ရှစ်ပါး တရားပင်တည်း၊ ဤ ရှစ်ပါးသော တရားသည် အဘယ်နည်း ဟူမူကား၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာ သမာဓိ။ ဤသည် ရှစ်ပါးတို့ပေတည်း။

ရှင်တော်ဘုရားသည် ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဤဓမ္မစက္ကပဝတ္တနသုတ်ကို ဟောတော်မူရာ၌ မဂ္ဂင်ရှစ်ပါး၏ အနက်အဓိပ္ပါယ်ကို တခုစီ ရှင်းပြတော်မူသည် မဟုတ်၊ မဂ္ဂင်ရှစ်ပါး၏ အမည် နာမ ခေါင်းစဉ်မျှကိုသာ ဟောတော်မူခြင်း ဖြစ်၏။ သို့ရာတွင် အရှင်ကောဏ္ဍည မထေရ်သည် သောတာပန်အဖြစ်၌ တည်၏။

ထိုနောက် ငါးရက် မြောက်သော နေ့တွင် အနတ္တလက္ခဏသုတ်ကို ဟောတော်မူ၏၊ ထိုသုတ်နှစ်ရပ်ကို ဟောတော်မူပြီးနောက် ပဉ္စဝဂ္ဂီ ငါးဦးတို့သည် ရဟန္တာ အရှင်မြတ်တို့ အဖြစ်သို့ ရောက်ရှိ သွားတော်မူကြကုန်၏။

ရှင်တော်ဘုရားတို့သည် တရား ဟောတော်မူရာ၌ ရှေးဦးစွာ ဒါနကထာ၊ ထို့နောက် သီလ ကထာ၊ သဂ္ဂကထာ၊ ကာမာနံ အာဒီနဝ ကထာ၊ နေက္ခမ္မေ အာနိသံသ ကထာ၊ မဂ္ဂ ကထာ၊ ဤသို့လျှင် အစဉ်အတိုင်း အနုပုဗ္ဗိကထာ အားဖြင့် တရားတော်ကို ဟောတော်မူလေ့ ရှိ၏။

သို့ရာတွင် ရှင်တော်ဘုရားတို့ မည်သည် သူတပါးတို့ မရရှိအပ်သော သတ္တဝါတို့၏ အလိုဆန္ဒ အဇ္ဈာသယကို သိသော အာသယာ နုသယဉာဏ် သတ္တဝါတို့၏ ဣန္ဒြေ ရင့်သည် မရင့်သည်ကို သိသော ဣန္ဒြိယပရောပရိယတ္တိ ဉာဏ် သဗ္ဗညုတဉာဏ် စသည်တို့နှင့် ပြည့်စုံပြီး ဖြစ်ရကား ပဉ္စဝဂ္ဂီ ငါးဦးတို့၏ ဣန္ဒြေ ရင့်ကျက်ပြီး ဖြစ်သည်ကို သိတော်မူသဖြင့် ဒါနကထာ, သီလကထာ စသည်တို့ကို ဟောတော်မမူဘဲ နောက်ဆုံး၌ ဟောတော် မူအပ်သော သစ္စာလေးပါး တရားတော်ကို ဟောတောမူခြင်း ဖြစ်၏။

ရင့်ကျက်ပြီး ဖြစ်တော်မူကြကုန်သောကြောင့် ပဉ္စဝဂ္ဂီ ငါးဦးတို့အား ရှင်တော်ဘုရားသည် မဂ္ဂင် ရှစ် ပါး ကို အသေးစိတ် ဟောတော် မမူဘဲလျက် သမ္မာဒိဋ္ဌိ, သမ္မာ သင်္ကပ္ပ စသော အမည် ရှစ်ပါးမျှကိုသာ ဟောတော်မူခြင်း ဖြစ်၏။

ထိုကြောင့် မဂ္ဂင်ရှစ်ပါးကို ဘာသာပြန်ဆိုထားရာ၌ အချို့နေရာ ဘာသာပြန် စာအုပ် စာတမ်းများတွင် ရှင်တော်ဘုရား၏ ဂုဏ်တော်နှင့်မလိုက်။ အဓိပ္ပါယ် မပြည့်မစုံ အောက်ပါအတိုင်း ဘာသာ ပြန်ဆိုထားသည်ကို တွေ့ရှိရ၏။

## ခေတ်စားနေသော ဘာသာပြန်

သမ္မာဒိဋ္ဌိ Right View ကောင်းစွာမြင်ခြင်း။
သမ္မာသင်္ကပ္ပေါ Right Resolution ကောင်းစွာကြံခြင်း။
သမ္မာ ဝါစာ Right Speech ကောင်းစွာ ပြောဆိုခြင်း။
သမ္မာ ကမ္မန္တော Right Action ကောင်းစွာ ပြုလုပ်ခြင်း။
သမ္မာ အာဇီဝေါ Right Livelihood ကောင်းစွာ အသက်မွေးခြင်း။
သမ္မာ ဝါယာမော Right Exertion ကောင်းစွာ အားထုတ်ခြင်း။
သမ္မာ သတိ Right Mindfulness ကောင်းစွာ အောက်မေ့ခြင်း။
သမ္မာ သမာဓိ Right Meditation ကောင်းစွာ တည်ကြည်ခြင်း။

အနတ္တ ဆိုသော ပါဠိကို ဘာသာပြန် အနက်ပေးရာ၌ သင်္ခတဓာတ်၌ လာသော ရုပ်, နာမ်, ခန္ဓာ စသည်တို့ကို အနက်ပေးသောအခါ ထိုအနတ္တမှာ အနိစ္စ, ဒုက္ခ, လက္ခဏာ အပြည့်အစုံ ပါရှိသော အနတ္တ သဘောကို ပြန်ဆိုရာ၏။

အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်အတွက် လာရှိသော အနတ္တမှာ စာလုံးပေါင်းခြင်း အသံထွက်ခြင်း တူညီသော်

ယည်း အနိစ္စ, ဒုက္ခ, လက္ခဏာ လုံးဝ မပါ မရှိ၊ နိစ္စ သုခ အပြည့်အစုံ ပါရှိသော အနတ္တ သဘောကို ပြန်ဆိုရာ၏။

ထို့ကြောင့် မဂ္ဂင်ရှစ်ပါးတွင် လာရှိသော သမ္မာဒိဋ္ဌိ စသည်တို့ကို-

သမ္မာ = ကောင်းစွာ။
ဒိဋ္ဌိ = မြင်ခြင်း။

သမ္မာဒိဋ္ဌိ = ကောင်းစွာမြင်ခြင်း ဟူသော သာမန် အနက် အဓိပ္ပါယ်မျိုးကို ပေးလျှင် လိုအပ်သော အဓိပ္ပါယ် မပြည့်စုံ။ မဂ္ဂင်ရှစ်ပါး တရားတော်သည် အတိဂမ္ဘီရ အတ္ထ နှင့် ပြည့်စုံသည်ကို အစဉ် သတိပြုအပ်၏။

## အမှား ကြာလျှင်

လောက၌ မိမိ အကျိုးငှာသော်၎င်း၊ သူတပါး အကျိုး ငှာသော်၎င်း အမှန်ကို အလိုရှိသော ပုဂ္ဂိုလ်တို့သည် အမှား အမှန်ကို ရွေးချယ်ကြရာ၌ အများအားဖြင့် ဖြစ်တတ်သော အောက်ပါ အချက်များကို အသူး သတိပြု၍ ရွေးချယ်ကြ ရာသည်။

၁။ အမှားကြာလျှင် အမှန်ဟူ၍ ယူဆလေ့ရှိခြင်း။
၂။ ပြောသူများလာလျှင် အမှန်ဟူ၍ ယူဆလေ့ရှိခြင်း။
၃။ ပိုက်ဆံရှိသိ ဂုဏ်ရှိသူတို့ပြောလျှင် အမှန်ဟူ၍ ယူဆ လေ့ရှိခြင်း။
၄။ မှားနေပါလျက် အပြောကောင်းခြင်း အငြင်းသန် ခြင်းတို့ကြောင့် အနိုင်ရခြင်း။

အမှန်ကိုသာ အလိုရှိကြကုန်သော ပုဂ္ဂိုလ် အပေါင်းတို့သည် တဆက်ပါ အချက်များကို အထူး သတိပြုအပ်လေသည်။

**မဟာပဒေသတရား ၄-ပါး**

ထိုကြောင့် ရှင်တော်ဘုရားသည် သုတ် မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာန သုတ်တွင်၎င်း၊ အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် သဉ္စေတနိယ ဝဂ် ၌၎င်း ဟောတော်မူသည်မှာ-

စတ္တာရောမေ ဘိက္ခဝေ
မဟာပဒေသ ဒေသိဿာမိ၊
တံ သုဏာထ။

(သုတ်မဟာဝါ ပါဠိတော်နှင့် အင်္ဂုတ္တိုရ်ပါဠိတော်)

**ဘာသာပြန်။** ။ရဟန်းတို့ လေးပါးကုန်သော မဟာပဒေသဟုရားတို့ကို ဟောကြားပေအံ့၊ ထိုတရားတို့ကို ကောင်းစွာနာယူနှလုံးသွင်းကြကုန်လော့ဟောပေအံ့ ထိုမှ ရှင်တော်ဘုရားဆက်၍ ဟောတော်မူသည့် အတိုချုပ်သဘောမှာ....

၁။ ဘုရားရှင် အထံတော်မှ ငါကြားနာရ၏။
၂။ မထေရ်ကြီးများထံမှ ငါကြားနာရ၏။
၃။ ကျမ်းဂန်တို့ကို နှုတ်ငုံဆောင်သော မထေရ်များထံမှ ငါကြားနာရ၏။
၄။ ကျမ်းဂန်တို့ကို နှုတ်ငုံဆောင်သော မထေရ်တပါးထံမှ ငါကြားနာရ၏။

ဤသည်တို့ကား ရှင်တော်ဘုရား၏ အဆုံးအမပေတည်း။

ယင်းသို့ပြောကြားစေကာမူ ချက်ခြင်း ပယ်ခြင်း၊လက်ခံခြင်းတို့ကို မပြုကြလေနှင့်ဦး၊ ငါဘုရား ဟောကြား ဆုံးမ တော်မူအပ်သော ထိုဆိုသော ပါဠိတော်များနှင့် တိုက်ဆိုင် စစ်ဆေးပြီးမှ ကိုက်ညီလျှင် လက်ခံ၍ မကိုက်ညီသော် ပယ် ချရာ၏ဟု ဟောတော်မူခဲ့သည်လည်း ရှိဘိ၏။

ယခုအခါ အတုအယောင်များ လွန်စွာများပြား လာရ ကား ဤတရား ဤကျင့်စဉ်နည်းလမ်း မှန်မမှန်ကို သိရှိရန် မိမိကလည်း ပါဠိတော်များကို မတတ်စွမ်းပါက အသို့ပြုရ ပါအံ့နည်းဆိုသော် ပါဠိတော်အရပ်ရပ်ကို တတ်စွမ်းတော် မူသော ဆရာတော်ကြီးများထံ သွားရောက် လျှောက်ထား စုံစမ်းပြီးမှ ပယ်ခြင်း၊ လက်ခံလိုက်နာ ပြုကျင့်ခြင်း များကို ပြုရာ၏။

သို့မဟုတ်ဘဲ ဆရာမှားကို လက်ခံမိပါက မိမိတို့၌ များ စွာ နစ်နာရတော့မည်ကို အထူး သတိပြုတော် မူအပ်လေ သည်။

## သမ္မာ ဒိဋ္ဌိ

မဂ္ဂင်ရှစ်ပါး၏ ပါဠိတော်လာ အနက် အဓိပ္ပါယ်ကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း....

သမ္မာဒိဋ္ဌိ........RIGHT VIEW
ကောင်းစွာမြင်ခြင်း ရိုက် ဗျူး

စသည်တို့ဖြင့် ပြန်ဆိုထားခြင်းကို အယူဝါဒ မတူကြ ကုန်သော လူမျိုးခြား ပုဂ္ဂိုလ်တို့ တွေ့မြင် ဖတ်ရှုကြရသော အခါ သဗ္ဗညုတဉာဏ်ကို ရ ရှိ တော် မူ သည် ဆို သော

ဂေါတမ အမြင်အသိနှင့်ငါတို့လောကဓာတ်ပညာကို ကျွန်စွာ တတ်မြောက်သိမြင်ထားကြသော ပုဂ္ဂိုလ်များ၏ အမြင်အသိတို့မှာ အထူးကွာခြားပုံ မရှိလှပါတကားဟု ယူဆဘွယ်ရာ ဖြစ်လေသည်။

ထိုကြောင့် ဘာသာ အယူဝါဒ တကာတို့တွင် မပါမရှိသော ဘာသာအယူဝါဒ တကာတို့၏ အထွဋ် အထိပ်ဖြစ်သော မဂ္ဂင်ရှစ်ပါး၏ အနက် အဓိပ္ပါယ်ကို အောက်ပါ အတိုင်း သိအပ်လေသည်။

ကတမာ စ ဘိက္ခဝေ သမာဒိဋ္ဌိ

ယံ ခေါ ဘိက္ခဝေ, ဒုက္ခေဉာဏံ
ဒုက္ခသမုဒယေ ဉာဏံ, ဒုက္ခ-
နိရောဓေ ဉာဏံ, ဒုက္ခနိရောဓ-
ဂါမိနိယာ ပဋိပဒါယ ဉာဏံ၊
အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။

(သုတ်မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာနသုတ်)

ရဟန်းတို့ သမ္မာဒိဋ္ဌိသည် အဘယ်နည်းဟူမူကား....

ဒုက္ခသစ္စာကို အကြွင်းသိတတ်သော ဉာဏ်သည်၊ ဒုက္ခ၏ အကြောင်းဖြစ်သော သမုဒယသစ္စာကို အကြွင်းသိတတ်သောဉာဏ်သည်၊ ဒုက္ခ၏ချုပ်ရာဖြစ်သော နိရောဓသစ္စာကို အကြွင်းသိတတ်သော ဉာဏ်သည်၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက် စေ တတ် သော အကျင့်ကို အကြွင်းသိတတ်သော

ဥာဏ်ဘည့်ရှိ၏။ ရဟန်းဘို့ ဤမှန်ကန်စွာ သိမြင်ခြင်းတရား ထို "သမ္မာဒိဋ္ဌိ" ဟူ၍ ဆိုအပ်၏။

## ကတမော စ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ

ရဟန်းတို့ သမ္မာသင်္ကပ္ပသည် အဘယ်နည်းဟူမူကား....

ကာမစ္ဆန္ဒတရားတို့မှ ထွက်မြောက်ရန် ကြံခြင်းသည်ရင်း။

ဒေါသမှ ကင်းရန် ကြံခြင်းသည်ရင်း။

ညှဉ်းဆဲစိတ် မဖြစ်ပေါ်ရန် ကြံခြင်းသည်ရင်း ရှိကုန်၏။ ရဟန်းတို့ ထိုအကြံချိုးတို့ကို "သမ္မာသင်္ကပ္ပ" ဟူ၍ဆိုအပ်၏။

(ပါဠိတော်ကို အပြည့်အစုံ အလိုရှိပါမူ သုတ် မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာနသုတ်တွင် ယူပါလေ။)

## ကတမာ စ ဘိက္ခဝေ သမ္မာဝါစာ

ရဟန်းတို့ သမ္မာဝါစာဟူသည် အဘယ်နည်းဟူမူကား-

၁။ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ ဂုံးတိုက်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ ကြမ်းကြုတ် တိုင်းထွား ဆဲဆိုသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၄။ အကျိုးမရှိ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ရှိ၏။ ရဟန်းတို့ ထိုရှောင်ကြဉ် ပြောဆိုခြင်းကို "သမ္မာဝါစာ" ဟူ၍ ဆိုအပ်၏။

## ကတမော စ ဘိက္ခဝေ သမ္မာကမ္မန္တော

ရဟန်းတို့ သမ္မာကမ္မန္တသည် အဘယ်နည်း ဟူမူကား...
၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။
၂။ သူ့ဥစ္စာကို ခိုးခြင်းမှ ရှောင်ကြဉ်ခြင်း။
၃။ သူ့သားမယားကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ရှိ၏။ ရဟန်းတို့ ထိုတရားကို "သမ္မာကမ္မန္တ" ဟူ၍ ဆိုအပ်၏။

## ကတမော စ ဘိက္ခဝေ သမ္မာအာဇီဝေါ

ရဟန်းတို့ သမ္မာအာဇီဝသည် အဘယ်နည်း ဟူမူကား-

ဤသာသနာတော်၌ အရိယာ၏ တပည့်သည် မိစ္ဆာအာဇီဝဖြစ်သော မှားသော အသက် မွေးခြင်းကို ပယ်၍ ကောင်းသော အသက်မွေးခြင်းဖြင့် အသက်ကို မွေးမြူ၏။ ရဟန်းတို့ ထိုသို့အသက်မွေးခြင်းကို "သမ္မာအာဇီဝ" ဟူ၍ ဆိုအပ်၏။

## ကတမော စ ဘိက္ခဝေ သမ္မာဝါယာမော

ရဟန်းတို့ သမ္မာဝါယာမသည် အဘယ်နည်းဟူမူကား-

၁။ မဖြစ်ပေါ် သေးကုန်သော ယုတ်မာ ကုန်သော အကုသိုလ် တရားတို့ကို မဖြစ်ပေါ်စေခြင်းငှာ အလိုဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ တိုက်တွန်းဆောက်တည်၏။

၂။ ဖြစ်ပေါ်ပြီး ကုန်သော ယုတ်မာကုန်သော အကုသိုလ်ဖြစ်ကုန်သော တရားတို့ကို ပယ်ခြင်းငှာ အလို

ဆန္ဒကိုဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏ စိတ်ကို ချီးမြှောက်၏၊ တိုက်တွန်း;ဆောက်တည်၏။

၃။ မဖြစ်ပေါ်သေးကုန်သော ကုသိုလ် ဖြစ်ကုန်သော တရားတို့ကို ဖြစ်စေခြင်းငှာ အလိုဆန္ဒကို ဖြစ်စေ၏၊ လုံ့လ ပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ တိုက်တွန်း ဆောက်တည်၏။

၄။ ဖြစ်ပေါ်ပြီးကုန်သော ကုသိုလ်တရားတို့ကို အစဉ် မပြတ် တည်ရှိနေစေခြင်းငှာ မပျက်စီးစေခြင်းငှာ တိုးဘက် များပြားစေခြင်းငှာ ပြန့်ပွားစေခြင်းငှာ အလိုဆန္ဒကို ဖြစ် စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ တိုက်တွန်း ဆောက်တည်၏၊ ရဟန်းတို့ ဤတရားကို "သမ္မာဝါယာမ" ဟူ၍ ဆိုအပ်၏။

**ကတမာ စ ဘိက္ခဝေ သမ္မာသတိ**

ရဟန်းတို့ သမ္မာသတိသည် အဘယ်နည်း ဟူမူကား-

၁။ ဤသာသနာတော်၌ ရဟန်းသည် ကိလေသာကို လွန်စွာ ပူပန်စေတတ်သောလုံ့လရှိသည်ဖြစ်၍ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ သတိနှင့် ပြည့်စုံသည်ဖြစ်၍ ဥပါဒါ နက္ခန္ဓာဟူသော လောက၌ လောဘ ဒေါသကို ဖျောက်၍ ရူပကာယ ခန္ဓာကိုယ်၌ ရူပကာယကို အဖန်တလဲလဲ ရှုသည် ဖြစ်၍ နေ၏။

၂။ ကိလေသာကို လွန်စွာ ပူပန်စေတတ်သော လုံ့လ ရှိသည်ဖြစ်၍ ကောင်းစွာ အပြားအားဖြင့် သိတတ်သော

ပညာ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ သတိနှင့် ပြည့်စုံသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာ ဟူသော လောက၌ လောဘ, ဒေါသကို ဖျောက်၍ ခံစားမှုဝေဒနာတို့၌ သုခ, ဒုက္ခစသော ဝေဒနာကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

၃။ ကိလေသာကို လွန်စွာ ပူပန်စေတတ်သော လုံ့လ ရှိသည်ဖြစ်၍ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ သတိနှင့် ပြည့်စုံသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာ ဟူသော လောက၌ လောဘ, ဒေါသကို ဖျောက်၍ စိတ်၌ စိတ်ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

၄။ ကိလေသာကို လွန်စွာ ပူပန်စေတတ်သော လုံ့လ ရှိသည်ဖြစ်၍ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ သတိနှင့် ပြည့်စုံသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌ လောဘ, ဒေါသကို ဖျောက်၍ နီဝရဏ စသော တရားတို့၌ နီဝရဏ စသော တရားကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

ရဟန်းတို့ ဤသတိပဋ္ဌာန် လေးပါးကို ''သမ္မာသတိ'' ဟူ၍ ဆိုအပ်၏။

### ကတမော စ ဘိက္ခဝေ သမ္မာသမာဓိ

ရဟန်းတို့ သမ္မာ သမာဓိသည် အဘယ်နည်း ဟူမူကား-

၁။ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တရားတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်ဖြစ်ကုန်သော တရား

တို့မှ ကင်းဆိတ်၍သာလျှင် ဝိတက်, ဝိစာရ,တို့နှင့် တကွ ဖြစ်သော နီဝရဏ တရားတို့မှ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သက်မှုပီတိ၊ ချမ်းသာမှုသုခ ရှိသော ပဌမဈာန်ကို ဝင်စား၍ နေ၏။

၂။ ဝိတက်-ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော မြတ်သောသမာဓိကို ပွားစေတတ်သော ဝိတက်-ဝိစာရလည်း မရှိသော သမာဓိကြောင့်ဖြစ်သော နှစ်သက်မှုပီတိ ချမ်းသာမှုသုခ ရှိသော ဒုတိယဈာန်ကို ဝင်စား၍ နေ၏။

၃။ ပီတိ၏လည်း ကင်းခြင်းကြောင့် လျစ်လျူရှုသည် ဖြစ်၍ နေ၏၊ သတိနှင့် ပြည့်စုံသည် ဖြစ်၍လည်း ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍လည်း သုခဝေဒနာကိုလည်း နာမကာယဖြင့် ခံစား၏၊ အကြင် တတိယဈာန်ကြောင့် ထိုတတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို လျစ်လျူရှုသောသူ သတိနှင့် ပြည့်စုံသောသူ ချမ်းသာစွာ နေလေ့ရှိသောသူ ဟူ၍ ဘုရားအစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းကြကုန်၏၊ ထို တတိယဈာန်ကို ဝင်စား၍ နေ၏။

၄။ သုခဝေဒနာ ဒုက္ခဝေဒနာကို ပယ်ခြင်းကြောင့်ရင်း၊ ရှေးအဘို့ကပင်လျှင် သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ တို့၏ ချုပ်ခြင်းကြောင့် ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သော တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်ကို ဝင်စား၍ နေ၏။

ရဟန်းတို့ ထိုရျာန်လေးပါး တရားကို "သမ္မာသမာဓိ" ဟူ၍ ဆိုအပ်၏။

ဤသည့်ဘိုကား ပါဠိတော် လာသော မဂ္ဂင်ရှစ်ပါး၏ အနက် အဓိပ္ပါယ်တို့ ပေတည်း။

မဂ္ဂင်ရှစ်ပါး၏ သမ္မာဒိဋ္ဌိ အစရှိသော တပါးတပါး၏ အနက် အဓိပ္ပါယ်ကို သုတ်မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာန် ပါဠိတော်၌သာ လာရှိသည်မဟုတ်၊ ဥပရိပဏ္ဏာသပါဠိတော် ဝိဘင်္ဂဝဂ် သစ္စ ဝိဘင်္ဂသုတ်၌ ရှင်း၊ မဟာဝဂ္ဂသံယုတ်ပါဠိတော် မဂ္ဂသံယုတ်၌ရှင်း၊ ထိုထိုသော ပါဠိတော်များတွင် လာရှိပြီးဖြစ်၏။

## စွပ်စွဲရာ ကျမည်

မဂ္ဂင်ရှစ်ပါး ပါဠိတော်တို့၌လာသော အနက်အဓိပ္ပါယ်နှင့် ယခုခေတ် အချို့ ပုဂ္ဂိုလ်တို့ စာမျက်နှာ ၄၀-တွင် လာရှိသော သဘောမျိုးကို ဘာသာပြန်ဆို ထားကြခြင်းသည် အဘယ်မျှ အဓိပ္ပါယ် ပေါ့ ၊ က် ကွာခြားနေသည်တို့ကို အထူး သတိပြုအပ်ကြလေသည်။

ဤကဲ့သို့ ပါဠိတော်ကို လာရှိသည့်အတိုင်း အဓိပ္ပါယ် မပေါက်စေဘဲ ပေါ့ပျက် ကွာခြားသော အနက် အဓိပ္ပါယ်ကို ပြန်ဆိုပါက ရှင်တော်ဘုရား၏ ဂုဏ်တော် ဉာဏ်တော်ကို စွပ်စွဲရာ ကျရောက်ခြင်း ဖြစ်သည်ကိုလည်း အထူး သတိပြုအပ်၏။

ဤမျှဖြင့် မဂ္ဂင်ရှစ်ပါး၏ အနက် အဓိပ္ပါယ်ကို ရေးသား ပေါ်ပြခြင်းဖြင့် နိဂုံး ချုပ်လိုက်ရပေသတည်း။

## မဂ္ဂင်ရှစ်ပါး၏ အကျိုးကျေးဇူး

မဂ္ဂင်ရှစ်ပါး တရားတော်မြတ်၏ အနက် အဓိပ္ပါယ်ကို ဖော်ပြပြီးနောက် မဂ္ဂင်ရှစ်ပါး တရားနှင့်ဆိုင်သော ပါဠိတော်အရပ်ရပ်တို့မှ သိသင့် သိထိုက်သော ပါဠိတော်အချို့ကို လွယ်ကူစွာ သိရှိတော် မူနိုင်ကြစိမ့်သောငှာ ဖော်ပြပေအံ့။

အာရောဂျံ ပရမံ လာဘံ၊
နိဗ္ဗာနံ ပရမံ သုခံ။
အဋ္ဌင်္ဂိကော စ မဂ္ဂါနံ၊
ခေမံ အမတ ဂါမိနန္တိ။

(မဇ္ဈိမပဏ္ဏာသ ပါဠိတော် မာဂဏ္ဍိယသုတ်)

**ဘာသာပြန်။** ။အနာမရှိ ကျန်းမာခြင်း အဖြစ်သည် အလွန်မြတ်သော လာဘ်မည်၏၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်သည် အလွန်မွန်မြတ်သော ချမ်းသာမည်၏။ နိဗ္ဗာန်ချမ်းသာသို့ ရောက်စေတတ်သော လမ်းခရီးတို့တွင် မဂ္ဂင်ရှစ်ပါးလမ်းသည် ဘေးကင်း၍ အမြတ်ဆုံးပေတည်း ဟူ၍ ရှင်တော်ဘုရားသည် ဥဒါန်း ကျူးရင့်တော် မူလေ၏။

### အမြတ်ဆုံး အကျိုးကျေးဇူး

လောက၌ သူကြီးကို ရိုသေလေးစားသော သူသည် သူကြီး၌ရှိသော အခွင့်အရေးတို့ကို ခံစားရ၏။ ထို အတူ မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင်တို့ကို ရိုသေလေးစားသော

သူသည် မြို့အုပ်, ဝန်ထောက်, အရေးပိုင်တို့၌ ရှိသော အခွင့်အရေးတို့ကို ခံစားရ၏။

ထိုနည်းတူစွာ လောကဓာတ်ကြီး တခုလုံး၏ ကျင့်စဉ်တရားတို့တွင် အမြတ်ဆုံး ဖြစ်သော မဂ္ဂင် ရှစ်ပါး တရားတော်မြတ်ကို ရွတ်ဆိုကျက်မှတ်ခြင်း သင်အံပို့ချဟောပြောပေးခြင်း လေ့ကျင့် ပွားများ အားထုတ်ခြင်းတို့ကို ရိုသေလေးစားပြုကျင့်ပါက အမြတ်ဆုံးဖြစ်သော အကျိုးကျေးဇူးကို ခံစားရ၏ဟူ၍ရှင်တော်ဘုရားသည် အောက်ပါအတိုင်းဟောကြားတော် မူခဲ့၏။

ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ
အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ
တေသံ အဂ္ဂ မက္ခာယတိ။
ယေ ဘိက္ခဝေ အရိယေ အဋ္ဌင်္ဂိကေ
မဂ္ဂေ ပသန္နာ အဂ္ဂေ တေ ပသန္နာ။
အဂ္ဂေ ခေါပန ပသန္နာနံ အဂ္ဂေါ ဝိပါကော
ဟောတိ။

(အင်္ဂုတ္တိုရ် ပါဠိတော် ဆဋ္ဌမူ စတုက္ကနိပါတ် စာမျက်နှာ ၃၄၃)

**ဘာသာပြန်**။ ။ရဟန်းတို့ အကြောင်မျှလောက် ကုန်သော ပြုပြင်စီရင်အပ်ကုန်သော သင်္ခတ တရားတို့သည် ရှိကုန်၏။ ထို သင်္ခတတရားတို့ထက်မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂင်တရားကို အ တု မ ရှိ မြတ်၏ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ အတုမရှိမြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂင်တရား၌ အကြောင်သူတို့သည် ကြ ည် ညို ကြ ကုန်၏၊

ထိုကြည်ညိုကုန်သော ပုဂ္ဂိုလ်တို့သည် အတုမရှိ မြတ်သော တရားကို ကြည်ညိုခြင်းကြောင့် အတုမရှိမြတ်သောတရား၌ ကြည်ညိုကြကုန်သော ပုဂ္ဂိုလ်တို့အား အတုမရှိ မြတ်သော အကျိုးတရားတို့သည် ဖြစ်ကုန်၏။

ထိုကြောင့် တရားတကာတို့တွင် အမြတ်ဆုံး ဖြစ်သော မဂ္ဂင်ရှစ်ပါး တရားတော်ကို ရိုသေလေးစား လေ့ကျင့်ပွား များသော ပုဂ္ဂိုလ်အား အကျိုးပေးတကာတို့တွင် အမြတ်ဆုံးဖြစ်သော အကျိုးကျေးဇူးကို ပြန်လည် ရရှိကြောင်း ကောင်းစွာ သတ်ပြုအပ်လေသည်။

## ခရီးလမ်းမကြီး

လူတို့သည် နာဖျားသောအခါ ဆရာခေါ်၏၊ ဆေး သောက်ကြ၏၊ ဤတွင် ဆရာတု၊ ဆရာယောင်ကို မခေါ်မိ ရန် အရေးကြီး၏၊ ထိုအတူ ဆေးသောက်ရမည် မှန်သော် လည်း ဆေးမှားပြီး မသောက်မိရန် အရေးကြီး၏၊ ထိုနည်း တူစွာ မိမိလိုရာခရီးသို့ အမြန်ရောက်ရှိရန် လမ်းမှန် ရရှိဘို့ အရေးကြီး၏။

ထိုကြောင့် မိမိလိုအပ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန် အမြန်ဆုံး ရောက်ရှိရန် လမ်းမှန်သည်ကား အဘယ်နည်း ဆိုသော် ရှင်တော်ဘုရားသည် အောက်ပါအတိုင်း ဟောကြားတော် မူခဲ့၏။

ကတမော စ ဘိက္ခဝေ

အသင်္ခတ ဂါမိမဂ္ဂေါ၊

အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊
အယံ ဝုစ္စတိ ဘိက္ခဝေ
အသင်္ခတ ဂါမိမဂ္ဂေါ။

(**သဠာယတန**ဝဂ္ဂ သံယုတ်ပါဠိတော် အသင်္ခတသံယုတ်)

အို-ရဟန်းတို့ အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန် သို့ ရောက်ကြောင်း ကျင့်စဉ် လမ်းခရီးဟူသည် အဘယ်နည်း ဟူမူကား...

မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အကျင့်လမ်း ခရီးသည်ရှိ၏။ အို-ရဟန်းတို့ ဤ မဂ္ဂင်ရှစ်ပါးကို အသင်္ခတ မည်သော မြတ်သောနိဗ္ဗာန်သို့ ရောက် ကြောင်း ကျင့်စဉ် ခရီးလမ်းမကြီးဟူ၍ ဆိုအပ်၏။

### မဂ္ဂင်ရှစ်ပါးကို ပွားသော်

မဟာဝဂ္ဂ သံယုတ်ပါဠိတော် မဂ္ဂသံယုတ်၌ ဟောတော် မူသည်မှာ ရဟန်းတို့ အာကာသ ကောင်းကင်၌ အထူးထူး သော လေတို့သည် တိုက်ခတ်ကုန်၏၊ အရှေ့အရပ်မှ သော် ၎င်း၊ အနောက်အရပ်မှ သော်၎င်း၊ တောင်အရပ်မှ သော် ၎င်း၊ မြောက်အရပ်မှ သော်၎င်း လေတို့သည် တိုက်ခတ်ကြ ကုန်၏။ မြူမပါသော လေတို့သည် ၎င်း၊ မြူပါရှိသောလေတို့ သည်၎င်း၊ အေးမြသော လေတို့သည်၎င်း ပူလှသောလေတို့ သည်၎င်း၊ ပြင်းထန်လှသော လေတို့သည်၎င်း၊ ဖြည်းညှင်း သာယာသော လေတို့သည်၎င်း တိုက်ခတ်ကုန်၏။

အို-ရဟန်းတို့၊ ဤဥပမာအတူ ရဟန်း တို့ အား မဂ္ဂင်ရှစ်ပါးကို အကြိမ်ကြိမ် အဖန်ဖန် ပွားများ အားထုတ်အပ်သည်ရှိသော် လေးပါးသော သတိပဋ္ဌာန် တို့ သည် ၎င်း လေးပါးသော သမ္မပ္ပဓာန်တို့သည်၎င်း၊ လေးပါးကုန်သော ဣဒ္ဓိပါဒ်တို့သည်၎င်း၊ ငါးပါးကုန်သော ဣန္ဒြေတို့သည်၎င်း၊ ငါးပါးကုန်သော ဗိုလ်တို့သည်၎င်း၊ ခုနှစ်ပါး ကုန်သော ဗောဇ္ဈင်တို့သည်၎င်း၊ ပြည့်စုံခြင်းသို့ ရောက်ကုန်၏ဟူ၍ ရှင်တော်ဘုရား ဟောတော်မူ၏။

**ကိစ္စ ထက်ဝက် ပြီး၏**

အခါတပါး၌ ကောသလမင်းကြီးကို အကြောင်းပြု၍ အရှင်အာနန္ဒာ လျှောက်ထားပုံကို ရှင်တော် ဘုရားသည် သဂါထာဝဂ္ဂ သံယုတ် ပါဠိတော် ကောသလ သံယုတ် ဒုတိယဝဂ်၌၎င်း၊ မဟာဝဂ္ဂ သံယုတ်ပါဠိတော် မဂ္ဂသံယုတ် အစ ဒုတိယသုတ်၌၎င်း ရှည်လျားစွာ ဟောတော် မူသည်၏ လိုရင်းကို ဖေါ်ပြပေအံ့။

အရှင်အာနန္ဒာ၏ လျှောက်ထားပုံမှာ အ ရှင် ဘု ရား ပညာရှိ သူတော်ကောင်းကို မိတ်ဆွေဖွဲ့ရခြင်းသည် ကိစ္စ၏ ထက်ဝက်ပြီးစီးသည်မည်ပါသည်ဘုရားဟုလျှောက်ထား၏ ထိုသောအခါ ရှင်တော်ဘုရားက-

မာဟေဝံ အာနန္ဒ၊ မာဟေဝံ အာနန္ဒ၊
သကလ မေဝိဒံ အာနန္ဒ ဗြဟ္မစရိယံ
ယဒိဒံ ကလျာဏမိတ္တတာ ကလျာဏ-
သဟာယတာ ကလျာဏ သမ္ပဝင်္ကတာ
ကလျာဏမိတ္တဿေတံ အာနန္ဒ

ဘိက္ခုနော ပါဋိကင်္ခံ ကလျာဏ-
သဟာယဿ ကလျာဏ သမ္ပဝင်္ကဿ
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေဿတိ
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဗဟုလီ
ကရိဿတီတိ။

(မဟာဝဂ္ဂ သံယုတ်ပါဠိတော်နှင့် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်)

**ဘာသာပြန်**။ ။အိုး-ချစ်သားအာနန္ဒာ ယင်းသို့ ထက်ဝက်မျှသာ ပြီးသည်ဟူ၍ စင်စစ်အားဖြင့် မဆိုလေနှင့်။

အိုး-ချစ်သားအာနန္ဒာ ယင်းသို့ ထက်ဝက်မျှသာ ပြီး၏ဟူ၍ စင်စစ်အားဖြင့် မဆိုပေလင့်။

အိုး-အနန္ဒာ မိတ်ဆွေကောင်းနှင့် ပေါင်းဖေါ်သော အဖြစ်သည် အကြင် အပေါင်းအဖေါ် ကောင်းရှိသော အဖြစ်သည် အကြင် အပေါင်း အဖေါ်ကောင်း မိတ်ဆွေကောင်း၌ ကိုင်းရှိုင်းညွတ်တွား ဆည်းကပ်သော အဖြစ်သည် ရှိ၏၊ ဤသို့-ကိုင်းရှိုင်းညွတ်တွား ပေါင်းဖေါ်သော အဖြစ်သည် ဗြဟ္မစရိယ မြတ်သော အကျင့်ကို ကျင့်မှု ကိစ္စအား ထက်ဝက်မက အလုံးစုံ အောင်မြင်ပြီးစီး၏။

အိုး-ချစ်သာအာနန္ဒာ မိတ်ဆွေကောင်းနှင့် ပေါင်းဖေါ်သော အပေါင်းအဖေါ်ကောင်း ရှိသော မိတ်ဆွေကောင်း အပေါင်းအဖေါ်ကို ညွတ်တွား ဆည်းကပ်လေ့ရှိသော ရဟန်းအား မြတ်သောအင်္ဂါရှစ်ပါးရှိသော မဂ္ဂင်တရားကို ပွားများပေလတံ့ အကြိမ်ကြိမ် အဖန်တလဲလဲ ပွားများခြင်းကို ပြုလတံ့။

ဤသို့သောအကြောင်းကို အလိုရှိအပ်၏ဟု ဟောတော်မူ၏။

## မဂ္ဂင် ဖောင်ကြီး

လောကဓာတ်ကြီး တခုလုံးတွင် သခ်ံတဓာတ် နှင့် အသခ်ံတဓာတ် ဟူ၍ နှစ်ပါးရှိ၏၊ သခ်ံတဓာတ် ဟူသော ဤမှာဘက်ကမ်းမှ အသခ်ံတဓာတ် ဟူသော ထိုမှာဘက်ကမ်းသို့ ကူးရန် ဖောင်ကြီးသည် ရှိ၏၊ ထိုဖောင်ကြီးကား အဘယ်နည်းဟု သိရှိနိုင်ရန် ရှင်တော်ဘုရားသည်-

ကုလ္လန္တိ ခေါ ဘိက္ခဝေ အရိယဿေတံ
အဋ္ဌင်္ဂိကဿ မဂ္ဂဿ အဓိဝစနံ။
(သဠာယတနဝဂ္ဂ သံယုတ် အာသိဝိသသုတ်)

**ဘာသာပြန်။** ။အို-ရဟန်းတို့ "ဖောင်"ဟူသော အမည်သည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်၏ အမည်ပေတည်း။ ထိုပါဠိတော်၌ ဆက်၍ လာရသည်မှာ- အဘယ် အင်္ဂါရှစ်ပါးတို့နည်း ဟူမူကား "သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာ သမာဓိ"တို့ပေတည်းဟူ၍ ဟောတော်မူ၏။

## "သောတ" သည် အဘယ်နည်း

မဟာဝဂ္ဂ သံယုတ်ပါဠိတော် ဝေဠုဒွါရဝဂ် သာရိပုတ္တသုတ်၌ ဟောတော်မူသည်မှာကား-

အခါတပါး၌ ရှင်တော်ဘုရားသည် အရှင်သာရိပုတ္တရာအား ဤသို့ မေးတော်မူ၏။

အို-သာရိပုတ္တရာ သောတာပတ္တိမဂ်၏ ရှေးအဘို့၌ ဖြစ်သောကြောင့် "သောတာပတ္တိယင်္ဂ, သောတာပတ္တိယင်္ဂ" ဟူသော စကားကို ဆိုအပ်ပေ၏။ "သောတာပတ္တိယင်္ဂ, သောတာပတ္တိ မဂ်၏ အကြောင်း"ဟူသည် အဘယ်နည်း။

အရှင်ဘုရား သူတော်ကောင်းကို မှီဝဲရခြင်းသည် သူတော်ကောင်း၏ တရားကို နာကြားရခြင်းသည် သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းသည် လောကုတ္တရာ တရားအား လျော်သောအကျင့်ကို ကျင့်ခြင်းသည် သောတာပတ္တိမဂ်၏ ရှေ့အဘို့၌ ရအပ်သော အကြောင်း အင်္ဂါပါတည်းဟု လျှောက်၏။ ထိုသို့ဖြေဆိုခြင်းကို ရှင်တော်ဘုရားသည် "သာဓု" ခေါ်တော်မူ၏။

ရှင်တော်ဘုရားက ဆက်လက် မေးတော်မူသည်မှာ-

အို သာရိပုတ္တရာ "သောတ, သောတ"ဟူသော စကားကို ဆိုအပ်၏။ "သောတ"ဟူသည် အဘယ်နည်း။

အယမေဝ ဟိ ဘန္တေ အရိယော
အဋ္ဌင်္ဂိကော မဂ္ဂေါ သောတော
သေယျထိဒံ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ,
သမ္မာဝါစာ,သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ,
သမ္မာဝါယာမော, သမ္မာသတိ, သာသမာဓိကိ။

(မဟာဝဂ္ဂ သံယုတ်ပါဠိတော် ဝေဠုဒွါရဝဂ်)

အထက်ပါ ပါဠိတော်ဖြင့် အရှင် သာရိပုတ္တရာ ဖြေဆိုတော်မူ၏။

ဘာသာပြန်ကား။ ။အရှင်ဘုရား အင်္ဂါ ရှစ်ပါးရှိသော ဤ လမ်း ခရီး သည်သာလျှင် "သောတ" မည်ပါသည်၊ အဘယ် အင်္ဂါရှစ်ပါးတို့နည်း ဟူမူကား၊ "သမ္မာဒိဋ္ဌိ.... သမ္မာသမာဓိ"ဤရှစ်ပါးတို့ ပေတည်းဟု လျှောက်ထား၏။

ထိုအခါ ရှင်တော် ဘုရားသည် "သာဓု" ခေါ်တော် မူ၍ အို-သာရိပုတ္တရာ မြတ်သော အင်္ဂါရှစ်ပါး ရှိသော ဤလမ်းခရီးသည် "သောတ" မည်ပေ၏ဟု မိန့်တော်မူ၏။

## သောတာပန်နှင့် စူဠသောတာပန်

သောတာပန္န = သောတာပန် ပုဂ္ဂိုလ်။
သောတ = ရေအယဉ်။
အာပန္န = ရောက်သည်။

သောဘာပန္န (ဝါ)သောတာပန် ပုဂ္ဂိုလ် ဆိုသည်မှာ ဥပမာပြုရသော် အချဉ်ရစ်မှ စီးဆင်းလာသော ရေအယဉ် တို့သည် သမုဒ္ဒရာ အဝသို့ ရောက်သောအခါ နောက်သို့ ပြန်မဆုတ်ဘဲ သမုဒ္ဒရာအတွင်းသို့သာ ပြေးဝင်ဘိသကဲ့သို့ သောတာပန်ဖြစ်သော ပုဂ္ဂိုလ်သည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ' အသူရကာယ်, အပါယ် လေးဘုံသို့ ပြန်မဆင်းတော့ဘဲ နိဗ္ဗာန်သို့သာ ပြေးဝင်မည့် ပုဂ္ဂိုလ်ဟု ဆိုလိုသည်၊ (ဝါ) အပါယ်လေးပါး တံခါးပိတ်သော ပုဂ္ဂိုလ်လည်း မည်၏။

ဤသို့ သိရှိတော်မူကြ စေလိုပြန်သည်မှာ သောတာပန် အစစ်သာလျှင် အ ပါ ယ် လေး ပါး တံခါးပိတ်သည်

မဟုတ်သေး ထိုထိုသော ပါဠိတော်များတွင် မကြာခဏ လာရှိသော-

ဣတိ ရူပံ၊
ဣတိ ရူပဿ သမုဒယော၊
ဣတိ ဝိညာဏံ၊
ဣတိ ဝိညာဏဿ သမုဒယော။

စသည်ဖြင့် ဤကားရုပ်၊ ဤကား ရုပ်၏ ဖြစ်ကြောင်း တည်း။ ဤကား ဝိညာဉ်၊ ဤကား ဝိညာဉ်၏ ဖြစ်ကြောင်း တည်း စသည်တို့ဖြင့် ရုပ်,နာမ် နှစ်ပါး ခန္ဓာငါးပါး အာယတန ၁၂-ပါး၊ဓာတ် ၁၈-ပါး၊ ပဋိစ္စသမုပ္ပါဒ် တရားစသည် တို့ကို အနတ္တဓမ္မ သဘာဝသို့ဆိုက်အောင် ဉာဏ်မျက်စိဖြင့် ဆင်ခြင် ပွားများနေသော အချိန်သည် ထိုပုဂ္ဂိုလ် အတွက် "စူဠ"သောတာပန် ဖြစ်၍နေသည်မည်၏။

ထိုကြောင့် ယင်းသို့သော အချိန်တွင် ထိုပုဂ္ဂိုလ် ကွယ် လွန်စုတေသွားပါက အပါယ်လေးပါး တံခါးပိတ်၏ဟူ၍ ဝိသုဒ္ဓိမဂ် ကဉ်္ခါဝိတရဏ ဝိသုဒ္ဓိ နိဒ္ဒေသပိုင်းအဆုံး၌ လာရှိ လေသည်၊ ယင်းသို့ပွားများနေစဉ် တမဂ်တဖိုလ် မရရှိသေး သော "သမဏ"နတ်သား ဝါ-ဝိပဿနာ နတ်သားသည် စုတေသေလွန်သောအခါ၌ နတ်ပြည်သို့ ရောက်ရှိ ပြီးလျှင် မှန်ပြ၍ယူရသော နတ်သားသောတာပန်ဖြစ်သွားကြောင်း ကို ယခင်ထုတ်ဝေခဲ့သော ဝိပဿနာ အခြေခံနှင့်အမြေမှန် ကျမ်း နိဗ္ဗိဒါဉာဏ်ခဏ်း၌ ဖော်ပြခဲ့လေပြီ။

ထိုကြောင့် မိမိသည် ယခုအခါ သောတာပန်မဖြစ်သေးသည့်တိုင်အောင် စုတေခါနီးတွင် ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်နေခြင်းဖြင့် အပါယ်လေးပါး တံခါးအရပ်ရပ်တို့ကို ပိတ်ထားစေနိုင်ရန် ယခုကပင်လျှင် ကြိုတင်ကြိုးစား ဝိပဿနာဘာဝနာကို ပွားများအားထုတ် ထားရပေမည်။

ဝိပဿနာ ဘာဝနာလုပ်ငန်းမှာ မလိုက်စားသေး ဘူး၍သာ ခက်သည် အရသာမရှိဟူ၍ ထင်မှားနေခြင်း ဖြစ်၏။ အနတ္တဓမ္မ သဘာဝကိုနိုင်နင်း၍ အသင်အပြကောင်းသော ဆရာမြတ်တို့နှင့် တွေ့ရှိရပါက ထူးလှသော ဓမ္မအရသာကို လွယ်ကူစွာ ကိုယ်တိုင်ခံစား နိုင်သည်သာတည်း။

ဝိပဿနာ လုပ်ငန်းသည် ကျင့်သုံး ပွားများရန်မှာ အလွန် လွယ်ကူလှ၏၊ သို့ရာတွင် ဆရာကောင်းကို တွေ့ရှိရန်သာ ခက်ခဲ၏၊ ထိုကြောင့် ရွှေဥမင်ဆရာကြီးသည်....

လယ်လုပ်မခက်
လယ်တည် ခက်၏။
အကျင့် မခက်
အသိ ခက်၏။

ဟူ၍ မိန့်ဆိုတော်မူခဲ့လေသည်၊ ထိုကြောင့် အနတ္တ ဓမ္မသဘာဝကို သင်ပြပေးနိုင်သော ဆရာကောင်းကို တွေ့ရှိရန် အထူး အရေးကြီးလေသည်။

ဥပမာ ပြရသော် ရေငုံဆရာတော် အသင်အပြကောင်းခြင်းကြောင့် အရှင်အရိယဝံသမှာ လွယ်ကူ လျင်မြန်စွာ

စာတတ်သွားရသည်သာမက အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာ ကျမ်းမှာလည်း "ဋီကာကျော်" အမည်သစ်ကို ရရှိသွားရခြင်းကို ထောက်သော် မည်သည့် လုပ်ငန်းမဆို ဆရာကောင်း ရရှိမှုသည် အရေးကြီးကြောင်း ကောင်း စွာ သိအပ်လေပြီ။

## အိုးကို ကောင်းစွာမထားက

မဟာဝဂ္ဂ သံယုတ်ပါဠိတော် မိစ္ဆတ္တဝဂ် ကုမ္ဘ သုတ် ၌ ရှင်တော်ဘုရား ဟောတော်မူသည်မှာ....

အို-ရဟန်းတို့၊ ဥပမာအားဖြင့်ဆိုသော် အိုးကို ကောင်းစွာမထားသည်ရှိသော် လွယ်ကူစွာ လိမ့်နိုင်သည် ဖြစ်၏၊ ကောင်းစွာ ထားရှိသည်ရှိသော် လိမ့်နိုင်ခဲသည် ဖြစ်၏။

အို-ရဟန်းတို့၊ထိုဥပမာအတူသာလျှင် စိတ်ကို ကောင်းစွာ မထားသည်ရှိသော် လွယ်ကူစွာ ပျံ့လွင့်နိုင်သည်ဖြစ်၏။ စိတ်ကို ကောင်းစွာ ထားသည်ရှိသော် ပျံ့လွင့် နိုင်ခဲသည် ဖြစ်၏။

အို-ရဟန်းတို့၊ စိတ်ကို ကောင်းစွာ ထား ခြင်း သည် အဘယ်နည်းဟူမူကား မြတ်သော အင်္ဂါရှစ်ပါး ရှိသော ဤ မဂ်ခရီးပင်တည်း၊ အဘယ်အင်္ဂါ ရှစ်ပါးတို့နည်း ဟူမူကား "သမ္မာဒိဋ္ဌိ........ သမ္မာသမာဓိ" ရှစ်ပါးပင်တည်း။

## ပုဏ္ဏား ရေချိုးခြင်း

သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် သင်္ဂါရဝ ဗြဟ္မာဏ သုတ်၌လာရှိသည်မှာ ရှင်တော်ဘုရားက သင်္ဂါရဝ အမည်

ရှိသော ဖြပ္ဗဏပုဏ္ဏားအား မေးမြန်းသည်မှာ အို-ပုဏ္ဏား သင်သည် အဘယ်အကျိုးကိုမြင်၍ နံနက်တိုင်း ညနေတိုင်း ရေသို့သက်ဆင်း၍ ရေချိုးခြင်းကို ပြုလုပ် နေပါသနည်း။

အို-အရှင်ဂေါတမ အကျွန်ုပ်သည် နေ့အခါ၌ အကြင် မကောင်းမှုကံကို ပြုမိသည်ဖြစ်၏၊ ထိုမကောင်းမှုကို ညနေ ချမ်းအခါ ရေချိုးသဖြင့် မျှော၏။

ညဉ့်အခါ အကြင်မကောင်းမှု ကံကို ပြုမိသည် ဖြစ်၏။ ထိုမကောင်းမှုကိုနံနက်အခါရေချိုးသဖြင့်မျှောလိုက်ပါ၏။

အို-အရှင်ဂေါတမ အကျွန်ုပ်သည် ဤ အ ကျိုး ထူး ကို ကောင်းစွာ မြင်သည်ဖြစ်၍ ရေသို့ သက်ဆင်းကာ ရေချိုး ခြင်းလုံ့လကို အဖန်တလဲလဲ အားထုတ်၍ နေပါသည်ဟု ဖြေဆို၏၊ ထိုအခါ ရှင်တော်ဘုရားက....

ဓမ္မော ရဟာဒေါ ဗြဟ္မဏ သီလတိတ္ထော၊
အနာဝိလော, သဗ္ဘိ သတံ ပသတ္ထော။
ယတ္ထ ဟဝေ ဝေဒဂူနှာ သိနာတာ၊
အနလ္လဂတ္တာဝ, တရန္တိ ပါရန္တိ။

(သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် သင်္ဂါရဝ ဗြာဟ္မဏသုတ်)

ဘာသာပြန်။ ။အို-ဗြာဟ္မဏ ပုဏ္ဏား မဂ္ဂင်ရှစ်ပါးတရား သည် များစွာသော သတ္တဝါတို့၏ ကိလေသာ အညစ် အကြေး ရေချိုးစရာ ကြည်လင် အေးမြသော ရေအိုင်ကြီး သဘွယ် ဖြစ်၏။

သီလသည် ရေချိုးရာဆိပ်သဘွယ် ဖြင်၏၊ များစွာသော သတ္တဝါတို့သည် သက်ဆင်း၍ ရေချိုးကုန် သော်လည်း မနောက်သည်၏ အဖြစ်ကြောင့် အလွန်ကြည်လင်၏။

ပညာရှိ သူတော်ကောင်းတို့သည် ကောင်းမြတ် သော ရေအိုင်ကြီးဟူ၍ ချီးမွမ်းအပ်ကုန်၏။

အကြင် မဂ္ဂင်ရှစ်ပါး တရားရေအိုင်ကြီး၌ ရဟန္တာတို့ သည် ရေချိုးတော် မူကြကုန်၏၊ ကိုယ်တော်ကိုမျှ စွတ်စိုခြင်း မရှိဘဲ နိဗ္ဗာန်တည်းဟူသော ကမ်းသို့ ကူးသန်းတက်ရောက် ကြကုန်၏ဟု ဟောတော်မူ၏။

## အရှင်ဂေါတမ ရေချိုးသွားသလော

အခါတပါး၌ ရှင်တော်ဘုရားသည် ရဟန်းတို့အား ကိလေသာ အညစ်အကြေးတို့ကိုပယ်သတ်၍ကုသိုလ်တရား ပွားချားနေကြရန် ကြာမြင့်ရှည်လျားစွာ ဥပမာ ဥပမေယျ တို့ကို ဆောင်၍ ဟောတော်မူ၏။

နောက်ဆုံး၌ အကုသိုလ် အညစ်အကြေးတို့မှ ကင်းစင် လျက် မေတ္တာ ဘာဝနာ ပွားများနေအပ်၏၊ ထိုနောက် မေတ္တာ ဘာဝနာထက် မွန်မြတ်သော ဝိပဿနာ ဘာဝနာ သို့ တက်၍ ကြိုးစားအားထုတ်ပါက ထိုရဟန်းသည် နောင် တဖန် ပဋိသန္ဓေ နေရန် မရှိတော့ပြီ။

အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု၊
သိနာတော အန္တရေန သိနာနေနာတိ။

(မူလပဏ္ဏာသ ပါဠိတော် မူလပရိယာယဝဂ် ဝတ္ထသုတ်)

**ဘာသာပြန်**။ ။အို-ရဟန်းတို့ ဤရဟန်းကို ကိုယ်တွင်း၌ ရှိသော ကိလေသာကို စင်ကြယ်စေတတ်သော ရေဖြင့် ရေချိုးပြီးသော ရဟန်းဟူ၍ ခေါ်ဆိုအပ်၏ဟူ၍ ဟော တော်မူလေသည်။

ထိုအခါ သာသနာတော်မြတ်မှအပဖြစ်သော 'သုန္ဒရိက ဘာရဒွါဇ' အမည်ရှိသော ပုဏ္ဏားသည် မြတ်စွာဘုရား အား ဤသို့ လျှောက်၏။

အရှင်ဂေါတမသည် ''ဗာဟုက''အမည်ရှိသော မြစ်သို့ ရေချိုးခြင်းငှာ သွားပါသလော ထိုမြစ်သည် မကောင်းမှု အစုစုတို့ကို စင်ကြယ်စေသည်ဟု များစွာသောလူအပေါင်း တို့က သမုတ်ထားအပ်သော မြစ်ပေတည်း၊ ထိုမြစ်၌သာ လျှင် လူအပေါင်းတို့သည် မိမိတို့၏ ပြုအပ် ပြီးသော မကောင်းမှုတို့ကို မျှောကြကုန်၏ဟု မေးလျှောက်၏။

ရှင်တော်ဘုရားက မိန့်တော်မူသည်မှာ အို-ပုဏ္ဏား ကြမ်းကြုတ်သော မကောင်းမှု များစွာရှိသော ထိုလူမိုက် အား မြစ်ရေသည် မကောင်းသော အပြစ်တို့မှ စင်ကြယ် စေရန် အဘယ်သို့ ပြုနိုင်ပါအံ့နည်း မပြုနိုင်သည်သာတည်း။

အို-ပုဏ္ဏား ကိလေသာမရှိ သန့်ရှင်း စင်ကြယ်သော ပုဂ္ဂိုလ်အား စင်စစ် အခါခပ်သိမ်း ကောင်းသောနက္ခတ်နှင့် ယှဉ်သည်သာတည်း၊ ကိလေသာမရှိ စင်ကြယ်သော ပုဂ္ဂိုလ် အား အခါခပ်သိမ်းပင်လျှင် ဥပုသ် ဆောက်တည်သည် မည်သည်သာတည်း။

အို-ပုဏ္ဏား ကိလေသာမရှိ စင်ကြယ်သော သန့်ရှင်း သည့် ကာယကံ စသည်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား အခါ

ခပ်သိမ်း ထိုကုသိုလ်နှင့် စပ်သော အကျင့်ကို ဆောက်တည် ခြင်းသည် ပြည့်စုံသည်သာတည်း။

အို-ပုဏ္ဏား အကယ်၍ သန့်ရှင်း စင်ကြယ်မှုကို အလိုရှိသော် ငါ၏ သာသနာတော်၌သာလျှင် ကြည်လင်လှစွာသော ရေဖြင့်ချိုးလော့ ခပ်သိမ်းသော သတ္တဝါတို့အား ဘေးမရှိသည်၏ အဖြစ်ကို ပြုလော့။

အသင်ပုဏ္ဏား စင်ကြယ်ခြင်းကို အလိုရှိပါမူ ခိုးယူခြင်း၊ မှသားပြောခြင်းစသည့် မကောင်းမှုတို့ကို ရှောင်ကြဉ်လျက် ရတနာသုံးပါးတို့ကို ယုံကြည်ခြင်း၊ ကံ့ကံ၏ အကျိုးကို ယုံကြည်ခြင်းတို့သည် အကယ်၍ ဖြစ်ငြားအံ့၊ သင်ပုဏ္ဏားအား စင်ကြယ်ခြင်းသည် ဖြစ်လတံ့၊ မြစ်၌သွား၍ ရေချိုးခြင်းသည် သင်အား မြစ်ရေသည် အဘယ်သို့ မကောင်းမှုမှ စင်ကြယ်အောင် လုပ်နိုင်ပါအံ့နည်း ဟူ၍ ဟောတော်မူ၏။

ဤတွင် အတိုချုပ်အားဖြင့် ဆိုသော် ပုဏ္ဏားသည် ရှင်တော်ဘုရားထံတွင် ရဟန်းပြု၍ သီလ, သမာဓိ, ပညာတို့ကို ဆောက်တည်ပွားများခြင်းဖြင့် မကြာမြင့်မီ ရဟန္တာ အဖြစ်သို့ ရောက်ရှိသွားပေတော့သတည်း။

## သွားခါနီး သန့်ရှင်းမှု

ဤ၌ သိရှိကြ စေလိုပြန်သည်မှာ လူတို့သည် များသောအားဖြင့် မိမိကိုယ်ခန္ဓာကို သန့်ရှင်းစွာ ထားလေ့ရှိ၏။ မိမိသားသမီးတို့ကို သန့်ရှင်းစွာနေထိုင်ရန် ဆုံးမလေ့ ရှိ၏။ ဤကား မကောင်းသည်မဟုတ် ကောင်းသည်သာတည်း။ သို့ရာတွင် တဘက်၌ ထိုထက်အရေးကြီးလှသော ဘုရားအစရှိသော သူတော်ကောင်းတို့ အလွန်အလိုရှိအပ်သော

အချက်ကြီး တချက် ကျန်ရှိနေသည့်ကိုကား အများအား ဖြင့် သတိ မပြုမိကြချေ။

ထိုကျန်ရှိသော အချက်ကြီးကား၊ မိမိကိုယ်ကို သန့်ရှင်း စွာ ထားရှိရခြင်းထက် မိမိစိတ်ကို အကုသိုလ် မြူအညစ် အကြေးတို့ လိမ်းကျံနေခြင်းမှ ကင်းဝေးသန့်ရှင်းအောင် ထားရှိခြင်း ဖြစ်လေသည်၊ ထိုကြောင့် စူဠနိဒ္ဒေသ ပါဠိ တော် ပါရာယနဝဂ် ဥဒယပဉှာ သုတ္တနိဒ္ဒေသ၌ လာရှိသည် တို့မှ လိုအပ်သည်ကို ဖော်ပြရသော်-

ရာဂေါ ရဇော န စ ပန ရေဏု ဝုစ္စတိ၊
ဒေါသော ရဇော န စ ပန ရေဏု ဝုစ္စတိ၊
မောဟော ရဇော န စ ပန ရေဏု ဝုစ္စတိ၊

ဟူ၍ လာရှိ၏။

အဓိပ္ပါယ်သော်ကား၊ အမှန်စင်စစ် ဆိုသော် တဏှာ ရာဂကို မြူအညစ်အကြေးဟု ဆိုအပ်၏၊ ဒေါသကို မြူ အညစ်အကြေးဟု ဆိုအပ်၏၊ မောဟတရားကို မြူအညစ် အကြေးဟု ဆိုအပ်၏ဟူ၍ လာရှိလေသည်။

ထိုကြောင့် ကိုယ်ခန္ဓာကြီးကို သန့်ရှင်းအောင် ထားခြင်း ထက် စိတ်ဓာတ်ကို သန့်ရှင်းအောင် ထားရှိရေးကို အထူး ဦးစားပေးအပ်လေသည်၊ ကိုယ်ခန္ဓာကို သန့်ရှင်းအောင် ထားသဖြင့် ရာဇဝတ်ဘေးမှ မကင်းဝေးနိုင် သေသည် ၏ အခြားမဲ့၌ အပါယ်လေးပါး တံခါးတို့ကို မပိတ်စေနိုင်။

မိမိစိတ်ကို လောဘ, ဒေါသ, မောဟ အစရှိသော ကိလေသာ မြူ အညစ်အကြေးတို့မှ ကင်းဝေး သန့်ရှင်း

အောင် ထားရှိခြင်းသည် ရာဇဝတ်ဘေးမှလည်း ကင်းဝေး စေ၍ သေသည်၏ အခြားမဲ့အတွက်၌လည်း အပါယ်လေး ပါး တံခါးကို ပိတ်ထားစေနိုင်သည့်ပြင် နတ်ပြည်သို့ ရောက်ရှိရေးမှာ သေချာလျက် ရှိ၏။

လူတို့သည် အိမ်ပြင်သို့ ထွက်ကြသောအခါ မိမိကိုယ်ကို သန့်ရှင်းစွာ ပြုပြင်ဝတ်ဆင်ခြင်း မှန်ကို အကြိမ်ကြိမ် ကြည့် ခြင်းတို့ကို ပြုပြီးမှ ထွက်လေ့ ရှိကြလေသည်၊ သို့ရာတွင် မိမိစိတ်ကို သန့်ရှင်းအောင် တန်ခိုးထွက်အောင် ဂုဏ်တော် ကို ရွတ်ဆို ပွားများခြင်း၊ မေတ္တာပို့သခြင်း စသည်တို့ကို ပြုလုပ်ပြီးမှ အိမ်ပြင်သို့ ထွက်ခြင်းကိုကား မပြုလုပ်ကြချေ။

အတိုချုပ် ဖော်ပြရသော် မိမိကိုယ်ကို သန့်ရှင်းအောင် ထားဘိသကဲ့သို့ မိမိစိတ်ကိုလည်း အကုသိုလ် စေတသိက် (၁၄)တဆယ့်လေးလုံးတို့မှ ကင်းဝေးအောင် ထားတော် မူကြပါလေ၊ မိမိ သား, သမီး, တပည့် တပန်းတို့အားလည်း ထိုသို့ နေထိုင်ရန် သွန်သင်ဆုံးမ ဩဝါဒ ပေးတော်မူကြ ပါလေ။ ဤကား ဗုဒ္ဓဘာသာဝင်တိုင်း ပေးအပ်သော အကောင်းဆုံး အလှူကြီးပေတည်း။

သွားလေရာတွင် အကျိုးအောင်ခြင်း၊ ဘေးကင်းခြင်း၊ လူချစ် လူခင် ပေါခြင်း၊ နတ်လိုခြင်း၊ ငြိုဟ်မ, ခြင်းတို့နှင့် ပြည့်စုံစေရန် အိမ်မှ ထွက်ခါနီးတွင် ဂုဏ်တော်ကို ရွတ်ဆို ပွားများခြင်း၊ မေတ္တာ ပို့သ ပွားများခြင်း စသည့် ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်ပြီးမှ သွားကြရန်ကိုလည်း အထူး သတိပြုအပ်လှပေ၏။

## မိုဃ်းသည် မြူမှုံကိုနိုင်၏

ရှင်တော်ဘုရားသည် ရဟန်းတို့အား ဟောတော်မူ သည်မှာ....ရဟန်းတို့ နွေအခါ မြူမှုန် တို့သည် အထက်သို့ ပျံတက်ကြကုန်၏၊ ထိုမြူမှုန်တို့ကို အခါမဟုတ်ဘဲ သည်းထန်စွာ ရွာသွန်းသော မိုဃ်းသည် တခဏခြင်း ကွယ်ပျောက်စေနိုင်၏။

ဝေမေဝ ခေါ ဘိက္ခဝေ ဘိက္ခု
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေန္တော
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဗဟုလီ-
ကရောန္တော ဥပ္ပန္နုပ္ပန္နေ ပါပကေ
အကုသလေ ဓမ္မေ ဌာနသော အန္တရ
ဓာပေတိ ဝူပသမေတိ။

(မဟာဝဂ္ဂ သံယုတ်ပါဠိတော် ဗလကရဏီယဝဂ်)]

ဘာသာပြန်။ ။ရဟန်းတို့ ဤဥပမာ အတူသာလျှင် ရဟန်းသည် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်အကျင့်ကိုပွားသည်ရှိသော် အကြိမ်ကြိမ် အဖန်တလဲလဲ လေ့ကျင့်ပွားများသည်ရှိသော် ဖြစ်ဖြစ်သမျှ ယုတ်မာကုန် သော အကုသိုလ်တရားတို့ကို တခဏခြင်း ကွယ်ပျောက် ငြိမ်းစေနိုင်၏။

ဤ၌သိရှိရန်ကားယခုဘဝ၌ ပြုအပ်မိခဲ့သော အကုသိုလ်ကြီးငယ်တို့နှင့်တကွ ဘဝ များစွာက ပြုအပ် မိခဲ့သော အကုသိုလ်အရပ်ရပ်တို့ ကွယ်ပျောက် သွားစိမ့် သောငှာ

မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို အထူးကြိုးစား ပွားများအားထုတ်ရာ၏၊ ပွားများသဖြင့် စူ ဠ သော တာ ပန် (စူဠ) သောတာပန် ဖြစ်မြောက်သွားပါကပြုခဲ့မိသော အကုသိုလ်တရားတို့အတွက် စိုးရိမ်ဘွယ်မရှိတော့ပြီ။ ဤကား အရေးအကြီးဆုံးသော အချက်ကြီးပေတည်း။

## လူမထွက်နိုင်

မဂ္ဂင်ရှစ်ပါး ဝိပဿနာ ဘာဝနာကို အကြိမ်ကြိမ် ပွားများ အား ထုတ် ထား သော ရဟန်းသည် လူမထွက်နိုင်ကြောင်းကို ရှင်တော်ဘုရားသည် မဟာဝဂ္ဂ သံယုတ် ပါဠိတော် မဂ္ဂသံယုတ် ဗလကရဏီယဝဂ်၌ အောက်ပါအတိုင်း ဟောတော်မူ၏။

အို-ရဟန်းတို့၊ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်တရားကို အကြိမ်များစွာ လေ့ကျင့်ထားသော ရဟန်းကို မင်းသည့်ငှင်း၊ အမတ်သည်ငှင်း၊ အဆွေခင်ပွန်း သည်ငှင်း၊ ချစ်ကျွမ်းဝင်သူသည်ငှင်း မိဘတို့သည်ငှင်း။

အို-အချင်း၊ သင်သည် လာခဲ့လော့....

အသင်သည် အဘယ်ကြောင့် ဤဖန်ရည် စွန်းသော အဝတ်ကို ဝတ်ဘိသနည်း။

အဘယ့်ကြောင့် ခေါင်းကို တုံး ဘိ သ နည်း။ အဘယ်ကြောင့်ခွက်လက်စွဲ၍ လှည့်လည်ဘိသနည်း၊ လာခဲ့လော့ လူထွက်၍ စည်းစိမ်တို့ကို သုံး ဆောင် ခံစားလော့ ကုသိုလ်ကောင်းမှု တို့ကိုလည်း ပြုလေလော့။

စသည်ဖြင့် ဤသို့ စည်းစိမ်တို့ဖြင့် ဘိတ်ကြား ကုန်သော်လည်း အို-ရဟန်းတို့ စင်စစ်အားဖြင့် မြတ်သော မဂ္ဂင်ရှစ်ပါးကို အကြိမ်ကြိမ် တဖန်ဖန်လေ့ကျင့်ပွားများထားသော ထိုရဟန်းသည် လူထွက်လတံ့သည် ဟူသော အကြောင်းသည် မရှိ။

အို-ရဟန်းတို့ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း ဟူမူကား၊ ထိုပုဂ္ဂိုလ်၏စိတ်သည် ရှည်လျား စွာသော နေ့ညဉ့်တို့ပတ်လုံး ဆိတ်ငြိမ်မှု "ဝိဝေက" သို့ ညွတ်သည်၊ "ဝိဝေက"သို့ ကိုင်းရှိုင်းသည်ဖြစ်၏။ ထိုကြောင့် ထိုပုဂ္ဂိုလ် လူ၏အဖြစ်သို့ ပြန်လည်လတံ့သည် ဟူသော အကြောင်းသည် မရှိဟု ဟောကြားတော်မူ၏။

ဤတွင် မဂ္ဂင်ရှစ်ပါး တရားတော်မြတ်နှင့် ဆိုင်သော ပါဠိတော်များ အနက်အချို့ကိုလွယ်ကူစွာ သိနိုင်စိမ့်သော ငှါ ရေးသားပါဦးအံ့ဟူ၍ စာမျက်နှာ ၅၆-တွင် ဖေါ်ပြခဲ့သည့်အတိုင်း အထက်တွင်ဖေါ်ပြခဲ့သော ပါဠိတော်တို့ဖြင့် အဆုံးသတ်လိုက်ရ ပေသတည်း။

## မိမိနှင့် မဂ္ဂင်ရှစ်ပါး

ထိုမှတဖန် မဂ္ဂင်ရှစ်ပါး တရားတော်မြတ်ကို တနည်းအားဖြင့် လွယ်ကူစွာ နားလည်တော်မူနိုင်ကြရန် ဖေါ်ပြပေဦးအံ့။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မည့်ဆဲဆဲ သုဘဒ္ဒပရိဗိုဇ်အား ငါဘုရား၏ တရားတော်တို့သည် အခြားအခြားသော ဘာသာတရားတို့ထက် မဂ္ဂင်ရှစ်ပါး တရားတော်သည်

ထူးခြား၏။ အခြားအခြားသော ဘာသာတရားတို့တွင် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်နိုင်သော နည်းလမ်းမပါမရှိဟု တိကျထင်ရှားစွာ ဟောတော်မူခဲ့၏။

ထိုမြွက်ကြားတော်မူချက်ကို စစ်ထုတ်လိုက်သော အခါ အခြားအခြားသော ဘာ သာ တ ရား တို့ထက် သော်၎င်း၊ မြတ်စွာဘုရား၏ တရားတော် အ ရပ် ရပ် ထက် သော်၎င်း၊ မဂ္ဂင်ရှစ်ပါး တရားတော်သည် ထူးခြားမွန်မြတ်ကြောင်းကို တနည်းအားဖြင့် ကောင်းစွာ သိမှတ်အပ်လေသည်။

ဤသို့ဖြစ်မူ ထိုမျှ ထူးမြတ်သော မဂ္ဂင်ရှစ်ပါး တရားတော်ကို (ဝါ)ဘုရားရှင် တဆူတဆူ ပွင့်တော်မူပါမှ သိရသော မဂ္ဂင်ရှစ်ပါး တရားတော်ကို "ငါသည် အ ဘယ် မျှ သိနားလည်ပါသနည်း၊ ငါသည် အဘယ်အတည်မျှ အထိ မဂ္ဂင်ရှစ်ပါး နည်းလမ်းများကို လိုက်နာလေ့ကျင့် ပွားများထားပါသနည်း"ဟု စစ်ဆေးပြီးသော် လက်ရှိ အခြေအနေမှ တနေ့တခြား တိုးတက်လာရန် အထူးကြိုးစား အပ်လေပြီ၊ ဤသို့ ပြုမှသာလျှင် ရှင်တော်ဘုရား ပွင့်တော် မူခြင်းနှင့် မိမိသက်ဆိုင် နိုင်ပေလိမ့်မည်။

ထိုမှတဖန် မူလပဏ္ဏာသ ပါဠိတော်, စူဠယမကဝဂ်, စူဠဝေဒလ္လသုတ်၌ မဂ္ဂင်ရှစ်ပါး တရားတော်ကို သီလ,သမာဓိ, ပညာ,သိက္ခာ သုံးပါးတို့ဖြင့် အောက်ပါ အတိုင်း တွဲ၍ ပြတော်မူလေသည်။

၁။ သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ တို့သည် တစုဖြစ်၍ ၎င်းအစုကို သီလက္ခန္ဓမဂ္ဂင်ဟုခေါ်ဆို၏။

၂။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ တို့သည် တစုဖြစ်၍ ၎င်းအစုကို သမာဓိက္ခန္ဓ မဂ္ဂင်ဟု ခေါ် ဆို၏။

၃။ သမ္မာဒိဋ္ဌိ နှင့် သမ္မာသင်္ကပ္ပ တို့သည် တစုဖြစ်၍ ၎င်းအစုကို ပညာက္ခန္ဓ မဂ္ဂင်ဟု ခေါ်ဆို၏။

ထိုကြောင့် မဂ္ဂင်ရှစ်ပါးသည် သဗ္ဗညုတ ဉာဏ်ကို ရရှိတော်မူသော တထာဂတ၏ သာသနာ တော်တွင် အရေးအကြီးဆုံး ဖြစ်သည် ဆိုခြင်းကြောင့် သီလ, သမာဓိ, ပညာ ဤသုံးပါးသည် မြတ်စွာ ဘုရား၏ သာသနာ တော်တွင် အရေးအကြီးဆုံး ကျင့်စဉ်ဟူ၍လည်း အတိအကျ ကေန်မလွဲ အသိအမှတ် ပြုထားရပေမည်။

တနည်းဆိုသော် မဂ္ဂင်ရှစ်ပါးဟု ကြားသိရသော် သီလ သမာဓိ,ပညာဟု သိနားလည်ရပေမည်၊ တနည်းကား.... သီလ,သမာဓိ,ပညာဟုကြားသိရသော် မဂ္ဂင်ရှစ်ပါး တရားတော်မြတ်ဟူ၍ သိရှိနားလည် ရပေမည်။

## အာဠာရ ရသေ့နှင့် တွေ့ခြင်း

ဤတွင် သိမှတ်စရာကား ဗုဒ္ဓဝါဒမှ အပဖြစ်သော (ပရပ္ပဝါဒ) အခြားဝါဒ၌လည်း သီလ, သမာဓိ, ပညာ ဟူ၍ ရှိ၏၊ ယခုအခါဆိုသော် ဟိန္ဒူဘာသာ ကျမ်းများတွင် တွေ့ရှိရ၏။ တနည်းဆိုသော် အာဠာရ ရသေ့ ဥဒက ရသေ့ကြီးတို့၏ အယူဝါဒပေတည်း။ ဝါ-မြတ်စွာဘုရား ပွင့်တော်မမူမီက ရှိနှင့်ပြီးသော သီလ, သမာဓိ, ပညာ ဖြစ်၏။

ဤ၌ ၎င်းနေသော အချက်တရပ်ကို ဖော်ပြလို၏။ မဇ္ဈိမ ပဏ္ဏာသ ပါဠိတော် သင်္ဂါ၀ရ သုတ်၌၎င်း၊ မူလပဏ္ဏာသ ပါဠိတော် အရိယ ပရိယေသန သုတ်၌၎င်း၊ အလောင်းတော်သည် အာဠာရ ရသေ့နှင့် တွေ့ပုံ၊ ဥဒက ရသေ့နှင့် တွေ့ပုံ လာရှိ၏။

ထိုတွင် အလောင်းတော်သည် အာဠာရ ရသေ့အား အဘယ် အတိုင်းအရှည် ရှိသော အကြောင်းဖြင့် တရားကို ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေသနည်းဟု မေး၏။

ထိုသောအခါ အာဠာရ ရသေ့က မိမိ သိရှိထားသော ဈာန်တရားကို ဖော်ပြ၏။

ထိုအခါ အလောင်းတော်၏ စိတ်၌ ဖြစ်ပေါ်လာသည်မှာ ထူးသောဉာဏ်ဖြင့် ရရှိအပ်သော တရားကို မကျင့်ဘဲ အဘယ်လျှင် ရနိုင်အံ့နည်း။

န ခေါ အာဠာရဿေ၀ ကာဠာမဿ
အတ္ထိ သဒ္ဓါ မယှံ ပတ္ထိ သဒ္ဓါ၊
န ခေါ အာဠာရဿေ၀ ကာဠာမဿ
အတ္ထိ ၀ီရိယံ မယှံ ပတ္ထိ ၀ီရိယံ၊
စသည်ဖြင့် လာရှိ၏။

(မူလပဏ္ဏာသ ပါဠိတော်နှင့် မဇ္ဈိမပဏ္ဏာသ ပါဠိတော်)

ဤပါဠိတော်၌ ဆိုလိုရင်းမှာ ကာဠာမအနွယ် ဖြစ်သော အာဠာရအား သာလျှင် သဒ္ဓါတရား ရှိသည်မဟုတ်၊ ငါ့အားလည်း သဒ္ဓါတရား ရှိသည်ပင်၊ ကာဠာမ အနွယ်

ဖြစ်သော အာဠာရအား သာလျှင် ဝီရိယ ရှိသည်မဟုတ် ငါ့အားလည်း ဝီရိယတရား ရှိသည်ပင် စသည်ဖြင့် အကြံ ဖြစ်၏။

အလောင်းတော်သည် ထိုတရားကို လေ့ကျင့်အား ထုတ်သောအခါ မကြာမီ အာဠာရ ရသေ့ ရရှိသော ထူး သောဉာဏ်ကို ရရှိလေတော့၏၊ ထိုထူးသောဉာဏ်ကား အာကိဉ္စညာယတနဘုံသို့ ရောက်ရုံမျှသာ ဖြစ်၏၊ ဝဋ်မှ လွတ်ရာ လွတ်ကြောင်း တရားစစ်မဟုတ်ဟု အလောင်း တော် သိမြင်၏၊ အာဠာရ ရသေ့ကား ထိုသို့ မသိ မိမိသည် ရဟန်းကိစ္စ ပြီးပြီဟူ၍ပင် အယူရှိနေ၏။

## ဥဒကရသေ့နှင့် တွေ့ခြင်း

အလောင်းတော်သည် အာဠာရ ရသေ့ထံမှ ထွက်ခွါ၍ ဥဒကရသေ့ထံ သွားပြန်၏၊ ဥဒကရသေ့ထံ ရောက်သော အခါ အာဠာရ ရသေ့နှင့်တွေ့စဉ် အတိုင်းပင် ဖြစ်၏။

ဥဒကရသေ့၏ နည်းမှာ ရဟန်းကိစ္စပြီး၍ သဗ္ဗညုတ ဉာဏ်ကို ရရှိသောနည်းမဟုတ် နေဝသညာ နာသညာယ တနဘုံသို့ ရောက်ရုံမျှသာ ဖြစ်သည်ဟု အလောင်းတော် သိတော်မူ၍ ထိုရသေ့ထံမှ ထွက်ခွါ၍ တရားထူးရရန် ကျင့်တော်မူပြန်လေ၏။

## ကြိုးစားက ဘုရားဖြစ်၏

ဤတွင် အများအကျိုး၄ာ ရှင်တော်ဘုရား မိန့်ဟတော် မူခဲ့သော ပါဠိတော်တရပ်ကို အလွတ် ကျက်မှတ်၍

ကြိမ်းဝါး ကြိုးစားတော်မူနိုင်ကြရန် အောက်ပါအတိုင်း ဖော်ပြလိုက်ပေသတည်း။

အင်္ဂုတ္တိုရ်ပါဠိတော် ဆတ္တနိပါတ် အနုတ္တရိယဝဂ်၌ လာသည်ကို အဓိပ္ပါယ်ပေါက်စေရန် ဖော်ပြရသော် လောက၌ နတ်သည် ရှိ၏၊ သကြားသည် ရှိ၏၊ ဗြဟ္မာသည် ရှိ၏၊ အသင်တို့သည် လူ့ပြည်တွင် ငါကဲ့သို့ပင် ခန္ဓာငါးပါးနှင့် ရင်းနှီးကာ ကြိုးစားကြသဖြင့် ထိုက်သည်အားလျော်စွာ နတ်ဖြစ်ရ၏၊ သိကြားဖြစ်ရ၏၊ ဗြဟ္မာဖြစ်ရ၏။

မယှံ ဝိ တထာရူပါ
သဒ္ဓါ သံဝိဇ္ဇတိ။

ဘာသာပြန်။ ။ငါ့အားလည်း ထိုသို့ သဘောရှိသော ယုံကြည်မှု သဒ္ဓါတရားသည် ထင်ရှားစွာ ရှိသည်သာတည်း။ ဤသို့ သဘောထား၍ ကြိုးစားကြရန် ရှင်ဘော်ဘုရား ဟောကြားတော်မူခဲ့၏၊ ဤပါဠိတော်ကို အလွတ်ကျက်၍ ရွတ်ဆိုပါ၊ ကြိမ်းဝါးပါ ကြိုးစားပါ လိုအပ်သည်ကို ရ-ရမည်သာတည်း။

ဤပါဠိတော်ကို ဝိသုဒ္ဓိမဂ်, ပဌမတွဲ ဆအနုဿတိ နိဒ္ဒေသပိုင်း ဒေဝတာနုဿတိ၌လည်း တွေ့ရှိနိုင်၏။

ဤ၌ သိရှိစေလိုသော အချက်ကား လောကီရေးတွင်သော်၎င်း၊ လောကုတ္တရာ ရေးတွင်သော်၎င်း၊ သူတပါးဖြစ်နိုင်လျှင် ငါ၌ အဘယ်ကြောင့် မဖြစ်ဘဲ နေရပါအံ့နည်းဆိုသော လုံ့လ ဝီရိယဖြင့် မရမနေ ကြိုးစားရပေမည်။ "ကြိုးစားက ဘုရားဖြစ်၏"ဟူသည်ကို အမြဲ သတိပြု၍ ဇွဲကောင်းစွာဖြင့် ကြိုးစားတော်မူကြပါလေ။

မဟာဝိဇ္ဇာ ၆။

## အပြစ်ရှိသူ နှစ်ဦး

ထို့နောက်တပါး ငှက်ကွယ်ခနေသော အချက်တချပ်ကို ဖေါ်ပြလိုပေသေး၏၊ ယင်းသို့လိုရင်းကို မဖေါ်ပြသေးမီ သက်ဆိုင်ရာ စကားတချပ်ကို ဆိုဦးအံ့။

မူလပဏ္ဏာသ ပါဠိတော် မူလ ပရိယာယဝဂ် အနင်္ဂဏသုတ်၌ ရှည်လျားစွာ လာသည်တို့မှ ဤ၌ အလိုရှိအပ်သော အချက်ကိုသာ ဖေါ်ပြရသော် လောကတွင် အပြစ် အနာအဆာ ကိလေသာ စွဲကပ်နေသူ နှစ်ဦးသည် ရှိကုန်၏။

ထိုနှစ်ဦးတို့တွင် ပဌမလူသည် မိမိ၌ အပြစ် အနာအဆာ ကိလေသာ ရှိနေသည်ကိုမသိ။ ဒုတိယလူကား မိမိ၌ အပြစ် အနာအဆာ ကိလေသာ ရှိနေသည်ကို သိ၏။ ထိုသူနှစ်ဦးတို့တွင် ပဌမတဦးကို "ဟိနပုရိသော" ညံ့သော ယောကျ်ားဟူ၍ ခေါ်ဆိုအပ်၏။ ဒုတိယ တဦးကိုကား "သေဋ္ဌပုရိသော" မြတ်သော ယောကျ်ားဟူ၍ ခေါ်ဆိုအပ်၏။ ထိုအကြောင်းသော်ကား ဒုတိယလူသည် မိမိ၏ အပြစ်မှန်ကို သိခြင်းကြောင့် ပြုပြင်နိုင်ဘွယ်ရာ ရှိခြင်းကြောင့်တည်းဟူ၍ ပါဠိတော်၌ လာလေသည်။

ဤပါဠိတော်ကို ထောက်သော် လောက၌ ပညာမဲ့သူနှစ်ဦး (ဝါ)လူမိုက်နှစ်ဦးကိုလည်း ဤသို့ပင် သိမှတ်ရာ၏။ အမှားကို အမှန်ဟု ထင်နေသူသည် "ဟိနပုရိသော" ပင်တည်း။ အရူးသည် မိမိရူးနေမှန်းကို မသိ၊ သူတပါး ရူးနေသည်ဟု ထင်မှတ်၏။

ယင်း ပါဠိတော်ကို ဖေါ်ပြပြီးနောက် အာဋာဝက, ဥဒက ရသေ့တို့၏ အကြောင်းရင်းကို ပြန်၍ ဆက်ရသော်

အာဠာရ ဥဒက ရသေ့တို့သည် မိမိတို့ ရဟန်းကိစ္စ မပြီး သေးသည်ကို ၎င်းတို့ကိုယ်တိုင် မသိရှာကြ ပြီးပြီဟူ၍ အယူ ရှိနေကြ၏။

ထိုအမှားကို ရှင်တော်ဘုရားသည် ဘုရားမဖြစ်မီ အလောင်းတော် ဘဝ၌ပင် သိ၍ရကား ဖထက်၌ ဖော်ပြ အပ်သော ပါဠိတော်အရ အာဠာရ ဥဒကရသေ့တို့ထက် အလောင်းတော်က တဆင့် မြင့်မြတ်နေပုံကို သိအပ်သေ သည်။

## ဘုရားဟူသည် ဆရာမရှိ စကောင်း

ထိုကြောင့် လောကီ ၃၁-ဘုံမှ လွန်မြောက်၍ သဗ္ဗညုတ ဉာဏ်ကို ရရှိရေးတွင် အလောင်းတော်၌ ဆရာမရှိ၊ ဆရာ ရှိသည်ဆိုက ထိုဆရာသာလျှင် ဘုရားဖြစ်ထိုက်ပေတော့၏၊ ဘုရားရှင်တို့ ဓမ္မတာမှာ ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာလေးပါး မဂ္ဂင်ရှစ်ပါး ပဋိစ္စသမုပ္ပါဒ် တရား စသည်တို့ကို သူတပါးက ပြပေးရသည်ဟူ၍ မရှိ စကောင်းချေ။

ဤမျှ ရေးသားလိုက်ရခြင်းမှာ အင်္ဂလိပ် ဘာသာဖြင့် ရေးသားထားသောစာအုပ်များတွင် ရှင်တော်ဘုရားအား အာဠာရ ဥဒကရသေ့တို့က သင်ပြပေးလိုက် ခြင်းကြောင့် ဘုရားဖြစ်ရ သယောင်ယောင် ရေးသား ထားခြင်းတို့ကို ဖတ်ရှုရသဖြင့် နောင်လာနောက်သားတို့ ယုံမှား သံသယ မရှိရလေအောင် ရှင်းသင်း ထားခဲ့ရခြင်းပေတည်း။ သင ပြုရန်ကား ဘာသာ ဝါဒခြားသူသည် ဗုဒ္ဓဝါဒကို ကောင်း၏ဟူ၍ မရေးသားနိုင်ချေ။

အကယ်၍ လောကုတ္တရာ တရား ရရှိရာ ရရှိကြောင်း မဟုတ်သော (ဝါ) မဂ်,ဖိုလ် နိဗ္ဗာန် ရရှိရေး ရောက်ရှိရေး ကို မပြသနိုင်သူကို ဘုရား၏ဆရာ ခေါ်ရပါလျှင် အာဠာရ ဥဒက ရသေ့တို့ထက် ရှေးကျသော သိဒ္ဓတ္ထ မင်းသား၏ ရထားမှူးကို ရှင်တော်ဘုရား၏ ဆရာဟူ၍ပင် ခေါ်ဆိုရပေ မည်။ အကြောင်းသော်ကား- သိဒ္ဓတ္ထမင်းသားအား လူအို လူနာ,လူသေ စသည်တို့ကို ရှင်းလင်းပြောပြ သောကြောင့် ပေတည်း။

ဤသို့ကားမဖြစ်နိုင်ချေ၊အကြောင်းတမူကားဓမ္မနိယာမ အားဖြင့် ဘုရားတို့မည်သည် ဆရာမရှိ စကောင်းချေ၊ဤသို့ လျှင် လောကီရေးနှင့် လောကုတ္တရာ ရေးတို့ကို ခွဲခြား သိအပ်ရာ၏။

ဤတွင် စာမျက်နှာ ၇၈-၌ ဖော်ပြခဲ့သော ဗုဒ္ဓဝါဒမှ အပဖြစ်သော အခြားဝါဒ၌လည်း သီလ,သမာဓိ, ပညာ ရှိ၏ ဟူသည်ကို ပြန်၍ ဆက်စပ်ရသော် အခြား ဘာသာ၌ သီလ,သမာဓိ,ပညာ ရှိစေကာမူ မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရောက် ရှိရာ နည်းကောင်း လမ်းမှန် မပါမရှိသော (ဝါ)လောကီ သီလ,သမာဓိ,ပညာမျှသာတည်း။ (ဝါ) မဂ်,ဖိုလ်,နိဗ္ဗာန် ရရှိနိုင်သော လောကုတ္တရာ သီလ သမာဓိ ပညာ မဟုတ် သည်သာတည်း။

## သမ္မာဒိဋ္ဌိ နှစ်မျိုး

ရှင်တော်ဘုရားသည် ထိုနှစ်မျိုး နှစ်စားကို ခွဲခြားသိစိမ့် သော၄ါဥပရိပဏ္ဏာသ ပါဠိတော်အနုပဒဝဂ် မဟာစတ္တာရီ သကသုတ်၌....

သမ္မာဒိဋ္ဌိ   မဟံ ဘိက္ခဝေ ဒွယံ ဝဒါမိ။
သမ္မာသင်္ကပ္ပ ။ ။ ။ ဝဒါမိ။
သမ္မာဝါစာ ။ ။ ။ ဝဒါမိ။

စသည်ဖြင့် ဟောတော်မူ၏။

**ဘာသာပြန်**။ ။အို-ရဟန်းတို့၊ ငါဘုရားသည် သမ္မာဒိဋ္ဌိကို နှစ်မျိုးပြား၏ဟူ၍ ဟောတော်မူ၏၊ သမ္မာသင်္ကပ္ပစသည်တို့မှာလည်း ဤအတိုင်းပင် ဟောတော်မူ၏။

ထိုကြောင့် သာမန် သီလ, သမာဓိ, ပညာနှင့် မဂ္ဂင်ရှစ်ပါးမှလာသည့် သီလ, သမာဓိ, ပညာကို ခွဲခြား သိစိမ့်သော ငှာမဂ္ဂင်ရှစ်ပါးနှင့်ဆိုင်သောသီလ, သမာဓိ, ပညာကို "အဓိ"တပ်၍ အဓိသီလ,အဓိသမာဓိ,အဓိပညာဟု ခေါ်ဆိုခြင်းတရပ် ရှိသည်ကို သတိပြုအပ်၏။ အင်္ဂုတ္တိုရ်ပါဠိတော် ပဥ္စကနိပါတ် ယောဓာဇီဝဝဂ်မှ စ၍ ထိုထိုသော ပါဠိတော်များ၌ အဓိသီလ, အဓိစိတ္တ, အဓိပညာဟူ၍ အလာများ၏။

## သီလနှင့် သမာဓိ ကျေးဇူးပြုပုံ

သီလ ပရိဘာဝိတော သမာဓိ မဟပ္ဖလော
ဟောတိ မဟာနိသံသော။
သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ
ဟောတိ မဟာနိသံသာ။

(သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်)

**ဘာသာပြန်**။ ။သီလဖြင့် ထုံအပ်သော သမာဓိသည် ကြီးသော အကျိုးအာနိသင်ရှိ၏၊ ကြီးသော အကျိုးဆက်

ရှိ၏၊သမာဓိဖြင့် ထုံအပ်သော ပညာသည် ကြီးသောအကျိုး အာနိသင်ရှိ၏၊ ကြီးသော အကျိုးဆက် ရှိ၏ဟူ၍ ဟော တော်မူ၏။

ထိုကြောင့် သမာဓိနှင့်ပညာကို အားကောင်း စေလိုပါ မူ သီလ၏ ဒု-ထယ် ကောင်းမှု ရရှိစေရန် သီလကို အထူး ကြိုးစား အားထုတ်စောင့်ရှောက်ရပေမည်။ သီလ ဖြူစင် ခြင်းသည် လောကုတ္တရာ မဂ်-ဖိုလ် ရရှိရေး၌သာ အကျိုး ကျေးဇူး များသည်မဟုတ် လောကီရေးတွင်လည်း အကျိုး စီးပွားကို များစွာ ဆောင်သည်ကို အောက်ပါ အတိုင်း သိအပ်၏။

ဇုဠတိ ဘိက္ခဝေ သီလဝတော
စေတော ပဏိဓိ ဝိသုဒ္ဓတ္တာ
(အင်္ဂုတ္တိုရ် ပါဠိတော် အဠဂိပါတ်,ဒါနဝဂ်)

**ဘာသာပြန်။** ။ရဟန်းတို့ သီလရှိသော ပုဂ္ဂိုလ်အားစိတ် ၏ စင်ကြယ်သည့်၏ အဖြစ်ကြောင့် စိတ်၏ တောင့်တခြင်း သည် ပြည့်စုံရပေတော့၏ ဟူ၍ ဟောတော်မူ၏ ဤသုတ် တွင် ရှစ်ပါးသီလကို အလိုရှိအပ်၏။ (သီလမရှိသူ၏ အလှူ သည် အကျိုးကြီးသင့်သလောက် မကြီးနိုင်သည်ကို သတိပြု အပ်၏။)

**သိကြားမင်းနှင့် မာတလိတို့ ရှိခိုးကြခြင်း**

သီလရှိမှုသည် လောကီရေး လောကုတ္တရာရေး တို့တွင် အထူးအရေးကြီးသော ပဓာန အချက်ကြီးတရပ် ဖြစ်လေ သည်၊ လောကတွင် မည်မျှပင် ဗဟုသုတရှိ၍ စာတတ်နေ

စေကာမူ အကျင့်သီလ မရှိသူအား မည်သူကမျှ တန်ဘိုးထားကြမည် မဟုတ်ချေ၊ သီလရှိသူသည် မိမိ၏ တိုးတက်မှုကိုသာ ဆောင်ရွက်နိုင်သည် မဟုတ် လူပေါင်းများစွာတို့၏အကျိုးကိုလည်း ဆောင်ရွက် နိုင်လေသည်။ ထိုပုဂ္ဂိုလ်အားသိကြားမင်းပင် ရှိခိုးလေ့ရှိ၏။

သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် သက္ကသံယုတ်၌ လာသည်မှာကား- သိကြားမင်းသည် သိန္ဓောမြင်းတို့ ကသောရထားကို တက်ခါနီးတွင် လူ့ပြည်သို့ ရှိခိုးခြင်းအမှုကိုပြု၏။ ထိုအခါ မာတလိ ရထားမှူးသည် ဤသို့ဆို၏၊ အို-သိကြားမင်း.... သိကြားမင်းအား လူတို့သည်ရင်း၊ နတ်တို့သည်ရင်းရှိခိုးကြရကုန်၏။ ယခုသော် အရှင် သိကြားမင်းသည်အဘယ်သူအား ရှိခိုးခြင်းကို ပြုဘိသနည်းဟု မေးဆို၏။

ထိုသောအခါ သိကြားမင်းက အို-မာတလိ နတ်သားလူ့ပြည်၌ အချို့ပုဂ္ဂိုလ်တို့သည် အကျင့်သီလ ရှိကြကုန်၏။ သားမယားတို့အား တရား နှင့်အညီ ရှာမှီး၍ အသက်မွေးမှုကြကုန်၏၊ ထိုအကျင့်သီလ ရှိသူတို့အား ငါ သိကြားမင်းရှိခိုး၏ဟု ဖြေဆို၏။

ဤသို့ အရှင်သိကြားမင်းသည် အကြင် အကျင့် သီလရှိသူတို့အား ရှိ ခိုး ခြင်း ဖြစ်ပါမှု "လောက၌ မြတ်လေစွတကား" အကြွန်ုပ်သည်လည်း ထိုအကျင့်သီလနှင့် ပြည့်စုံသော လူတို့အား ရှိခိုးပါ၏ဟုဆိုလျက် မာတလိ နတ်သားလည်း ရှိခိုးပြန်၏။

ဤ ဒေသနာကို ထောက်သော် မေတ္တာ ပို့သသောပုဂ္ဂိုလ်ကိုသာလျှင် နတ်များ ချစ်ခင်မြတ်နိုးသည် မဟုတ်

အကျင့်သီလ ရှိသူတို့အားလည်း နတ်, သိကြားတို့ ချစ်ခင် မြတ်နိုး ရှိခိုးသည်ကို သိရှိနိုင်ရကား ငါးပါးသီလ ရှစ်ပါး သီလ စသည့် ဘီလတို့တို့ ကျင့်သုံး ဆောက် တည်လျက် မေတ္တာပို့သရသော် ရရှိမည်ဖြစ်သော အကျိုးကျေးဇူး သည် အဘယ်လျှင် အဘိုးဖြတ်နိုင်ပါအံ့နည်း၊ ထိုကြောင့် လောကုတ္တရာ တိုးတက်မှုကိုသာမက လောကီရေး၌လည်း နတ်တို့၏ ကူညီမစခြင်းကို အလိုရှိပါက သီလကို ဆောက် တည်ကြ၍ မေ တ္တာ ပို့ သ ခြင်းများကို အ ထူး လေ့ ကျင့် ပွားများ ပေးရပေမည်။

(စိတ်ရော ကိုယ်ပါ မေတ္တာ ပို့ သ ရခြင်း၏ အကျိုး ကြီးမားပုံကို ဝေ လာ မ သုတ်ကို ဆောင်လျက် ဤကျမ်း ပဋ္ဌမတွဲ၌ အထူးဖော်ပြခဲ့လေပြီ)။

ထိုသို့ ပြုကျင့်သော ပုဂ္ဂိုလ်၌ ကြက်သရေ မင်္ဂလာ အဖြာဖြာသည် နေ့စဉ် နေ့တိုင်း တိုးတက်လျက်ရှိ၏၊ လူချစ် လူခင် ပေါ၏၊ နတ်လို၏၊ ဂြိုဟ်မ၏ဟူ၍ ထိုထိုသော ပါဠိ တော်များတွင် များစွာလာရှိရကား လောကီ ကြီးပွားတိုး တက်မှုကို အလိုရှိသော ပုဂ္ဂိုလ်အပေါင်းတို့သည် သီလ ဆောက်တည်လျက် မေတ္တာပို့သတော်မူကြရန် အထူး တိုက်တွန်းပါ၏။

### ဉစ္စာစည်းစိမ် ဂုဏ်ရှိန် တိုးတက်မှု

လောက၌ မိမိ၏ တိုးတက်ကြီးပွားမှုနှင့် မိမိ၏ ဆုတ် ယုတ်ပျက်စီးမှုမှာ မိမိ၏ ပြုမူ ဆောင်ရွက်မှု၌ တည်ရှိ၏။ လောကုတ္တရာရေးတွင်လည်း ထိုနည်းတူစွာ မိမိ၏ ပြုမူ ဆောင်ရွက်မှု၌ တည်ရှိလေသည်။ မိမိ ထောင်ကျရခြင်းမှာ

မိမိက ရာဇဝတ်မှုကို ကျူးလွန်ခြင်းကြောင့်သာလျှင် မိမိ ထောင်ကျရခြင်း ဖြစ်၏။ မိမိက ရာဇဝတ်မှုကို မကျူးလွန်ခဲ့ပါက ထောင်မကျနိုင်ရာ။

ထိုနည်းတူစွာ မိမိက ကုသိုလ်ကောင်းမှု ပြုခြင်းကြောင့် နတ်ပြည် ဗြဟ္မာပြည်သို့ရောက်ရ၍ မိမိက အကုသိုလ် ဒုစရိုက်တို့ကို ပြုခြင်းကြောင့်သာလျှင် အပါယ်လေးဘုံသို့ ကျရောက်ရခြင်း ဖြစ်၏။ ထို့ကြောင့် မိမိ၏ လောကီ လောကုတ္တရာ နှစ်ဌာန၏ တိုးတက်ကြီးပွားမှုကို အလိုရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မကောင်းမှု ဟူသရွေ့တို့ကို အသူးရှောင်ကြဉ်လျက် ကောင်းမှုကိုသာ ပြုမှု ဆောင်ရွက်ရာ၏။

မိမိအား လူချစ်လူခင် ပေါများစေခြင်း၊ မိမိ၌ ကြက်သရေ မင်္ဂလာ အပြာပြာနှင့် ပြည့်စုံစေခြင်း၊ မိမိအား နတ်လိုခြင်း၊ ငြိုဟ်မခြင်း၊ ဥစ္စာစည်းစိမ် တိုးတက် ပေါများလာခြင်း၊ ဂုဏ်သတင်း ကျော်စောခြင်း စသည်တို့ဖြင့် တိုးတက် ပြည့်ဖြိုးလာရခြင်းတို့မှာလည်း မိမိ၏ ပြုမှုချက်တို့မှ ပေါ် ထွက်လာရသော အကျိုးကျေးဇူးများ ဖြစ်လေ သည်။ ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ်ဘာသာဝင်၌ -

ယေ ဘိက္ခဝေ သတ္တာ ပုဗ္ဗန္ဟသမယံ
ကာယေန သုစရိတံ စရန္တိ
ဝါစာယ သုစရိတံ စရန္တိ
မနသာသုစရိတံ စရန္တိ သုပုဗ္ဗန္ဟော
ဘိက္ခဝေ တေသံ သတ္တာနံ။

**ဘာသာ**ပြန်။ ။အို-ရဟန်းတို့ အကြင် ပုဂ္ဂိုလ်တို့သည် နံနက်အခါ၌ ကိုယ်ဖြင့် ကောင်းသော အကျင့်ကိုပြုကျင့်၏၊ နှုတ်ဖြင့်ကောင်းသော အကျင့်ကို ပြုကျင့်၏။ စိတ်ဖြင့် ကောင်းသောအကျင့်ကို ပြုကျင့်ကြကုန်၏။ အို-ရဟန်းတို့ ထိုပုဂ္ဂိုလ်တို့အား ကောင်းသော နံနက်အချိန် အခါသည် ဖြစ်၏-

သုနက္ခတ္တံ သုမင်္ဂလံ၊
သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊
သုယိဋ္ဌံ ဗြဟ္မစာရိသု။

**ဘာသာ**ပြန်။ ။သို့ကောင်းသော အကျင့်နှင့် ပြည့်စုံသော အခါသည် ကောင်းသော နက္ခတ်နှင့် ယှဉ်သည်လည်း မည်၏။ ကောင်းသော မင်္ဂလာနှင့် ယှဉ်သည်လည်းမည်၏။ ကောင်းစွာ မိုးလင်းသည်လည်း မည်၏။ ကောင်းစွာ အိပ်ရာမှ ထသည်လည်း မည်၏။ ကောင်းသော ခဏလည်း မည်၏။ ကောင်းသော မုဟုတ်လည်း မည်၏။ မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်တို့အား ကောင်းစွာ ပေးလှူအပ်သော အလှူမည်၏။

ထိုမျှမက ဤပါဠိတော်၌ ဆက်လက် လာရှိသည်မှာ နေ့လည်အခါ ၎င်း၊ ညအခါ၌၎င်း၊ ယင်းသို့ ကာယကံကုသိုလ်, ဝစီကံကုသိုလ်, မနောကံကုသိုလ်တို့ကို ပြုကျင့်နေသူအား ထိုနေ့လည် ထိုညအခါတို့သည် နံနက်အခါက ပြုလုပ်၍ ရရှိအပ်သော အကျိုးကျေးဇူးအတိုင်းပင် ရရှိသည်ဟူ၍ လာရှိလေသည်။

ယင်းသို့ နံနက်အခါ နေ့လည်အခါ ညအခါ သုံးပါးသော အချိန်တို့ ကုသိုလ်ကောင်းမှုတို့ကို ပြုကျင့်နေသော ပုဂ္ဂိုလ်အား ထိုပြုကျင့်သော ပုဂ္ဂိုလ်၌သာမက အိမ်သားတစုလုံး ဆွေမျိုး တစုလုံး သုခချမ်းသာ မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံ၏ဟူ၍ ဟောတော်မူလေသည်။

ထို့ကြောင့် မိမိ၏ လောကီ တိုးတက် ကြီးပွားမှု၊ လောကုတ္တရာ တိုးတက် ကြီးပွားမှု မိမိ၌ ဥစ္စာပစ္စည်း တိုးတက်မှုကြွက်သရေ မင်္ဂလာ အဖြာဖြာ တိုးတက်မှုတို့ကို အလိုရှိကြကုန်သော ပုဂ္ဂိုလ် အပေါင်းတို့သည် အကုသိုလ် ပြုခြင်း ပြောဆိုခြင်း၊ စိတ်ကူးခြင်းတို့မှ ဝေးစွာ ရှောင်ကြ လျက် ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ်တို့ကို နေ့ရောညပါ ပြုကျင့်ပွားများနေပါက မိမိသာမက မိမိ အိမ်သား တစုလုံး ဆွေမျိုးဉာတကာ မြောက်များစွာတို့ပါ သုခချမ်းသာ မင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံကြရမည် ဖြစ်ပါ၍ ကာယကံ ကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ်တို့ကို အခါမပြတ် လေ့ကျင့်ကြိုးစားတော်မူကြရန် အထူးတိုက်တွန်းပါ၏။

## သီလသည် ရွှေပြေးနိမိတ်

အခါတပါး၌ ရှင်တော်ဘုရားသည် ရဟန်းတို့အား ဟောကြားတော်မူသည်မှာ အို ရဟန်းတို့ အကြင် နေအရုဏ် တက်ခြင်းသည် နေထွက်ပေါ်ခြင်း၏ ရှေ့ပြေး နိမိတ် ပေတည်း။ ဤဥပမာနှင့်တူစွာ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်၏ ဖြစ်ပေါ်ခြင်း၏ အကြင် သီလနှင့် ပြည့်စုံခြင်းသည် ရှေ့ပြေး ပုဗ္ဗနိမိတ် ပေတည်းဟု သိစေလိုသော

မြတ်စွာဘုရားသည် အောက်ပါ သာမုက္ကံသိက ဒေသနာကို ဆက်၍ ဟောတော်မူ၏။

ဧဝ မေဝ ခေါ ဘိက္ခဝေ ဘိက္ခုနော
အရိယဿ အဋ္ဌင်္ဂိကဿ မဂ္ဂဿ
ဥပ္ပါဒါယ ဧတံ ပုဗ္ဗင်္ဂမံ ဧတံ ပုဗ္ဗ-
နိမိတ္တံ ယဒိဒံ သီလသမ္ပဒါ။
(မဟာဝဂ္ဂ သံယုတ်ပါဠိတော်၊ မဂ္ဂသံယုတ်,သူရိယပေယျာလဝဂ်)

**ဘာသာပြန်**။ ။အို-ရဟန်းတို့ ဤအတူပင်လျှင် ရဟန်းအား မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်၏ ဖြစ်ပေါ်စေခြင်းငှာ အကြင် သီလနှင့် ပြည့်စုံခြင်းသည် ရှိ၏။ ဤသီလနှင့် ပြည့်စုံခြင်းသည် ရှေ့ပြေးပေတည်း၊ သီလနှင့် ပြည့်စုံခြင်းသည် ရှေ့ပြေးနိမိတ်ပေတည်းဟု ဟောတော်မူ၏။

## သီလနှင့် ပညာ

ယင်းသို့ သီလသည် အရေးကြီးသည် မှန်သော်လည်း သီလကို ပြည့်ပြည့်စုံစုံ လုံခြုံအောင် စောင့် ထိန်း ခြင်း ငှါ မစွမ်းနိုင်သေးပါက ဝိပဿနာ ဘာဝနာကို အားမထုတ်သင့် ဟူ၍ကား မယူဆသင့် မပြောမဟောသင့် ထိုထိုသော ပါဠိတော်တို့ကို ထောက်၍ အ ကု သိုလ် လုပ် ချိန် တွင် အကုသိုလ် အကျိုးကိုရရှိ၍ ကုသိုလ် လုပ်ချိန်တွင် ကုသိုလ် အကျိုးကို ရရှိ၏ ဟူသည်ကိုလည်း သတိပြုအပ်၏။

ဤသို့ ဖေါ်ပြရခြင်းသည် သီလကို အား မ ပေး လို ၍ မဟုတ်၊ ဝိပဿနာ ဘာဝနာကို တက်ရောက် မလုပ်မည်ကို မပွားများမည်ကို စိုးရိမ် ခြင်း ကြောင့် ဖြစ်၏။ စင်စစ်

သော်ကား သီလပြည့်စုံသော ဘာဝနာကိုသာလျှင် အစဉ်
အလိုရှိအပ်လေသည်။

ထိုမှတပါး သဘာဝဓမ္မကို ကျနစွာ နားလည်၍ အစ
ဖြစ်၍ နုသေးသော တရုဏဝိပဿနာဉာဏ်ဖြင့် ပွားများဖန်
များလတ်၍ ရင့် သန် သော ဗလဝ ဝိပဿနာ ဉာဏ်သို့
တဖြည်းဖြည်း ရောက်ရှိလာသော် သီလကို လွန်ကျူးခြင်း
ငါ မဝံ့တော့ပြီ။ ထိုကြောင့် သီလသည်သာလျှင် ဝိပဿနာ
ဘာဝနာကို အားပေးသည်ဟုလည်းသိအပ်၏။ ပါဠိတော်၌
လာရှိသည်မှာကား....

သီလ ပရိဓောတာ ဟိ ဗြာဟ္မဏ ပညာ၊
ပညာ ပရိဓောတံ သီလံ။
(သုတ်သီလက္ခန်ပါဠိတော် သောဏဒဏ္ဍသုတ်)

**ဘာသာပြန်။** ။အို-ပုဏ္ဏား ပညာကိုသီလဖြင့်ဆေးကြော
ဖြူစင် သန့်ရှင်းစေအပ်၏။ သီလကို ပညာဖြင့် ဆေးကြော
ဖြူစင် သန့်ရှင်းစေအပ်၏။

ထိုမှဆက်၍ ရှင်တော်ဘုရား ဟောတော် မူသည်မှာ....
အို-သောဏဒဏ္ဍပုဏ္ဏား ဥပမာသော်ကား လက်တဘက်
ဖြင့် လက်တဘက်ကို ဆေးရာဘိ သကဲ့သို့ရင်း၊ ခြေတဘက်
ဖြင့် ခြေတဘက်ကို ဆေးရာဘိသကဲ့သို့ရင်း၊ ထို့အတူပင်လျှင်
ပညာသည် သီလကြောင့် ဖြူစင်၍၊ သီလသည် ပညာကြောင့်
ဖြူစင်၏။ သီလရှိသော သူအားပညာဖြစ်ပေ၏။ ပညာရှိ
သောသူအား သီလဖြစ်ပေ၏။

သီလပညာနဉ္စ ပန
လောကသ္မိံ အဂ္ဂမက္ခာယတိ။

သီလ ပညာ နှစ်ပါးစုံကိုသာလျှင် လောက၌ အမြတ်ဆုံး ဟူ၍ ဆိုအပ်၏ဟု ရှင်တော်ဘုရားသည် ဟောတော်မူ၏။

ထိုကြောင့် သီလမပြည့်စုံ သေးသော်လည်း ဝိပဿနာ ဘာဝနာကို အားမထုတ်သင့်ဟူ၍ မပြောမဟော သင့်ပေ၊ ဝိပဿနာ ဘာဝနာ ရင့်သန် လာသောအခါ အထို အလျောက် ကာယကံမှု ဝစီကံမှုဖြစ်သော " ဝိ တိ က္က မ " ကိလေသာစိတ်၌ သောင်းကြမ်းမှုဖြစ်သော "ပရိယုဋ္ဌာန" ကိလေသာတို့ကို သာမက "အနုသယ" ကိလေသာကိုပင် မကြွင်းလွှန်ရဲတော့ပေ။ ဟုတ်သည် မဟုတ်သည်ကို အနတ္တ ဓမ္မသဘာဝကို သဘောပေါက်သူတိုင်း အသိဖြစ်၏။

ယင်းသို့ သီလမပြည့်စုံသေး ယူတို့အတွက် ချွင်းချက် ပေးထားသော်လည်း သီလပြည့်စုံရန် အထူးကြိုးစားရပေ မည်၊ တနည်းဆိုသော် သီလဖြူစင်လာရန် ပညာစခန်းကို ဝိုင်၍ ကြိုးစားအားထုတ် ပေးရမည်။

ဤသို့ဖြင့် သီလသဘောကို အနည်းငယ် ရေး သား ပြီး နောက် သမာဓိစခန်းကို အနည်းငယ် ဖေါ်ပြပေအံ့။

## စိတ်တလုံးကိုသာ ထိန်းရန်

ကမ္မဋ္ဌာန်းဘာဝနာ ပွားများရာ၌ စိတ်၏ တည်ကြည်မှု စိတ်ကို ပျံ့လွင့်ခြင်း မရှိမှုသည် အလွန်အကျုံး အထူးအရေး ကြီး၏။

အခါတပါး၌ သူဌေးတဦးသည် ရဟန်းတောင်သို့တက် ၏၊ မကြာမီ လူထွက်အံ့ဟု အကြံပြု၏၊ အ ကြောင်း သော်

ကား.... သာသနာတော်၌ ကျင့်သုံး ဆောက်တည် ရန်
အကျင့်သီလများမှာအလွန်များပြားသောကြောင့် လူထွက်
လိုခြင်းဖြစ်၏။ ထိုအခါ ရှင်တော်ဘုရားက ဆောက်တည်
ရန် သိက္ခာပုဒ်များသော် စိတ်တလုံးကိုသာ စောင့်ထိန်းရန်
အောက်ပါအတိုင်း မိန့်တော်မူ၏။

သုဒုဒ္ဒသံ သုနိပုဏံ၊
ယတ္ထ ကာမ နိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊
စိတ္တံ ဂုတ္တံ သုခါဝဟံ။
(ဓမ္မပဒ ပါဠိတော် စိတ္တဝဂ်)

**ဘာသာပြန်။** ။အလွန် မြင်နိုင်ခဲသော အလွန် သိမ်မွေ့
သော မျိုးနွယ်နှိမ့်မြင့် သင့်မသင့်ကို မချင့် မတွက်ဆတတ်
တွေ့မိတွေ့ရာ တွေ့ထိရာ ကာမဂုဏ်၌ သက်ဝင် ကျရောက်
လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက် ရာ၏။
လုံခြုံစွာ စောင့်ရှောက်အပ်သော စိတ်သည် သုခချမ်းသာ
ကို ဆောင်တတ်၏။

ဤ၌စိတ်ကို အာရုံအမျိုးမျိုးသို့မပျံ့လွင့်အောင် ကမ္မဋ္ဌာန်း
အာရုံ တခုတည်း၌ စူးစိုက်နေရန်စောင့်ထိန်းထားနိုင်သော်
သိက္ခာပုဒ် အမျိုးမျိုးကို ပြည့်စုံစေ၍ ရဟန်းကိစ္စကိုပင် ပြီး
နိုင်ကြောင်းကို ကောင်းစွာ သိအပ်၏။

## စိတ်ကို အုပ်ချုပ်နိုင်လျှင်

အခါတပါး၌ ရဟန်းငယ်တပါးသည် ဥပဇ္ဈာယ် ဆရာ
အား ယပ်ခပ်ပေးနေစဉ် တဘက်ပါအတိုင်း စိတ်ကူး၏။

ငါသည် လူထွက်အံ့၊ ငါ၌ရှိသော ဤအဝတ်တို့ကို ရောင်း၍ ဆိတ်မဝယ်၍ မွေးမြူအံ့၊ ဆိတ်တို့ကိုရောင်း၍ အိမ်ထောင်ပြုအံ့၊ သားရလျှင် သားမယားနှင့်တကွ လှည်း ယာဉ် စီး၍ ဥပဇ္ဈာယ်ဆရာထံ လာရောက်ကန်တော့အံ့၊ ဤသို့ လှည်း ယာဉ်နှင့်အလာ လမ်းတွင် မိန်းမ၏ ပေါ့လျော့ မှုကြောင့် ခလေးသည် လှည်းမှမြေသို့ကျ၏။ ယင်းသို့ ခလေးကျရပါ မည်လောဆို၍ မိန်းမအား ကြိမ်နှင့်ရိုက်လိုက်ရာ လက်တွင် ကိုင်ထားသောယပ်ဖြင့် ဥပဇ္ဈာယ် ဆရာအား ရိုက်မိတော့၏၊ ထိုအကြောင်းကို ရှင်တော်ဘုရား ကြားသိတော်မူသော အခါ....

ဒူရင်္ဂမံ ဧကစရံ၊
အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊
မောက္ခန္တိ မာရဗန္ဓနာ။
(ဓမ္မပဒ ပါဠိတော် စိတ္တဝဂ်)

**ဘာသာပြန်။** ။စိတ်သည် ဝေးသောအရပ်၌ ရှိသော အာရုံသို့လည်း သွားတတ်၏၊ တခုချုပ်ပြီးမှ တခုဖြစ်ပေါ်၏ အကောင်အထည် ဟူ၍လည်း မရှိ၊ဟဒယဝတ္ထု မဟာဘုတ် လိုဏ်ဂူ၌ မှီ၍ဖြစ်၏၊ ထိုစိတ်ကို အကြင်သူတို့သည် စောင့်စည်းနိုင်ကုန်၏။ ထိုသို့ စိတ်ကို စောင့်စည်း ချုပ်ထည်းနိုင်သော သူတို့သည် ကိလေသ မာရ်နှောင်အဖွဲ့မှ လွတ်ကုန်လတံ့ ဟု ရှင်တော်ဘုရား ဟောတော်မူ၏။

ဤတွင် ယောဂီပုဂ္ဂိုလ် သိရှိရန်မှာ မိမိစိတ်ကို မိမိ၏ ကမ္မဋ္ဌာန်း အာရုံမှ တခြားတပါးသောအာရုံသို့ ကူးပြောင်း ပျံ့လွင့် မသွားရန် အထူး ကြိုးစားအပ်၏။

## သမာဓိ၏ သဘောတရား

ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြိုးစားသော ပုဂ္ဂိုလ်တို့ အတွက် တည်ကြည်သော သမာဓိ ရရှိမှုသည် အထူး အရေးကြီးရကား သမာဓိ၏ သဘောကို ပါဠိတော်၌ လာသည့်အတိုင်း ဖော်ပြရသော်-

ကေဂ္ဂဋ္ဌေန သမာဓိ၊
အဝိက္ခေပဋ္ဌေန သမာဓိ၊
အဝိသာရဋ္ဌေန သမာဓိ၊
အနာဝိလဋ္ဌေန သမာဓိ၊
အနိဥ္ဇနဋ္ဌေန သမာဓိ၊
ဝိမုတ္တဋ္ဌေန သမာဓိ၊
ကေတ္တုပဋ္ဌာနဝသေန၊
စိတ္တဿ ဌိတတ္တာ သမာဓိ၊

(ပဋိသမ္ဘိဒါမဂ် ပါဠိတော် မဟာဝဂ် ဉာဏကထာ)

**ဘာသာပြန်**။ ။တခုတည်းသော အာရုံရှိသော အနက် သဘောကြောင့် သမာဓိမည်၏။

မပျံ့လွင့်ခြင်း တည်းဟူသော အနက်သဘောကြောင့် သမာဓိမည်၏။

ဖရိုဖရဲ မရှိသော အနက်သဘောကြောင့် သမာဓိ မည်၏။

မနှောက်ကျူသော အနက်သဘောကြောင့် သမာဓိမည်၏။

မတုန်လှုပ်သော အနက်သဘောကြောင့် သမာဓိမည်၏။

ဝိက္ခမ္ဘန ပဟာန်,သမုစ္ဆေဒ ပဟာန်၏ အစွမ်းအားဖြင့် ကိလေသာတို့မှ လွတ်သည်၏ အဖြစ်ကြောင့်ငင်း၊ ကသိုဏ်းစသော အာရုံ နိဗ္ဗာန်အာရုံ၌ ညွတ်သည်၏ အဖြစ်ကြောင့်ငင်း သမာဓိမည်၏။

တခုတည်းသော အာရုံ၌ ထင်သည်၏ အစွမ်းအားဖြင့် စိတ်တည်သည်၏ အဖြစ်ကြောင့် သမာဓိမည်၏၊ စသည်ဖြင့် ထိုပါဠိတော်၌ ရှည်လျားစွာ လာရှိ၏။

အထက်ပါ ပါဠိတော်၏ လိုရင်းကား မိမိ၏ စိတ်ကို ကမ္မဋ္ဌာန်းအာရုံ တခုတည်း၌ စွဲမြဲစွာ တည်ရှိနေခြင်းကို အလိုရှိအပ်၏။

ဤတွင် ဝိသုဒ္ဓိမဂ်, ကမ္မဋ္ဌာနဂ္ဂဟဏ နိဒ္ဒေသပိုင်း၌ လာရှိသည့်တို့အနက် အနည်းငယ်မျှကို ကောက်နှုတ် ဖေါ်ပြရသော်-

ကုသိုလ်စိတ်၌ရှိသော ဧကဂ္ဂတာစေတသိက်ကို သမာဓိခေါ်၏။ အညီအညွတ် ကောင်းစွာထားခြင်း သမာဓာန ဟူသော အနက်ကြောင့် သမာဓိဟူ၍ ခေါ်ဆိုအပ်၏။ ဤ ကောင်းစွာထားခြင်း သမာဓာန မည်သည်ကား၊ တခုတည်းသော အာရုံ၌ စိတ်, စေတသိက်တို့ကို အညီအညွတ် ဖရိုဖရဲ မကွဲမပြား ကောင်းစွာထားတတ်သော တရားသည် သမာဓာနမည်၏၊

တနည်းဆိုသော် အထူးထူးသော အာရုံသို့ မပျံ့မလွင့်စေမူ၍ ကောင်းစွာထားခြင်းသည် သမာဓာန မည်၏။ ထို့ကြောင့် အကြင်တရား၏ အစွမ်းဖြင့် တခုတည်းသော အာရုံ၌ စိတ်, စေတသိက်တို့သည် အညီအညွတ် မပျံ့မလွင့် ဖရိုဖရဲ မကွဲမပြားမူ၍ ကောင်းစွာတည်ကုန်၏။ ဤကောင်းစွာ တည်ခြင်း အစွမ်းသတ္တိရှိသော တရားသဘောကို သမာဓာနဟူ၍ သိအပ်၏ဟု လာရှိလေသည်။

## သမ္မာသမာဓိ၏ အခြံအရံများ

ထိုမှတပါး သမ္မာသမာဓိ စိတ်ဖြစ်ရန် ယောဂီပုဂ္ဂိုလ်သည် အဘယ်သို့ သိရှိထားအပ်သနည်းဟူမူ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ အို ရဟန်းတို့ သင်တို့အား အကြောင်းနှင့် တကွသော မြတ်သော သမ္မာသမာဓိကို ဟောကြားပေအံ့။ ထိုတရားကို ကောင်းစွာ နှလုံးသွင်းသျှက် နာကြကုန်လော့။

ကတမော စ ဘိက္ခဝေ အရိယော
သမ္မာသမာဓိ, သဉပနိသော,
သပရိက္ခာရော, သေယျထိဒံ,
သမာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ,
သမ္မာဝါစာ, သမ္မာကမ္မန္တော,
သမ္မာအာဇီဝေါ, သမ္မာဝါယာမော,
သမ္မာသတိ၊ ယာ ခေါ ဘိက္ခဝေ
ဣမေဟိ သတ္တ [illegible]ဂေဟိ

စိတ္တသ္သ ကောဋ္ဌတာ, ပရိက္ခာရတာ,
အယံ ဝုစ္စတိ ဘိက္ခဝေ အရိယော
သမ္မာသမာဓိ, သဥပနိသော,
ဣတိပိ, သပရိက္ခာရော, ဣတိပိ။

အထက်ပါ ပါဠိတော်ကို မြတ်စွာဘုရားသည် ဥပရိ ပဏ္ဏာသပါဠိတော် မဟာစတ္တာရီသကသုတ်၌၎င်း မဟာ ဝဂ္ဂ သံယုတ်ပါဠိတော် မဂ္ဂသံယုတ်, မိစ္ဆတ္တဝဂ်, သမာဓိ သုတ်၌၎င်း ဟောတော်မူ၏။

**ဘာသာ**ပြန်။ ။ရဟန်းတို့ အကြောင်းနှင့် တကွသော အခြံအရံနှင့် တကွသော သမ္မာသမာဓိသည် အဘယ်နည်း ယင်းအခြံအရံဟူသည် အဘယ်နည်း ဟူမူကား- သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ သမ္မာဝါယာမ, သမ္မာသတိတို့ပေတည်း။

အို-ရဟန်းတို့ ဤခုနစ်ပါးကုန်သော အင်္ဂါတို့ဖြင့် ခြံရံ အပ်သော စိတ်၏ အကြင် တည်ကြည်သော အဖြစ်သည် ရှိ၏။ အို-ရဟန်းတို့ မြတ်သော ဤစိတ်၏ သမ္မာသမာဓိကို အကြောင်းနှင့်တကွ ဖြစ်၏ဟူ၍၎င်း အခြံအရံနှင့်တကွ ဖြစ်၏ဟူ၍၎င်း ဆိုအပ်၏။

အထက်ပါ ပါဠိတော် လာရှိသည်ကို ထောက်သော် သမ္မာသမာဓိဆိုရာ၌ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ စသော မဂ္ဂင် ခုနစ်ပါးတို့ဖြင့် ခြံရံအပ်သော ''သမ္မာသမာဓိ'' သည်သာ လျှင် တမင် တဖိုလ် ရရှိရေးတွင် အလိုရှိအပ်သော ''သမ္မာ သမာဓိ''ဟူ၍ မှတ်ယူထားရပေမည်။

## ဒိဗ္ဗစက္ခုဉာဏ် ရခြင်း

အတ္ထိ ဘိက္ခဝေ သမာဓိဘာဝနာ
ဘာဝိတာ, ဗဟုလီကတာ, ဒိဗ္ဗစက္ခု
သုခ ဝိဟာရာယ, သံဝတ္တတိ။
(အင်္ဂုတ္တိုရ် ပါဠိတော် စတုက္ကနိပါတ် ရောဟိတဿဝဂ်)

**ဘာသာပြန်**။ ။အို-ရဟန်းတို့ အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါ ထပ်ခါ ပွားများအပ်သော အကြင် သမာဓိသည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေရခြင်း ငှာ ဖြစ်၏။

ထိုပါဠိတော်၌ ဆက်လက် လာရှိသည်မှာ-

အို-ရဟန်းတို့ အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါထပ်ခါ ပွားများအပ်သော အကြင် သမာဓိသည် ဒိဗ္ဗစက္ခု ဉာဏ် အမြင်ကို ရခြင်းငှာဖြစ်၏။

အို-ရဟန်းတို့၊ အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါထပ်ခါ ပွားများအပ်သော အ ကြင် သ မာ ဓိ သည် သတိသမ္ပဇဉ် အလို့ငှါ ဖြစ်၏။

အို-ရဟန်းတို့ အကြိမ်ကြိမ် အဖန်ဖန် ထပ် ခါ ထပ် ခါ ပွားများအပ်သော အကြင်သမာဓိသည် အာသဝေါတရား တို့၏ ကုန်ခြင်းငှါ ဖြစ်၏ဟူ၍ ဟောတော်မူ၏။

## သမာဓိကို မသိမှုကြောင့်

အရိယဿ ဘိက္ခဝေ သမာဓိဿ
အနနုဗောဓာ, အပ္ပဋိဝေဓာ, ဝေမိဒံ
ဒီဃ မဒ္ဓါနံ သန္ဓာဝိတံ, သံသရိတံ,
မ မဉ္စေဝ, တုမှာ ကဉ္စ။
(အင်္ဂုတ္တိုရ် ပါဠိတော် စတုက္ကနိပါတ် ဘဏ္ဍဂါမဝဂ်)

**ဘာသာပြန်။** ။အို-ရဟန်းတို့ ဖြူစင်မွန်မြတ်သော သမာဓိကို အလျော်အားဖြင့် မသိမှုကြောင့် သိခြင်းငှါ မထိုးထွင်းနိုင်ခြင်းကြောင့် ငါဘုရားသည်၎င်း၊ သင်ရဟန်း တို့သည်၎င်း၊ ဤသို့ ရှည်လျားစွာသော ကာလပတ်လုံး ဘဝတဘဝမှ ဘဝသို့ အဖန်တလဲလဲ ကျင်လည်ခဲ့ရလေပြီ။

သမာဓိံ ဘိက္ခဝေ ဘာဝေထ
သမာဟိတော ဘိက္ခဝေ ဘိက္ခု
ယထာဘူတံ ပဇာနာတိ။

(ခန္ဓဝဂ္ဂ ခန္ဓသံယုတ် ပါဠိတော် သမာဓိသုတ်)

**ဘာသာပြန်။** ။အို-ရဟန်းတို့ စိတ်၏တည်ကြည်မှု သမာဓိကို လေ့ကျင့်ပွားများ ကြကုန်လော့၊ အို-ရဟန်းတို့ ဖြူစင်တည်ကြည်သော စိတ်ရှိသော ရဟန်းသည် ဟုတ်မှန်သည်အတိုင်း အပြားအားဖြင့် သိ၏။ ထိုပါဠိတော်၌ ဆက်လက်လာရှိသည်မှာ....

ကိဉ္စ ယထာဘူတံ ပဇာနာတိ-

၁။ ရူပဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ
၂။ ဝေဒနာယ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ
၃။ သညာယ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ
၄။ သင်္ခါရာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ
၅။ ဝိညာဏဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ

**ဘာသာပြန်။** ။အဘယ်ကိုဟုတ်မှန်သောအတိုင်း အပြားအားဖြင့် သိသနည်း ဟူမူကား....

ရုပ်၏ ဖြစ်ကြောင်းကို၎င်း၊ ချုပ်ရာကို၎င်း။
**ဝေဒနာ၏ ဖြစ်ကြောင်းကို၎င်း၊ ချုပ်ရာကို၎င်း။**

သညာ၏ ဖြစ်ကြောင်းကိုရင်း၊ ချုပ်ရာကိုရင်း။
သင်္ခါရတို့၏ ဖြစ်ကြောင်းကိုရင်း၊ ချုပ်ရာကိုရင်း။
ဝိညာဏ်၏ ဖြစ်ကြောင်းကိုရင်း၊ ချုပ်ရာကိုရင်း။
ဟုတ်မှန်သောအတိုင်း အပြားအားဖြင့် သိ၏။

ဤပါဠိတော် အရသာ မဟုတ်သေး၊ ထိုထိုသော ပါဠိတော်များအရ ရုပ်၏ဖြစ်ကြောင်းကို ကောင်းစွာ သိရပေမည်။ ရုပ်၏ ချုပ်ရာကို ကောင်းစွာသိရပေမည်။

ထိုနည်းတူစွာ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၏ ဖြစ်ကြောင်းကိုရင်း၊ ချုပ်ရာကိုရင်း ကောင်းစွာ သိရှိဘို့ အထူးအလိုရှိအပ်၏။ ဤသို့မှသာလျှင် မြတ်စွာဘုရား ဟောတော်မူအပ်သော သင်္ခတတရားကြီး အလုံးစုံတို့ကို အနတ္တ ဓမ္မ သဘာဝမျှသာ ဖြစ်ကြောင်းကိုဉာဏ်မျက်စိဖြင့် ကောင်းစွာ သိမြင်နိုင်ပေမည်။ ဤ၌ သ ဘော ပေါက် ရန် ကား.... ခန္ဓာငါးပါး နှင့် တ ကွ သစ္စာ လေးပါးတို့၏ သဘာဝ သဘောတရားတို့ကို ပိုင်နိုင်စွာ သိရှိနားလည် ထားရမည်ကို ဆိုလိုသည်။

သမာဓိံ ဘိက္ခဝေ ဘာဝေထ
သမာဟိတော ဘိက္ခဝေ ဘိက္ခု၊
ယထာဘူတံ ပဇာနာတိ။
(မဟာဝဂ္ဂ သစ္စသံယုတ် သမာဓိဝဂ်)

ဘာသာပြန်။ ။အို-ရဟန်းတို့ စိတ်၏တည်ကြည်မှုသမာဓိကို လေ့ကျင့်ပွားများ ကြကုန်လော့။ အို-ရဟန်းတို့ ဖြူစင်တည်ကြည်သော သမာဓိရှိသော ရဟန်းသည် ဟုတ်မှန်

သည့်အတိုင်း အပြားအားဖြင့် သိ၏။ ထိုပြင် ဤပါဠိတော်၌ ဆက်လက် လာရှိသည်သာမက ထိုထိုသော ပါဠိတော်၌ ဆက်လက် လာရှိသည်သာမက ထိုထိုသော ပါဠိတော်များ၌ လာရှိသည်မှာ....

ကိဉ္စ ယထာဘူတံ ပဇာနာတိ-

၁။ ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ၊

၂။ အယံ ဒုက္ခသမုဒယောတိ ယထာဘူတံပဇာနာတိ၊

၃။ အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ၊

၄။ အယံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။

**ဘာသာပြန်။** ။အဘယ်ကို ဟုတ် မှန် သော အတိုင်း အပြားအားဖြင့် သိသနည်း ဟူမူကား....

ဤသည်ကား ဆင်းရဲဒုက္ခပေတည်းဟူ၍ ဟုတ်မှန်သော အတိုင်း အပြားအားဖြင့် သိ၏။

ဤသည်ကား ဆင်းရဲဒုက္ခ၏ ဖြစ်ကြောင်း ပေတည်းဟု ဟုတ်မှန်သောအတိုင်း အပြားအားဖြင့် သိ၏။

ဤသည်ကား ဆင်းရဲဒုက္ခ၏ ချုပ်ငြိမ်းရာ တည်းဟူ၍ ဟုတ်မှန်သောအတိုင်း အပြားအားဖြင့် သိ၏။

ဤသည်ကား ဆင်းရဲဒုက္ခ ချုပ်ငြိမ်းမှုဟု ဆိုအပ်သော နိဗ္ဗာန်သို့ ကေန်ရောက်စေတတ်သော အကျင့်ပေတည်းဟူ၍ ဟုတ်မှန်သောအတိုင်း အပြားအားဖြင့် သိ၏။ ထိုနောက် ဤပါဠိတော်၌ မြတ်စွာဘုရား ဆက်လက် ဟောတော်မူပြန်သည်မှာ....

သမာဓိံ ဘိက္ခဝေ ဘာဝေထ
သမာဟိတော ဘိက္ခဝေ ဘိက္ခု
ယထာဘူတံ ပဇာနာတိ။

**ဘာသာပြန်**။ ။အို-ရဟန်းတို့ စိတ်၏ တည် ကြည် မှု သမာဓိကို လေ့ကျင့် ပွားများကြကုန်လော့။ အို-ရဟန်းတို့ ဖြူစင်တည်ကြည်သော သမာဓိရှိသော ရဟန်းသည် ဟုတ်မှန်သောအတိုင်း အပြားအားဖြင့် သိ၏။

တဿာ တိဟ ဘိက္ခဝေ-
၁။ ဣဒံဒုက္ခန္တိ ယောဂေါ ကရဏီယော။
၂။ အယံ ဒုက္ခသမုဒယောတိ
ယောဂေါ ကရဏီယော။
၃။ အယံ ဒုက္ခနိရောဓောတိ
ယောဂေါ ကရဏီယော။
၄။ အယံ ဒုက္ခနိရောဓ ဂါမိနီ
ပဋိပဒါတိ ယောဂေါ ကရဏီယောတိ။
(မဟာဝဂ္ဂ သစ္စသံယုတ် သမာဓိဝဂ်)

**ဘာသာပြန်**။ ။ထိုကြောင့် အို-ရဟန်းတို့၊ ဤသာသနာတော်၌....

၁။ ဤသည်ကား ဆင်းရဲဒုက္ခ တည်းဟူ၍ ဟုတ်မှန်သည့်အတိုင်း သိခြင်းငှာ အားထုတ်ခြင်းကို ပြုအပ်၏။

၂။ ဤသည်ကား ဆင်းရဲဒုက္ခ၏ ဖြစ်ကြောင်းပေတည်းဟူ၍ ဟုတ်မှန်သည့်အတိုင်း သိခြင်းငှာ အားထုတ်ခြင်းကို ပြုအပ်၏။

၃။ ဤသည်ကား ဆင်းရဲဒုက္ခ၏ ချုပ်ငြိမ်းရာတည်းဟူ၍ ဟုတ်မှန်သည့်အတိုင်း သိခြင်း၄ာ အားထုတ်ခြင်းကို ပြုအပ်၏။

၄။ ဤသည်ကား ဆင်းရဲဒုက္ခ ချုပ်ငြိမ်းမှုဟု ဆိုအပ်သော နိဗ္ဗာန်သို့ ကေန် ရောက်စေတတ်သော အကျင့်ပေတည်း-ဟူ၍ ဟုတ်မှန်သည့်အတိုင်း သိခြင်း၄ာ အားထုတ်ခြင်းကို ပြုအပ်၏ဟု ဟောတော်မူ၏။

အထက်ပါ ပါဠိတော် အရပ်ရပ်တို့ကို ထောက်သော် "သမာဓိ" အားကောင်းပါမှ သစ္စာလေးပါး တရားတော်မြတ်ကို ထိုးထွင်းသိမြင်လျက် မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ရောက်ရှိနိုင်မည်ကို သိအပ်လေပြီ။

မှတ်ချက်

ဤကျမ်း အဆုံးတွင် သမာဓိ အားကောင်းမှုအတွက် အာနာပါန သမထ ဘာဝနာ ပွားများခဏ်းကို ပါဠိတော်လာ သဘာဝအတိုင်း မှန်ကန်သော နည်းလမ်းတို့ဖြင့် မပင်ပမ်းစေဘဲ လွယ်ကူစွာ အားထုတ်နိုင်ရန် ရေးသားပေဦးအံ့။

ယင်းသို့လျှင် မဂ္ဂင်ရှစ်ပါးမှလာသော သီလနှင့် သမာဓိတို့ကို အနည်းငယ်မျှစီ ရေးသားပြီးနောက် "သမ္မာဒိဋ္ဌိ" ပညာ စခန်းကို အနည်းငယ် ဖေါ်ပြပေဦးအံ့။

## သမ္မာဒိဋ္ဌိသည် ရှေ့ပြေး

မဟာဝဂ္ဂ သံယုတ် ပါဠိတော် သီသပါဝနဝဂ် သူရိယသုတ်၌ ဟောတော် မူသည်မှာကား- အို ရဟန်းတို့ နေအရုဏ် တက်ခြင်းသည် နေ၏ ရှေ့ပြေးပေတည်း။

ဝေဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခုနော
စတုန္နံ အရိယသစ္စာနံ ယထာဘူတံ
အဘိသမယာယ ဧတံ ပုဗ္ဗင်္ဂမံ
ဧတံ ပုဗ္ဗနိမိတ္တံ ယဒိဒံ သမ္မာဒိဋ္ဌိ။

ဘာသာပြန်။ ။အို-ရဟန်းတို့ ဤအတူသာလျှင် အကြင် "သမ္မာဒိဋ္ဌိ" တရားသည် ရှိ၏၊ ဤ "သမ္မာဒိဋ္ဌိ"တရားသည် ရဟန်းအား လေးပါးကုန်သော အရိယသစ္စာတို့ကို ဟုတ်မှန်သည့်အတိုင်း သိခြင်းငှာ ရှေ့သွားပေတည်း၊ ဤ "သမ္မာဒိဋ္ဌိ" သည် ရှေ့ပြေးနိမိတ်ပေတည်း။

ကထဉ္စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ
ပုဗ္ဗင်္ဂမာ ဟောတိ-စသည်ဖြင့် လာရှိ၏။
(ဥပရိပဏ္ဏာသ ပါဠိတော် မဟာစတ္တာရီသကသုတ်)

ဘာသာပြန်။ ။ရဟန်းတို့ အဘယ်သို့လျှင် သမ္မာဒိဋ္ဌိသည် ရှေ့သွား ဖြစ်သနည်း ဟူမူကား-

၁။ "သမ္မာဒိဋ္ဌိ"၌ တည်သော ပုဂ္ဂိုလ်အား သမ္မာသင်္ကပ္ပသည်ဖြစ်၏။
၂။ "သမ္မာသင်္ကပ္ပ" ၌ တည်သော ပုဂ္ဂိုလ်အား သမ္မာဝါစာသည် ဖြစ်၏။
၃။ "သမ္မာဝါစာ"၌ တည်သော ပုဂ္ဂိုလ်အား သမ္မာကမ္မန္တသည် ဖြစ်၏။
၄။ "သမ္မာကမ္မန္တ"၌ တည်သော ပုဂ္ဂိုလ်အား သမ္မာအာဇီဝသည် ဖြစ်၏။
၅။ "သမ္မာအာဇီဝ"၌ တည်သော ပုဂ္ဂိုလ်အား သမ္မာဝါယာမသည် ဖြစ်၏။

၆။ "သမ္မာဝါယာမ"၌ တည်သောပုဂ္ဂိုလ်အားသမ္မာသတိသည် ဖြစ်၏။

၇။ "သမ္မာသတိ"၌ တည်သော ပုဂ္ဂိုလ်အား သမ္မာသမာဓိသည် ဖြစ်၏။

၈။ "သမ္မာသမာဓိ"၌ တည်သော ပုဂ္ဂိုလ်အား ပစ္စဝေက္ခနာဉာဏ်သည် ဖြစ်၏။

၉။ "ပစ္စဝေက္ခနာဉာဏ်"၌ တည်သော ပုဂ္ဂိုလ်အား သမ္မာဝိမုတ္တိ တည်းဟူသော ဖိုလ်သည် ဖြစ်၏။

အို-ရဟန်းတို့ ဤသို့လျှင် အသီး အခြားဖြစ်သော သေက္ခပုဂ္ဂိုလ်သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည် ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်သည်ကား ဆယ်ပါးသော အင်္ဂါနှင့် ပြည့်စုံသည် ဖြစ်၏။

ထိုတရားတို့တွင်လည်း ကောင်းသော ပစ္စဝေက္ခနာဉာဏ်ဖြင့် များစွာသော ယုတ်မာကုန်သော အကုသိုလ်ဖြစ်ကုန်သော တရားတို့သည် ကင်းကုန်သည် ဖြစ်၍ ဘာဝနာ၏ ပြည့်စုံခြင်းသို့ ရောက်၏။

အို-ရဟန်းတို့ ထိုတရားတို့တွင် "သမ္မာဒိဋ္ဌိ" သည် ရှေ့သွားဖြစ်၏။ (အင်္ဂုတ္တိုရ် ပါဠိတော် ဒသကနိပါတ် ပစ္စောရောဟဏိဝဂ်၌လည်း လာရှိ၏)။

### သစ်တုံး သမုဒ္ဒရာ ဥပမာ

ရှင်တော်ဘုရားသည် "သမ္မာဒိဋ္ဌိ" မှာ နိဗ္ဗာန်သို့ ရောက်ကြောင်းတရား ဖြစ်သည်ကို ပြတော်မူလို၍ ခက်ခဲ နက်နဲသော တရားတော်ကို သစ်တုံးနှင့် သမုဒ္ဒရာကို ဥပမာဆောင်၍ ဟောတော်မူခဲ့လေသည်။

အခါတပါး၌ ဂင်္ဂါမြစ်တွင် ရေ၏အယဉ်ဖြင့် မျော၍ လာသော သစ်တုံးကြီး တတုံးကို မြင်တော်မူ၍ ရဟန်းတို့အား ဟောတော်မူခဲ့သည့်မှာကား-

အိုရဟန်းတို့ ဤသစ်တုံးသည်-

၁။ ဤမှာဘက်ကမ်းသို့ မကပ်ခဲ့သော်-

၂။ ထိုမှာဘက်ကမ်းသို့ မကပ်ခဲ့သော်-

၃။ ရေလယ်၌ နစ်မြုပ်ခြင်း မရှိခဲ့သော်-

၄။ ကုန်း၌ မတင်ခဲ့သော်။

၅။ လူတို့ မဆယ်ယူခဲ့သော်။

၆။ နတ်တို့ မဆယ်ယူခဲ့သော်။

၇။ ဝဲလှည့်၍ မယူခဲ့သော်။

၈။ ရေ၌ သစ်တုံး မဆွေးမြေ့ခဲ့သော်။

ဧဝံ ဟိ သော ဘိက္ခဝေ ဒါရုက္ခန္ဓော
သမုဒ္ဒနိန္နော ဘဝိဿတိ
သမုဒ္ဒပေါဏော သမုဒ္ဒပဗ္ဘာရော။

(သဠာယတန သံယုတ်ပါဠိတော် အာသီဝိသဝဂ်, ဒါရုက္ခန္ဓသုတ်)

**ဘာသာ**ပြန်။ ။အိုရဟန်းတို့ ဤသို့ ဖြစ်သည် ရှိသော် ထိုသစ်တုံးသည် သမုဒ္ဒရာသို့ ညွတ်လတံ့၊ သမုဒ္ဒရာသို့ ကိုင်းလတံ့၊ သမုဒ္ဒရာသို့ ရှိုင်းလတံ့၊ (ဆိုလိုသည်မှာကား သစ်တုံးကြီးသည် သမုဒ္ဒရာသို့ သက်ဝင်လတံ့)။

ဆက်၍ ဟောတော်မူသည်မှာ ဤသို့ ဖြစ်ရခြင်းသည် အဘယ်ကြောင့်နည်း ဟူမူကား-

အိုရဟန်းတို့ ဂင်္ဂါမြစ်၏ ရေအယဉ်သည် သမုဒ္ဒရာသို့ ညွတ်၏။

သမုဒ္ဒရာသို့ ကိုင်း၏။ သမုဒ္ဒရာသို့ ရှိုင်း၏။

အို-ရဟန်းတို့ ထိုနည်းတူစွာ အကယ်၍ သင် ရဟန်းတို့သည် ဤမှာဘက်ကမ်းသို့ မကပ်သည် ဖြစ်အံ့။ ထိုမှာ ဘက်ကမ်းသို့ မကပ်သည် ဖြစ်အံ့။ ရေလယ်၌ မနစ်မြုပ်သည် ဖြစ်အံ့။ ကျွန်း၌ မတင်သည်ဖြစ်အံ့။ လူတို့ မဆယ်ယူသည် ဖြစ်အံ့။ နတ်တို့ မဆယ်ယူသည် ဖြစ်အံ့။ ဝဲလှည့်၍ မယူသည် ဖြစ်အံ့။ ရေ၌ မဆွေးမြေ့သည် ဖြစ်အံ့။

အို-ရဟန်းတို့ ဤသို့ ဖြစ်ကုန်သော သင်တို့သည် နိဗ္ဗာန်သို့ ညွတ်ကုန်လတံ့။ နိဗ္ဗာန်သို့ ကိုင်းကုန်လတံ့။ နိဗ္ဗာန်သို့ ရှိုင်းကုန်လတံ့။ (ဆိုလိုသည်မှာ သင်တို့သည် နိဗ္ဗာန်သို့ သက်ဝင်လတံ့)။

တံ ကိဿဟေတု နိဗ္ဗာနနိန္နာ,
ဘိက္ခဝေ သမ္မာဒိဋ္ဌိ နိဗ္ဗာနပေါဏာ,
နိဗ္ဗာနပဗ္ဘာရာ, တိ။

**ဘာသာပြန်**။ ။ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း ဟူမူကား-

အို ရဟန်းတို့ "သမ္မာဒိဋ္ဌိ"သည် နိဗ္ဗာန်သို့ ညွတ်၏။ နိဗ္ဗာန်သို့ကိုင်း၏။ နိဗ္ဗာန်သို့ ရှိုင်း၏ဟု မိန့်တော်မူ၏။

ထိုမှဆက်၍ ဟောတော်မူပြန်သည်မှာကား- အို ရဟန်းတို့-

၁။ ဤမှာဘက်ကမ်း ဆိုသည်မှာ = အဇ္ဈတ္တိက အာယတန ၆-ပါးတို့ပေတည်း။

၂။ ထိုမှာဘက်ကမ်း ဆိုသည်မှာ = ဗာဟိရ အာယတန ၆-ပါးတို့ပေတည်း။

၃။ ရေလယ်၌ မနစ်မြုပ်ခြင်း ဆိုသည်မှာ = မစွဲလမ်း မတပ်မက် မနှစ်သက်ခြင်း ပေတည်း။

၄။ ကျွန်း၌ မတင်ခဲ့သော် ဆိုသည်မှာ = ငါတည်းဟူသော မာန မရှိခြင်း ပေတည်း။

၅။ လူတို့ မဆယ်ယူခဲ့သော် ဆိုသည်မှာ = လူတို့နှင့် အတူ ဆင်းရဲ ချမ်းသာကို ဝင်ရောက်ပူးပေါင်း မဆောင် မရွက်ခြင်း ပေတည်း။

၆။ နတ်တို့ မဆယ်ယူခဲ့သော် ဆိုသည်မှာ = အကျင့် သီလကို ဆောက်တည်၍ နတ်ဘဝ ချမ်းသာကို မတောင့်တခြင်း ပေတည်း။

၇။ ဝဲလှည့်၍ မယူခဲ့သော် ဆိုသည်မှာ = ငါးပါးသော ကာမဂုဏ်နောက်သို့ လိုက်စား ပါသွားခြင်း မရှိခြင်း ပေတည်း။

၈။ ရေ၌ မဆွေးမြေ့ခဲ့သော်ဆိုသည်မှာ = အကျင့်သီလ မရှိဘဲလျက် သူတော်ကောင်းယောင် ဆောင်ခြင်း၊ ယုတ်မာ ငြစ်ငြမ်းသော မကောင်းမှု စသော အပြုအမူတို့ကို ပြုခြင်း ပေတည်း-ဟူ၍ ဟောတော်မူ၏။

အထက်ပါ အပြစ် ရှစ် ပါး ကို ကျော် လွှန် နိုင် ရန် မှာ ''သမ္မာဒိဋ္ဌိ''ကို ကျင့်သုံး ဆောက်တည်နေခြင်းပင် ဖြစ်၏။ ''သမ္မာဒိဋ္ဌိ''ဆိုသည်ကား အဘယ်နည်း ဟူမူ ဤကျမ်းအစ စာမျက်နှာ ၄၄-တွင် ဖေါ်ပြထားသည့် အတိုင်းပင်။

ဤတွင် သိအပ်သည်မှာ ''သမ္မာဒိဋ္ဌိ''သည် အဘယ်နည်း ဆိုသော် **သစ္စာလေးပါးကို ပြတော်မူ၏။**

သစ္စာလေးပါးသည် အဘယ်နည်း ဆိုသော် မဂ္ဂင်ရှစ်ပါးကို ပြတော်မူ၏။

မဂ္ဂင်ရှစ်ပါးသည် သီလ, သမာဓိ, ပညာ ဖြစ်၏။

သီလ,သမာဓိ,ပညာ ပြည့်စုံရန်မှာ ဝိပဿနာဘာဝနာကို ပွားများခြင်းပင် ဖြစ်၏။

မြတ်စွာဘုရားသည် ကုသိုလ်ကောင်းမှု ပြုသမျှတို့တွင် ဝိပဿနာ ဘာဝနာ ပွားများခြင်းကိုသာ အလိုရှိတော်မူသည်ဖြစ်၏၊ အဘယ်မျှ ဝိပဿနာ ဘာဝနာ ပွားများခြင်းကို အလိုရှိတော် မူသနည်းဟူမူ မြတ်စွာဘုရားထံသို့ လာရောက် ရှိခိုးနေသူထက် ကျောင်းတွင် ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်နေသူကို မြတ်စွာဘုရား သာလွန်၍ အလိုရှိတော် မူသည်သာတည်း။

အကြင်သူသည် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါး ဝိပဿနာ ဘာဝနာတရားကို လေ့ကျင့်ပွားများ အားထုတ်နေပါက ထိုသူသည် ရေလယ်၌လည်း မနစ်မြုပ်ရဘဲ ကာမဂုဏ်ငါးပါးနယ်မှ လွန်မြောက်လျက် တလထက် တလ, တနေ့ထက် တနေ့, တချိန်ထက် တချိန် နိဗ္ဗာန်သို့ သက်ဝင်ရန် နီးကပ် နီးကပ်လာလျက် ရှိပေတော့သတည်း။

### ရှိတယ် မရှိဘူး

သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိတိ ဘန္တေ
ဝုစ္စတိ ကိတ္တာဝတာ နုခေါ ဘန္တေ
သမ္မာဒိဋ္ဌိ ဟောတီတိ။
(နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် အာဟာရဝဂ်)

**ဘာသာပြန်**။ ။အရှင်ဘုရား ''သမ္မာဒိဋ္ဌိ,သမ္မာဒိဋ္ဌိ''ဟူ၍ ဆိုအပ်ပါသည့်ဘုရား အဘယ် အတည်မျှဖြင့် ''သမ္မာဒိဋ္ဌိ'' သည် ဖြစ်ပါသနည်းဘုရားဟု ''ကစ္စာန ဂေါတ္တ'' မထေရ် သည် မြတ်စွာဘုရားအား မေးလျှောက်၏။

ထိုပါဠိတော်၌ ရှည်လျားစွာ လာရှိသော လိုရင်းကို ခေတ်ပုဂ္ဂိုလ်တို့ လွယ်ကူစွာ နားလည် နိုင်ရန် အတိုချုပ် ဖေါ်ပြရသော်....

အို-ကစ္စာန လူတို့သည် များသောအားဖြင့်''ရှိ၏''ဟူ၍ ၎င်း၊ ''မရှိ''ဟူ၍၎င်း၊ ဤနှစ်ပါးကို အမှီပြုကြကုန်၏။

အို-ကစ္စာန သင်္ခါရ လောက၏ ဖြစ်ကြောင်း ချုပ် ကြောင်းကို ဟုတ်မှန်သည့်အတိုင်း မဂ်ပညာဖြင့် သိမြင် သောသူအား သင်္ခါရလောက၌ ''ရှိ၏'' ဟူသော အယူ သည် မဖြစ်၊ ''မရှိ''ဟူသော အယူသည်လည်း မဖြစ်။

အို-ကစ္စာန ဤသင်္ခါရ လောကသည် ယေဘုယျအား ဖြင့် ငါ, ငါ၏ဥစ္စာ အစရှိသော အချင်းအရာအားဖြင့် ကပ်ရောက် စွဲလန်း ကိန်း ဝင် နှောင် ဖွဲ့ ၏၊ အရိယာ၏ တပည့်သည်ကား ယင်းသို့သော ''အတ္တ'' အခြေအနေသို့ မစွဲလန်း မရောက်ရှိချေ။

အို-ကစ္စာန....

ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊
ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတီတိ။

ဒုက္ခသည်သာ ဖြစ်ပေါ်လာ၍ ဒုက္ခသည်သာ ချုပ် ၏ ဟူသည်ကို သူတပါးပြော၍ မယုံကြည် မိမိကိုယ်တိုင်သိမြင် ၍ ယုံကြည်ခြင်း ဖြစ်ပေတော့၏။

အို-ကစ္စာန ဤမျှသော အတိုင်း အရှည်ဖြင့် သင်္ခါရ လောကနှင့် အနတ္တမှု သဘာဝကို သိမြင်ခြင်းသည် "သမ္မာ ဒိဋ္ဌိ,သမ္မာဒိဋ္ဌိ" ဟူ၍ ဆိုအပ်၏။

အို-ကစ္စာန "ရှိ၏" ဟူသောအယူသည်တခုသောအစွန်း ပေတည်း၊ "မရှိ" ဟူသော အယူသည်ဒုတိယမြောက်အစွန်း ပေတည်း။ ထိုနှစ်ပါးသော အစွန်းသို့ မလား မကပ်မူ၍ ငါဘုရား(ကထာဂတ)သည် ဟောတော်မူ၏။

ထိုမှတဖန် လူ့နတ် ပြဟ္မာ, သတ္တဝါမဟုတ် "အတ္တ" လည်း မဟုတ် "အနတ္တ"မှု သဘာဝ ဖြစ်ကြောင်းကို "ကစ္စာန" မထေရ်အား မြတ်စွာဘုရား သိစေတော်မူလို၍ ဆက်၍ ဟောတော်မူပြန်သည်မှာ အောက်ပါအတိုင်းပင်-

အို-ကစ္စာန အဝိဇ္ဇာသည်ဖြစ်သော် သင်္ခါရသည် ဖြစ်၏၊
သင်္ခါရသည်ဖြစ်သော် ဝိညာဏ်သည် ဖြစ်၏။
ဝိညာဏ်သည် ဖြစ်သော် နာမ်,ရုပ်သည် ဖြစ်၏။
နာမ်,ရုပ်သည် ဖြစ်သော် သဠာယတနသည် ဖြစ်၏။
သဠာယတန ဖြစ်သော် ဖဿသည် ဖြစ်၏။
ဖဿ ဖြစ်သော် ဝေဒနာသည် ဖြစ်၏။
ဝေဒနာ ဖြစ်သော် တဏှာသည် ဖြစ်၏။
တဏှာ ဖြစ်သော် ဥပါဒါန်သည် ဖြစ်၏။
ဥပါဒါန် ဖြစ်သော် ဘဝသည် ဖြစ်၏။
ဘဝ ဖြစ်သော် ဇာတိသည် ဖြစ်၏။
ဇာတိဖြစ်သော် ဇရာ, မရဏ, သောက, ပရိဒေဝ,ဒုက္ခ, ဒေါမနဿ, ဥပါယာသ တို့သည် ဖြစ်ကုန်၏။

ဤသို့လျှင် အလုံးစုံသော ထိုဆင်းရဲအပေါင်း၏ ဖြစ်ခြင်းသည် "ဖြစ်၏"ဟူ၍ (တထာဂတ)သည်"ကဿာန"မထေရ်အား ဟောတော်မူ၏။

ဤတွင် သဗ္ဗညုတဉာဏ်ဖြင့် သိမြင်တော်မူသောမြတ်စွာဘုရားသည် လူဟူ၍ငင်း၊ နတ်ဟူ၍ငင်း၊ ဗြဟ္မာဟူ၍ငင်း၊ သတ္တဝါဟူ၍ငင်း၊ ဟောတော်မူခြင်း မဟုတ်၊ ပရမတ္ထအနတ္တဓမ္မ သဘာဝဖြစ်နေခြင်းကိုသာလျှင် ဟောတော်မူခြင်းဖြစ်၏။

လူ, နတ်, ဗြဟ္မာ, သတ္တဝါ "အတ္တ" ရှိ, မရှိဟူသော နှစ်ဘက်သော အစွန်း၌ မကပ်ငြိမူ၍ အဝိဇ္ဇာတည်းဟူသော အကြောင်းတရား ဖြစ်သော် သင်္ခါရဟူသော အကျိုးတရား ဖြစ်ရခြင်း။ သင်္ခါရ တည်းဟူသော အကြောင်းတရား ဖြစ်သော် ဝိဉာဏ်ဟူသော အကျိုးတရား ဖြစ်ရခြင်း စသည်ဖြင့် ဤသို့လျှင် အဝိဇ္ဇာ အကြောင်းခံ၍ ပုညာဘိသင်္ခါရ စသော အမှုတို့ကို ပြုလုပ်သိုက်ပါက နောက်ဆုံး၌ ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ-ပါယာသာ သမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခ က္ခန္ဓဿ သမုဒယော ဟောတိ ဖြစ်ရပုံကို ဟောတော်မူ၏။

## မာလုကျပုတ္တ

### သစ္စာလေးပါး, မဂ္ဂင်ရှစ်ပါးသာလျှင်

### ပဓာနဖြစ်၏

တနေ့သော ညနေချမ်း အချိန်တွင် အရှင် မာလုကျပုတ္တသည် အကြံရ၍ မြတ်စွာဘုရားထံသို့ ရောက်ရှိလာပြီးလျှင်

အရှင်ဘုရား တပည့်တော်၏ မေးခွန်း လျှောက်ထားချက်များကို တိကျ ရိုးသားစွာ ဖြေဆိုပါ။အရှင်ဘုရား မဖြေဆိုဘဲ နေပါက-

ဓဝါဟံ သိက္ခံ ပစ္စက္ခာယ
ဟီနာယာ ဝတ္တိဿာမိတိ။
(မဇ္ဈိမပဏ္ဏာသပါဠိတော် ရှုဋ္ဌမာလုက်ျသုတ်)

တပည့်တော် သိက္ခာကိုချ၍ လူထွက်အံ့ဟု ကြိပါသည် ဘုရားဟု လျှောက်ထားလျက် အောက်ပါ မေးခွန်းတို့ကို လျှောက်ထား မေးမြန်းလေသည်။

လောကသည် မြဲပါသလော။
လောကသည် မမြဲပါသလော။
လောကသည် အဆုံး ရှိပါသလား။
လောကသည် အဆုံးမရှိ ဖြစ်ပါသလား။
လောကသည် အသက်ပါလား။
လောကသည် ကိုယ်ပင် ဖြစ်ပါသလား။
အသက်သည် တခြားပါလား။
ကိုယ်သည် တခြားပါလား။
သတ္တဝါ သေသည့်နောက်၌ ဖြစ်ပါသေးသလား။
သတ္တဝါ သေသည့်နောက်၌ မဖြစ်တော့ပါလား။
သတ္တဝါ သေသည့်နောက်၌ ဖြစ်လည်းဖြစ်၏ မဖြစ်လည်း မဖြစ်ပါလား။
သတ္တဝါ သေသည့်နောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ပါလား။

အရှင်ဘုရား ဤမေးခွန်းတို့ကို သိလျှင်ဖြစ်မူ သိ၏ဟူ၍ ၎င်း၊ မသိလျှင်လည်း မသိဟု ဖြောင့်မတ်စွာ ဖြေကြားတော်မူပါ အရှင်ဘုရား မဖြေကြားပါက "သိက္ခာ"ကို ချ၍ လူထွက်ပါတော့အံ့ ဘုရားဟု မေးလျှောက်လေသည်။

ထိုအခါ ရှင်တော်ဘုရားသည် သည်းခံတော် မူလျက် အို-ချစ်သား မာလုင်္ကျပုတ္တ အသို့နည်း၊ ငါဘုရားသည် သင်-ချစ်သားအား အို-မာလုင်္ကျပုတ္တ လာခဲ့လော၊ တရားကျင့်လှည့်လော့၊ ငါဘုရားသည် သင်-ချစ်သားအား လောကသည် မြဲ၏ ဟူ၍၎င်း၊ လောကသည် မမြဲဟူ၍၎င်း၊ အထက်ပါ ချစ်သား၏ မေးခွန်းများကို ဖြေဆိုတော်မူမည်ဟု ဆိုမိလေသလောဟု မေးတော်မူ၏။ အရှင်ဘုရား ထိုသို့ မဆိုပါဟူ၍ လျှောက်၏။

ထိုသို့ မဟုတ်ပါက သင်-ချစ်သားကပင် အရှင်ဘုရား လောကသည် မြဲ၏ ဟူ၍၎င်း၊ လောကသည် မမြဲဟူ၍၎င်း။ စသည်ဖြင့် တပည့်တော်၏ မေးလျှောက်ချက်များကို ဖြေဆိုပါက တပည့်တော်သည် အရှင်ဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်ပါအံ့ဟူ၍ ဆိုသလောဟု မေးတော်မူ၏။ အရှင်ဘုရား ထိုသို့လည်း မဆိုခဲ့ပါ ဘုရားဟု လျှောက်ထားလေ၏။

အို-ချစ်သား မာလုင်္ကျပုတ္တ ငါဘုရားသည်လည်း ထို အမေးများကို ဖြေဆိုမည်ဟူ၍ မပြောဆိုခဲ့ သင်-ချစ်သားကလည်း ထိုထိုသော အမေးများကို ဖြေဆိုပါမှ အရှင်ဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်မည် ဟူ၍လည်း မပြောဆိုခဲ့ပါတကား။

အို-ချစ်သား မာလုကျပုတ္တ ထိုအကြောင်းများသည် အကျိုးစီးပွားနှင့် မစပ် သာသနာတော်၏အတွက် အနည်းငယ်မျှလည်း အကျိုးသက်ဝင်သည် မဟုတ်။ ဝဋ်ဆင်းရဲကို ငြီးငွေ့ခြင်းငှာ မဖြစ်။ ရာဂ ကင်းခြင်းငှာ မဖြစ်- ရာဂ ချုပ်ခြင်းငှာ မဖြစ်။ သစ္စာလေးပါးကို သိခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန် အကျိုးငှာ မဖြစ်။ ထိုကြောင့် ငါဘုရားသည် မဖြေကြားခြင်း ဖြစ်၏။

ထို-မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သောယောက်ျား ငါဘုရားသည် အကျိုးနှင့် မစပ်သဖြင့် မဖြေကြားခြင်းကြောင့် တရားတော်ကို မကျင့် ဟူငြားအံ့ ထိုသူသည် အချည်းနှီးဖြစ်ခါ သေလေရာ၏။

အို-မာလုကျပုတ္တ ဥပမာအားဖြင့် ဆိုသော် အလွန်ပြင်းထန်သော အဆိပ် လူးကျံအပ်သော မျှားဖြင့် ယောက်ျားကိုပစ်ရာ၊ ထိုမျှားကို လျင်မြန်စွာမနုတ်မူ၍ ဤမျှားသည် မင်း ပစ်သောမျှားလော၊ သို့မဟုတ် ပုဏ္ဏား ပစ်သောမျှားလော၊သို့မဟုတ် သူဌေးပစ်သောမျှားလော၊သို့မဟုတ် တောသူတောင်သား ဆင်းရဲသားပစ်သော မျှားလော စသည်ဖြင့်အမျိုးမျိုးတို့ကို စုံစမ်းစစ်ဆေးခြင်း ပြုလုပ်သိရှိပြီးမှ ထိုအဆိပ် လူးသောမျှားကို နုတ်ပစ်မည် ဆိုပါက ထိုယောက်ျားသည် သေလေရာ၏။

အို-ချစ်သား မာလုကျပုတ္တ အသက်သည် တခြား ပါလား၊ ကိုယ်သည် တခြားပါလား၊ သတ္တဝါ သေ သည့်နောက်၌ ဖြစ်ပါသေးသလား စသည့် မိစ္ဆာဒိဋ္ဌိအယူ ရှိနေ

သေးသော် ငါဘုရား၏မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မဖြစ်နိုင်ရာ။

အို-ချစ်သား မာလုကျပုတ္တ ပဋိသန္ဓေ နေခြင်းသည် ရှိသည်သာတည်း။ အိုခြင်း, နာခြင်း, သေခြင်း, စိုးရိမ်ရခြင်း, ငိုကြွေးရခြင်း, ဒုက္ခဆင်းရဲ ဖြစ်ရခြင်း, နှလုံးမသာ ဖြစ်ရခြင်း၊ ပြင်းစွာပူပန်ရခြင်းတို့သည် ရှိကုန်၏။ အကြင်သူအား ငါဘုရားသည် မျက်မှောက်သော ဤကိုယ်၏ အဖြစ်၌ပင်လျှင် ကိလေသာကို ချိုးနှိမ်ဖျက်ဆီးရန် ပညတ်တော်မူ၏။

အို-ချစ်သား မာလုကျပုတ္တ အကျိုးစီးပွားနှင့် မစပ်သည်တို့ကို ငါဘုရား ဖြေကြား ဟောတော်မူခြင်းကို မပြု၊ ငါဘုရားသည် အဘယ်ကို ဖြေကြားဟောတော် မူခြင်းကို ပြုသနည်း ဟူမူကား....

ဤကား ဒုက္ခသစ္စာတည်း။

ဤကား ဒုက္ခ၏ အကြောင်းရင်း ဖြစ်သော သမုဒယသစ္စာတည်း။

ဤနိဗ္ဗာန်သည်ကား ဒုက္ခ၏ ချုပ်ငြိမ်းရာ နိရောဓ သစ္စာတည်း။

ဤမဂ္ဂင်ရှစ်ပါး တရားသည်ကား ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်မြတ် မဂ္ဂသစ္စာတည်း ဟူသည်ကို ဖြေကြားဟောတော်မူ၏ ဟူ၍ မိန့်တော်မူလေသည်။ (ဤကား လိုရင်းအကျဉ်းချုပ်မျှသာတည်း)။

ဤသည်တို့ဖြင့် စာမျက်နှာ ၇၆-တွင် ဖေါ်ပြခဲ့သည့် အတိုင်း မဂ္ဂင်ရှစ်ပါးကို တနည်းတမျိုး သိမှတ်အပ်သော အဓိသီလ, အဓိသမာဓိ, အဓိပညာ ကို သဘောပေါက်

စေရန် အနည်းငယ် ဖေါ်ပြပြီးပါသဖြင့် ဤတွင်ထိုအတွက် အဆုံးသတ်လိုက်ရ ပေတော့သတည်း။

## မဂ္ဂင်ရှစ်ပါးနှင့် သစ္စာလေးပါး

ထိုမှတဖန် ဤဂမ္ဘီရ ဝိပဿနာ ရှုဘွယ်ကျမ်း ဒုတိယတွဲ ပထမပိုင်းတွင်စ၍ ဖွင့်လှစ်ခဲ့သည်မှာမဂ္ဂင်ရှစ်ပါးနှင့် သစ္စာလေးပါး တရားတော်တို့ဖြင့် ဖွင့်လှစ်ခဲ့၏။ထိုကြောင့်ဤတွင် မဂ္ဂင်ရှစ်ပါး သစ္စာလေးပါး တရားတော်တို့ဖြင့် ဝိတ်တော့မည်ဖြစ်ရာ ထိုတရားတော်မြတ် နှစ်ပါး၌ ညီမျှသော အတိုးအနဲ့ တန်ဘိုးရှိပုံကို ဖေါ်ပြလိုပေသေး၏။

ရှင်တော်ဘုရားသည် မဂ္ဂင်ရှစ်ပါး တရားတော်ကို ဟောတော်မူလျှင်သစ္စာလေးပါးကိုပင် ပြတော်မူ၏။တဖန် သစ္စာလေးပါး တရားတော်ကို ဟောတော်မူလျှင် ထိုထူးခြားသော မဂ္ဂင်ရှစ်ပါးကိုပင် ပြတော်မူ၏။

**ပြတော်မူဟန်ကား။** ။မဂ္ဂင်ရှစ်ပါး ဟောတော် မူရာ၌ သမ္မာဒိဋ္ဌိဆိုသည် အဘယ်နည်းဆိုလျှင် စာမျက်နှာ၄ဂ-တွင် ဖေါ်ပြထားသည့် အတိုင်း သစ္စာလေးပါးကို ဟောတော်မူ၏။ ။တဖန် သစ္စာလေးပါးကို ဟောတော်မူသောအခါ စာမျက်နှာ ၄၂-တွင် ဖေါ်ပြထားသည့် အတိုင်း မဂ္ဂင်ရှစ်ပါး တရားတော်ကို ဟောတော်မူ၏။

ထိုကြောင့် မဂ္ဂင်ရှစ်ပါးနှင့် သစ္စာလေးပါးတရားတော်တို့မှာ တရားတပါးကို ဟောတော်မူလျှင် ကျန်တပါးကို ဖေါ်ပြဟောတော်မူသည် ဖြစ်ရကား ထိုတရား နှစ်ပါးမှာ ညီမျှသော အတိုးအနဲ့ ရှိသည်ကို သိသာနိုင်ကြလေပြီ။

ထိုပြင်တရပ် စာမျက်နှာ ၇၇-တွင် ဖေါ်ပြခဲ့သည့်အတိုင်း မဂ္ဂင်ရှစ်ပါးဆိုလျှင် အဓိသီလ, အဓိသမာဓိ, အဓိပညာ ဤအဓိသိက္ခာ သုံးပါးပင် ဖြစ်ပြန်ရကား မဂ္ဂင်ရှစ်ပါး သစ္စာလေးပါး အဓိသိက္ခာသုံးပါးတို့သည် အဘိုးအနန္တ တန်ဘိုးညီမျှစွာ ရှိကြောင်း ထင်ရှားပြန်တော့၏။ (အဓိသမာဓိနှင့် အဓိစိတ္တမှာ အတူတူပင်)။

## ပဋိစ္စသမုပ္ပါဒ်

ထိုမှတပါး မဂ္ဂင်ရှစ်ပါးနှင့် ဆက်စပ်လျက် ရှိပြီးလျှင် ဗုဒ္ဓဘာသာဝင်တိုင်း သိရမည် ဖြစ်သော တရားတော်ကြီး တရပ်မှာကား ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးပင် ဖြစ်လေသည်။ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးသည် မဂ္ဂင်ရှစ်ပါး တရားတော်နှင့် မည်သို့မည်ပုံ ဆက်စပ်လျက် ရှိပါသနည်း ဟူမူ ပဋိစ္စသမုပ္ပါဒ် တရားတော်သည် အဘယ်နည်း ဆိုသော်....

အဝိဇ္ဇာပစ္စယာ သင်္ခါရာ
သင်္ခါရာ ပစ္စယာ ဝိညာဏံ
ဝိညာဏာ ပစ္စယာ နာမရူပံ-

စသည်ဖြင့် လာရှိ၏။ ထိုတွင် "အဝိဇ္ဇာ" ဟူသည် အဘယ်နည်းဆိုသော် နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် ဗုဒ္ဓဝဂ် ၌ရင်း မဟာဝဂ္ဂ သံယုတ်ပါဠိတော် သစ္စသံယုတ် အဝိဇ္ဇာ သုတ်၌ရင်း ထိုထိုသော ပါဠိတော်တို့၌ လာရှိသည်မှာ....

ကတမာ စ ဘိက္ခဝေ အဝိဇ္ဇာ၊
ယံ ခေါ ဘိက္ခဝေ ဒုက္ခေ အညာဏံ၊
ဒုက္ခသမုဒယေ အညာဏံ၊

ဒုက္ခနိရောဓေ အညာဏံ၊
ဒုက္ခနိရောဓ ဂါမိနိယာ-
ပဋိပဒါယ အညာဏံ၊
အယံ ဝုစ္စတိ ဘိက္ခဝေ အဝိဇ္ဇာ။

**အာသာပြန်။** ။ဒို-ရဟန်းတို့ အဝိဇ္ဇာဟူသည် အဘယ်နည်း ဟူမူကား....

ဒို-ရဟန်းတို့ ဒုက္ခသစ္စာ၌ အကြင်မသိခြင်းသည်ရင်း။
ဒုက္ခ၏ အကြောင်း သမုဒယသစ္စာ၌မသိခြင်းသည်ရင်း။
ဒုက္ခ၏ ချုပ်ငြိမ်းရာ နိရောဓသစ္စာ၌ မသိခြင်းသည်ရင်း။
ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာ၌ မသိခြင်းသည်ရင်း ရှိ၏။ ထိုပြအပ်ပြီးသည်ကို အဝိဇ္ဇာဟူ၍ ခေါ်ဆိုအပ်၏။ ထိုတွင် မဟာဝဂ္ဂသံယုတ်၌ ဆက်လက်လာရှိသည်မှာ....

ကတမာ စ ခေါ ဘန္တေ ဝိဇ္ဇာ
ကိတ္တာဝတာ စ ဝိဇ္ဇာဂတော
ဟောတီတိ။

**အာသာပြန်။** ။အရှင်ဘုရား "ဝိဇ္ဇာ" ဟူသည် အဘယ်ပါနည်းဘုရား အဘယ်မျှသော အချင်း အရာ အား ဖြင့် "ဝိဇ္ဇာ" နှင့် ပြည့်စုံသည် ဖြစ် ပါ သ နည်း ဘု ရား ဟု လျှောက်၏။

ယံ ခေါ ဘိက္ခု၊ ဒုက္ခေ ဉာဏံ၊
ဒုက္ခသမုဒယေ ဉာဏံ၊
ဒုက္ခနိရောဓေ ဉာဏံ၊
ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါယဉာဏံ၊

အယံ ဝုစ္စတိ ဘိက္ခု ဝိဇ္ဇာ၊
ဧတ္တာဝတာစ ဝိဇ္ဇာဂတော ဟောတီတိ။

ဤပါဠိတော်၏ အနက်အဓိပ္ပါယ်မှာ စာမျက်နှာ ၄၈-၌ သမ္မာဒိဋ္ဌိကို ဖေါ်ပြရာ ပါဠိတော်နှင့် သဘောတူပင် ဖြစ်လေသည်။

ထိုကြောင့် ပဋ္ဌာန်းသမုဒ္ဒရာ တရားတော်၏ ဓမ္မသဘာဝ အချင်းအရာ အနက်အဓိပ္ပါယ်ကို မသိခြင်းသည်"အဝိဇ္ဇာ" ဖြစ်၍ ဥာဏ်မျက်စိဖြင့် သိမြင်ခြင်းသည် "ဝိဇ္ဇာ" ဖြစ်တော့၏။ တဖန် "ဝိဇ္ဇာ" ဥာဏ်နှင့် "သ မ္မာ ဒိ ဋ္ဌိ" မှာ အနက်အဓိပ္ပါယ် ဓမ္မသဘာဝအတူပင် ဖြစ်ရကား ပဋ္ဌာန်းသမုဒ္ဒရာ တရားတော်ကို ကျနစွာ ဥာဏ်မျက်စိ ပေါက်ပါက မဂ္ဂင် ရှစ်ပါး (ဝါ)သစ္စာလေးပါး(ဝါ)အဓိသိက္ခာ သုံးပါးတို့နှင့် ညီမျှသော အနက်အဓိပ္ပါယ် ရှိသည်ကို သိအပ်လေသည်။

ပဋ္ဌာန်းသမုဒ္ဒရာ တရားတော်သည် ခက် ခဲ နက် နဲ ၏။ ထိုကြောင့် ပဋ္ဌာန်းသမုဒ္ဒရာ တရားတော်ကို လူအများနားထည် နိုင်စေရန် ရှင်းလင်း ရေးသားအံ့ဟု လုံ့လပြုသော အဋ္ဌကထာ ဆရာအရှင်မြတ်သည် ဝိသုဒ္ဓိမဂ် ပညာဘူမိ နိဒ္ဒေသ ပိုင်း၌......

ယခုအခါ ပဋ္ဌာန်းသမုဒ္ဒရာကို ဖွင့်လိုသောအဋ္ဌကထာ ဖြစ်သော ငါသည် သမုဒ္ဒရာသို့ သက်ဆင်း ကူးသွားသော ယောက်ျားသည် ထောက်ရာ တည်ရာကို မရနိုင် သကဲ့သို့ ထောက်တည်ရာကို မရနိုင်။ ယက်ဝစ်သော် လည်း မကူးခြားနိုင်ဟု မိန့်ဆိုတော်မူ၏။

ထိုမျှမက ရှင်တော်ဘုရားသည် သုတ် မဟာဝါ ပါဠိ တော် မဟာနိဒါနသုတ်၌၎င်း၊နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် ရုက္ခဝဂ် အာနန္ဒသုတ္တေရ ဥပါဒါနိယသုတ်၌၎င်း....

ဂမ္ဘီရော စာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ
ဂမ္ဘီရာဝ ဘာသောစ။

ဟူ၍ ဟောတော်မူ၏။

အဓိပ္ပါယ်သော်ကား- အို-ချစ်သား အာနန္ဒာ ဤပဋိစ္စ သမုပ္ပါဒ် တရားတော်သည် ခက်ခဲ နက်နဲသော အရောင် လည်းရှိ၍ ခက်ခဲနက်နဲသည်လည်း ဖြစ်၏ဟူ၍ ဟောတော် မူ၏။

ထိုကြောင့် ပဋိစ္စသမုပ္ပါဒ်တရား ပဋိစ္စသမုပ္ပန္န တရား တော်မြတ်တို့ကို သဘောပေါက်ခါ ပညာ မျက်စိဖြင့် ထိ ရောက်ခဲ့လျှင် မူလပဏ္ဏာသ ပါဠိတော် သဗ္ဗာသဝ သုတ်၌ ၎င်း။ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် အာ ဟာ ရ ဝဂ် ပဋိစ္စ သမုပ္ပါဒ် ပဋိစ္စသမုပ္ပန္နသုတ်၌၎င်း။ သုတ္တန်နည်းဖြင့် ဟော တော်မူသော ယုံ မှားခြင်း ၁၆-ချက် (တ နည်း ကား) အဘိဓမ္မာ နည်းအားဖြင့် ဓမ္မသင်္ဂဏီ ပါဠိတော် နိက္ခေပ ကဏ္ဍတိက၌ လာရှိသော ယုံမှားခြင်း ရှစ်ပါးတို့သည် အလုံးစုံ ကင်းစင် ပပျောက်သွားပေတော့၏။

တနည်းဆိုသော် ယောကျာ်း, မိန်းမ, လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူသော သမ္မုတိ သစ္စာနယ်မှ ကင်းလွတ်လျက် ပရမတ္ထ ဓမ္မသဘော သဘာဝ ဖြစ်ပျက် နေခြင်းကို ပညာ မျက်စိတွင် သင်ရှားစွာ ပေါ်လာပေတော့၏။ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့မှ ကင်းစင်လာ၏။ အတ္တ, မဟုတ် အနတ္တ

မေ့သဘာဝသည် ထင်ရှားစွာ ပေါ်ထွက်လာပေတော့၏။ ထိုမျှ ခက်ခဲနက်နဲသော တရားသဘော သ ဘာ ဝ သည် အဘယ်လျှင် ဘာသာခြား လူမျိုးခြားများ၏ ဉာဏ်တွင်းသို့ သက်ရောက်နိုင်ပါအံ့နည်း။

## မဂ္ဂင်ရှစ်ပါး အဆင့်အတန်း

ထိုမှတဖန် သိအပ်ပြန်သည်မှာ မဂ္ဂင်ရှစ်ပါးမှစ၍ တရားတော်တို့၌ အဆင့်အတန်း သုံး ဆင့် ရှိ ကြောင်း ကိုလည်း တနည်းတဖုံ တဆင့်တက်ခါ ကောင်းစွာ သိအပ် ပြန် လေသည်။

ပဌမအဆင့်၌ တရားတော်တို့ကို မိမိကိုယ်တိုင် နာကြားသင်အံ လေ့ကျက်ခြင်းကို ပြုရ၏၊ ဤသည်ကား ပရိယတ္တိ သာသနာကြီးကို ကိုယ်တိုင်အားပေး ချီးမြှင့်ခြင်းပေတည်း၊ ရှင်တော်ဘုရား အလိုရှိတော်မူသော အလုပ်စခန်းသို့ကား မရောက်သေးချေ။

အလုပ်စခန်း ဆိုသည်မှာ သီလ,သမာဓိ,ပညာပင်ဖြစ်၏ (ဝါ)ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ခြင်း ဖြစ်၏။ ယင်းသို့ ပရိယတ္တိ အဆင့်အတန်းမှ တ ဆင့် တက် ခါ ပဋိပတ္တိနယ် (ဝါ)ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ခြင်းသည် ဒုတိယအဆင့်ဟူ၍ သိအပ်၏။ ရှင်တော်ဘုရားသည် ပရိယတ္တိစခန်းတွင် ရပ် တန့် မ နေဘဲ ပဋိပတ္တိစခန်းသို့ တက်ရောက် ကြိုးစားခြင်းကို များစွာ လိုလားနှစ်သက်တော်မူကြောင်းကို ထိုထိုသော ပါဠိတော်များ၌ များစွာ လာရှိလေသည်။

ထိုအထဲမှ အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် ယောဓာဇီဝဝဂ်၌ ရှင်တော်ဘုရားသည် ရှည်လျားစွာ ဟောတော်မူခဲ့၏။ ထိုပါဠိတော်မှ လိုရင်းအချက်ကို အတိုချုပ်ဖော်ပြရသော်....

၁။ ပရိယတ္တိ စာပေကျမ်းဂန်ကို သင်အံ လေ့ကျက်နေသောပုဂ္ဂိုလ်ကို "ပရိယတ္တိ ဗဟုလော နော ဓမ္မဝိဟာရီ" =ပရိယတ္တိပုဂ္ဂိုလ်ဟု ခေါ်ဆို၏၊ တရားနှင့်နေသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရားမခေါ်ဆို။

၂။ မိမိရရှိအပ်သော တရားတို့ကို ဟောပြောနေသော ပုဂ္ဂိုလ်ကို "ပညတ္တိ ဗဟုလော နော ဓမ္မဝိဟာရီ" =တရားဟောပြောသော ပုဂ္ဂိုလ်ဟု ခေါ်ဆို၏။ တရားနှင့်နေသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား မခေါ်ဆို။

၃။ စာပေကျမ်းဂန်ကို ရွတ်ဖတ်သရဇ္ဈာယ် နေသော ပုဂ္ဂိုလ်ကို "သဇ္ဈာယ ဗဟုလော နော ဓမ္မဝိဟာရီ" =ရွတ်ဖတ် သရဇ္ဈာယ်သော ပုဂ္ဂိုလ်ဟု ခေါ်ဆို၏။ တရားနှင့်နေသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား မခေါ်ဆို။

၄။ စာပေကျမ်းဂန်တို့ကို သင်ကြားလေ့ထ၍ကြံစည်ဝေဖန်နေသော ပုဂ္ဂိုလ်ကို "ဝိတက္က ဗဟုလော နော ဓမ္မဝိဟာရီ"=ကြံစည် ဝေဖန်သော ပုဂ္ဂိုလ်ဟုခေါ်ဆို၏၊တရားနှင့်နေသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရားမခေါ်ဆို။

၅။ စာပေ ကျမ်းဂန်တို့ကို လိုက်စား၍ ဘာဝနာမြတ်တရား ပွားများအားထုတ်နေသော ပုဂ္ဂိုလ် ကို သာ လျှင် "ဓမ္မဝိဟာရီ" =တရားနှင့်နေသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ခေါ်ဆိုတော် မူ၏ဟု ဟောတော်မူ၏။

ဤတွင် ပဌမလေးချက်သည် မကောင်းမဟုတ် ကောင်းသည်ချည်း ပင်တည်း၊ ထိုရာတွင် ကောင်းသည့် သာ၍ကောင်းသည့် အကောင်းဆုံး ဆိုသိသကဲ့သို့ အကောင်းဆုံး အမြတ်ဆုံးဖြစ်သော မဂ်,ဖိုလ်, နိဗ္ဗာန် ရရှိရေး ဖြစ်သော ဝိပဿနာဘာဝနာကို ပွားများစေလို၍ "ဓမ္မဝိဟာရီ" ပုဂ္ဂိုလ်ဖြစ်စေလို၍ ရှင်တော်ဘုရား ယင်းသို့ မိန့်ဆိုတော်မူခြင်း ဖြစ်သလေသည်။

ထို့ကြောင့် မိမိတို့လက်ရှိ အခြေအနေတွင် ရပ်တန့်နေတော်မမူကြဘဲ ရှင်တော်ဘုရား အလိုရှိအပ်ဆုံးဖြစ်သော ဒုတိယ ပဋိပတ္တိ ဝိပဿနာ ဘာဝနာ အဆင့်အတန်းသို့ တက်ရောက်ကြိုးစားတော်မူကြရန် အထူး တိုက်တွန်းပါ၏။

ထိုမှတဖန် တတိယအဆင့်သို့ တက်ရန်ကား- မိမိတို့ ရရှိထားသော တရားတော်၏ အရသာကို အခြား အခြားသော ဝေနေယျ သတ္တဝါအပေါင်းတို့အား ပေးဝေလှူဒါန်းခြင်းသည် အလွန် အကျိုးကျေးဇူးများကြောင်းကို သိတော်မူသော ရှင်တော်ဘုရားသည် "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟူ၍ ဟောတော်မူခဲ့လေသည်။

ဆွေမျိုးများသာမက ကမ္ဘာသို့ပင်

မဟာဝဂ္ဂ သံယုတ်ပါဠိတော်,သစ္စသံယုတ်, ကောဋိဂါမဝဂ်,မိတ္တသုတ်၌ မိမိရရှိထားသောတရားတော်၏ အရသာကို မိမိ တဦးတည်းထံတွင် ရပ်တန့်မနေစေဘဲ မိမိ၏ အိမ်သား မိတ်, ဆွေမျိုး, သူငယ်ချင်း အပေါင်းအပေါ်စသည်တို့ကို ဟောပြောပြသ ပေးစေရန် တထက်ပါ အတိုင်း ဟောတော်မူခဲ့လေသည်။

ယေ ဟိ ကေစိ ဘိက္ခဝေ အနု-
ကမ္ပေယျာထ ယေစ သောတဗ္ဗံ
မညေယျုံ မိတ္တာဝါ အမစ္စာဝါ
ဉာတိဝါ သာလောဟိတာဝါ××။

စသည်ဖြင့် ဟောတော်မူခဲ့၏။

ပါဠိတော်၏ အဓိပ္ပါယ်သော်ကား- ရဟန်းတို့ အချို့ကုန်သော အဆွေခင်ပွန်းအားငှင်း၊ အိမ်သားတစုတို့အားငှင်း၊ မိဘက်, ဖဘက်မှ ဆင်းသက်ကုန်သော ဆွေမျိုးတို့အားငှင်း၊ သွေးစပ်သော သားချင်းတို့အားငှင်း၊ အစဉ်သနားသဖြင့် စောင့်ရှောက်ကုန်ရာ၏။ အကြင် သူတို့သည်လည်း နာယူအပ်၏ဟု အောက်မေ့ကုန်ငြားအံ့။ အို-ရဟန်းတို့ ထိုသူတို့အား သင်တို့သည် သစ္စာလေးပါး (ဝါ) မဂ္ဂင်ရှစ်ပါး(ဝါ) ဝိပဿနာ ဘာဝနာ ပွားများနည်းတို့ကို ပေးဝေပွားများ ဆောက်တည်စေအပ်ကုန်၏ ဟူ၍ ဟောတော်မူခဲ့လေသည်။

ထိုကြောင့် ပဌမ အဆင့်တွင် မိမိကိုယ်တိုင် တရားတော်တို့ကို သိအောင် ကြိုးစားခြင်း။ ထိုနောက် မိမိကိုယ်တိုင် ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ခြင်း။ ထိုနောက် မိမိသိရှိထားသော တရားတော်တို့ကို မိဘတို့အားငှင်း၊ မိမိအိမ်သား တစုတို့အားငှင်း၊ မိတ်ဆွေခင်ပွန်းတို့မှ စ၍ ဝေနေယျ သတ္တဝါ အပေါင်းတို့အား အစဉ် သနားသောအားဖြင့် အလွန် မွန်မြတ်လှသော တရား အလှူတော်ကြီးကို မိမိကိုယ်တိုင် ဟောပြောပြသ ပေးဝေလှူဒါန်းခြင်း။ စာအုပ်စာတမ်း ရိုက်နှိပ်၍ ပေးဝေ လှူဒါန်းခြင်းများကို ပြုသင့်

လှပေသည်။ ကျယ်ပြန့်စွာ ပြုနိုင်လေလေ အကျိုးကျေးဇူး များလေ သာသနာတော်မြတ်ကြီး အခွန့်ရှည်လေလေပင်။

မိမိကိုယ်တိုင် ဟောပြော ပြသရေးသားခြင်းငှာ မတတ်စွမ်းနိုင်ပါမူ တတ်စွမ်းနိုင်သော ပုဂ္ဂိုလ်တို့အား မိမိတို့ စွမ်းဆောင်နိုင်သည့်ဘက်မှ ကူညီအားပေးခြင်းသည်လည်း "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ပင် ဖြစ်ပေတော့၏။ ယင်းသို့ မွန်မြတ် ကြီးမားလှသော တရားအလှူတော်ကြီးကို ကူညီထောက်ပံ့ရခြင်းမှာ ကြီးမားလှသော အလှူတော်ကြီးကို ပြုခြင်းပင် ဖြစ်ရကား ပြန်လည် ရရှိမည့် အကျိုးကျေးဇူးမှာ လည်း ကြီးမားလှသည်ကို အထူး သတိပြုတော် မူကြကုန်ရာ၏။

## ကျောင်းသုံးနှင့် စူဠသောတာပန်

ဤကျမ်းကို နိဂုံးမချုပ်မီ လိုရင်းကို ဖေါ်ထုတ်ရသော် မိမိကိုယ်ဘိုင်လည်း ဒါန, သီလ, သမထတွင် ရပ်တန့်မနေမူ၍ ဝိပဿနာ ဘာဝနာအထိ တိုးတက် ကြိုးစားတော်မူကြပါ။

ဝိပဿနာ ဘာဝနာကို အားထုတ်ဆဲ ပုဂ္ဂိုလ်များက လည်း ပထဝီ အစရှိသော ဝိဇ္ဇာမာနပညတ်ကို ကျော်လွန်လျက် ပရမတ္ထ, အနတ္တ ဓမ္မ,သဘာဝဖြစ်သော အသီးသီး ရရှိအပ်သော ပစ္စတ္တ လက္ခဏာတို့ကိုပညာမျက်စိဖြင့်ရှုလျက် ဝိပဿနာ ဘာဝနာကို နှေးရော ညဥ့်ပါ အခါမပြတ် ဘာဝိတာ, ဗဟုလီကတာ, ပြုလုပ် ပွားများ နေတော်မူကြပါ။

မဟာဝိဇ္ဇာ ၉။

ယင်းသို့ ကြိုးစား ပွားများအားထုတ်နေပါက စာမျက်နှာ ၁၀၉-၌ဖော်ပြခဲ့သည့်အတိုင်း သစ်တုံးကြီးသည်သမုဒ္ဒရာတွင်းသို့ သက်ဝင် ရောက်ရှိရမည့် နည်းတူစွာ ကြိုးစားနေသော မိမိသည်လည်း နိဗ္ဗာန်သို့ သက်ဝင်ရောက်ရှိရမည်မှာ စင်စစ် ဧကန် မုချပင် ဖြစ်ပေတော့၏။

ထိုမှ တဆင့်တက်ခါ မြန်မာနိုင်ငံတော်တွင် ဒါနသာသနာ, သီလသာသနာ၌သာ ရပ်တန့် မနေစေဘဲ ဝိပဿနာ သာသနာအထိ ယခုလက်ရှိ အခြေအနေထက် တိုးတက် ကြိုးစားတော် မူကြပါ။ ထိုအတွက် ကူညီရမည်ဆိုပါကသည်း လက်မနှေးဘဲ မိမိတို့ ကူညီနိုင်သည့် ဘက်က နေ၍ တတ်အားရှိသမျှ အစွမ်းကုန် ကူညီအားပေးတော် မူကြပါကုန်။

ကျောင်းများတွင်လည်း မူလပဏ္ဏာသ ပါဠိတော် ရထဝိနီတသုတ်၌ လာရှိသော ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ရာ၏ အစဖြစ်သော ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ထိုသုံးပါးကို သင်ကြားပေးပါက ဒါန, သီလ, သမထဘာဝနာတို့ထက် မြတ်သော ဒါန, သီလ, သမထဘာဝနာတို့ထက် ရှင်တော်ဘုရားပို၍ အလိုရှိတော်မူသော ဝိပဿနာ ဘာဝနာ ပွားနည်းလုပ်ငန်းကြီးကို ကျောင်းသားတိုင်း ကျောင်းသားတိုင်း သိရှိသွားကြရခြင်းတို့ကြောင့် ထိုပြုမူ ဆောင်ရွက်ချက်ကို ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး၏ အဓွန့်ရှည်ရေးတွင် ရှေ့ပြေး နိမိတ်ကြီးတရပ်ဟု ခေါ်ဆိုအပ်လေသည်။

ထိုအတွက် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာရှိသော ဒိဋ္ဌိ ဝိသုဒ္ဓိအခန်း, ကင်္ခါဝိတရဏဝိသုဒ္ဓိအခန်း, မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ အခန်းတို့၌ လာရှိသည့်တို့ကို မှီငြမ်းပြုလျက် လက်သန်းအဋ္ဌကထာမှ လာရှိသော စိတ်ပိုင်း, စေတသိက် ပိုင်း, ရုပ်ပိုင်း စသည်တို့၌ လာရှိသည့်တို့နှင့် တကွ ပဋိသမ္ဘိ ဒါမဂ်၌ လာရှိသော ဓမ္မဋ္ဌိတိဉာဏ်, သမ္မသနဉာဏ်, ဥဒ ယဗ္ဗယဉာဏ် စသည်တို့နှင့် ပေါင်းစပ်ခါ ကျောင်းသုံး စာအုပ်တအုပ်ကိုလည်း အမြန်ဆုံး ပြုပြင် စီရင်အပ်လေ သည်။

မူလပဏ္ဏာသ ပါဠိတော် ရထဝိနီတ သုတ်၌ လာရှိသော ဒိဋ္ဌိ ဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ သုံးပါးကို မူတည်ခြင်း အကြောင်းရင်းမှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ အခန်းဆုံး၌-

> ဣမိနာ ပန ဉာဏေန သမန္နာဂတော
> ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော
> လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠ-
> သောတာပန္နော နာမ ဟောတိ။

ဟူ၍ လာရှိလေသည်။

အဓိပ္ပါယ်သော်ကား- ဤသို့ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်နှင့် ပြည့်စုံသော ဝိပဿနာ ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်သော ပုဂ္ဂိုလ်သည် ရှင်တော်ဘုရား သာသနာတော်၌ သက်သာရာ ရရှိသော ထောက်တည်ရာ ရရှိသော မြဲသော သုဂတိရှိသော ပုဂ္ဂိုလ်ဖြစ်၍ ''စူဠ သောတာပန်'' မည်၏ဟူ၍ လာရှိလေသည်။

ထိုကြောင့် မဂ္ဂါမဂ္ဂဉာဏ, ဒဿနဝိသုဒ္ဓိ အထိ ဤသုံးခဏ်းကို သင်ကြားပေးလိုက်ရပါက ကျောင်းမှ ထွက်သောအခါ အကျင့်သီလ ကောင်းခြင်း၊ သူတော်ကောင်း ဥစ္စာ ၇-ပါးကို ရှာဖွေရာ၌ လွယ်ကူခြင်း၊ အတုအပ မိစ္ဆာဝါဒများ မဝင်မရောက်နိုင်သည်သာမက မိမိကပင် တပါးသူအား သင်ကြားပြသ ပေးနိုင်သော အခြေအနေသို့ ရရှိရောက် ရှိသွားရလေပြီ၊ သေခါနီး၌ လည်း "စူဠသောတာပန်" ဖြစ်နိုင်ပုံကို စာမျက်နှာ ၆၄-၌ ဖေါ်ပြခဲ့လေပြီ။

ထို ကျောင်းသုံးစာအုပ်မှာ ပါဠိတော် အဋ္ဌကထာတို့၌ လာရှိသကဲ့သို့ မခက်ခဲစေရဘဲ ဗုဒ္ဓဝါဒ၏ အဆီအနှစ် ဖြစ်သော ဝိပဿနာ ဘာဝနာ ပွားများနည်း အစစ် အမှန်ကို အလွယ်ဆုံးနည်းဖြင့် ကျောင်းသူ ကျောင်းသား များတို့ သဘောပေါက်နိုင် ကြစေရန် အကောင်းဆုံး စာရွက်ကို အင်္ဂလိပ်ကျမ်းစာ (ဘိုင်ဘဲလ်)ကဲ့သို့ အပေါဆုံးဈေးဖြင့် ရောင်းချရန် ဖြစ်လေသည်။

ထိုကျမ်းကို ပြုစုရာ၌ ပရိယတ္တိ နိုင်နင်းသူ သုံးပုံတပုံ စာပေကျမ်းဂန် တတ်စွမ်း၍ ဝိပဿနာဘာဝနာကို ကြိုးစားအားထုတ်သူ သုံးပုံတပုံ ပညာရေးဌာနမှ ကျောင်းဆရာပညာကို ရရှိပြီးလျှင် ဗုဒ္ဓဝါဒ၌ သက်ဝင် လိုက်စားသူ သုံးပုံတပုံ ဤသို့လျှင် အချိုးကျပါဝင်သော အဖွဲ့တဖွဲ့ကို ဖွဲ့စည်းစေလျက် ထိုကျောင်းသုံးကျမ်းကို ပြုစုအပ်လေသည်။

ထိုကျောင်းသုံး စာအုပ်ကိုလည်း တတန်းတည်းထွင် သုံးပိုင်းကို အကုန်မသင်စေဘဲ သင့်လျော်သော အတန်းမှ

စ၍ တတန်းလျှင် တပိုင်းကျစီ သင်ကြား ပြသ ပေးသင့်သေ
သည်။

## ဗုဒ္ဓဝါဒကို ကမ္ဘာ့ဝါဒ ဖြစ်စေရန်

ဤကား ပြည်တွင်း သာသနာ အဓွန့်ရှည်မှုဖြစ်၍ ပြည်ပ
တွင်လည်း သီရိဓမ္မာသောက မင်းကြီးသည် အတိုင်းတိုင်း
အပြည်ပြည်သို့ သာသနာ အဓွန့်ရှည်ရေးအတွက် သာ
သနာပြုများ လွှတ်ခဲ့ဘိသကဲ့သို့ မြန်မာ နိုင်ငံတော် မှလည်း
ဗုဒ္ဓဘာသာ သာသနာတော် မြတ်ကြီးကို ကမ္ဘာ့ဘာသာ
သာသနာတော် မြတ်ကြီးဖြစ်ရန် အထူး ကြိုး စား တော်
မူသင့်လေပြီ။

ယင်းသို့ နိုင်ငံခြားတွင် သာသနာပြုခြင်းသည် ကြီးကျယ်
လှသော "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟူသော အလှူတော်
ကြီးကို မိမိကိုယ်တိုင် ပြုသည်သာမက ရှင်တော် ဘုရားအား
လည်း ကျေးဇူးဆပ်သည် မည်ပေတော့၏။

ဤမျှဖြင့် မဂ္ဂင်ရှစ်ပါး, သစ္စာလေးပါး, သိက္ခာသုံးပါး,
ပဋိစ္စ သမုပ္ပါဒ် တရားထူး တရားမြတ်တို့ကို နံဂုံးချုပ်လျက်
စာမျက်နှာ ၁၀၆-၌ ကတိထားခဲ့သည့်အတိုင်း" အာနာ
ပါန" သမထ ဘာဝနာ ပွားများနည်းတို့ကို ဆက်လက်
ရေးသားပေဦးအံ့။

# အာနာပါန

မည်သူမဆို လောကီရေးတွင်သော်၎င်း လောကုတ္တရာရေးတွင်သော်၎င်း၊ အလုပ် လုပ်ကြရာတွင် မိမိ၏ ရည်ရွယ်ချက် အောင်မြင်ရန်မှာ ရှေးဦးစွာ မိမိအလိုရှိအပ်သော တခုတည်းဖြစ်သော ရည်ရွယ်ချက် ပန်းတိုင်ကို ပေါ်လွင်ထင်ရှားစွာ ပိုင်းဖြတ် သိရှိထားရပေမည်။

**"ကကြီး"မှ သည် "အ"အထိ ကျေပြွန်စွာ နားလည်ထားရပေမည်**

မိမိ လုပ်ကိုင် ဆောင်ရွက်မည်ဖြစ်သော ကိစ္စနှင့် ပတ်သက်သော ဗဟုသုတ အဖြာဖြာကို "ကကြီး"မှသည်"အ" အထိ ရှာဖွေ စုဆောင်းရပေမည်၊ အစွမ်းကုန် မရမရှိ မသိနိုင်သည့်တိုင်အောင် မိမိလုပ်ငန်းနှင့် ပတ်သက်သော ပညာဗဟုသုတ ဟူသမျှကို ရနိုင်သမျှ ရရှိအောင် ရှာဖွေ ဆည်းပူးရပေမည်၊ များပြားစွာ ရရှိနိုင်လေလေ အောင်မြင်မှုနှင့် နီးကပ်လေလေ ဖြစ်၏။ ထိုကြောင့် တမဂ်, တဖိုလ်ကို အလိုရှိ၍ ကြိုးစားတော်မူကြကုန်သော ပုဂ္ဂိုလ် အသီးသီးတို့သည် ထိုအတိုင်းပင် ဖြစ်လေတော့၏။

ဘုရား, တရား, သံဃာ, ရတနာမြတ်သုံးပါးကို သက်ဝင် ယုံကြည်အားထားလျက် ဗုဒ္ဓဘာသာဝင် ဖြစ်ကြကုန်သော ရဟန်း, ရှင်လူ အပေါင်းတို့၏ လုပ်ငန်းကြီးမှာ တ-မဂ် တ-ဖိုလ် ရရှိရေး (၀၁)ဆင်းရဲဟုခေါ်သော ဒုက္ခအပေါင်းတို့မှ လွတ်ကင်းသော နိဗ္ဗာန်ချမ်းသာသို့ ရောက်

ရှိရေးသည် အဓိက လွန်ကဲသော ရည်ရွယ်ချက် ပန်းတိုင်ကြီး ဖြစ်လေသည်။

မိမိ သိသည် ဖြစ်စေ၊ မသိသေးသည် ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင် တဦးဖြစ်ရခြင်းမှာ မဂ်, ဖိုလ်, နိဗ္ဗာန်,ကို ရရှိရေး, ရောက်ရှိရေးအတွက် ဗုဒ္ဓဘာသာဝင် ဖြစ်ကြရခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း ဤရည်ရွယ်ချက် ပန်းတိုင်ကြီးသို့ ရောက်ရှိအောင် ကြိုးစားကြရမည်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်သော ငါ၏ တခုတည်းသော ပဓာန ရည်ရွယ်ချက် ပန်းတိုင်ကြီး ဖြစ်ကြောင်းကို ပေါ်လွင် ထင်ရှားစွာ သိမှတ် ထားရပေမည်။

### ဗုဒ္ဓဘာသာဝင် တဦး၏ ရည်ရွယ်ချက် ပန်းတိုင်သည် အဘယ်နည်း

မည်သူမဆို မိမိ လုပ်ငန်းကိစ္စ အောင်မြင်မှုကို အလိုရှိပါလျှင် မိမိလုပ်ကိုင် နေခြင်း၏ ရည်ရွယ်ချက်ကို သတိမမေ့ရ။ ဥပမာ ဆိုသော် ငါသည် ဤ ကျမ်း စာ ကို ဖတ် ၏၊ ဘာကြောင့် ဖတ်သနည်း။ ဗုဒ္ဓဘာသာဝင်ဟု အမည်ခံသူတိုင်း၏ ရည်ရွယ်ချက် ဖြစ်သော တ-မဂ် တ-ဖိုလ် (ဝါ) ဆင်းရဲဒုက္ခ ကင်းငြိမ်းသော နိဗ္ဗာန်ကို ရရှိ ရောက်ရှိရန် နည်းကောင်း လမ်းမှန်ကို ရရှိရေးအတွက် ဤကျမ်းစာကို ဖတ်ရှုသည်ကို အစဉ် သတိရှိ ထားရပေမည်။

ထိုနည်းတူစွာ ဗုဒ္ဓဘာသာဝင် တဦးသည် ပညာရှာ၏၊ ဥစ္စာ ရှာ၏၊ ငါသည် အဘယ်ကြောင့် ပညာ ရှာသနည်း၊ ငါသည် အဘယ်ကြောင့် ဥစ္စာ ပစ္စည်း ရှာဖွေသနည်း ဟူသည်ကို အစဉ် သတိရရှိ ထားရပေမည်၊ ပညာရှာခြင်း၊

ဥစ္စာပစ္စည်း ရှာဖွေစုဆောင်းခြင်းမှာ လောကတွင် ပျော် ရန် ပါးရန် ဝါကြွားပလွှားရန် မဟုတ်၊ သူတပါးအား နှိပ်စက်ရန် မဟုတ်။ ထိုရရှိထားသော ပညာ, ဥစ္စာ ပစ္စည်း တို့နှင့် တ-မင် တ-ဖိုလ် နိဗ္ဗာန်ကို လဲလှယ်ယူရန် ဖြစ်သည် ကို အစဉ် သတိကြီးစွာ ထားရှိနေရမည်။ မိမိ ရရှိထား သော ပညာနှင့်ဥစ္စာကို ထိုက်သည်အားလျော်စွာ သူတော် ကောင်း ဥစ္စာ ၇-ပါးနှင့် လဲလှယ် ရယူ ထားရပေမည်။ လောက၌ မိမိပိုင်သော ဥစ္စာ ပစ္စည်းတို့သည် မိမိ သေသော အခါ ပါ၍ မလာနိုင်၊ သူတော်ကောင်း ဥစ္စာ ၇-ပါးသာ လျှင် မိမိသေရာသို့ အစဉ်လိုက်နိုင်ပါလေသည်။ ဤကား ဗုဒ္ဓ ဘာ သာ ဝင် တိုင်း သိရမည့် သ ဘာ ဝ တ ရား ကြီး ပေတည်း။

တနည်းဆိုသော်- အကြင်သူသည် ဗုဒ္ဓ ဘာသာဝင်ဟု ဝန်ခံ၏။ ထိုသူသည် ဤသို့ သိမှတ်ထားရပေမည်၊ ငါသည် ဗုဒ္ဓဘာသာဝင် ဖြစ်၏၊ ထိုကြောင့် ငါ၏ လုပ်ငန်းမှာ ဥစ္စာ ပစ္စည်း ရရှိနေရုံမျှဖြင့် ငါ၏တာဝန်ကိစ္စ မပြီးသေး၊ ငါ၏ လုပ်ငန်းရည်ရွယ်ချက်ပန်းတိုင်မှာ မင်္ဂ, ဖိုလ်, နိဗ္ဗာန် ရရှိရေး ရောက်ရှိရေးဖြစ်၏ဟူ၍ မိမိနာမည်ကို မိမိသိရှိ ထားဘိ သကဲ့သို့ အစဉ်အမြဲစွဲမှတ်ထားရပေမည်။ အ တို ချုပ် ဆို သော် မိမိနာမည်မှာ ဗုဒ္ဓဘာသာဝင် အလုပ် အကိုင်မှာ- မင်္ဂ, ဖိုလ်, နိဗ္ဗာန် ရရှိရေးဟူ၍ စွဲမြဲစွာ မှတ်ယူထားရမည်။

ဆိုလိုရင်းကား- ဗုဒ္ဓဘာသာဝင် ဆိုသူသည် မင်္ဂ, ဖိုလ်, နိဗ္ဗာန် ရရှိရေးအတွက် ကြိုးစားအားထုတ် နေသူဟူ၍ သိရှိ နားလည် ထားရပေမည်။ ဤ သ ဘော တ ရား အ နက်

အဓိပ္ပါယ်တို့ကို သူတပါးအားလည်း ပြောဟော ပြသ ပေးတော်မူကြပါလော။

ဤသို့လျှင် ဗုဒ္ဓဘာသာဝင် တဦး၏ ရည်ရွယ်ချက် ''အဓိက''ပန်းတိုင်ကို သိမှတ်ထားရှိပြီးနောက် ထိုရည်ရွယ် ချက် ပန်းတိုင်သို့ ရောက်ရှိနိုင်ရန် သက်ဆိုင်ရာ ဗဟုသုတ များစွာ ရှိခဲ့ရာတွင် အချို့အနည်းငယ်ကို ဖေါ်ပြပေအံ့။

တမဂ်, တဖိုလ် ရရှိရေးတွင် သီလ, သမာဓိ, ပညာ ဤ သုံးပါးသည် အရေးအကြီးဆုံးဖြစ်၏၊ ဤတွင် သီလ အား ကောင်းလေလေ သမာဓိ အားကောင်း လေလေ ဖြစ်၏။ သမာဓိ အားကောင်းလေလေ ပညာ အား ကောင်း လေ လေ ဖြစ်ကြောင်း ပါဠိတော် လာရှိသည်ကို စာမျက်နှာ ၇၅-တွင် ဖေါ်ပြခဲ့လေပြီ။

စာမျက်နှာ ၁၀၆- ''မှတ်ချက်'' တွင် သမာဓိ အား ကောင်းမှုအတွက် အာနာပါန သမထဘာဝနာ ပွားများ ခြင်းကို ပါဠိတော်လာ လိုအပ်သော သဘာဝ များကို ဖေါ်ပြပါအံ့ဟု ဝန်ခံခဲ့သည့်အတိုင်း အာနာပါနဖြင့် သမာဓိ အားကောင်းပုံ စသည့်တို့ကို သိရှိတော်မူနိုင်ကြစေ ရန် ပါဠိတော်များကို ဖေါ်ပြပေဦးအံ့။

## အမေမှာတဲ့ ဆန်တခွဲ

ရှေးရိုးစဉ်လာ မြန်မာစကားတရပ်ရှိသည်မှာ ''အမေ မှာတဲ့ ဆန်တခွဲ သုံးစိပ်ရတော့ ငါးမလဲ'' ဟူ၍ရှိ၏၊ အဓိပ္ပါယ်သော်ကား- ပစ္စည်းတခုကို အမေလုပ်သူက ငါ့ သမီး ဤပစ္စည်းကို အရပ်ထဲတွင် ဆန်တခွဲနှင့် လည်ရောင်း ချေဟု စေခိုင်းလိုက်၏။

သမီးသည် ထိုပစ္စည်းကိုယူ၍ အရပ်ထဲတွင် လည့်ရောင်းရာ အိမ်တအိမ်က ထိုပစ္စည်းကို အရေးတကြီး အလိုရှိနေစဥ် ရရှိခြင်းကြော င့် အိမ်ရှင်က ပြောသည်မှာ ကဲ.... သူငယ်မ ငါတို့လိုချင်တုံး ဤပစ္စည်းကို ရရှိသဖြင့် ဆန်တခွဲ မလုပ်နဲ့ တော့ ဆန်သုံးစိပ်ဘဲ ယူသွားပေတော့ဟု ဆို၏။

ထိုအခါ ဈေးရောင်းသူ သူငယ်မက ဟာ.... သုံးစိပ်နဲ့ တော့ မရောင်းနိုင်ဘူး အမေက ဆန်တခွဲရမှရောင်းခဲ့ရမယ် ဟု မှာလိုက်ပါတယ် ဒါကြောင့် ဆန်တခွဲရမှ ရောင်းနိုင် မယ်ဟု ပြန်ပြောလေသည်။

ဤသို့ ဈေးရောင်းသူသည် ဆန်တတင်းတွင် နှစ် ခွဲ ရှိ ၍ ဆန်တခွဲတွင် နှစ်စိပ်ရှိခြင်းကို မသိခြင်းကြောင့် ယင်းကဲ့သို့ ဖြစ်ရလေသည်။

တပါးသော ဥပမာကား- ကျောင်းတွင် အတွက်ပုစ္ဆာ သင်ပြရာ၌ ဆရာကဤအတွက် ပုစ္ဆာတွင် ဤဂဏန်းနှင့် ဤ ဂဏန်းပေါင်း၊ ဤဂဏန်းနှင့် ဤဂဏန်းနှုတ်၊ ဤဂဏန်းနှင့် ဤဂဏန်းမြှောက်၊ ဤဂဏန်းနှင့် ဤဂဏန်းစားဟူ၍ ပြော ပြထား၏။

စာမေးပွဲ ရောက် လာ သော အခါ အတွက် ပုစ္ဆာမှာ ယခင်ကျောင်းတွင် ပြောပြထားသော ဂဏန်းများမဟုတ် သဘောမှာလည်း တမျိုးတဖုံပြောင်း၍ လာခြင်းကြောင့် ကျောင်းသားသည် ထိုအတွက်ပုစ္ဆာကို မ တွက် တတ် ဘဲ ရှိပေတော့၏။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ ကျောင်းတွင် အတွက် ပုစ္ဆာပြသစဉ်အခါက ပုစ္ဆာသဘော သဘာဝကို နားလည် အောင် မသိရှိခဲ့ခြင်းကြောင့် ဖြစ်ရလေသည်။

အာနာပါန သမထဘာဝနာ လုပ်ငန်းမှာ ခက်သည် မဟုတ်ချေ။ သို့ရာတွင် ဘာ့ကြောင့် အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်လုပ်ကိုင်နေသည်ဆိုသော သဘောသဘာဝကို သိရှိနားလည်ရန်ကား အရေးကြီးလှပေ၏။ ထိုနည်းတူစွာ ငါအားထုတ်နေသော အာနာပါန လုပ်ငန်းသည် ရှင်တော်ဘုရား ဟောတော်မူအပ်သော ထိုထိုသော ပါဠိတော် အရပ်ရပ်တို့နှင့် ကိုက်ညီ ပါ၏လော ဆိုသည်မှာ အထူးအရေးကြီးလှပေတော့၏၊ ထိုကြောင့် ပါဠိတော်လာ သဘော-သဘာဝများကို ရှေးဦးစွာ ဖော်ပြပေအံ့။

ဘာဝနာ အကျိုးပေး တမျိုးနှင့် တမျိုးမတူပုံ

အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ
ပဟာနာယ၊ မေတ္တာ ဘာဝေတဗ္ဗာ
ဗျာပါဒဿ ပဟာနာယ၊ အာနာပါနဿတိ
ဘာဝေတဗ္ဗာ ဝိတက္ကု ပစ္ဆေဒါယ၊
အနိစ္စသညာ ဘာဝေတဗ္ဗာ
အသ္မိမာန သမုဂ္ဃာတာယ။

(အင်္ဂုတ္တိုရ် ပါဠိတော် နဝကနိပါတ် သမ္ဗောဝဂ်)

ဘာသာပြန်။ ။ငါးပါးသော ကာမဂုဏ်လျှင် အာရုံရှိသော တဏှာရာဂကို ပယ်ခြင်းငှါ အသုဘတရားကို ပွားများရာ၏၊ ဒေါသကို ပယ်ခြင်းငှါ မေတ္တာ တရားကို ပွားများရာ၏။ ကာမဝိတက် စသည်တို့ကို ပယ်ခြင်းငှါ အာနာပါန ထွက်သက်ဝင်သက် သတိကို ပွားများရာ၏။ ငါတည်းဟူသော မာနကို ပယ်ခြင်းငှါ အနိစ္စဟူသော ဝိပဿနာ ဘာဝနာကို ပွားများရာ၏။

ဤပါဠိတော်မှာ အင်္ဂုတ္တိုရ် ပါဠိတော်၌သာ လာသည်မဟုတ်သေး၊ဥဒါန်းပါဠိတော် မေဃိယဝဂ်၌လည်း လာရှိ၏၊ အထက်ပါ ပါဠိတော်ကိုထောက်သော် ဘာဝနာ ပွားများခြင်းသည် ကောင်းသည့် ချည်းပင် ဖြစ်လင့် ကစား သတ္တိအာနိသင်မှာ တပါးနှင့်တပါး မတူပုံကို အထူးသတိပြုတော် မူအပ်လေသည်။

အထက်ဘွင် လာရှိသော ပါဠိတော်အရဆိုမူ စာမျက်နှာ ၉၇-တွင် ဖေါ်ပြခဲ့သော "ဒုရင်္ဂမံ ဧကစာရံ" ဟူသော ပါဠိတော်အရ တည်ကြည်မှုမရှိဘဲ အကြိမ်ကြိမ်ပြောင်းရွေ့နေသောစိတ်ကို ငြိမ်သက်စွာ တည်ရှိစေရန်(ဝ၁) စာမျက်နှာ ၉၆-တွင် ဖေါ်ပြထားသော "ဧကဂ္ဂဘွေန သမာဓိ"တခုတည်းသော အာရုံမှ စိတ်ကို တခြားတပါးသို့ ပျံ့လွင့်ထွက်သွားခြင်းမရှိစေရန် "အာနာပါန"သမထ ဘာဝနာသည် သင့်လျော်လှသော ကမ္မဋ္ဌာန်းဟူ၍ ယူအပ်ပေသတည်း။

ဥာဏ် ထက်သန်လာရန်

အခါတပါး၌ မြတ်စွာဘုရား၏ မိန့်တော်မူချက် အရ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဟောတော် မူသည်မှာ....

အတ္တာဝုသော သမာဓိ ဘာဝနာ,
ဘာဝိတာ, ဗဟုလီကတာ, ဒိဋ္ဌဓမ္မ-
သုခဝိဟာရာယ သံဝတ္တတိ။
(သုတ်ပါထေယျ ပါဠိတော် သံဂီတိသုတ်)

ဘာသာပြန်။ ။အို-ငါ့ရှင်တို့ အကြင် သမာဓိ ဘာဝနာကို ပွားအပ်သည်ရှိသော် အကြိမ်ကြိမ် အဖန်ဖန် ပွားအပ်

သည့်ရှိသော မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင် ချမ်းသာစွာ နေထိုင်ရခြင်းငှာ ဖြစ်၏၊ ထိုသို့သော သမာဓိဘာဝနာသည် ရှိ၏။

ထိုပါဠိတော်၌ ဆက်လက် လာရှိသည်မှာ အို-ငါ့ရှင်တို့ အကြင် သမာဓိ ဘာဝနာကို ပွားသည့်ရှိသော အကြိမ်ကြိမ် အဖန်ဖန် ပွားအပ်သည့်ရှိသော် ဉာဏ်အမြင်ကို ရခြင်းငှာ ဖြစ်၏၊ ထိုသို့သော သမာဓိ ဘာဝနာသည် ရှိ၏။

ထိုပါဠိတော်၌ ဆက်လက်၍ လာရှိသည်မှာ စိတ်ကို မပျံ့လွင့်စေအဲ သမာဓိကို တည်နေစေသည့်ရှိသော် ဈာန်မှု မက မဂ်ဖိုလ် နိဗ္ဗာန်ကို ပေါက်ရောက် ရရှိနိုင်၏ဟူ၍ ရှည်လျားစွာ ဟောတော်မူလေသည်။

သုတ်မဟာဝါပါဠိတော် မဟာသတိပဋ္ဌာနသုတ်၌၎င်း၊ မဟာဝဂ္ဂ သံယုတ်ပါဠိတော် သတိပဋ္ဌာန သံယုတ်၌၎င်း၊ ထိုဆိုသော ပါဠိတော်တို့၌ လာရှိသည်မှာ-

သောက ပရိဒေဝါနံ သမတိက္ကမာယ
ဒုက္ခ-ဒေါမနဿာနံ အတ္ထင်္ဂမာယ
ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ
သစ္ဆိကိရိယာယ။

စသည်ဖြင့် ဟောတော်မူ၏။

**အနက်ကား။** ။သောက ပရိဒေဝါနံ၊စိုးရိမ်ခြင်း ငိုကြွေးမြည်တမ်းရခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်စေခြင်းငှာ။ဒုက္ခ-ဒေါမနဿာနံ၊ကိုယ်၏ဆင်းရဲခြင်း ကာယိကဒုက္ခဝေဒနာ စိတ်နှလုံး မသာယာခြင်း ဒေါမနဿ ဝေဒနာတို့၏။ အတ္ထင်္ဂမာယ၊ ကွယ်ပျောက် ကင်းချုပ်ခြင်းသို့

ရောက်ခြင်းငှာ။ ဉာယဿ၊ ဉာဏ်ရင့်သန်ခြင်းကို။ အဓိဂမာယ၊ ရခြင်းငှာ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကရိယာယ၊ မျက်မှောက်ပြုခြင်းငှာ-ဟူ၍ လာရှိ၏။

ဆက်၍ လာရှိသည်မှာကား- ယင်းသို့ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းဟူသော သောကပရိဒေဝ တရားတို့မှ ကျော်လွန်ရန် ကိုယ်၏ ဆင်းရဲရခြင်း၊ ကာယိယဒုက္ခဝေဒနာ စိတ်နှလုံး မချမ်းမသာ ဖြစ်ရခြင်း၊ ဒေါမနဿဝေဒနာတို့ ကွယ်ပျောက် ချုပ်ငြိမ်းရန် ဉာဏ်အမြင် ရင့်သန်လာရန် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် မည်သို့ လေ့ကျင့် ဆောင်ရွက်ရပါမည်နည်းဆိုသော် သမထ ဘာဝနာ, ဝိပဿနာ ဘာဝနာကို လေ့ကျင့် ပွားများပေးရမည်ဟု မြတ်စွာဘုရားရှင် မိန့်တော်မူခဲ့လေသည်။

ထိုကြောင့် စိုးရိမ် ပူဆွေး ငိုကြွေးရသော ဆင်းရဲခြင်း ဒုက္ခ အပေါင်းတို့မှ ကျော်လွန်လိုသူ အပေါင်းတို့နှင့် တကွ ဉာဏ်ပညာ အမြော်အမြင် တိုးတက်ရင့်သန်လိုသူအပေါင်း တို့သည် ဘာဝနာ ပွားများခြင်းကို အထူး ပြုကျင့်အပ်လေသည်၊ ရှင်တော်ဘုရား ၄၅-နှစ်တိုင်တိုင် ဟောတော်မူခြင်းမှာ ဘာဝနာတရားသို့ တက်ရောက်ခါ အားထုတ်ကြိုးစားကြစေရန်ဖြစ်၏၊မဂ္ဂင်ရှစ်ပါးဆိုသည်မှာ ဝိပဿနာ ဘာဝနာ ပွား များ ခြင်း ပင် ဖြစ်၏၊ ဒါန, သီလသည် မကောင်းမဟုတ် ကောင်းသည် ပင်တည်း၊ သို့ရာတွင် အောက်တန်း၌သာ ရှိသေး၏၊ ဒါန, သီလဖြင့် ဗြဟ္မာပြည် သို့ပင် မရောက်နိုင် ဘာဝနာသာလျှင်ဗြဟ္မာပြည်နှင့် နိဗ္ဗာန် သို့ ပို့ဆောင်နိုင်လေသည်၊ လူချင်းအတူတူ မိမိက အောက်တန်းတွင် ရပ်၍ မနေကြလေနှင့်။

ယခုဘ၀သည် နတ်ပြည်, ဗြဟ္မာပြည်, မင်, ဖိုလ်, နိဗ္ဗာန် ကြိုက်ရာ ရနိုင်ရန် ကြိုးစားနိုင်သော ဘ၀ ဖြစ်၏၊ ကြိုးစားတော် မူကြကုန်လော့၊ ကြိုးစားသောသူအား အဘယ်အမှုသည် မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း၊ ပြီးစီးသည်သာတည်း၊ သင်၏ ဓား တိုနေသော် ရှေ့သို့ တလှမ်းတိုး၍ ခုတ်ပါလေ၊ ပြီးစီးနိုင်သည်သာတည်း။

## ခေါင်းဆောင်များနှင့် ကလောင်ရှင် များသာမက

ဤ၌ သိရှိအပ်သည်မှာ စိုးရိမ် ပူဆွေး ငိုကြွေး ရခြင်းတို့ကို ကျော်လွှန်စေလျက် ဉာဏ်ပညာ တိုးတက် ရင့်သန်လာလိုသော ကုန်သည်ပွဲစား စီးပွားရေး သမား သည်သော်၎င်း၊ နိုင်ငံရေး သမားသည်သော်၎င်း၊ စာရေးဆရာ အယ်ဒီတာမှအစပြု၍ ကလောင်ဖြင့်လူ့လောကကိုမြှင့်တင်ပေးလိုကြသော ပုဂ္ဂိုလ်အပေါင်းတို့သည် သမထ ဘာ၀နာကိုသော်၎င်း၊ ၀ိပဿနာ ဘာ၀နာကိုသော်၎င်း၊ နေ့စဉ် နေ့တိုင်း အနည်းအများ ပွားများပါက ဒုက္ခကို ကျော်လွှန်လျက် မိမိ၏ ဉာဏ်အမြင် ရင့်သန်လာရမည်မှာ ဧကန်ဖြစ်၏၊ အနည်းငယ် ပွားများသော် အနည်းငယ် တိုးတက်၍၊ များစွာ ပွားများသော် များစွာ တိုးတက်လာသည်မှာ မြဲသော နိယာမ တရားကြီးပင်တည်း။ ထိုကြောင့်-

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ<br>
ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ<br>
ခန္ဓာနံ အာသေ၀န ပစ္စယေန<br>
ပစ္စယော။<br>
(ပဋ္ဌာန်း ပါဠိတော် ပဋ္ဌာ၀ါရ ၀ိဘင်)

ဘာသာပြန်။ ။ရှေ့က ရှေ့က ဖြစ်ကြကုန်သော ကုသိုလ်နာမက္ခန္ဓာတရားတို့သည် နောက်၌ နောက်၌ ဖြစ်ကုန်သော ကုသိုလ် နာမက္ခန္ဓာ တရားတို့အား အာသေဝန ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည် ဖြစ်၏၊ ဤပဋ္ဌာန်းဒေသနာ ပဉ္စာ ဝါရ ဝိဘင် ပါဠိတော်၌ အာသေဝန ပစ္စည်းသာလျှင် ယင်းသို့ ကျေးဇူးပြုသည် မဟုတ်သေး၊ အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း၊ ဥပနိဿယပစ္စည်း တို့မှာလည်း ဤ အတိုင်းပင် ကျေးဇူးပြုကြလေသည်။

ထိုကြောင့် မည်သည့် ပုဂ္ဂိုလ်မဆို မိမိ၏ ဉာဏ်ပညာ ရင့်သန်လာမှုကို အလိုရှိကြပါမူ သမထ ဘာဝနာ ကို သော်၎င်း၊ ဝိပဿနာ ဘာဝနာကိုသော်၎င်း ပွားများ အားထုတ်ကြရာ၏။ ထိုနှစ်ပါးတို့တွင် ဝိပဿနာ ဘာဝနာကို ပါဠိတော်လာသည့်အတိုင်း ပွားများအားထုတ်ပါက ဉာဏ်အမြင် ပို၍ လျင်မြန်စွာ ရင့်သန် လာ လေသည်။ အထက်ပါ ပဋ္ဌာန်းပါဠိတော်အရ များစွာ အားထုတ်ပါက တခဏထက် တခဏ တချိန်ထက် တချိန် တနေ့ထက် တနေ့ ဉာဏ်အမြင် တိုးတက် လာရသည်မှာ မြဲသော နိယာမ တရားကြီးပင် ဖြစ်ပေတော့၏။

## ဉာဏ်ကို နီဝရဏတရားက ဖုံးကွယ်ထားခြင်း

တနေ့သော် သင်္ဂါရဝ အမည်ရှိသော ပုဏ္ဏားသည် ရှင်တော်ဘုရားထံ လျှောက်ထားသည်မှာ အို-အရှင် ဂေါတမ တရံတခါ ရှည်ကြာစွာ ရွတ်ဘတ် သရဇ္ဈာယ် ပြုပါသော်လည်း ဗေဒင်ပညာတို့သည် ဉာဏ်၌ မထင်ကုန်။ ရွတ်ဘတ် သရဇ္ဈာယ်ခြင်း မပြုမူကား အဘယ်မှာလျှင်

ဆိုဘွယ်ရာရှိပါတော့အံ့နည်း။ထိုအကြောင်းသည် အဘယ်ပါနည်း၊ ထိုအထောက်အပံ့သည် အဘယ်ပါနည်း။

အို-အရှင်ဂေါတမ တရံတခါ ရှတ်ဘတ် သရဇ္ဈာယ်ခြင်းကို မပြုသော်လည်း ဗေဒင်ပညာတို့သည် ဉာဏ်၌ ထင်ကုန်၏။ ရှတ်ဘတ် သရဇ္ဈာယ်ခြင်းတို့ကို ပြုပါမူကား အဘယ်မှာလျှင် ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း။ ထိုအကြောင်းသည် အဘယ်ပါနည်း။ ထိုအထောက်အပံ့သည် အဘယ်ပါနည်းဟု မေးလျှောက်လေသည်။

ယသ္မိံ ခေါ ဗြာဟ္မဏ သမယေ
ကာမရာဂ-ပရိယုဋ္ဌိတေန
စေတသာ ဝိဟရတိ....။

(မဟာဝဂ္ဂသံယုတ်ပါဠိတော် သင်္ဂါရဝဗြာဟ္မဏသုတ်)

**ဘာသာ**ပြန်၊ ။အို-ပုဏ္ဏားအကြင်အခါ ကာလ၌ကာမရာဂ ထကြွသောင်းကြမ်းသော စိတ်သည် အစဉ်လိုက်အပ်သောစိတ်ဖြင့် နေ၏။ ဖြစ်ပေါ်လာသော ကာမရာဂ ၏ထွက်မြောက်ကြောင်းကို ဟုတ်မှန်တိုင်း မသိ၊ မိမိအကျိုးကိုသည်း မသိ၊ သူတပါးအကျိုးကိုသည်းမသိ ရှည်ကြာစွာရှတ်ဖတ် သရဇ္ဈာယ်နေသော်လည်း ဉာဏ်အား မထင်ကုန်စသည်ဖြင့် ရှည်လျားစွာ ရှင်တော်ဘုရား ဖြေရှင်း ဟောပြတော်မူ၏။

ထိုသုတ်၏ လိုရင်း အဓိပ္ပါယ်မှာ အကြင်အခါ၌ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ဝိစိကိစ္ဆာနီဝရဏ ဤငါးသော နီဝရဏတို့

ဖုံးလွှမ်းနေပါက ဉာဏ်အမြင် မထက်သန်နိုင် ထိုဖုံးလွှမ်းအပ်သော နီဝရဏတို့ကို ဘာဝနာ ပွားများခြင်းဖြင့် တွန်းလှန်ဖြိုဖျက် ထားမှသာလျှင် ဉာဏ်အား ထက်သန် လာနိုင်ခြင်းကို ရှင်တော်ဘုရားသည်သင်္ဂါရဝပုဏ္ဏားအား ဖြေရှင်းဟောပြတော် မူလေသည်။ (ဤ၌ အဝိဇ္ဇာနီဝရဏ တပါးကျန်ရှိနေသေးသည်ကို သတိပြုအပ်၏။)

နီဝရဏတရား ငါးပါးတို့သည် အသိဉာဏ် ပညာကို ထွက်ပေါ် မလာနိုင်ရန် ဖုံးအုပ်ပိတ်ကွယ်ထားသော တရားများဖြစ်ကြောင်းကို ထိုထိုသော ပါဠိတော်တို့၌ ထပ်ခါထပ်ခါ များစွာ သာရှိလေသည်၊ ထိုတွင် မဇ္ဈိမ ပဏ္ဏာသပါဠိတော် ပရိဗ္ဗာဇကဝဂ် သန္ဒကသုတ်၌ လာရှိသည်မှာ....

သော ဣမေ ပဉ္စနီဝရဏေ ပဟာယ
စေတသော ဥပက္ကိလေသေ
ပညာယ ဒုဗ္ဗလီ ကရဏေ။

အမိပ္ပါယ်သော်ကား ထိုရဟန်းသည် စိတ်၏ ငြစ်ငြူးကြောင်း ဖြစ်ကုန်သော ဤငါးပါးသော နီဝရဏ အပိတ်အဆို့တရားတို့ကို ပယ်၍ ကာမတရား အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ ပဌမဈာန်ကို ဝင်စားနေ၏။ ထိုသို့ ဈာန်အဆင့်ဆင့် တက်လာလတ်သော် ဉာဏ်ရင့်သန် လာခြင်းကြောင့်သာ သာမန်မြင်ရုံမျှမက ဒိဗ္ဗစက္ခု၊ အဘိညာဉ် ဒိဗ္ဗသောတ အဘိညာဉ် ပုဗ္ဗေ နိ ဝါသ အဘိညာဉ် စသောအဘိညာဉ်များကိုပင် ပေါက်ရောက် ရရှိလာနိုင် ကြောင်းကို ထိုထိုသော ပါဠိတော်များ၌ များစွာ လာရှိလေသည်။

## ကြိုးစားက ဘုရား ဖြစ်နိုင်၏

ဤတွင် သိမှတ်စရာ တရပ်ကား ယောကျ်ား၊ မိန်းမ၊ နတ် ဗြဟ္မာစသည်တို့ကို သမ္မုတိ သစ္စာအားဖြင့် မကြည့်ကြဘဲ ပရမတ္ထ ဓမ္မသဘာဝအားဖြင့် ကြည့်သော် ယောကျ်ား၊ မိန်းမ၊ နတ်၊ ဗြဟ္မာ စသည် မဟုတ်တော့ဘဲ စိတ် စေတသိက် ရုပ်မျှသာ ရှိကြောင်းကို ဉာဏ်မျက်စိဖြင့် ထင်ရှားစွာ သိမြင်ရလေသည်။

စိတ်(၁)၊ စေတသိက်(၅၂)၊ ရုပ်(၂၈) စုစုပေါင်း ပရမတ္ထဓာတ်သဘာဝ(၈၁)ပါးသာ ရှိကြောင်းကိုကောင်းစွာ သိမှတ်ထားရာ၏။ ဤသည်ကား ပြုပြင် အပ် သော သင်္ခတဓာတ်(၈၁)ပါးတည်း၊ မပြုမပြင်ဘဲ ထာဝစဉ်တည် ရှိနေသော ဓာတ်တပါးကား အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်ဓာတ်ပေတည်း။ ထိုကြောင့် ကမ္ဘာလောကဓာတ်ကြီး သည် ဓာတ်(၈၂)ပါးသာ ရှိကြောင်းကို ကောင်းစွာ သိရှိ မှတ်သား ထားရပေမည်။

ထိုကြောင့် လူ၊ နတ်၊ ဗြဟ္မာ ဆိုသည်မှာ ဓာတ်သဘာဝ အားဖြင့် စိတ်-စေတသိက်-ရုပ်-ဓာတ်များသာ ရှိလေသည်၊ ထိုဓာတ်ကိုပင် ဤကားရုပ်၊ ဤကားနာမ်ဟူ၍ ခွဲခြားခေါ် ဆိုကြပြန်၏။ ထို(၈၁)ပါးကိုပင် ခန္ဓာ ငါးပါးဟူ၍ ခေါ် ဆိုကြပြန်၏။ ထိုကိုပင် အာယတန(၁၂)ပါး၊ ဓာတ်(၁၈) ပါးဟု ခွဲခြားခေါ်ဆိုကြပြန်၏။ ဤသို့ ဓာတ် သ ဘော ကို ပြောလျှင် "ပရမတ်" နည်းဟု ခေါ်ဆိုရ၏။

ထိုကြောင့် လူ့နတ်ပြဟ္မာ ဆိုလျှင် အသည်းသတ်ဘုံနှင့် အရူပ လေးဘုံကို ချန်ထား၍ ရုပ်နာမ် နှစ်ပါးသာ ရှိ၏။ (ဝါ)ခန္ဓာ ငါးပါးသာရှိ၏။

ယခုလက်ရှိ လူ့နတ် ပြဟ္မာတို့သည်သာလျှင် ခန္ဓာငါး ပါးသာ ရှိသည်မဟုတ် ရှေးလွန်လေပြီးသော လူ့ နတ်, ပြဟ္မာတို့၌လည်း ဤထက်မပို ဤ အောက် မ ယုတ် ခန္ဓာ ငါးပါးသာ ရှိကြလေသည်။

ထိုကြောင့် ခန္ဓာငါးပါးချင်း တူပါလျှင် သူတို့နှင့် ငါ သည် ဘာခြားသလဲဟု စစ်ဆေးသော် ခန္ဓာ ငါး ပါး မှာ မခြားပေ၊ သို့ရာတွင် ထူးခြားချက်ကား သူတို့က ကောင်း စွာကျင့်ကြ၏၊ ငါက ကောင်းစွာမကျင့် ထိုမျှသာ ကွာခြား သည်ကို တွေ့ရှိရ၏ ဤသို့ဖြစ်ပါမူ သူတို့လို ကောင်းစွာ ကျင့်ကငါသည်လည်း သူတို့လို ဖြစ်နိုင်ကြောင်းထင်ရှားစွာ သိမြင်ရ၏။

အင်္ဂုတ္တိုရ် ပါဠိတော် ဆက္ကနိပါတ် အ နု တ္တ ရိ ယဝဂ်၌ ရှင်တော်ဘုရား ဟောကြားတော် မူသည်မှာ အို-ရဟန်း တို့ တန်ခိုး ဇုဒ္ဓိပါဒ် ရှိကြကုန်သော နတ် တို သည် ၎င်း, ပြဟ္မာတို့သည်၎င်း ရှိကြကုန်၏။ ထိုနတ် ပြဟ္မာတို့ကဲ့သို့ ဖြစ် လိုသူသည် ဤသို့ သိမှတ်ကြိုးစားရ၏၊ အဘယ်သို့ သိမှတ် ကြိုးစားရပါအံ့နည်း ဟူမူ စာမျက်နှာ ၇၃-၌ ဖော်ပြ ခဲ့ သည့် အတိုင်းပင်....

မယှံ ဝိ တထာရူပါ သဒ္ဓါ သံဝိဇ္ဇတိ။

ငါ့အားလည်း ထိုသို့ သဘောရှိကုန်သော သဒ္ဓါတရား သည် ရှိသည်သာတည်း စသည်ဖြင့် စိတ် ဝယ် ထား လျက်

လိုအပ်သည်တို့ကို လေ့ကျင့် ဆောက်တည် ပွားများအား ထုတ် ကြိုးစားပါက ဖြစ်နိုင် ရောက်ရှိနိုင်သည် သာတည်း ဟု ဟောတော်မူ၏။ ထိုမှတပါး ပဋိသမ္ဘိဒါမဂ် ပါဠိတော် ပညာဝဂ် ဇုဒ္ဓိကထာ၌ တန်ခိုး ဇုဒ္ဓိပါဒ်ကို ဟောတော်မူ ရာ၌ လာရှိသည်မှာ....

တတ္ထ တတ္ထ သမ္မာပယောဂ-
ပစ္စယာ ဇုဇ္ဈနဋ္ဌေန ဇုဒ္ဓိ။

အမိပွါယ်သော်ကား မိမိပြုအပ်သော အား ထုတ် အပ် သော အ ကြောင်း ကြောင့် အ လို ရှိ တိုင်း ပြည့်စုံသော အနက်အားဖြင့် "ဇုဒ္ဓိပါဒ်"တန်ခိုးမည်၏။

ထိုကြောင့် ဉာဏ်ပညာ ကြီးခြင်း နတ်ပြည်, ဗြဟ္မာပြည် သို့ ရောက်ခြင်း၊ တန်ခိုးဇုဒ္ဓိပါဒ် ရရှိခြင်းတို့မှာ သူတို့သာ ဖြစ်နိုင်သည်မဟုတ် ခန္ဓာငါးပါးချင်း အတူတူ ငါ၌လည်း ဖြစ်နိုင်သည်သာတည်းဟု သိရှိတော်မူကြပြီးလျှင် လိုအပ် သည်တို့ကိုပြုကျင့်ဆောက်တည် ပွားများပါက ဖြစ်နိုင်သည် ကို ကေန်မလွဲဟု သိမှတ်ခါ ကြိုးစားပါက မဖြစ်မရှိ ဖြစ် နိုင်သည်သာတည်း၊ ဤသည်တို့ကား ပါဠိတော်၌ လာရှိ သည်တို့ ပေတည်း။

## ကမ္ဘာ့တွင် ဗမာက သာနေသော ရှင်တော်ဘုရား၏ အမွေ အနှစ် ကြီး

မဂ်, ဖိုလ်,နိဗ္ဗာန် ရရှိ ရောက်ရှိရေးအတွက် လေ့ကျင့် ပွားများ ကြိုးစားရန် ဗုဒ္ဓဘာသာ ဖြစ်ကြကုန်သော ပုဂ္ဂိုလ် အသီးသီးတို့ သိရှိတော်မူကြရန် အကြောင်း တိုက်ဆိုင်လာ သဖြင့် ဖေါ်ပြလိုသည်မှာ ကမ္ဘာပေါ်ရှိ ဘာသာအရပ်ရပ်

ပေါက်ပွားလာသည်မှာ အနောက်နိုင်ငံကမဟုတ်၊ အရှေ့နိုင်ငံမှ ပေါက်ပွားသွားသည်ကို အထူးသတိပြုတော် မူကြစေလိုပါသည်။

တဖန်တုံလည်း ဤကျမ်းအစ၌ ဖော်ပြခဲ့သည့် အတိုင်း မဂ္ဂင်ရှစ်ပါး တရားတော်သည် မည်သည့် ဘာသာ တွင်မျှ မပါမရှိခြင်းကိုလည်း အထူးသတိပြုတော် မူကြစေလိုပြန်ပါသည်။

မဂ္ဂင်ရှစ်ပါး(ဝါ) သစ္စာလေးပါး (ဝါ) အဓိသိက္ခာ သုံးပါး၊(ဝါ)ပဋိစ္စ သမုပ္ပါဒ်တရားများမှာ ရှင်တော်ဘုရား ယေးသချိုနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်တော်မူမှ ရရှိသော သဗ္ဗညုတဉာဏ်ဖြင့် သိရှိအပ်သော ဓမ္မနိယာမတရား များ ဖြစ်လေသည်။

ယင်းသို့လျှင် မည်သည့်ဘာသာ မည်သည့် စိတ်ပညာ မည်သည့်လောကဓာတ် ပညာတွင်မျှ မ ပါ မ ရှိ နိုင်သော မဂ္ဂင်ရှစ်ပါး သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ်တရားနှင့် တကွ သီလ, သမာဓိ,ပညာ ကျင့်စဉ် နည်းလမ်းများကို အမွေခံ ရရှိထားသော ဗုဒ္ဓဘာသာဝင် မြန် မာ လူ မျိုး အပေါင်း သည် ထိုလမ်းစဉ်အတိုင်း ကျင့်သုံး ဆောက်တည် ပွားများ ပါက ဉာဏ်မျက်စိအရာတွင် ဗ မာ ကို ကမ္ဘာက အဘယ် ဘာသာဝင်တို့သည် အံတုဘက်ပြိုင် တတ်စွမ်း နိုင်ပါအံ့ နည်း ဆိုသည်ကို ထင်ရှားစွာ သိရှိအပ်လေသည်။

ထိုကြောင့် ဗုဒ္ဓဘာသာဝင်တို့မှ အပဖြစ်သော ကမ္ဘာသူ ကမ္ဘာသား အပေါင်းတို့ မမြင်မသိနိုင်သော ဉာဏ်မျက်စိ အမြင်သန်မှုကို အလိုရှိကြ ကုန်သော ဗု ဒ္ဓ ဘာ သာ ဝင်

အပေါင်းတို့သည် သီလ, သမာဓိ, ပညာ ကျင့်စဉ်တရားများကို အထူးကြိုးစား အားထုတ်တော် မူကြရုံမျှ မကသေးဘဲ နောင်လာ နောက်သားတိုင်း ရှင်တော်ဘုရား တဆူ, တဆူ ပွင့်တော်မူမှ ရရှိအပ်သော ဓမ္မ အမွေ အနှစ်ကြီးကို ရရှိစေရန် စာမျက်နှာ ၁၂၉-၌ အကြံပေးခဲ့သည့် အတိုင်း သို့တည်းမဟုတ် သင့်လျော်သော နည်းတို့ ဖြင့် ရှင်တော်ဘုရား အလိုတော်အရှိဆုံး ဖြစ်သော ဝိပဿနာ ဘာဝနာ ပွားများရေး သင်္ဂဟားစာတရပ်ကိုလည်း စီမံရေးသား သင်ကြားပေးတော် မူကြရန် အထူး လေးနက်စွာ တိုက်တွန်းပါသည်။

## စိတ်၏ သဘောတရား

နာဟံ ဘိက္ခဝေ အညံ ဧက
ဓမ္မမ္ပိ သမနုပဿာမိ။

အစရှိသဖြင့် အင်္ဂုတ္တိုရ် ပါဠိတော် ဧကနိပါတ် အကမ္မနိယဝဂ်အစ၌ ရှင်တော်ဘုရား ဟောတော် မူလေသည်။ အဓိပ္ပါယ်သော်ကား အို-ရဟန်းတို့ ဤစိတ်ကို ''ဘာဝနာ တို့ဖြင့် မပွားအပ်သည်ရှိသော် အမှု၌မတည်မြဲ မနိုင်ခန့်ရှိဘိ သကဲ့သို့ မခန့်သော တပါးသော တရားကို ငါဘုရား မြင်တော်မမူ။

အို-ရဟန်းတို့ ဤစိတ်ကို ''ဘာဝနာ''တို့ဖြင့် ပွားများအပ်သည်ရှိသော် ဤစိတ်ကဲ့သို့ အမှု၌ တည် မြဲ နိုင် ခန့် ဘိ သကဲ့သို့ တပါးသော တည်မြဲ နိုင်ခန့်သော တရားကို ငါ ဘုရား မြင်တော်မမူဟု ဟောတော်မူလေသည်။

ဘာဝနာသည် ပဌမပွားစတွင်သာ မတည်ငြိမ်ခြင်း ဖြစ်၏။ ပွားပါများလတ်သော် တချိန်ထက်တချိန် တနေ့ထက် တနေ့ တည်ငြိမ်လာရ ပေတော့၏။ အချိန်ကြာလာလတ် သော်ဈာန်အဆင့်ဆင့်တက်ရောက်သွားပြီးလျှင်အဘိညာဉ် တို့ကိုပင် ရရှိလာပေတော့၏။

## ပုဂ္ဂိုလ် လေးဦး

စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ
သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။

စသည်ဖြင့် အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် တတိယ ပဏ္ဏာသက ပုဂ္ဂလဝဂ်၌ လာရှိ လေသည်။ ဆို လို ရင်း အဓိပ္ပါယ်သော်ကား အို- ရဟန်းတို့ လောက၌ ပုဂ္ဂိုလ် လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။

၁။ တရားအကျဉ်းကို ဟောပြကာမျှဖြင့် တရားကို သိ သော ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်သည် တ ရား တ ပုဒ် အဆုံး၌ မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ရှိ၏။

၂။ တရားကို အကျယ်အားဖြင့် ချဲ့ထွင် ရှင်းလင်း ပြော ဟောပါမှ သိရှိပြီးခါ မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက် ရှိ သော ဝိပဉ္စိတညူပုဂ္ဂိုလ်။

၃။ တရားကို အကျယ်အားဖြင့် ဟောပြော ပေးပါ သော်လည်း ကိစ္စမပြီးသေး၊ မိမိကိုယ်ဘိုင် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးပါးတို့ကို ကျင့်ပါမှ မဂ်၊ ဖိုလ် နိဗ္ဗာန်သို့ ရောက်ရှိသော နေယျပုဂ္ဂိုလ်။

၄။ ဤဘဝ၌ မဂ်,ဖိုလ်,နိဗ္ဗာန်ကို မရထိုက် သေးသော ပဒပရမ ပုဂ္ဂိုလ်။ အို-ရဟန်းတို့ ဤ သို့လျှင် လော က ၌ ပုဂ္ဂိုလ်လေးမျိုး ရှိ၏ဟူ၍ ဟောတော်မူသေသည်။

ဤ၌ မိမိသည် တရက်,နှစ်ရက်၊ တလ၊နှစ်လ၊ လေး ငါး နှစ် တရားနာပါသော်လည်း ဘာမျှမဖြစ် သေး သည် ကို ထောက်သော် မိမိသည် "အုဂ္ဃဋိတညူ" မဟုတ်၊ ဝိပဉ္စိ တညူ"ပုဂ္ဂိုလ် မဟုတ်ကြောင်းကို ကောင်းစွာ သိမြင်တော် မူကြလျက် အလွန်ကြိုကြိုက် ခဲသော သာ သ နာ တော် အတွင်းတွင် မိမိကလည်း ရပ်ပြစ်ရှစ်ပါးမှ ကင်းလွတ်နေ ခိုက် ဖြစ်ခြင်းကြောင့် ရှင်တော်ဘုရား တဆူတဆူ ပွင့်တော် မူမှ ရရှိအပ်သော မဂ်,ဖိုလ် နိဗ္ဗာန် လာဘ်ကြီးကို လက် လွှတ်မသွားကြစေရန် သီလ,သမာဓိ,ပညာ(ဝါ)ဝိပဿနာ ဘာဝနာကို ကြိုးစား အားထုတ် လေ့ကျင့် ပွားများတော် မူကြရန် အထူးတိုက်တွန်းပါ၏။

## ပါပသ္မိံ ရမတိ မနော

သမထဘာဝနာကိုသော်၎င်း၊ ဝိပဿနာ ဘာဝနာကို သော်၎င်း ပွားများအားထုတ်ခြင်းမပြုဘဲနေပါက အထက် တွင် ဖေါ်ပြခဲ့သော နီဝရဏတရားတို့၏ ဖုံးအုပ် ကာကွယ် သော ဘေးအန္တရာယ်တို့မှ မလွတ်ကင်းနိုင် စိတ်ကို မထိန်းသိမ်းဘဲလွှတ်ထားပါက စိတ်သည်ကာမဂုဏ်စသော နီဝရဏ တရားဘက်သို့သာ မွေ့လျော် ကျက်စား နေလေ့ ရှိ၏။ ထိုကြောင့် ဓမ္မပဒပါဠိတော် ပါပဝဂ် အစဆုတ်၌....

"ပါပသ္မိံ ရမတိ မနော"

ဟူ၍ ရှင်တော်ဘုရား ဟောတော်မူခဲ့လေသည်။

**အနက်ကား။** ။ပါပသ္မိံ၊ မကောင်းမှု၌။ မနော၊ သတ္တဝါတို့၏စိတ်သည်။ ရမတိ၊မွေ့လျော်၏။ ထို့ကြောင့် စိတ်ကို အလွတ်မထားဘဲ ဘာဝနာ ပွားများခြင်းဖြင့် ထိန်းသိမ်းထားရာ၏။

**မကောင်းမှု၏ အစ**

မကောင်းမှုကို ငယ်သည်ဟူ၍ သ ဘော မထား အင်ကြောင်းကို ရှင်တော်ဘုရားသည် ထို ဓမ္မပဒ ပါဠိတော် ပါပဝဂ်၌ပင် ဟောတော်မူသည်မှာ....

မာဝ မညေထ ပါပဿ၊
န မန္တံ အာဂမိဿတိ။

**အနက်ကား။** ။မန္တံ၊ အနည်းငယ်သော မကောင်းမှု၏ အကျိုးသည်။ န-အာဂမိဿတိ၊ မလာနိုင်ရာ မလာလတံ့ဟူ၍။ ပါပဿ၊ မကောင်းမှုကို။ မာဝမညေထ၊ မထေမဲ့မြင် မအောင်းမေ့ရာ။

ဟူ၍ ဟောတော်မူ၏။ထိုဟောတော်မူသော ပါဠိတော်နှင့် ဆက်စပ်၍ သတိပြုရန်မှာ ရှင်တော်ဘုရားသည် နိဒါန ဝဂ္ဂ သံယုတ်ပါဠိတော် တရုဏရုက္ခူပမ သုတ်၌-

သညောဇနိယေသု ဘိက္ခဝေ
ဓမ္မေသု အဿာဒါနုပဿိနော
ဝိဟရတော တဏှာ ပဝဍ္ဎတိ။

စသည်ဖြင့် ရှည်လျားစွာ ဟောတော်မူ၏။

အဓိပ္ပါယ်သော်ကား အို-ရဟန်းတို့ သံယောဇဉ် တို့၏ အကြောင်းဖြစ်သော တရားတို့ကို နှစ်ယက် သာယာဘွယ် ဟု ရှုမြင် သိမှု ပြုနေသောသူအား တဏှာ, ရာဂ တို့သည်

ပွားများလာကုန်၏။ တဏှာ ဟူသော အကြောင်းကြောင့် ဒုက္ခဆင်းရဲ ခံကြရကုန်၏။

အို-ရဟန်းတို့ ဥပမာအားဖြင့်ဆိုသော် ငယ်ရွယ် နုနယ်သော သစ်ပင်ကလေးသည် မြေ ရေတို့နှင့် တွေ့ရှိရသောအခါ ရင့်သန်လာဘိသကဲ့သို့ တဏှာ,ရာဂ, နိဝရဏ တရားတို့ကို ငယ်သည်ဟူ၍ အချိန်မှီ မပယ်ရှားပါလျှင် ကြီးထွားလာပေတော့ သတည်း။ ထိုကြောင့် တဏှာ, ရာဂ, နိဝရဏတရားတို့ကို ငယ်စဉ်ကပင် အခွင့်အရေး မပေးဘဲ ပယ်ရှားရာ၏ ဟူ၍ ဟောတော်မူ၏။

## အလောင်းတော်သည် စိတ်မကူး

အလောင်းတော်မြတ် ဗောဓိသတ်သည် နောက်ဆုံးသိဒ္ဓတ္ထ ဘဝ၌ နန်းတော်ကိုစွန့်၍ တရား ကျင့်တော်မူရာ ခုနစ်နှစ်တိုင်တိုင် မာရ်နတ်သည် ဖျက်ဆီးရန် အခွင့်အရေး ရမည်လောဟု လိုက်လံဖျက်ဆီးရာ အလောင်းတော်သည် တကြိမ်တခါမျှ နန်းတော်သို့ ပြန်လည်စိတ်ကူး စိတ်ညွတ်ခြင်း မရှိခဲ့ချေဟူ၍ ဓမ္မပဒအဋ္ဌကထာ ဗုဒ္ဓဝဂ်၏ အစ မာရမိတရ ဝတ္ထု၌၎င်း၊ မူလ ပဏ္ဏာသ အဋ္ဌကထာ ဒွိဓာဝိတက္ကသုတ်၌၎င်း လာရှိလေသည်။

ဤသည်ကိုထောက်သော် အလောင်းတော်သည် ၆-နှစ်တိုင်တိုင် ဒုက္ခရစရိယ ကျင့်တော်မူနေစဉ် နန်းစည်းစိမ်ကိုသော်၎င်း၊ မောင်းမ မိဿံ ခြွေရံသင်းပင်းတို့ကို သော်၎င်း၊ ပြန်လည်စိတ်ကူးခြင်း၊ စိတ်ညွတ်ခြင်း မရှိသည်မှာ ထင်ရှားပေတော့၏။

ဤ၌ ဆိုလိုသည်မှာ ကာမဂုဏ်နှင့် ဆက်စပ်သော နီဝရဏ တရားတို့ကို အနည်းငယ်မျှကိုပင် အစပြု၍ ခွင့်မပေးဘဲ စိတ်၌ နီဝရဏတရား တပါးပါး ပေါ်ပေါက် လာလျှင် လာခြင်း မိမိ ထုံထားအပ်သော ဘာဝနာကို ပွားများပေး ရလေသည်။ အကယ်၍ ကိလေသာ အစ တစကို ခွင့်ပြုလိုက်ပါက ရေကောင်း မြေကောင်းတို့နှင့် တွေ့ရှိရသော သစ်ပင်ငယ်ကဲ့သို့ တခဏချင်း ထွားကြိုင်း လာပေတော့၏။ စ ပေါ်ထွက်လာသော ကိလေသာ တဏှာ ရာဂ စသည်တို့ကို အစ ငယ်စဉ်၌ ပယ်သတ်ရခြင်းသည် ဘာဝနာ ပွားများ ထားသူတို့အတွက် အလွန် လွယ်ကူသည်ကို သတိပြုတော်မူကြပါလေ။

မြေတွင် နက်စွာ တူးစိုက်ထားသော ကျောက်တိုင်သည် လေတိုက်ခတ်သော်လည်း မလှုပ်မရွေ့ဘိ သကဲ့သို့ သမထ ဘာဝနာ ဝိပဿနာဘာဝနာကို လေးနက်စွာ ပွားများ ထားသူတို့အတွက် ကိလေသာ ရာဂတို့ တိုက်ခတ်သော်လည်း မလှုပ်မရွေ့နိုင်ချေ။ ထို့ကြောင့် အချိန်ရသမျှ ဘာဝနာကို ပွားများနိုင်သမျှ ပွားများထားရပေမည်။ ပွား များ ထားအပ်သော သမာဓိ အားကောင်း လေလေ လောဘ, ဒေါသ စသည်တို့ကို ပယ်ရှားနိုင်လေလေဖြစ်၏။ (မယှာ ပိ တထာရူပါ သဒ္ဓါ သံဝိဇ္ဇတိ)။

## စိတ်ကူးသည် ဆက်ခါ ဆက်ခါ စိတ်ကူး၏

ကိလေသာ တဏှာ, ရာဂနှင့် ဆက်စပ်သည် အရာဟူ သမျှကို ဝေးကွာသည်၊ သေးငယ်သည်ဖြစ်စေ စိတ်မကူး

သင့်ကြောင်းကို အဂ္ဂုတ္တိုရ် ပါဠိတော် သတ္တနိပါတ် မဟာယညဝဂ်၌-

ဇုတ္တိ ဘိက္ခဝေ အဇ္ဈတ္တံ ဇုတ္တိန္ဒြိယံ မနသိကရောတိ။

စသည်ဖြင့် ရှင်တော်ဘုရား ဟောတော်မူ၏။

အဓိပ္ပါယ်ကား အို-ရဟန်းတို့ မိန်းမသည် မိမိသန္တာန်၌ ဇုတ္တိဘောကို စိတ်ကူး နှလုံးသွင်း၏၊ မိမိ၏ အမူအရာကို အလွန်သာယာ မွေ့လျော်၏၊ မိမိ ဝတ်ဆင် ထားသော အထည်အဝတ် အဆင်ပြေပုံကို အလွန် သာယာမွေ့လျော်၏၊ မိမိ ဝတ်ဆင်ထားသော လက်ဝတ် လက်စား တန်းဆာကို ကြည့်ကာ ကြည့်ကာ အလွန် သာယာမွေ့လျော်၏၊ ယင်းသို့ အမျိုးမျိုး စိတ်ကူးယဉ်သည်၌ အဆုံး မသတ်သေးမူ၍ အပြင် အပ ဝိသဘာဂ ဖြစ်သော ယောကျ်ားအာရုံကို ဆက်လက်၍ စိတ်ကူးပြန်လေသည်။

ထိုပါဠိတော်၌ ဆက်၍ လာသည်မှာ ယောကျ်ားသည်လည်း ထိုနည်းအတူပင် မိမိသန္တာန် အမူအရာ အသွင်အပြင် အထည် အဝတ် စသည်ဘို့ကို ကြည့်ကာ ကြည့်ကာ အလွန်သာယာ မွေ့လျော်၏၊ ယင်းသို့ အမျိုးမျိုး စိတ်ကူးယဉ်သည်၌ အဆုံးမသတ်သေးမူ၍ အပြင်အပ ဝိသဘာဂ ဖြစ်သော မိန်းမ အာရုံကို ဆက်လက် စိတ်ကူးပြန်လေသည် ဟူ၍ ရှည်လျားစွာ ဟောတော်မူလေသည်။

ထိုကြောင့် စိတ်ကို လွှတ်၍မထားဘဲ သမထ ဘာဝနာဖြင့် ဖြစ်စေ၊ ဝိပဿနာ ဘာဝနာဖြင့် ဖြစ်စေ ငြိန်းသိမ်းထားရပေမည်။

စိတ်သည် သေးငယ်သော အစကလေးကို စိတ်ကူးသည်မှ တစ, တစ ထွားကြိုင်း ပွားများ လာပြီးလျှင် မနောကံ စိတ်ကူးတွင် ရပ်တန့်မနေတော့ဘဲ ကာယကံ, ဝစီကံ, ဆောင်ရွက်မှုများ အထိ ရောက်ရှိလေ့ ရှိခြင်းကြောင့် မကောင်းသော စိတ်ကူးမှု ဟူသမျှကို အနည်းငယ်မျှပင် လက်ခံ ဆက်လက် စိတ်ကူးခြင်း မပြုရချေ။

**မျက်စိကန်း နားမကြားသူများ**

ဥပရိ ပဏ္ဏာသ သဠာယတနဝဂ် ဣန္ဒြိယဘာဝနာသုတ်၌ လာသည်မှာကား ရှင်တော်ဘုရားက "ဥတ္တရ"အမည်ရှိသော လုလင်အား သင်၏ ဆရာဖြစ်သော "ပါရာသိဝိယ" ပုဏ္ဏားဆရာသည် ဣန္ဒြေတို့ကို ပွားခြင်းငှာ သင်ပြပါ၏လော။ အဘယ်ကဲ့သို့ သင်ပြသနည်းဟု မေးတော်မူ၏၊ ထိုအခါ ဥတ္တရ လုလင်က ဆရာပုဏ္ဏားသည် သင်ပြပါ၏၊ သင်ပြပုံကား-

ဣဓ ဘော ဂေါတမ
စက္ခုနာ ရူပံ နပဿတိ
သောတေန သဒ္ဒံ နသုဏာတိ။

စသည်ဖြင့် လျှောက်ထားဖြေဆို၏။

အဓိပ္ပါယ်သော်ကား အရှင်ဂေါတမ ဤလောက၌ မျက်စိဖြင့် အဆင်း ရူပါရုံကို မကြည့်ရှုအပ်။ နားဖြင့် အသံကို မနာကြားအပ်။ ဤသို့လျှင် သင်ကြား ပြသ၏ဟူ၍ ဥတ္တရ လုလင်က လျှောက်ထားလေသည်။

ထိုအခါ ရှင်တော်ဘုရားက ဤသို့ ဆိုမူ မျက်စိ ကန်းသော သူများသည် ဣန္ဒြေကို ပွားများသူများ ဖြစ်ကုန်လေ

ပြီ။ နားမကြားသော သူများသည် ဇုန္ဓေကို ပွားများသူ များ ဖြစ်ကုန်လေပြီဟု မိန့်ဆိုတော်မူသောအခါ ဥတ္တရ လုလင်သည် စကားတုန့်ပြန် ချောက်ထားခြင်းငှာ မတတ် နိုင်ရှာဘဲ ပင်ပန်းကြီးစွာ ဆိတ်ဆိတ်နေရရှာလေသတည်း။ အမှန်အားဖြင့် မျက်စိ နား နှာ စသည်တို့မှ မကြည့် မကြား မနမ်း မရှူ စေကာမူ စိတ်ကို ဘာဝနာဖြင့် သိမ်းဆည်း မထားပါက စိတ်ကူးချင်သည့်တို့ကို စိတ်ကူး နေသည်သာ ဖြစ်၏။

## ကာမဂုဏ်ကို စိတ်မကူးရ

စိတ်ကိုဘာဝနာဖြင့် သိမ်းဆည်းမထားပါက စိတ်သည် ဝိသဘာဂ အာရုံဘက်သို့ ကူးပြောင်း ရောက်ရှိ သွားပုံကို သိရှိကြစေရန် မဟာနိဒ္ဒေသ ပါဠိတော်အစ ကာ မ သု တ္တ နိဒ္ဒေသ၌ လာရှိသည်ကို ဖေါ်ပြရသော်....

အဒ္ဒသံ ကာမ တေ မူလံ၊
သင်္ကပ္ပါ ကာမ ဇာယသိ။
န တံ သင်္ကပ္ပယိဿာမိ၊
ဧဝံ ကာမ နဟောဟိသီတိ။

**ဘာသာပြန်။** ။အို–ကာမ သင်၏ ဖြစ်ပေါ် လာရခြင်း အကြောင်းရင်းကို ငါ မြင် ရ လေပြီ။ အ သင် ကာ မ ကို ကြံစည် စိတ်ကူးခြင်းကြောင့် သာလျှင် အသင် ကာမ ဖြစ် ပေါ်လာရခြင်းဖြစ်၏။ အသင့်ကို ဤသို့ ကြံစည် စိတ်ထူး ခြင်းမပြုပါက အသင်ကာမသည် မဖြစ်ပေါ် မလာနိုင် တော့ချေ။

ထို့ပြင် တဘက်ပါ သဘောအတိုင်းပင် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် သတုလ္လပ ကာယိကဝဂ် နသန္တိ သုတ်၌ ၎င်း။ အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ် မဟာ ဝဂ်၌၎င်း လာရှိသည်မှာ....

န တေ ကာမယာနိ
စိတြာနိ လောကေ၊
သင်္ကပ္ပရာဂေါ
ပုရိသဿ ကာမော။

စသည်ဖြင့် လာရှိသည်တို့ကို အထူးသတိပြုအပ်၏။

အမိပ္ပါယ်သော်ကား လောက၌ ဆန်းကြယ်ကုန်သော အကြင်ဝတ္ထု အာရုံ ကာမဂုဏ်တို့သည် ရှိကုန်၏။ ထိုကာမ ဂုဏ်တို့သည် "ကာမ"မမည်ကုန်။ "စိတ်ကူး" ကြံစည်အပ် သော ရာဂသည်သာလျှင် သတ္တဝါတို့၏ "ကာမ" မည်၏ ဟူ၍ လာရှိလေသည်။ ထိုကြောင့် ဝတ္ထုအာရုံ ကာမဂုဏ် တို့ထံသို့ စိတ်ရောက်မသွားစေရန် စိတ်ကို သမထဘာဝနာ ဝိပဿနာ ဘာဝနာကို ပွားများ နေခြင်းဖြင့် သိမ်းဆည်း ထားရာ၏။

ဤသို့ ကမ္မဋ္ဌာန်းဘာဝနာကို အကြိမ်ပေါင်း များစွာ လေ့လာထားသော ပုဂ္ဂိုလ်၌ ရံခါရံခါ လောဘ, ဒေါသ စသော အကုသိုလ်စိတ်များ ပေါ်လာ လတ်သော် ပဌမ အစ၌မသိသေးသော်လည်း တခဏချင်းပင် ငါ၌အကုသိုလ် စိတ် ပေါ်လာချေပြီဟု သတိရပြီးလျှင် မိမိ ပြုအပ် သော ဘာဝနာကို ပြန်လည်ပွားများပါကမကောင်းမှု အကုသိုလ်

စိတ်သည် တခဏချင်း၌ ကင်းပျောက်လျက် ဘာဝနာစိတ် တည်တန့်ခိုင်မြဲနေသည်ကို တွေ့ရှိရပေလိမ့်မည်။

## သူရဲကောင်း နှစ်ယောက်

ဤ၌ မိမိက ကြိုတင်ပွားများ ထားအပ်သော ဘာဝနာ တရားက များလေလေ ပေါ်လာသော အကုသိုလ်စိတ်ကို လျင်မြန်စွာ နိုင်လေလေဖြစ်၏၊ ယင်းသို့ ပေါ်ပေါက်လာ သော အကုသိုလ်စိတ်ကို ချိုးနှိမ် နိုင်ခြင်းကြောင့် မည်မျှ ကျေးဇူးများပါသနည်းဟူမူ....

ယော သဟဿံ သဟဿေန၊
သင်္ဂါမေ မာနုသေ ဇိနေ၊
ဧကဉ္စ ဇေယျ မတ္တာနံ၊
သ ဝေ သင်္ဂါမ ဇုတ္တမော။

ဟူ၍ ရှင်တော်ဘုရားသည် ဓမ္မပဒပါဠိတော် သဟဿ ဝဂ်၌ ကုဏ္ဍလကေသီ သတို့သမီးကို အကြောင်းပြု၍ ဟော တော်မူလေသည်။

အဓိပ္ပါယ်သော်ကား အကြင်သူရဲကောင်းသည် စစ်မြေ ပြင်၌ တထောင်ကိုတထောင်ဖြင့် မြှောက်အပ်သော "စစ် သားဆယ်သိန်း" အရေအတွက် ရှိသော စစ် သား တို့ ကို အောင်မြင်နိုင်ရာ၏။ ထိုမှတပါးသော သူရဲကောင်းသည် လည်း မိမိကိုယ်တွင်းပူဆာ ကိလေသာကို တကြိမ်တခါမျှ ပင် အောင်မြင်နိုင်ရာ၏၊ ထိုသူရဲကောင်း နှစ် ဦး တို့ တွင် ကိုယ်တွင်းပူဆာ ကိလေသာကို တကြိမ်တခါ အောင်နိုင်

ဤသုံးပါးသည် ကုသိုလ်တရား၏ အဋအဘို ဖြစ်၏။

အကုသိုလ်တရားကို စိတ်ကူးကြံစည်သော် အကုသိုလ်တရားသည် တစထက်တစ တိုးတက်ကြီးထွား လာလျက် ကုသိုလ်တရားသည် အားနည်းခြင်းသို့ ရောက်လာ၏၊ ထိုနည်းတူစွာ ကုသိုလ်တရားကို စိတ်ကူး ကြံစည်သော် ကုသိုလ်တရားသည် တစထက်တစ တိုးတက် ကြီးထွားလာလျက် အကုသိုလ်တရားသည် အားနည်းခြင်းသို့ ရောက်လာ၏။

အကုသိုလ် အကြံအစည် စိတ်ကူး ဖြစ်ပေါ်လာသော အခါ ထိုအကုသိုလ်စိတ်ကူးဖြစ်ပေါ်လာသည်ကို ချက်ခြင်း သိစေလျက် ဤအကုသိုလ် အကြံအစည် စိတ်ကူးသည် ငါ့အား ကောင်းကျိုး မပေး ဆုံးကျိုး ကိုသာ ပေး၏၊ ဤအကုသိုလ်စိတ်ကူးသည် သူတပါးအားလည်း ကောင်းကျိုးကို မဖြစ်စေ၊ ဆိုးကျိုးကိုသာ ဖြစ်စေ၏၊ နှစ်ဦးနှစ်ဝကို အကျိုး ယုတ်လျော့စေသည်သာမက ငါ၏ ပညာဉာဏ် တိုးတက်မှုကိုလည်း တားမြစ် ပိတ်ပင်၏ဟူ၍ ဆင်ခြင်လိုက်သော် ထို-ဆင်ခြင်လိုက်သော အခါ၌ပင်လျှင် ထိုအကုသိုလ်စိတ်သည် အားလျော့သွားရာမှ ပပျောက်ချုပ်ကွယ်ခြင်းသို့ ရောက်ရှိသွားပေတော့၏ဟူ၍ လာရှိလေသည်။

ထိုမှတဖန် ထိုပါဠိတော်၌ ဆက်၍ လာရှိသည်မှာ ကုသိုလ် ကောင်းမှုကို ကြံစည်စိတ်ကူး နေရခြင်းထက် အဘယ်အမှုကို ပြုရသော် ပို၍ကောင်းအံ့နည်းဟု စိစစ် ပြန်သော်-

ဤ-ရဟန်းတို့ ထိုငါသည် စိတ်ကို မပျံ့လွင့်စေရန် တခုတည်းသော အာရုံရှိသည် အဖြစ်ကို ပြု၏။ စိတ်ကို ကောင်းစွာ တည်စေ၏။ စိတ်ကို ဂေါစရဇ္ဈတ္တ၌သာ အဖန်တလဲလဲ နေစေ၏။ စိတ်ကို ကောင်းစွာ ငြိမ်သက်စေ၏။ ဤသို့ စိတ်ကို ကသိုဏ်းအာရုံအတွင်း၌ထားခြင်းသည် ပို၍ ကောင်းသည်ကို သိရှိရ၏။

အထက်ပါရှိသည်တို့ကို အတိုချုပ် ဖော်ပြရပြန်သော် အကုသိုလ် တရားတို့ကို စိတ်မကူးရ ကုသိုလ် တရားတို့ကိုသာ ကြံစည် စိတ်ကူးနေရမည်။ အကုသိုလ်စိတ် ပေါ်ပေါက်လာသော် အထက်တွင် ဖော်ပြခဲ့သည့် နည်းအတိုင်း ချက်ခြင်း ဆင်ခြင်ပေးရမည်။ ထိုထက် သမထ ဘာဝနာ သို့မဟုတ် ဝိပဿနာ ဘာဝနာကို ပွားများနေခြင်းသည် ကုသိုလ် တရားတို့ကို ကြံစည်စိတ်ကူးနေခြင်းထက် ပို၍ အလိုရှိအပ်သည်ကို သိသင့်လေပြီ။

## ပန်းနံ့ ရှူသော ရဟန်း

သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဝနသံယုတ် ဂန္ဓထေနသုတ်၌ လာရှိသည်ကို အနည်းငယ် ဖော်ပြရသော် အခါတပါး၌ ရဟန်းတပါးသည် ပန်းနံ့ကို နမ်းရှူလေ့ရှိ၏။ ထိုအခါ တဦးသော နတ်သားသည် ရဟန်းအား မည်သူမျှ မပေးပါဘဲလျက် ပန်း၏အနံ့ကို ခိုးရှူခြင်းသည် မလျောက်ပတ်ဟု သတိပေး၏။

ထို့မှတဖန် နတ်သားကဆက်၍ သတိပေးရာပြန်သည်မှာ လူမိုက် လူယုတ်တို့ ခိုးခြင်းကား အပြစ်ပြောပ လောက်အောင် ဆိုဘွယ်မရှိ။ ဥပမာဆိုသော် မီးဖိုချောင်၌ရှိသော

လက်နှိုးစုတ်သည့် အိုးမဲ ဆီချေးတို့ဖြင့် ညစ်ပတ်ပေကျံနေသည်ကို အပြစ်ဆိုဘွယ် အထူးမရှိ ဘိသကဲ့သို့တည်း။

သူတော်သူမြတ် ပညာရှိ သူတော်ကောင်း တို့မှာကား အလွန် သေးငယ်သော အပြစ်ကို မြင့်မိုရ် တောင် ကြီး သဘွယ် တိမ်းရှောင်ရပေမည်။ မီးပွားကလေးကို သေးငယ်လှသည်ဟု မယူဆသင့်။ အကြောင်းသင့်လာလျှင် တိုက် အိမ် အဆောက်အဦး ကြီးတို့ကိုပင် လောင်ကျွမ်းပျက်စီး စေနိုင်၏။ မာလော နွယ်ကလေးသည် အစ၌ သေးငယ်လှသော်လည်း မကြာမြင့်မီ မိမိမှီရာ သစ်ပင်ကြီးကို တစ ့တစ လွှမ်းမိုးအုပ်ချို၍ အကုန် အသေ သတ်တတ်လေသည်ဟု နတ် သား က ရဟန်းအား သတိပေးလေရာ သောဝစ္စသတာဂုဏ်နှင့် ပြည့်စုံသော ရဟန်းသည် နတ်သားအား အလွန် ကျေးဇူး ဥပကာရတင်ရှိလျက် နောင်အခါ ယင်းသို့ အပြစ်တွေ့မြင်ပါက ထပ်ခါ သတိပေး ဆုံးမပါဦးဟု ဖိတ်ကြားလေသတည်း။

ထိုကြောင့် ပညာရှိသူတော်ကောင်းတို့သည် မကောင်းမှုကို ငယ်စဉ်ကပင် ချိုးနှိမ်ရာ၏။ မိမိ၏ ကောင်းကျိုးကိုသာ အလိုရှိ၍ စေတနာကောင်းဖြင့် သတိပေးသူအား အထူး ကျေးဇူး တင်ထိုက်လေသတည်း။

## သေခါနီး အရေးကြီးခြင်း

အထက်၌ ဖေါ်ပြခဲ့သော ဓမ္မပဒ ပါဠိတော်၌ ကိလေသာ ရာဂကို တကြိမ်တခါ နိုင်နင်း အောင်မြင်လိုက်ရခြင်း ကိုပင် ရှင်တော်ဘုရား ချီးကျူးတော် မူပါလျှင် အကုသိုလ်

စိတ်ကို အကြိမ်ကြိမ် အဖန်ဖန် နိုင်နင်း အောင်မြင်ပါမှ ကား အဘယ်လျှင် ဆိုဘွယ်ရာရှိတော့အံ့နည်း။

ထိုထက် အရေးကြီးသည်မှာကား သေခါနီးဆဲဆဲ စိတ်ကို နိုင်နင်းအောင်မြင်ရန် အထူးအရေးကြီး၏။အသဒိသဒါနဟု ဆိုအပ်သော ပြိုင်ဘက်မရှိသော အလှူတော်ကြီးကို ပေးဝေလှူဒါန်းသော "မလ္လိကာ" မိဖုယားကြီးသည် သေရခါနီး အချိန်ဇော၌ အကုသိုလ်စိတ်ကို ပျံ့လည်တွေးတောမိသဖြင့် အထက်ဘုံသို့ မတက်နိုင်ဘဲ အောက်ပြည်အောက်ရွာသို့ ကျဆင်းသွားရခြင်း။"တိဿ"မထေရ်သည် ပျံလွန်တော် မူကာနီးဆဲဆဲတွင် မိမိရရှိခဲ့သော သင်္ကန်းကို စွဲလန်းမှုကြောင့် ပြန်လွန်တော်မူသောအခါ သန်းဖြစ်ရခြင်း။ ကဿပ ရှင်တော်ဘုရားလက်ထက်က ရဟန်းတရားကို အနှစ်နှစ်သောင်း တိုင်တိုင် အားထုတ်ထားပါလျက် ပျံလွန်တော်မူမည့် ဆဲဆဲတွင် အနည်းငယ် မပြောပလောက်သော ကုက္ကုစ္စ အကုသိုလ်ကို အာရုံ ပြုမိခြင်းကြောင့် "ရေကပတ္တ" အမည်ရရှိသော နဂါးဖြစ်ရခြင်းစသည်တို့မှာ သေခါနီးဆဲဆဲ လောဘ, ဒေါသ, မောဟ, စသော အကုသိုလ် စိတ်တွေကို မပယ်ရှားနိုင်ခြင်းကြောင့် ဖြစ်ရလေသည်။

ဘာဝနာ တရပ်ရပ်ကို အာသေဝန ပစ္စည်းရအောင် အချိန်စောစောက လေ့ကျင့်ပွားများ အားထုတ် မထားသူတို့သည် သေရခါနီးတွင် မိမိ ဥစ္စာပစ္စည်း အရပ်ရပ်တို့ အပေါ်၌၎င်း၊ မိမိ၏ ချစ်ခင်လှစွာသော ဇနီး, ခင်ပွန်း, သား,သမီးတို့ အပေါ်၌၎င်း၊ ချစ်ခင် စွဲလန်းသော စိတ်,

ဖြစ်ပေါ်လာသောအခါ ထိုစိတ်ကို ပယ်ရှား ပျောက်ပျက်သွားရန် မတတ်နိုင်ချေ။

ယင်းသို့ လောဘ, ဒေါသ, မောဟ,စသော အကုသိုလ်သို့ စိတ်တခုခုဖြင့် စွဲလန်း သေလွန်သည် ရှိသော် ထိုသူအတွက် အထက်တွင်ဖော်ပြအပ်သော ပုဂ္ဂိုလ်များကဲ့သို့ အောက် ဘုံ ဘ ဝ သို့ ကျ ဆင်း ရ မည် မှာ မ လွဲ တည်း။ ထို့ကြောင့် သေခါနီးဆဲဆဲတွင် ကုသိုလ်စိတ်ဖြင့် သေရန် အထူး အရေးကြီးလှပေသည်။

ယင်းကဲ့သို့ သေရခါနီးတွင် အကုသိုလ်စိတ်တို့ကို ပယ်ဖျောက်ချိုးနှိမ် ထားနိုင်ရန် မသေမီ ရှေးအတွက် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများထားရန် ရှင်တော်ဘုရားသည်-

မာ ပမာဒတ္ထ မာ ပစ္ဆာ
ဝိပ္ပဋိသာရိနော အဟုဝတ္ထ။

**ဘာသာပြန်။** ။မမေ့မလျော့ မပေါ့ကြကုန်လင့် နောက်အခါကာလ၌ နောင်တ တဖန် ပူပန်သောအားဖြင့် နှလုံးမသာသည် မဖြစ်ကြစေကုန်လင့်ဟု မဟာဝဂ္ဂ သံယုတ်ပါဠိတော် သတိပဋ္ဌာနသံယုတ် အမ္ဗပါလိဝဂ် ဘိက္ခု နီ သုတ်၌ ၎င်း သဠာယတန သံယုတ်ပါဠိတော် အသင်္ခတ သံယုတ်၌ ၎င်း လေးနက်စွာ ဟောတော်မူခဲ့၏။

သေရ အခါနီးတွင် ပေါ်ထွက် လာသော လောဘ ဒေါသစသော အကုသိုလ်စိတ်တို့ကို ငါပယ်ဖျက်နိုင် မပယ်ဖျက်နိုင်ကို သိရှိလိုပါလျှင် မိမိစိတ်တွင် ရံခါရံခါ တဏှာရာဂစိတ် ပေါ်ပေါက်လာ၏။ ရံခါရံခါ ဒေါသစိတ် ပေါ်ပေါက်လာ၏။ ယင်းသို့ ပေါက်ပေါ်လာသည်ကို သိရှိရ

သည်နှင့်တပြိုင်နက် မိမိလေ့လာ ပွားများ ထားအပ်သော ကမ္မဋ္ဌာန်းအာရုံကို ချက်ခြင်းပွားများပါလေ။

ယင်းသို့ ကမ္မဋ္ဌာန်းအာရုံ၌ မိမိစိတ်ကို ချည်နှောင်ထိမ်းဆည်း ထားနိုင်ပါမူမိမိကား သောတာပန် မဖြစ်သေးသည့်တိုင်အောင် သေမည့်ဆဲဆဲတွင် အကုသိုလ်စိတ်ကို ပယ်ရှားနိုင်လျက် ကုသိုလ်စိတ်ကို ပွားများနိုင်ခြင်းကြောင့် မိမိသေလျှင် အပါယ်လေးပါး တံခါးပိတ်စေ၍ ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရမည်ကို ယုံကြည် အားထားနိုင်လေပြီ။

ဤသို့မှ လောဘ ဒေါသစသော အကုသိုလ် စိတ်များပေါ်ထွက်လာရာတွင် မပယ်ရှား နိုင်သေးလျှင် သေရအခါနီး၌ ပေါ်ထွက်လာမည့် လောဘ ဒေါသ အ စ ရှိ သော အကုသိုလ်စိတ်တို့ကို ငါသည်ပယ်ရှားနိုင်မည် မဟုတ်သေးဟု သိရှိပြီးကာ ထပ်ခါထပ်ခါ မိမိ၏ ကမ္မဋ္ဌာန်း တရားကို ကြိုးစားအားထုတ် ထားတော်မူကြရန် အထူးတိုက်တွန်းပါ၏။ ဤအချက်ကား မိမိအတွက် အရေးအကြီး ဆုံးသော ပဓာနအချက်ကြီး ဖြစ်ခြင်းကိုလည်း အထူးသတိ ပြုတော်မူအပ်လှ ပေသတည်း။

## ဆင်းရဲဒုက္ခခံ၍ ကျင့်ရန်မလို

အခါတပါး၌ "ဗောဓိ" မင်းသားသည် ရှင်တော်ဘုရားအား မေးလျှောက်သည်မှာ အရှင်ဘုရား ချမ်းသာစွာ ကျင့်ခြင်းဖြင့် ချမ်းသာသုခကို မရနိုင်၊ ဆင်းရဲ ဒုက္ခခံကာ ကျင့်ပါမှ ချမ်းသာသုခကို ရနိုင်မည်ဟု တပည့်တော် ထင်မိ ပါသည် အရှင်ဘုရားဟု လျှောက်ထားရာ ထိုအခါ ရှင်တော်ဘုရားက....

မယှာဒ္ဓိ ခေါ ရာဇကုမာရ ပုဗ္ဗေဝ
သမ္ဗောဓာ အနဘိသမ္ဗုဒ္ဓဿ
ဗောဓိသတ္တဿေဝ သတော ဧတ-
ဒဟောသိ။ န ခေါ သုခေန သုခံ
အဓိဂန္တဗ္ဗံ။ ဒုက္ခေန ခေါ
သုခံ အဓိဂန္တဗ္ဗန္တိ။

(မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဗောဓိရာဇကုမာရသုတ်)

စသည်ဖြင့် ရှည်လျားစွာ ဟောတော်မူလေသည်။ ထိုသုတ်မှဤ၌ဆိုင်သောလိုရင်းအနည်းငယ်ကို ကောက်ထုတ်ပေါ်ပြရသော် အို-မင်းသား ငါတမူလည်း ဘုရားဖြစ်တော်မူမည်ဆဲဆဲ၌ပင်လျှင် ချမ်းသာစွာသောအကျင့်ဖြင့်ချမ်းသာသုခကို မရနိုင်၊ ဆင်းရဲ ဒုက္ခ အကျင့်ကို ကျင့်ခြင်းဖြင့်သာလျှင် သုခချမ်းသာကို ရအပ်၏ဟု ကြံဆခဲ့ဘူး၏။

ငါဘုရားသည် ဘုရား ဖြစ်တော်မူမည့် ဆဲဆဲ၌ပင် အထက်သွား အောက်သွားတို့ကို ကြိတ်လျက်၊ လျှာဖြင့် အစောက်ကိုထိ၍၊ စိတ်ကို စိတ်ဖြင့် ဖိနှိမ်ရပါမူ ကားကောင်းလေစွဟု ထိုအကျင့်ကို ကျင့်ခဲ့၏။

ထိုနောက် တဖန် ထွက်သက် ဝင်သက်ကို ချုပ်ထားရသော် ဖြစ်ဘွယ်ရာရှိ၏ဟု ကြံဆ၍ ထိုအကျင့်ကို ပင်ပမ်းကြီးစွာကျင့်ခဲ့၏။

ထိုနောက် တဖန်အစာကို လျှော့စားခြင်းဖြင့်ထမြောက်အောင်မြင်နိုင်ဘွယ်ရာရှိ၏ဟု ကြံဆကာအစာကိုလျှော့စားလျက် ကျင့်ခဲ့ပြန်၏။ ထိုအခါ အားမရှိတော့ပြီဖြစ်၍ ကျင်ကြီးကျင်ငယ် သုတ်သင်အံ့ဟု သွားရာ မှောက်ခုံ လဲခဲ့ရ၏ဟု

ရှည်လျားစွာ ဟောတော်မူ၏။ ယင်းသို့ ကျင့် ခြင်း သည် နည်းမှန် မဟုတ်ခဲ့ချေ။

အို-မင်းသား ထိုသို့ကျင့်သော ငါ့အား ဤသို့သော အကြံသည် ဖြစ်၏။ ခမည်းတော် မင်းကြီးသည် လယ်ထွန် မင်္ဂလာ ပွဲတော်မူရာ ငါသည် သပြေပင်ရိပ်၌ ပ ဌ မ ဈာန် ဝင်စားနေခဲ့၏။ ထိုဈာန်စိတ်သည် ကာမဂုဏ် တရားတို့မှ ကင်း်ဆိတ် ကြည်လင်သည် ဖြစ်ရကား ထိုဈာန်သည်သုခကို ရရှိရာ၏ဟူသော အကြံသည် ဖြစ်၏။အစာမရှိခြင်းကြောင့် အင်အားမရှိသော ငါသည် အစာ အာဟာရကို စားသုံး ၏။ ထိုအခါ ''ပဉ္စဝဂ္ဂီ''ငါးဦး ငါ့ထံမှ ဖယ်ခွာသွားကြ၏။

ငါသည် ပဌမဈာန်ကို ဝင်စားကျင့်သုံး၏။ ထိုမှ တဆင့် တဆင့်တက်ကာ စတုတ္ထဈာန်ကို ဝင်စားနေ၏။ ဤသို့ စိတ် တည်ကြည်လျက် အကျင့်၌ ခံ့သည်ရှိသော် ရှေး ၌ ဖြစ် ဘူး သော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ကို ရ၏။ ထိုနောက် ဆက်လက် ကြိုးစားရာ ဒိဗ္ဗစက္ခုဉာဏ် ထိုနောက် အာသဝက္ခယဉာဏ်တို့ကို ရရှိ၏ ဟူ၍ ဟောတော်မူ၏။

ဤတွင် ရှင်တော်ဘုရားသည် တရားတော်ကို ကျင့်သုံး ပွားများရာ၌ ဆင်းရဲဒုက္ခ မရှိခြင်းကို ထိုဗောဓိ ရာဇကုမာရ သုတ်၌ ဆက်၍ ဟောတော် မူပြန်သည်မှာ....

ဝိဟိံသာ သညီ ပဂ္ဂဏှ ဘာသိံ

ခမ္မံ ပဏီတံ မနုဇေသု ဗြဟ္မေတိ။

**အနက်ကား။** ။ဝိဟိံသာသညီ၊ ကိုယ်စိတ်၏ များစွာ ပင်ပမ်း၏ဟု အမှတ်ရှိသည်ဖြစ်၍။ ပဂ္ဂဏှ၊ လေ့လာအပ်ပြီး

သော။ ပဏီတံ၊ မွန်မြတ်သော။ ပြဟွေပြဟ္မံ၊ ထူးကဲလွန်မြတ်သော။ ဓမ္မံ၊ တရားတော်ကို။ မနုဇော၊ လူ့နတ်ဗြဟ္မာသတ္တဝါတို့၌။ နဘာသိ၊ ငါဘုရား ဟောကြားတော် မမူ။ ဟူ၍ လာရှိလေသည်။

ထိုမှတပါး ရှင်တော်ဘုရားသည် “ပဉ္စဝဂ္ဂီ” တို့အား တရားဦး ဟောရာ၌ မိမိကိုယ်ကိုဆင်းရဲ ဒုက္ခခံ၍ ကျင့်သော “အတ္တကိလမထ” အကျင့်သည် မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရောက်ရာ ရောက်ကြောင်း အကျင့်မဟုတ်ဟု ဟောတော်မူ၏။

ထိုကြောင့် ဗုဒ္ဓဝါဒသို့ လိုက်နာ ကျင့်သုံးသော ပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို ဒုက္ခဆင်းရဲရောက်စေသော ဘာဝနာပွားများနည်းသည် မှန်ကန်သော နည်းမဟုတ် ကြောင်းကို ကောင်းစွာ သိအပ်လေသည်။

## ချမ်းသာစွာ ကျင့်ရခြင်း

ထိုပြင်တရပ် သိမှတ်စရာမှာ ရှင်တော်ဘုရား၏ သီလ, သမာဓိ,ပညာ သိက္ခာသုံးပါးတို့ကို ဆောက်တည် ကျင့်သုံးပွားများရာ၌ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲဒုက္ခ မရရှိစေသည်ကို သိစေတော်မူလို၍ ရှင်တော်ဘုရား ဟောတော်မူသည်မှာ....

န ခေါ ပနာဟံ ဘိက္ခဝေ သဟ ဒုက္ခေန
သဟ ဒေါမနဿေန စတုန္နံ အရိယ-
သစ္စာနံ အဘိသမယံ ဝဒါမိ။

(မဟာဝဂ္ဂ သံယုတ်ပါဠိတော် သစ္စသံယုတ်, သတ္တိသတသုတ်)

**အနက်ကား**။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ခေါပန၊ စင်စစ် သော်ကား။ အဟံ၊ ငါဘုရားသည်။ ဒုက္ခေန၊ ဆင်းရဲခြင်း ကာယိက ဒုက္ခနှင့်။ သဟ၊ တကွ။ ဒေါမနဿေန၊ နှလုံး မသာယာခြင်း ဒေါမနဿ ဝေဒနာနှင့်။ သဟ၊ တကွ။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာ တို့ကို။ အဘိသမယံ၊ ထိုးထွင်း၍သိခြင်းကို။ နဝဒါမိ၊ ဟော တော်မမူ။ ဟူ၍ လာရှိလေသည်။

ယင်းသို့ တရားတော်ကို ကျင့်သုံးဆောက်တည်ရာတွင် ဆင်းရဲခြင်း ကာယိကဒုက္ခ မရှိသည်သာမက စင်စစ် မဟာ ကုသိုလ်စိတ် သောမနဿ ဝေဒနာခေါ်သော ချမ်းသာ ခြင်းနှင့်တကွ ဖြစ်ကြောင်းကို သိစေတော် မူလိုသော ရှင်တော်ဘုရားသည် ထိုသုတ်၌ ဆက်လက် ဟောတော် မူသည်မှာ-

အပိ စာဟံ ဘိက္ခဝေ သဟာဝ သုခေန
သဟာဝ သောမနဿေန စတုန္နံ
အရိယသစ္စာနံ အဘိသမယံ ဝဒါမိ။

**အနက်ကား**။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အပိစ၊စင်စစ်သော် ကား။ အဟံ၊ ငါဘုရားသည်။ သုခေန၊ ချမ်းသာခြင်း ကာယိက သုခနှင့်။ သဟာဝ၊ တကွသာလျှင်။ သောမန ဿေန၊ ဝမ်းမြောက်ခြင်း မဟာကုသိုလ်စိတ် သောမနဿ ဝေဒနာနှင့်။ သဟာဝ၊ တကွသာလျှင်။ စတုန္နံ၊ လေးပါး ကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ အဘိ သမယံ၊ထိုးထွင်း၍သိခြင်းကို။ ဝဒါမိ၊ဟော‌တော်မူ၏။ဟူ၍ လာရှိလေသည်။

## မဟာကပ္ပိန မထေရ်
## အာနာပါနကျင့်ရာ၌ ဒုက္ခဆင်းရဲမခံရ

အခါတပါး၌ ရှင်တော်ဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူလျက် မိန့်ဟတော်မူသည်မှာ ထိုနေရာတွင် ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ထက်ဝယ် ဖွဲ့ခွေကာ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်နေရသော ရဟန်း၏ ကိုယ်သည် လှုပ်ရှားခြင်း ယိမ်းယိုင်ခြင်းအဖြစ်ကို မြင်ကြကုန်၏လောဟု မေးတော်မူ၏။

ထိုအခါ ရဟန်းတို့သည် ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်လျက် ရှိသော အရှင် "မဟာကပ္ပိန" မထေရ်ကို ကြည့်လျက် အရှင်ဘုရား ထိုရဟန်း၏ ကိုယ်သည် လှုပ်ရှား ယိမ်းယိုင်ခြင်းအဖြစ်ကို မမြင်ရပါဟု လျှောက်ထားကြလေသည်။

အို-ရဟန်းတို့ အကြင်ရဟန်းအား သမာဓိကို ပွားများသည့် အဖြစ်ကြောင့် ကိုယ်၏လှုပ်ရှား ယိမ်းယိုင်ခြင်း အဖြစ်သည်၎င်း၊ စိတ်၏ လှုပ်ရှား ယိမ်းယိုင်ခြင်း အဖြစ်သည်၎င်း မဖြစ်။ အို-ရဟန်းတို့ ထိုရဟန်းသည် ထိုသမာဓိကို အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းဘဲ ရသည်သာဖြစ်၏။

အို-ရဟန်းတို့ အဘယ်မည်သော ဘာဝနာ သမာဓိကို ပွားသည်အဖြစ်ကြောင့် ကိုယ်၏ လှုပ်ရှား ယိမ်းယိုင်သော အဖြစ်သည်၎င်း၊ စိတ်၏ လှုပ်ရှား ယိမ်းယိုင်သော အဖြစ်သည်၎င်း၊ မဖြစ်ရသနည်း ဟူမူကား-

အာနာပါနသတိ သမာဓိဿ ဘိက္ခဝေ
ဘာဝိတတ္တာ ဗဟုလီကတတ္တာ နေဝ-
ကာယဿ ဣဉ္ဇိတတ္တံ ဝါ ဟောတိ
ဖန္ဒိတတ္တံ ဝါ န စိတ္တဿ ဣဉ္ဇိ-
တတ္တံ ဝါ ဟောတိ ဖန္ဒိ တတ္တံ ဝါ။

**အနက်ကား။** ။ဘိက္ခဝေ၊ ရဟန်းတို့။ အာနာပါန သတိ သမာဓိဿ၊ ထွက်သက် ဝင်သက်ကို အောက်မေ့ခြင်းနှင့် ယှဉ်သော သမာဓိ၏။ ဘာဝိတတ္တာ၊ ပွားစေအပ်သည်၏ အဖြစ်ကြောင့်။ ဗဟုလီကတတ္တာ၊ အကြိမ်များစွာ ပွားအပ် သည်၏ အဖြစ်ကြောင့်။ ကာယဿ၊ ကိုယ်၏။ ဣဉ္ဇိတတ္တံ ဝါ၊ လှုပ်ရှားသော အဖြစ်သည်ပင်း။ ဖန္ဒိတတ္တံ ဝါ၊ ယိမ်းယိုင် သော အဖြစ်သည်ပင်း။ စိတ္တဿ၊ စိတ်၏။ ဣဉ္ဇိတတ္တံ ဝါ၊ လှုပ်ရှားသော အဖြစ်သည်ပင်း။ ဖန္ဒိတတ္တံ ဝါ၊ ယိမ်းယိုင် သော အဖြစ်သည်ပင်း။ နဟောတိ၊ မဖြစ်။ ဟူ၍ ရှင်တော် ဘုရားသည် မဟာဝဂ္ဂ သံယုတ်ပါဠိတော် အာနာပါန သံယုတ် ကေမ္မဝဂ် မဟာကပ္ပိနသုတ္တရ သုတ်၌ ဟောတော် မူလေသည်။

အထက်တွင် ဖေါ်ပြအပ်သော ပါဠိတော် အရပ်ရပ်ကို ထောက်ရှုခြင်း အားဖြင့် အာနာပါန ဘာဝနာကို ပွားများ ရာတွင် ကိုယ်၌ဆင်းရဲခြင်း ကာယိကဒုက္ခ မရရှိစေဘဲ ချမ်း သာခြင်း၊ ကာယိက သုခဖြင့်သာလျှင် ပွားများ အားထုတ် နိုင်ခြင်း ဖြစ်သည်ကို အထူးသတိ ပြုတော်မူနိုင်ကြ ပါစေ ကုန်သတည်း။

## အနှစ်ခြောက်သောင်း အသက်တမ်းသည် အလွန်တိုတောင်းလှ၏

မသေမီ ရှေးအဘို့ ယခု အချိန်က အစပြုပြီး ကုသိုလ်ကောင်းမှု ပြုကြရန် သေခါနီးကျမှ ကပ်၍ နောင်တ ရခြင်း မဖြစ်ကြစေရန် ရှင်တော်ဘုရားသည်–

ဧဝံ ယထာ ဘိက္ခဝေ
မာ ပမာဒတ္ထ မာပဇ္ဇာ
ဝိပ္ပဋိသာရိနော အဟုဝတ္ထ
အယံ ဝေါ အမှာကံ အနု-
သာသနီတိ။

ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ် မဟာဝဂ်၌ အောက်ပါအတိုင်း တမျိုးတဖုံ ရှေးအဖြစ်ကို ဆောင်၍ ဟောတော်မူလေသည်။

ထိုပါဠိတော်၌ လာသည့်တို့၏ လိုရင်းကိုသာ ဖေါ်ပြရသော် အို-ရဟန်းတို့ သေခြင်းသဘောတရားသည် အလွန်လျင်မြန်လှ၏၊ နွားသတ်ရာဌာန နွားသတ်ကုန်းသို့ ခေါ်ဆောင်သွားခြင်းကို ခံရရှာသောနွားသည် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သေခြင်းသို့ နီးကပ်ရဘိသကဲ့သို့ လူတို့သည်လည်း နေ့ကုန်တိုင်း နေ့ကုန်တိုင်း သေခြင်းအချိန်သို့ တနေ့ထက် တနေ့ နီးကပ်ကာ နီးကပ်ကာ လာရချေပြီဟူ၍ ဟောတော်မူ၏။

ထိုသုတ္တန် ဒေသနာတော်၌ ဆက်၍ ဟောတော်မူသည်မှာ ချစ်သားတို့ ရှေးက ဖြစ်ဘူးသည်ကို နားထောင်ကြဦးလော့–

ရှေးအခါကာလ၌ "အရက" အမည်ရှိသော ပညာရှိ သူတော်ကောင်းကြီးသည် ရှိဘူး၏၊ ထိုအခါက လူတို့၏ အသက်တမ်းသည် အနှစ် (၆၀,၀၀၀) ခြောက်သောင်း ဖြစ်၏။ ရောဂါအနာဟူ၍ ထူးခြားစွာ မရှိ။

၁။ နွေအခါ၌ ပူအိုက်ခြင်း။
၂။ ဆောင်းအခါ၌ ချမ်းအေးခြင်း။
၃။ ထမင်းဆာခြင်း။
၄။ ရေဆာခြင်း။
၅။ ကျင်ကြီး စွန့်လိုခြင်း။
၆။ ကျင်ငယ် စွန့်လိုခြင်း။

ဤခြောက်ပါးမျှသာလျှင် အနာရောဂါ ဟူ၍ ဖြစ်ကြရကုန်၏။

သို့စဉ်လျက် "အရက" အမည်ရှိသော ပညာရှိသူတော်ကောင်းကြီးသည် မိမိ၏ တပည့်အပေါင်းတို့အား-

အို-တပည့်အပေါင်းတို့ လူတို့၏ အသက်တမ်းသည် အလွန် တိုတောင်းလှ၏။ မသေရသောသူ ဟူ၍လည်း မရှိ။ အသက်ရှင်၍ နေရစဉ်၌လည်း ဒုက္ခ ဆင်းရဲတို့ကို တွေ့ကြုံခံစားကာ နေကြရကုန်၏။

ဥပမာအားဖြင့် ဆိုသော် မြက်ပင်ငယ်များ အပေါ်သို့ ကျရောက်သော ဆီးနှင်းအပေါင်းတို့သည် နေထွက်လာသည်ရှိသော် ဒုက္ခတွေ့လျက် ပျောက်ပျက် သွားရဘိသကဲ့သို့ လူတို့၏ ဘေးနှင့် အသက်ကိုလည်း ထိုအတူ ဉာဏ်မျက်စိဖြင့် သိမြင်အပ်၏။

ထိုကြောင့် မသေမီသော အချိန် ကလေးတွင် ကုသိုလ်ကောင်းမှုကို ကြိုးစား အားထုတ် ပြုကျင့်ကုန် ကြလော့ဟူ၍ ဆုံးမဩဝါဒကို ပေးလေ့ရှိ၏။

အို-ရဟန်းတို့ ထိုစဉ်အခါက လူတို့၏ သက် တမ်း သည် ခြောက်သောင်းဖြစ်၏၊ အ နာ ရော ဂါ လည်း မပေါများ မထူထပ်၊ သို့စဉ်လျက် "အရက" အမည်ရှိသော ပညာရှိ သူတော်ကောင်းကြီး ယင်းသို့ ဆုံးမဩဝါဒ ပေးလျက်ရှိ၏။ ယခုသော် လူတို့၏ အသက်တမ်းသည် တရာတမ်း မျှသာ ရှိ၍ သေခြင်းသဘောတရားသည် အလွန်နီးကပ်လျက်ရှိ၏။ အနာရောဂါ ဘေးအန္တရာယ် အပေါင်းတို့သည် အလွန် များပြားလှချေ၏။

ထိုကြောင့် အထက်ပါ ပါဠိတော်ကို ဟောတော် မူ၏။ အို-ရဟန်းအပေါင်းတို့ တရားကို တစေ့စေ့ကြည့်ရှု ဆင်ခြင် ပွားများ အားထုတ်ကြကုန်လော့ မမေ့မလျော့ မပေါ့ဆ ကြကုန်လင့်။ နောင်ခါ သေခါမှ နောင်တရကြလျက် နှလုံး မသာ မဖြစ်ကြကုန်လင့်။ ဤသည်ကား သင် ချစ်သားတို့ အား ငါဘုရားသည် "အနုသာသနီ" နည်းဖြင့် မသိခြင်းကို သိကြရလေအောင် နည်းအမျိုးမျိုးတို့အနက် တနည်းတဖုံ သွန်သင် ညွှန်ပြဩဝါဒ ပေးခြင်းပေတည်းဟု ဟောတော် မူလေသည်။

## ကြက်မ နှင့် ကြက်ဥ

လူတို့သည် မိမိတို့၏ လို အင် ဆ န္ဒ ပြည့်စုံကြစေရန် ဆု တောင်းကြ၏။ အမှန်စင်စစ်သော်ကား ရိုးရိုး ဆုတောင်း

နေရုံမျှဖြင့် အလိုရှိသည့်ကိုမရရှိနိုင်၊ဆိုင်ရာ ကိစ္စတို့ကိုလည်း မိမိက ဆောင်ရွက် ပေးရ မေသေး၏။ အကယ်၍သာ ဆောင်ရွက်သင့်သောကိစ္စတို့ကိုမဆောင်ရွက်ဘဲဆုတောင်း ရုံဖြင့် ရရှိနေပါက လူတို့တွင် ဆင်းရဲသား မရှိနိုင်တော့ပြီ အလုပ်လုပ်ရန်လည်း မလိုတော့ပြီ။

ထိုကြောင့် အလိုဆန္ဒ ပြည့် စုံ စေ ရန် အလုပ်ကို ပဌမ လုပ်ကိုင်ပေး၍ ဆုကိုနောက်မှ တောင်းရန်ကို သိစေတော် မူလိုသော မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌက နိပါတ် ဒါနဝဂ်၌ လိုအင်ဆန္ဒ ပြည့်ဝစေရန် အလှူဒါနကို ပြုပါလေ၊ ယင်းသို့ အလှူဒါန၏ အာနိသင် ကြီးမားစေရန် အလှူဒါနကို မပြုမီ ရှစ်ပါးသီလကို စောင့်သိန်းပါလေ။ ထို နောက် အလိုရှိသော ဆုကိုတောင်းပါက သီလ၏စင်ကြယ် မှုကြောင့် အလိုရှိသော ဆုတောင်းသည် ပြည့်စုံသည်သာ တည်းဟု ဟောတော်မူ၏။ (စာ မျက် နှာ ၁၅-၌လည်း အနည်းငယ် ဖေါ်ပြခဲ့လေပြီ)။

ဤ၌ ဆိုလိုရင်းကား အလုပ် လုပ် ကိုင် ပါ လေ၊ အလုပ် လုပ်ကိုင်ပြီးမှ ဆုတောင်းရန် ဖြစ်၏။ တနည်း ဆိုရသော် ဆုလည်းတောင်းပါ အလုပ်လည်း လုပ်ပါလေ။

ရှင်တော်ဘုရား၏ဂုဏ်တော်တွင်“ဝိဇ္ဇာစရဏသမ္ပန္နော” ဟူ၍ လာရှိ၏။ သဗ္ဗညုတဉာဏ်တော်ကို ရရှိခြင်းမှာ ပဌမ “စရဏသမ္ပန္န”အကျင့်ကို လေးသင်္ချေနှင့် ကမ္ဘာ တသိန်း ဖြည့်ကျင့်ပြီးမှသာ ရရှိခြင်း ဖြစ်သည်ကို သတိပြုတော်မူကြ စေလိုပါသည်။ ထိုကြောင့် ဆုလည်းတောင်း၍ အကျင့်ကို ပေ ကျင့်ပွားများတော်မူကြရန်ကို အထူးတိုက်တွန်းပါ၏။

လောကီရေးတွင်"ဘီအေ"အောင်မြင်၏၊ထိုသို့'ဘီအေ' စာမေးပွဲအောင်ရုံဖြင့် ကိစ္စမပြီးသေး၊ ဆက်လက် အလုပ် လုပ်ကိုင်ရ၏၊ အလုပ် မလုပ်ကိုင်သော် ထိုတတ်ရှိထား သောပညာသည်အရာမရောက်ချေ။ ထိုအတူ လောကုတ္တရာ ရေး၌လည်း စာပေကျမ်းဂန်ကို တတ်မြောက် သိရှိ နားလည်ခြင်းတရားဟောပြောတတ်ခြင်းတို့မျှဖြင့် ကိစ္စပြီးငြိ မဟုတ်သေး၊ ဝိပဿနာ ဘာဝနာကို တိုးတက် ပွားများ လုပ်ကိုင်ရပေသေး၏။

ထို့ကြောင့် စာပေကို သင်ကြားပြသပေးနေတော် မူပေ သော "ပေါဋ္ဌိလ"မထေရ်မြတ်အား ဝိပဿနာ ဘာဝနာ ပွားများခြင်းကို မပြုမကျင့်ခြင်းကြောင့် "တုစ္ဆပေါဋ္ဌိလ" တုစ္ဆပေါဋ္ဌိလ" အချည်းနှီး ပေါဋ္ဌိလ အချည်းနှီးပေါဋ္ဌိလ" ဟူ၍ ရှင်တော်ဘုရား မိန့်ဟ ဆိုဆုံးမတော်မူသည်ကို ဓမ္မပဒ မဋ္ဌဝဏ်၌ တွေ့ရှိနိုင်လေသည်။

ရှင်တော်ဘုရားသည် စာပေကျမ်းဂန် တတ်မြောက်ခြင်း ၌သာ ရပ်တန့်မနေမူ၍ ဝိပဿနာ ဘာဝနာ လုပ်ငန်းကို တဆင့်တိုးတက် လေ့ကျင့် ပွားများ စေလိုတော် မူရကား ခန္ဓဝဂ္ဂ ခန္ဓသံယုတ် ပါဠိတော် ဝါသိဇဋ္ဌသုတ်၌....

အို-ချစ်သား ရဟန်းများတို့ ဘာဝနာ ကမ္မဋ္ဌာန်း တရားကို ပွားများအားမထုတ်ဘဲနေသော ရဟန်းအား "ငါ၏စိတ်သည် တဏှာ, မာန, ဒိဋ္ဌိအားဖြင့် တစုံတခု သောအာရုံကို မယူမူ၍ အာသဝေါတရားတို့မှ လွတ်ရ ပါမူကား "ကောင်းလေစွ" ဟု အလိုဆန္ဒ ဖြစ်သော် လည်း အာသဝေါတရားတို့မှ မလွတ်နိုင်သည် သာ

တည်း၊ ယင်းသို့ မလွတ်နိုင်ရခြင်း အကြောင်းသည် အဘယ်ကြောင့်နည်း ဟူမူကား၊ ဘာဝနာ ကမ္မဋ္ဌာန်း တရားကို မပွားစေခြင်းကြောင့်တည်းဟူသော သဘော တရားကို ဟောတော်မူ၏။

ဤ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၌သာလျှင် ဟောတော်မူ သည် မဟုတ်သေး၊မဇ္ဈိမပဏ္ဏာသ ပါဠိတော် သေက္ခပဋိပဒါ သုတ်၌ရင်း၊ အင်္ဂုတ္တိုရ် ပါဠိတော် သတ္တနိပါတ် ကုက္ကုဋအဏ္ဍ ပမသုတ်၌ရင်း လာရှိလေသည်။

ထိုသုတ္တန် ဒေသနာတော် မြတ်တို့တွင် ရှင်တော်ဘုရား သည် ဥပမာဆောင်လျက် ဆက်၍ဟောတော်မူသော အကျဉ်း ချုပ်သဘောကို ဖေါ်ပြရသော်...

အို-ရဟန်းတို့ ကြက်မသည် ကြက်ဥတို့ကို ကောင်း စွာ မဝပ်ကြကုန်၊ ကိုယ်ငွေ့ဖြင့် ကောင်းစွာမထုံအပ်ကုန် ဘဲလျက် ကြက်ဥတို့ကို နှုတ်သီးဖြင့် ဖေါက်ခွဲ ခြင်းဖြင့် ကြက်ကောင်ငယ်တို့ ချမ်းသာစွာ ထွက်မြောက် လာ ခြင်းငှါမထိုက်သည်သာတည်း၊ထိုနည်းတူစွာ ကမ္မဋ္ဌာန်း ဘာဝနာတရားကိုမပွားများဘဲလျက် စိတ်၏ တောင့်တ မှုဖြင့် ဒုက္ခ ဆင်းရဲ ကင်းငြိမ်းသော သုခ နိဗ္ဗာန် ကို ရခြင်းငှာ မထိုက်သည်သာတည်းဟု ဟောတော်မူ၏၊

## ကမ္မဋ္ဌာန်းအာရုံကို သတိမလွတ်စေရ

ရှင်တော်ဘုရားသည်အာနာပါန ဘာဝနာကို ပွားများ ရန် ထိုထိုသော ပါဠိတော်များတွင် မကြာခဏ ဦးစားပေး ၍ ဟောတော်မူ၏၊ ထိုသမထ ဘာဝနာမှ တဖန်ဝိပဿနာ ဘာဝနာသို့တက်ရန် ဟော တော် မူ လေ့ ရှိ၏။ ယင်းသို့

ရှင်တော်ဘုရား၏ ဘာဝနာ ပွားများရာတွင် ဒါနမှု၊ သီလမှုတို့ကဲ့သို့ ကြီးမားစွာ အားမစိုက်ရဘဲ ဒါန သီလ ကုသိုလ်တို့ထက် ပိုမိုအကျိုး ရရှိပုံကို သုတ်သီလက္ခန် ပါဠိတော်ကူဋဒန္တ သုတ်၌ ရှည်လျားစွာ ဟောတော်မူ၏။

ယင်းသို့ ဒါနမှု သီလမှုတို့ထက် အကျိုးကြီးမားစွာ ရရှိသော်လည်း လေ့လာကျင့်သုံး ပွားများရာ၌ ပင်ပမ်းဆင်းရဲခြင်းမရှိ၊ ထို့ကြောင့် ငါဘုရားသည် အလောင်းတော်မျှသာဖြစ်စဉ်က အာနာပါန ကမ္မဋ္ဌာန်းကို များစွာပွားများခဲ့၏ဟု မဟာဝဂ္ဂ သံယုတ်ပါဠိတော် အာနာပါနသံယုတ် ပဒီပေါပမ သုတ်၌ ဟောတော်မူ၏၊ ထိုပါဠိတော်၌ ဆက်၍-

ဣမိနာ ဝိဟာရေန ဗဟုလံ
ဝိဟရတော နေဝ ကာယော
ကိလမတိ န စက္ခူနိ....

စသည်ဖြင့် လာရှိလေသည်။

အဓိပ္ပါယ်သော်ကား အို-ရဟန်းတို့ ယင်းသို့ အာနာပါန ကမ္မဋ္ဌာန်းကို များစွာ ပွားများအားထုတ် နေရာဝယ်၊ ငါ့အား ကိုယ်သည် မပင်ပမ်း မျက်စိတို့သည်လည်း ပင်ပမ်းဆင်းရဲခြင်းမရှိ စသည်တို့ကို ဟောတော်မူလေသည်၊ တဖန်တုံလည်း ထိုပါဠိတော် ဣစ္ဆာနင်္ဂလဝင် သမ္ပယုတ္တ ဘိက္ခူ သုတ်၌-

နာဟံ ဘိက္ခဝေ မုဋ္ဌဿတိဿ
အသမ္ပဇာနဿ အာနာပါနဿတိ
သမာဓိ ဘာဝနံ ဝဒါမိ။

ဟု ဟောတော်မူ၏။

အဓိပ္ပါယ်သော်ကား အို-ရဟန်းတို့ ပညာ ဆင်ခြင်ခြင်း မရှိ၊ လွတ်သော သတိသာ ရှိသောသူအား အာနာပါန သတိ သမာဓိ ဘာဝနာကို ငါဘုရားသည် ဟောတော်မမူ ဟူ၍ လာရှိလေသည်။

အထက်တွင် ဖော်ပြအပ်သော ပါဠိတော်တို့ကို ဆင်ခြင်သော် အာနာပါန ဘာဝနာကို ပွားရာဝယ် ကိုယ်စိတ်နှစ်ပါးတို့၌ ပင်ပမ်းခြင်း မရှိသည့်ပြင် သတိကိုလည်း ထွက်လေ ဝင်လေ အာနာပါန ကမ္မဋ္ဌာန်းတရားမှ သတိ လွတ်သွားခြင်း မရှိရ။ ထွက်လေ ဝင်လေ၌သာ ဆင်ခြင်ပွားများသော သတိ အစဉ်ထားရှိနေရမည် ဆိုသည်ကို ပြတော်မူသည်ကို အထူး သတိပြုအပ်လှ ပေသတည်း။

## အချိန်ရှိ၏ ဖြစ်နိုင်၏
### ထောက် ထောက်-ခကော ခကော

ထိုမှတဖန် ဘာဝနာတရား အားထုတ်ရာတွင် သိအပ်သော အချက်တရပ်ကို နောက်ဆုံး ဖော်ပြလိုသည်မှာ ယခုအခါ တရားအားထုတ်နေသူ တဦးက အခြားမိတ်ဆွေ တဦးအား ဘာဝနာ တရားကို ပွားများအားထုတ်ရန် ပြောသောအခါ နာကြားသူက အများအားဖြင့် ပြန်ပြောလေ့ ရှိသည်မှာ-

တရားတော့ အားထုတ်ချင်ပါတယ်။ သို့ပေမဲ့ အချိန် မရဘူး ဆယ်ရက်ဆက်ပြီး အားထုတ်မှ ၁၅-ရက် ဆက်ပြီး တရားအားထုတ်မှ ဆိုတော့ အချိန် မရနိုင်တာက ခက်နေပါတယ်။

စသည့် အပြေမျိုးကို ပြောဆိုကြသည်ကို မကြာခဏ ကြားသိရ၏။ အမှန်စင်စစ်ဆိုသော် ဘာဝနာ ပွားခြင်း၌ လူ့ဘောင်မှထွက်၍ ရဟန်းအဖြစ်ဖြင့် အားထုတ်နိုင်ခြင်း သည် အကောင်းဆုံးဖြစ်၏။ ထိုသို့ မဟုတ်ပါက အိမ်မှ ထွက်ခွာ၍ နှစ်လ, သုံးလ စသည်ဖြင့် လူဝတ်နှင့်ပင်လျှင် သင့်လျော်ရာဌာန၌ ဘာဝနာ တရားကို အားထုတ်နေခြင်း သည် ကောင်းပေ၏၊ ထိုသို့ မဟုတ်မူ ၅-ရက်တန်သည် ၁၀- ရက် တန်သည် သင့်လျော်ရာ ဌာန၌ ဘာဝနာ မြတ်တရား ကို ပွားများ အားထုတ်ခြင်းသည် ကောင်းသည်ပင်။

သို့ဖြစ်၍ ဤတွင် သိသာတော် မူကြရန်ကား ထိုသို့ ၅- ရက် တန်သည် ၁၀-ရက် တန်သည်ပင် အိမ်ကိုပစ်၍ အိမ်မှ ထွက်ခွါကာ တရားအားမထုတ် နိုင်ပါမူ မိမိ အိမ်၌ပင် ဘာဝနာ မြတ်တရားကို အားမထုတ်နိုင် အားမထုတ်ရ ဟူ၍ကား မယူဆအပ်ချေ၊ ထိုသဘောမျိုး သက်ရောက်ရာ သက်ရောက်ကြောင်းကိုလည်း မပြောမဆိုသင့်ချေ။

ဂုဏ်တော်ကို ပွားများခြင်းသည် ဘာဝနာပင်တည်း၊ မေတ္တာ ပို့သနေခြင်းသည် ဘာဝနာပင်တည်း၊ သေခြင်း သဘောတရားကို ဆင်ခြင်နေခြင်းသည် ဘာဝနာ တရား ပင်တည်း။ ထိုဘာဝနာများကို (ဝါ) ဘာဝနာ ပွားများ ခြင်းကို အိမ်တွင် မပွားများရ ဟူ၍ မပွားများဘဲ မနေအပ် ချေ။ ရသည့်အချိန်အခါ အခွင့်သာသည့် နေရာများတွင် တနံနက်ဖြစ်စေ၊ တညနေဖြစ်စေ၊ တနာရီဖြစ်စေ၊ ၂-နာရီ ဖြစ်စေ၊ ယုတ်စွအဆုံး တမိနစ်ဖြစ်စေ၊ နှစ်မိနစ် ဖြစ်စေ၊ (ဝါ) ငါးမိနစ်ဖြစ်စေ၊ ဆယ်မိနစ် ဖြစ်စေ၊ အခွင့်သာ၍

အချိန်ရရှိလျှင် ရရှိနိုင်သလောက် ဘာဝနာ မြတ်တရားကို ပွားများ အားထုတ်အပ်လေသည်။

ထိုကြောင့် ကုသိုလ် ကောင်းမှုကို အချိန် အခါမရွေး နေရာဌာနမရွေး အခွင့်သာလျှင် သာသည်နှင့်အမျှ ပြုလုပ်စေ လိုသော ရှင်တော်ဘုရား သည် ဓမ္မပဒ ပါဠိတော် မလဝဂ်၌-

အနုပုဗ္ဗေန မေဓာဝီ၊
ထောကံ ထောကံ ခဏေ ခဏေ။
ကမ္မာရော ရဇတဿေဝ၊
နိဒ္ဓမေ မလ မတ္တနော။

ဟူ၍ ဟောတော်မူ၏။

**အနက်ကား**။ ။ကမ္မာရော၊ ပန်းထိမ်သည်သည်။ ရဇတဿ၊ ငွေ၏။ မလံ၊ အညစ်အကြေးကို။ နိဒ္ဓမေဣဝ၊ တဖြည်းဖြည်း ထုတ်သကဲ့သို့ မေဓာဝီ၊ ပညာရှိသည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ထောကံ ထောကံ။ အတန်ငယ် အတန်ငယ်။ ခဏေ ခဏေ ခဏတိုင်း ခဏတိုင်း။ အတ္တနော၊ မိမိ၏။ သန္တာနေ၊ သန္တာန်၌။ ဝိဇ္ဇမာနံ၊ ထင်ရှားရှိသော။ မလံ၊ ကိလေသာ အညစ်အကြေးကို။ နိဒ္ဓမေ၊ တဖြည်းဖြည်း ထုတ်ပစ်ရာ၏။ ဟူ၍ ဟောတော်မူ၏။

ဤပါဠိတော်အရ မိမိ၏ကိုယ်တွင်း၌ရှိသော ကိလေသာ အညစ်အကြေးကို "ထောကံ-ထောကံ" အနည်းငယ် အနည်းငယ်မျှကိုသော်လည်း "ခဏေ-ခဏေ" ခဏတိုင်း ခဏတိုင်း အချိန်ရတိုင်း အချိန်ရတိုင်း သတိရရှိတိုင်း သတိ

ရရှိတိုင်း ဘာဝနာ ပွားကာ ထုတ်ပစ်ရာ၏ဟူ၍ မြတ်စွာ ဘုရား ဟောကြားတော်မူခြင်း ဖြစ်လေသည်။

**ဥစ္စာဝစ ပဿာဝ ကမ္မေ**

ဘာဝနာ ပွားများခြင်းကို ရှင်တော်ဘုရားသည် အလွန် လိုလားတော်မူ၏။ တနာရီ (၀၁) နာရီဝက်ခန့် ပွားများ သည်ကို မဆိုထားဘိ လက်ဖျစ်တတွက် နံ့သာ တခါရှူမျှ ပွားများခြင်းကိုပင် ရှင်တော်ဘုရားသည် များစွာ ချီးကျူး တော်မူ၏။ နေရာမရွေး အချိန်အခါမရွေး ဘာဝနာ ပွားများ အပ်ကြောင်းကို ရှင်တော် ဘုရားသည် သုတ် မဟာဝါပါဠိတော် မဟာသတိပဋ္ဌာနသုတ် ကာယာနု ပဿနာ သမ္ပဇာညပဗ္ဗ၌-

ဥစ္စာဝစ ပဿာဝ ကမ္မေ
သမ္ပဇာနကာရီ ဟောတိ။

**အနက်ကား။** ။ဥစ္စာဝစပဿာဝကမ္မေ၊ ကျင်ကြီးကျင်ငယ် ကို စွန့်သည်ရှိသော်။ သမ္ပဇာနကာရီ ဟောတိ၊ ပညာဖြင့် ဆင်ခြင်၍ ကျင်ကြီး ကျင်ငယ်ကို စွန့်လေ့ရှိရာ၏။ ဟူ၍ လာရှိ၏။

ဤ၌ ဆိုလိုရင်းကို အတိုချုပ်ရသော် မိမိအိမ်ကို စွန့်ခွာ ၍ ၁၀-ရက်တန်သည် ၁၅-ရက်တန်သည် တလ တန်သည် နှစ်လ တန်သည် လူ့သူမနီးရာသို့ သွားရောက် တရားအား ထုတ်ခြင်းသည် အလွန်ကောင်းလှ၏၊ ယင်းသို့ အားထုတ် ကြိုးစားပါက အလွန်ခရီးရောက်သည်ကို တရားအားထုတ် ဘူးသူတိုင်း အသိဖြစ်၏။ သို့ရာတွင် ဤကဲ့သို့ မိမိအိမ်ကို စွန့်ခွာ သွားခြင်းငှါ မဖြစ်နိုင်ပါက ဘာဝနာတရားကို

အားမထုတ်သင့် အားမထုတ်ထိုက်ဟူ၍ မယူဆသင့်ချေ။ ထိုသဘောမျိုးကိုလည်း မပြောမဆိုသင့်ချေ။ မာတိကာ မည်သော ဒုကာမကြီးသည် အိမ်၌ပင် ချက်ရင်း ပြုတ်ရင်း တရားအားထုတ်ရာ အနာဂါမ်တည်ကြောင်းကို ဓမ္မပဒ စိတ္တဝဂ်၌ လာသည်လည်းရှိ၏။

## လက်သမား၏ ပဲခွပ်ရိုး

ကာယကံ-ကုသိုလ်, ဝစီကံ-ကုသိုလ်, မနောကံ-ကုသိုလ်တို့ကို သတိရတိုင်း သတိရတိုင်း နည်းများမဆို ပြုတော်မူကြပါလေ။ ကြာလတ်သော် မိမိအဖွက် အပါယ်လေးပါး တံခါးအသီးသီးတို့ကို ပိတ်ထားနိုင်သည့် အခြေအနေအထိ တိုးတက်ဆိုက်ရောက် လာရမည်မှာ မြေကြီးလက်ခတ်မလွဲတည်း။ ထိုကြောင့် မြတ်စွာဘုရားရှင်သည် အင်္ဂုတ္တိုရ် ပါဠိတော် သတ္တကနိပါတ် ကုက္ကုဋ္ဌကျပမ သုတ်၌...

အို-ရဟန်းတို့ ဥပမာအားဖြင့်ဆိုသော် လက်သမား၏ ပဲခွပ်ရိုး(ဓားရိုး)သည်ကိုင်သည်ရှိသော် လက်သမား၏ လက်ချောင်းရာတို့သည် ထင်ကုန်၏။ လက်သမားအား လက်ချောင်းရာ၌ "ယနေ့ ငါ၏ပဲခွပ်ရိုးသည် ဤမျှလောက် ကုန်၏ ယမန်နေ့က မူကား ဤမျှလောက် ကုန်လေပြီ၊ တပါးသော ရှေးနေ့ကမူကား ဤ၍ဤမျှ ကုန်ခဲ့သေပြီ"ဟု သိသောဉာဏ်သည် မဖြစ် စင်စစ်အားဖြင့် ထိုလက်သမားအား ကုန်ပြီးသော ပဲခွပ်ရိုး၌ ကုန်ပြီဟူ၍ သာလျှင် အသိဉာဏ်သည် ဖြစ်၏။ အို-ရဟန်းတို့ ဤဥပမာအတူသာလျှင် ပွားများလေ့ကျင့်မှု ဘာဝနာကို အဖန်တလဲလဲ အားထုတ်သည်ဖြစ်၍ နေသော ရဟန်း

အား"ယနေ့ငါ၏ အာသဝေါတရားသည်ဤမျှလောက် ကုန်၏၊ ယမန်နေ့ကမူကား ဤမျှလောက် ကုန်လေပြီ၊ တပါးသော ရှေ့နေ့ကမူကား ဤ၍ဤမျှ ကုန်ခဲ့လေပြီ" ဟု အသိဉာဏ်သည်မဖြစ် စင်စစ်အားဖြင့် ထိုရဟန်း အား အာသဝေါတရား ကုန်ရာ၌ ကုန်ပြီဟူ၍သာလျှင် အသိဉာဏ်သည် ဖြစ်၏ဟူ၍ဟောတော်မူလေသတည်း။

## အနုပုဗ္ဗိ ကထာ

အာနာပါန ကမ္မဋ္ဌာန်းပွားများရန် အတွက် ဤမျှ ရေး သားဖော်ပြ လာခဲ့ရခြင်း အကြောင်းရင်းမှာ အာနာပါန ဘာဝနာပွားများရာတွင် ခက်၍မဟုတ်ချေ။ ယင်းသို့မခက် ခဲရခြင်း အကြောင်းရင်းမှာလည်း ရှင်တော် ဘုရားသည် မှန်ကန်သော နည်းလမ်းများကို မသိ နားမလည်ဟူ၍ မရှိ စေရန် အမျိုးမျိုးသော "အနုသာသနီ" နည်းတို့ဖြင့် ဟော ပြော ပြသတော်မူခဲ့ခြင်းကြောင့် ဖြစ်လေသည်။

ရှင်တော်ဘုရားသည် ဘာဝနာပွားများခြင်းကိုအလိုအရှိ ဆုံး ဖြစ်တော်မူ၏။ သို့ပင် ဖြစ်လင့်ကစား လောကဓာတ် ကြီးတခုလုံး၏ သဘာဝဓမ္မ ဖြစ်ပျက်ပုံ အကျိုးပေးပုံတို့ကို အများနားလည် နိုင်စိမ့်သောငှါ စာမျက်နှာ-၄၄ အထက် ဆုံး ၅ကြောင်းမှစ၍သုံးကြောင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဒါန,ကထာ,ထိုနောက် သီလကထာ,သဂ္ဂကထာ,ကာမာနံ အာဒိနဝကထာ စသည်ဖြင့် အစဉ်အတိုင်း"အနုပုဗ္ဗိကထာ" အားဖြင့် ကျယ်ပြန့်စွာ ဟောတော်မူ၏။ ဤသည်ကို မှီးလျက် အာနာပါနကမ္မဋ္ဌာန်း ဘာဝနာကို ပွားများရာ၌ သဘာဝ

မမွှကို နားလည်ထား နိုင်စေရန် ထိုမျှသော ပါဠိတော်တို့ ကိုဆောင်လျက် ရေးသားဖေါ်ပြခဲ့ရခြင်း ဖြစ်လေသည်။

**အာနာပါန သုတ်တော်များ**

အာနာပါန ကမ္မဋ္ဌာန်း စီးဖြန်းရာဝယ် သုတ် မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာန သုတ်၌ရှင်း၊ ဥပရိပဏ္ဏာသ ပါဠိတော် အနုပဒဝဂ် အာနာပါနသတိ သုတ်၌ရှင်း၊မဟာ ဝဂ္ဂ သံယုတ်ပါဠိတော် အာနပါနသံယုတ်၌ရှင်း စသည်တို့၌ လာရှိလေသည်။

ထို"အာနာပါန"ပါဠိတော်တို့မှာ အောက်ပိုင်းအာနာ ပါန သမထဘာဝနာ ပွားများရာတွင် အတူတူပင် ဖြစ်ကြ သော်လည်း သမထဘာဝနာမှ ဝိပဿနာ ဘာဝနာ သို့ တက်ကြသောအခါ မဟာသတိပဋ္ဌာနသုတ်၌ လာရှိသော ဝိပဿနာ ပွားများနည်းမှာ တမျိုးဖြစ်၍ ဥပရိပဏ္ဏာသ ပါဠိတော်နှင့်မဟာဝဂ္ဂသံယုတ်ပါဠိတော်တို့၌ လာရှိသော ဝိပဿနာဘာဝနာ ပွားများနည်းမှာ တူကြလေသည်။

ထို အာနာပါန သုတ်များတွင် မဟာဝဂ္ဂသံယုတ် ပါဠိ တော်၌သာ ဖေါ်ပြပါရှိသော ပါဠိတော်မှာ...

ကေဓမ္မော ဘိက္ခဝေ ဘာဝိတော
ဗဟုလီကတော မဟပ္ဖလော ဟောတိ
မဟာနိသံသော ကတမော ဧကဓမ္မော
အာနာပါနဿတိ၊ ကထံ ဘာဝိတာစ
ဘိက္ခဝေ အာနာပါနဿတိ ကထံ ဗဟုလီ-
ကတာ မဟပ္ဖလော ဟောတိ မဟာနိသံသာ။

**ဤကား အထူးတည်း။**

**အနက်ကား။** ။ဘိက္ခဝေ၊ ရဟန်းတို့။ ဧကဓမ္မော၊ တခုသောတရားသည်။ ဘာဝိတော၊ ပွားစေအပ်သည် ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ ပြုအပ် သည် ရှိ သော်။ မဟပ္ဖလော၊ များသော အကျိုးရှိသည်။ မဟာနိသံသော၊ များသောအကျိုးဆက် အာနိသင်ရှိသည်။ဟောတိ၊ဖြစ်၏။ ဧကဓမ္မော၊ တခုသော တရားဟူသည်။ ကတမော၊ အဘယ်နည်း။ အာ နာ ပါ န ဿသတိ၊ ထွက်သက် ဝင်သက်ကို အောက်မေ့ သတိပြုခြင်းတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ အာနာပါနဿတိ၊ ထွက် သက် ဝင်သက်ကို အောက်မေ့ သတိပြုခြင်းသည်။ ကထံဘာဝိတာစ၊ အဘယ်သို့ ပွားစေအပ်သည်ရှိသော်။ ကထံဗဟုလီကတာစ၊ အဘယ်သို့ အကြိမ်များစွာ ပြုအပ်သည် ရှိသော်။ မဟပ္ဖလာ၊ များသော အကျိုးရှိသည်။ မဟာနိသံသာ၊များသော အကျိုးဆက်အာနိသင်ရှိသည်။ဟောတိ၊ဖြစ်သနည်း။

ဤမျှသာ ထူး၍ ထိုနောက် ဆက်လက်လာရှိသော ပါဠိတော်မှာ အာနာပါန သမထဘာဝနာအတွက်အောက်ပါ အတိုင်း အတူတူပင်။

ဣဓ ဘိက္ခဝေ ဘိက္ခု၊ အရညဂတောဝါ၊
ရုက္ခမူလဂတောဝါ သုညာဂါရ-
ဂတောဝါ နိသီဒတိ ပလ္လင်္ကံ
အာဘုဇိတွာ ဥဇုံ ကာယံ ပဏိ-
ဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

**အနက်ကား။** ။ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရညဂတောဝါ၊ တော

အရပ်သို့ကပ်သည် ဖြစ်၍၎င်း။ ရက္ခမူလဂတောဝါ၊သစ်ပင်ရင်းသို့ကပ်သည်ဖြစ်၍၎င်း။ သုညာဂါရဂတောဝါ၊ ဆိတ်ငြိမ်ရာသို့ ကပ်သည်ဖြစ်၍၎င်း။ပလ္လင်္ကံ၊ထက်ဝယ်ကို။အာဘုဇိတွာ၊ ဖွဲ့၍၊ ဥဇုံ၊ ဖြောင့်မတ်စွာ။ ကာယံ၊ကိုယ်ကို။ ပဏိဓာယ၊ထား၍၊ ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ ရှေးရှု။ သတိံ၊ အောက်မေ့ခြင်းသတိကို။ ဥပဋ္ဌပေတွာ၊ဖြစ်စေ၍။ နိသီဒတိ၊ထိုင်၏။

## သတိ ရှိနေရမည်

သော သတောဝ အဿသတိ၊
သတောဝ ပဿသတိ။

**အနက်ကား။** ။သောဘိက္ခု၊ထိုရဟန်းသည်။ သတောဝ၊ အောက်မေ့ခြင်း သတိရှိသည် ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်သက်ကို ဖြစ်စေ၏။ သတောဝ၊ အောက်မေ့ခြင်း သတိရှိသည် ဖြစ်၍သာလျှင်။ ပဿသတိ၊ ဝင်သက်ကို ဖြစ်စေ၏။

ဤပါဠိတော်အရ တရားအားထုတ်သူသည် မိမိစိတ်ကို တခြားတပါးသို့ ထွက်မသွားစေဘဲ "နှာသီးဖျား"၌ ထွက်ဝင်နေသော လေကိုသာလျှင် ဤသည်ကား ထွက်သက်၊ ဤသည်ကား ဝင်သက်ဟု သတိမလွတ်စေဘဲ စိတ်ကို ထိန်းသိမ်း စောင့်ရှောက်နေရခြင်းမှာ အရေး အကြီးဆုံးသော ပဓာန အချက်ကြီး ဖြစ်၏။ ထိုနည်းအတူ တဘက်၌ လာလတံ့သည်တို့ကိုလည်း သတိ လွတ်မသွားစေရန် အထူး ကြိုးစားရပေမည်။ သတိ လွတ်သွားပါက သမာဓိ အား မကောင်းတော့ချေ။

ဒီဃံ ဝါ အဿသန္တော
ဒီဃံ အဿသာမီတိ ပဇာနာတိ၊
ဒီဃံ ဝါ ပဿသန္တော
ဒီဃံ ပဿသာမီတိ ပဇာနာတိ။

**အနက်ကား**။ ။ဒီဃံ ဝါ၊ ရှည်စွာ မူလည်း။ အဿသန္တော၊ ထွက်သက်ကို ဖြစ်စေသည် ရှိသော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမီတိ၊ ထွက်သက်ကို ဖြစ်စေ၏ဟူ၍။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ ပဿသန္တော၊ ဝင်သက်ကို ဖြစ်စေသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ ပဿသာမီတိ၊ ဝင်သက်ကို ဖြစ်စေ၏ဟူ၍။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။

တခြားတပါးသို့ စိတ်လွင့် မသွားရ ထွက်သက် ဝင်သက်၌သာ သတိ ရှိနေရမည်။

ရဿံ ဝါ အဿသန္တော
ရဿံ အဿသာမီတိ ပဇာနာတိ၊
ရဿံ ဝါ ပဿသန္တော
ရဿံ ပဿသာမီတိ ပဇာနာတိ။

**အနက်ကား**။ ။ရဿံ ဝါ၊ တိုစွာမူလည်း။ အဿသန္တော၊ ထွက်သက်ကို ဖြစ်စေသည်ရှိသော်။ ရဿံ၊ တိုစွာ။ အဿသာမီတိ၊ ထွက်သက်ကို ဖြစ်စေ၏ဟူ၍။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ ရဿံ ဝါ၊ တိုစွာမူလည်း။ ပဿသန္တော၊ ဝင်သက်ကို ဖြစ်စေသည်ရှိသော်။ ရဿံ၊ တိုစွာ။ ပဿသာမီတိ၊ ဝင်သက်ကို ဖြစ်စေ၏ဟူ၍။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။

တခြားတပါးသို့ စိတ်လွင့်မသွားရ ထွက်သက် ဝင်သက် ၌သာ သတိ ရှိနေရမည်။

သဗ္ဗကာယပ္ပဋိသံဝေဒီ
အဿသိဿာမီတိ သိက္ခတိ၊
သဗ္ဗကာယပ္ပဋိသံဝေဒီ
ပဿသိဿာမီတိ သိက္ခတိ။

**အနက်ကား။** ။သဗ္ဗကာယပ္ပဋိသံဝေဒီ၊ အလုံးစုံသော ထွက်သက်၏ အစ, အလည်, အဆုံး, သုံးပါးစလုံးကို ထင်စေလျက်။ အဿသိဿာမီတိ၊ ထွက်သက်ကို ဖြစ်စေအံ့ ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။ သဗ္ဗကာယပ္ပဋိသံဝေဒီ၊ အလုံးစုံသော ဝင်သက်၏ အစ, အလည်, အဆုံး, သုံးပါးစလုံးကို ထင်စေလျက်။ ပဿသိဿာမီတိ၊ ဝင်သက်ကို ဖြစ်စေအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။

တခြားတပါးသို့ စိတ်သွင့်မသွားရ၊ ထွက်သက် ဝင်သက် ၌သာ သတိ ရှိနေရမည်။

ပဿမ္ဘယံ ကာယသင်္ခါရံ
အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ ကာယသင်္ခါရံ
ပဿသိဿာမီတိ သိက္ခတိ။

**အနက်ကား။** ။ကာယသင်္ခါရံ၊ ရုန့်ရင်းသော ထွက်သက်ကို။ ပဿမ္ဘယံ၊ ငြိမ်းစေလျက်။ အဿသိဿာမီတိ။ ထွက်သက်ကို ဖြစ်စေအံ့ ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။ ကာယသင်္ခါရံ၊ ရုန့်ရင်းသော ဝင်သက်ကို။ ပဿမ္ဘယံ၊

မဟာဝဂ္ဂ　၁၃။

ငြိမ်းစေလျက်။ ပဿဒ္ဓိသာမိတိ၊ ဝင်သက်ကို ဖြစ်စေအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။

ဤ၌ သတိပြုရန်မှာ အာနာပါန ကမ္မဋ္ဌာန်းတွင် ကြမ်းတမ်းစွာ ရှူရှိုက်ရမည်ဟူ၍ ပါဠိတော်အရပ်ရပ်တွင် မလာမရှိ၊ ရန့်ရင်းကြမ်းတမ်းသော ထွက်သက် ဝင်သက်ကို ငြိမ်သက်စွာ ရှူရှိုက်ရမည် ဟူ၍သာ ပါဠိတော် အရပ်ရပ်တွင် လာရှိလေသည်။

အထက်တွင် ဖော်ပြအပ်သော ပါဠိတော်များမှာ အာနာပါန ကမ္မဋ္ဌာန်း သမထ ဘာဝနာ ပွားများရာတွင် အခြေခံ အပိုင်းကြီးဖြစ်၏၊ ၎င်းတို့ကို ပွားများ အားထုတ်ရာ၌ ခက်သည် မဟုတ်ချေ၊ ပင်ပမ်းစရာ အကြောင်းများလည်း မပါမရှိချေ၊ စိတ်အာရုံ မပျံ့လွင့် စေရန် နှင့် ဖွဲ့ကောင်းရန်သာ ပဓာန ကြိုးစားရမည့် အချက်ကြီးဖြစ်လေသည်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အနုဿတိ ကမ္မဋ္ဌာန နိဒ္ဒေသ၌ အာနာပါန ကမ္မဋ္ဌာန်းပိုင်းကို ပြရာ၌လည်း ဂဏနာနည်း, အနုဗန္ဓနာနည်း, ဖုသနာနည်းစသည်ဖြင့် လာရှိရာ လိုရင်းမှာ အထက်တွင်ဖော်ပြအပ်သည့် အတိုင်း ပင်လျှင် စိတ်မပျံ့လွင့် စေရန်နှင့် တာရှည်ဖွဲ့ကောင်းစွာ ပွားများနေရန်မှာ အရေးအကြီးဆုံး ဖြစ်၏။

## နိဝရဏတရား ငါးပါး

အထက်တွင် အာနာပါန ကမ္မဋ္ဌာန်းနှင့် သက်ဆိုင်သော ပါဠိတော်များကို သိသင့်, သိထိုက်သည်တို့ကို ဖော်ပြခဲ့ပြီး သည့်အပြင် အာနာပါန လုပ်ငန်းအတွက် ပါဠိတော်ကို

ပေါ်ပြခဲ့ပြီးရာ အာနာပါန သမထ ဘာဝနာကို ပွားများခြင်းမှာ မသိနားမလည်စရာ အချက်အလက်များ မပါမရှိချေ။

အာနာပါန ဘာဝနာ ပွားများခြင်း၏ အကြောင်းရင်းကား ဉာဏ်ပညာကို ဖုံးအုပ် ကာကွယ်ထားသော-

၁။ ကာမစ္ဆန္ဒ နီဝရဏ၊
၂။ ဗျာပါဒ နီဝရဏ၊
၃။ ထိနမိဒ္ဓ နီဝရဏ၊
၄။ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ၊
၅။ ဝိစိကိစ္ဆာ နီဝရဏ၊

ဤ နီဝရဏ ငါးပါးကို လွှင့်ပစ် ကင်း ပျောက် စေ၍ သမာဓိ အားကောင်းကြီး ခိုင်စေရန်မှာ ပဓာန အချက်ကြီးဖြစ်လေသည်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အနုဿတိ၊ ကမ္မဋ္ဌာန နိဒ္ဒေသ၌-

> ယထာ ထမ္ဘေ နိဗန္ဓေယျ၊
> ဝစ္ဆံ ဒမံ နရော ဣဓ၊
> ဗန္ဓေယျေဝံ သကံ စိတ္တံ၊
> သတိယာ ရမ္မဏေ ဒဠှံ။

**ဘာသာ**ပြန်။ ။နွားငယ်ကို ဆုံးမ သွန် သင် လို သော နွားထိန်းသည် ချည်တိုင်၌ခိုင်မြဲစွာ ချည်နှောင်ရာဘိသကဲ့သို့ ဤနည်းတူစွာ လေ လွင့် တတ် သော မိမိစိတ်ကို ဆုံးမသွန်သင်လိုသော သူသည် ကမ္မဋ္ဌာန်းအာရုံ၌ မိမိစိတ်ကို ကြိုးတည်းခိုင်မြဲစွာ ချည်နှောင်ထားရာ၏ဟူ၍ လာရှိလေသည်။

ထိုကြောင့် အာနာပါန ဘာဝနာ ပွားများရာ၌ မိမိ ကိုယ်ကို ဒုက္ခဆင်းရဲ အနည်းငယ်မျှ မဖြစ် စေ ဘဲ သမာဓိ အားကောင်းလာရန် နှာသီးဖျားမှ ထွက်လေ ဝင်လေကို သတိမလွတ်စေဘဲ လေ့ကျင့်ပွားများခြင်းတို့ဖြင့် ဉာဏ်ရင့် သန်လာသည့်ကို ဤအာနာပါန အခန်းကို ဘတ်ရှုလာ သော ပုဂ္ဂိုလ်သည်လွယ်ကူထင်ရှားစွာ သိမြင်နိုင်လေရာပြီ။

## အဝိဇ္ဇာ နီဝရဏ

သမထ ဘာဝနာ ပွားများရာ၌ အထက်တွင် ဖေါ်ပြခဲ့ သော နီဝရဏတရား ၅-ပါးကိုသာ ပယ်ရှားနိုင်၏၊ ကျန်ရှိ နေသေးသော ပဓာန အရင်းခံဖြစ်သည့် အဝိဇ္ဇာ နီဝရဏ ကိုကား မပယ်ရှားနိုင်သေးချေ။

ယင်းသို့ နီဝရဏ ၅-ပါးကို ပယ်ရှား နိုင်သည် ဆိုရစေ ကာမူ အရင်းအမြစ်ပါ ပြုတ်အောင် သမုစ္ဆေဒပဟာန်အား ဖြင့် မပယ်ရှားနိုင်သေးချေ တဒင်္ဂပဟာန်၏ အစွမ်းအား ဖြင့် တခဏမျှသာ ပယ်ရှားနိုင်ခြင်း ဝိက္ခမ္ဘန ပဟာန် ၏ အစွမ်း(ဝါ)ဈာန်၏ အစွမ်းအားဖြင့်ဈာန်တည်ရှိသမျှသာ ပယ်ရှားနိုင်ခြင်းမျှသာ ဖြစ်၏။

ထိုကြောင့် ရှင်တော်ဘုရား ပွင့် တော် မမူမီက အကျင့် များသည်အဝိဇ္ဇာ နီဝရဏ နှင့်တကွ နီဝရဏ ၆-ပါးတို့အား အမြစ်ပါပြုတ်အောင် မစွမ်းဆောင် နိုင်ခြင်းကြောင့် ၃၁- ဘုံတွင်အစွမ်းကုန် အထက်ဆုံးသို့ တက်ရောက်နေစေကာမူ ဈာန်၏အရှိန် အစွမ်းကုန်ပါက အောက်ဘုံဌာနသို့ ပြန်ကျ ရမည်သာဖြစ်၏၊ ထိုကြောင့် ရှင် တော် ဘု ရား သ ည်

ဝိဘင်း ပါဠိတော် ဓမ္မဟဒယ ဝိဘင် အဘိဓမ္မာဝိ ဒဿနဝါရ၌-

ဥက္ခိတ္တာ ပုညတေဇေန၊
ကာမရူပ ဂတိင်္ဂတာ။
ဘဝဂ္ဂတံပိ သမ္ပတ္တာ၊
ပုနာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

ဟူ၍ ဟောတော်မူခဲ့လေသည်။

အနက် အဓိပ္ပါယ်သော်ကား ကုသိုလ်ကောင်းမှု အာနုဘော်သည် တင်မြှောက် လိုက်ကုန်သည်ဖြစ်၍ ကာမဘုံ,ရူပဘုံ,နေဝသညာ,နာသညာ,ယတနဘုံသို့ ရောက်ကြလေကုန်သော သတ္တဝါတို့သည် တဖန် အပါယ်ဘုံသို့ ရောက်ကြပြန်ကုန်၏ဟူ၍ ဟောတော်မူခဲ့လေသည်။ ထိုကြောင့် လည်း ''ဗြဟ္မာ့ဘုံမှာ တဝင်းဝင်း ဝက်စားကျင်း၌ ဘာ္တရွံရွံ'' ဟူ၍ ယခုတိုင် ဆိုစမှတ်ရှိလေသည်။

သမထမှ ဝိပဿနာသို့

ယခုအခါ ဗမာပြည်တွင် အများအားဖြင့် မဟာသတိ ပဋ္ဌာန်မှ လာသော ''အာနာပါန'' ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်လေ့ ရှိကြလေသည်။ ထိုနည်းတူစွာ နိုင်ငံခြား များတွင်လည်း ဗုဒ္ဓဝါဒကို နှစ်သက်ကြကုန်သော ပုဂ္ဂိုလ်တို့ သည် အများအားဖြင့်''အာနာပါန''ကမ္မဋ္ဌာန်းကိုအလေး ဂရုပြုကာ ရေးသားလိုက်နာ ပြုကျင့် နေကြလေသည်ကို တွေ့ရှိရ၏။

မဟာ သတိပဋ္ဌာန် ၌ လာရှိ သော ''အာနာပါန'' ကမ္မဋ္ဌာန်းအတွက် လာရှိသော ပါဠိတော်မှာ အထက်၌

ဖေါ်ပြခဲ့သောပါဠိတော်လောက် မကျန်ရှိတော့ချေ။ဖေါ်ပြခဲ့သည့် ပါဠိတော်မှာ ''အာနာပါန''သမထ ဘာဝနာလုပ်ငန်းဖြစ်၍ ကျန်ရှိသော အစိတ်အပိုင်းမှာ သမထဘာဝနာမှ ဝိပဿနာ ဘာဝနာသို့ တက်ရောက် ပွားများရန် လုပ်ငန်းအတွက်ဖြစ်၏။ ထိုကျန်ရှိသော ပါဠိတော်ကိုအနက်အဓိပ္ပါယ် ဖေါ်ပြရေးသားရန်မှာ လွယ်ကူ တိုတောင်းလှပေ၏။ ယင်းသို့ ဖြစ်သော်လည်း တမဂ်, တဖိုလ်ရရှိရေးဖြစ်သော ထို တို တောင်း သော ပါဠိ တော် ၏ ''အနတ္တဓမ္မ''သဘော သဘာဝကို နားလည် နိုင်ရန်ကား ခဲယဉ်းဘိ၏။

ထိုကျန်ရှိသော ပါဠိတော်ကို ဘာသာပြန်ဆို ပြသထားကာမျှဖြင့် ဝိပဿနာ ဘာဝနာ ပွားများရေးတွင် လိုအပ်သော ပဓာန''သော့''ချက်များ ဖြစ်သော ဤသည်ကား-ရုပ်, ဤသည်ကား နာမ်, ဤသည်ကား ရုပ်၏ ဖြစ်ကြောင်း ဤသည်ကား နာမ်၏ ဖြစ်ကြောင်းစသည်တို့ကို သိရှိနိုင်ရန် အခြားတပါးသော ပါဠိတော်တို့၏ အကူအညီအထောက်အပံ့ကို မရရှိပါက ပါဠိတော် တပုဒ်တည်းဖြင့် ''နေယျ'' ပုဂ္ဂိုလ်တို့အတွက် ကိစ္စမပြီးနိုင်ချေ။

ထိုနည်းတူစွာ ဝိ ပ ဿ နာ ဘာ ဝ နာ ပွား များရေးလုပ်ငန်းအတွက် ခန္ဓာ ၅-ပါး၊အာယတန ၁၂-ပါး၊ဓာတ် ၁၈-ပါး၊ သတ္တာယဒိဋ္ဌိ ၂၀ ဤသည်ကား သဿတ ဒိဋ္ဌိ, ဤသည်ကား ဥစ္ဆေဒဒိဋ္ဌိ, ဤသည်ကား ပရမတ်, ဤသည်ကား တဏှာပညတ်, ဤသည်ကား အတ္တဝါဒ, ဤသည်ကား-အနတ္တဝါဒ, ဤသည်ကား ပဋိစ္စသမုပ္ပါဒ်, ဤသည်ကား-

ပဋိစ္စသမုပ္ပန္န, ဤသည်ကား တဏှာ, အဝိဇ္ဇာ, ပွားများခြင်း, ဤသည်ကား တဏှာ အဝိဇ္ဇာသတ်နည်း, ဤ သည် ကား-နိဗ္ဗာန်၏ သဘောသဘာဝတည်း''စသည်တို့ကို ပါဠိတော် အရပ်ရပ်တို့နှင့်ကိုက်ညီရလေအောင် ဝိပဿနာ ဘာဝနာ ပွားများနည်းကိုယထာဘူတ သဘာဝကျစွာ သိရှိပွားများ အားထုတ်နိုင်ရန်မှာ အလွန့်အလွန် လွန်သည်ထက် လွန် အောင် ခဲယဉ်းဘိ၏။

## ခေတ်တလုံးကို သဘောပေါက်လျှင်

ထိုသို့ ခဲယဉ်းရာတွင် ဝိပဿနာဘာဝနာ ပွားများနည်း နှင့် သက်ဆိုင်သော ပါဠိတော်များကို လိုက်စားလေ့လာ ပါက ''အတ္တ''မှ ကျော်လွန်သော ''ပရမတ္ထ အနတ္တ'' ဓမ္မ သဘာဝကို ကျနစွာသဘောပေါက်လာရမည်မှာဧကန်ပင် သို့လော သို့လောဟု တွေးတော ကြံဆနေရန် စိုးစဉ်းမျှ မကျန်မရှိတော့ချေ။ ဤ၌ အရေးအကြီးဆုံးကား စာဘတ် ရန်နှင့် နားမလည်သည်တို့ကို စုံစမ်းမေးမြန်းရန်ဖြစ်၏။

ရုပ်ခေတ် နာမ်ခေတ် ခန္ဓာငါးပါး အာယတန ၁၂-ပါး ခေတ် ၁၈-ပါးစသည်ဖြင့် မည်မျှပင် များပြား စေကာမူ ရုပ်ခေတ်တလုံးကို ဖြစ်စေ၊ နာမ်ခေတ် တလုံးကို ဖြစ်စေ၊ ခန္ဓာငါးပါးတွင် တပါးပါးကို ဖြစ်စေ၊ အာယတန ၁၂-ပါးတွင် တပါးပါးကို ဖြစ်စေ၊ ခေတ် ၁၈-ပါးတွင် တပါး ပါးကို ဖြစ်စေ ခေတ်တလုံးကို သဘောပေါက် သွားပါက ကျန်ခေတ်အားလုံးကိုသဘောပေါက်ပြီးသား ဖြစ်သွားပေ တော့၏။

တနည်းဆိုသော် ရုပ် ၂၈-ပါး စေတသိက် ၅၂-ပါး၊ စိတ်တပါး ဤဓာတ် ၈၁ ပါးတွင် တပါးပါးကို သဘော ပေါက်မိသွားပါက ကျန်ဓာတ် အားလုံး တို့ကို သဘော ပေါက်ပြီးသား ဖြစ်သွားပေတော့၏။

သင်္ခတဓာတ် ၈၁-ပါးကိုသဘောပေါက် သွားသည်နှင့် တပြိုင်နက် အသင်္ခတဓာတ် မြတ် သော နိဗ္ဗာန် ကို လည်း "အပုဗ္ဗံ အစရိမံ" မရှေးမနှောင်း တပေါင်းတည်း သဘော ကျ နိုင်စရာပင်။

## ကျမ်းအိပ်ကြီးများ

ယင်းသို့ ဓာတ်တလုံး၏ ဖြစ်ပျက်ပုံသဘာဝကို သဘော ပေါက်စေရန်မှာ ဝိပဿနာ ဘာဝနာနှင့် သက်ဆိုင်သော ပိဋကတ်တော်ကြီးများ အထင်အရှား အများ အပြားပင် ရှိငြားသော်လကား အကြည့်အရှု နည်းပါးခြင်း အကြား အမြင် နည်းပါးခြင်းတို့ကြောင့် "ကျမ်းအိပ်ကြီး" များဟု အခေါ်အပြောခံရသောဘုရားရှင်မုခပါဌ်အရပ်ရပ်သော ပါဠိတော်ကြီးတို့ကို အလေ့အထပြု၍ ကြည့်ရှု မှတ်လေလေ ဖတ်လေလေ "သဗ္ဗေဓမ္မာ အနတ္တာ" ဆိုသော အနတ္တဓမ္မ သဘာဝကို သဘော ကျလေလေ ဖြစ်လာ ပေလိမ့်မည်၊ ယင်းသို့ အနတ္တဓမ္မ သဘာဝကို သဘော ကျလေလေ ဝိပဿနာ ဘာဝနာကို ကြိုးစား ပွားများချင်လေလေ ရှင်တော်ဘုရား၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို တသံ လဲလဲ ထပ်စွဲမမေ့ ကျေးဇူးတင်လေလေဟူသော စိတ်သည် တကယ်တန်း ဖြစ်ပေါ် လာလိမ့်မည်ပင် ဖြစ်ပေတော့၏။

ထို့ကြောင့် ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော် ဝက္ကလိထေရသုတ်၌—

ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ
သော မံ ပဿတိ၊ ယော မံ ပဿတိ
သော ဓမ္မံ ပဿတိ-

စသည်ဖြင့် ဟောတော်မူ၏။

အဓိပ္ပါယ်သော်ကား- အို-ချစ်သား ဝက္ကလိ အကြင်သူသည် တရားကိုမြင်၏၊ ထိုသူသည် ငါဘုရားကို မြင်၏၊ အကြင်သူသည် ငါဘုရားကိုမြင်၏၊ ထိုသူသည် တရားကို မြင်၏ ဟူ၍ ဟောတော်မူ၏။

ရှင်တော်ဘုရား ဟောတော် မူအပ်သော ပါဠိတော်များကို-

၁။ ဒီဃနိကာယ်။
၂။ မဇ္ဈိမနိကာယ်။
၃။ သံယုတ္တနိကာယ်။
၄။ အင်္ဂုတ္တရနိကာယ်။
၅။ ခုဒ္ဒကနိကာယ်။

ဟူ၍ ပိုင်းခြားထားရာ နံပါတ် ၃-ဖြစ်သော သံယုတ္တနိကာယ် ငါးကျမ်းနှင့် နံပါတ် ၅ ဖြစ်သော ခုဒ္ဒက နိကာယ်တွင် ပါဝင်သော ပဋ္ဌာန်း ကျမ်းကြီးတို့မှာ ဝိပဿနာ လုပ်ငန်းအတွက် အနတ္တဓမ္မ သဘာဝကို ဟောပြောပြသရန် အထူးသက်ဆိုင်သော "ကျမ်းအိပ်ကြီး"များ ဖြစ်လေသည်၊

ထိုကျမ်းကြီးများမှာ ယခုအခါ ရန်ကုန်မြို့ကြီးနှင့်တကွ နယ်များတွင် အချို့ ဘုန်းတော်ကြီးများ လေ့လာသုံးသပ်

နေတော်မူကြသည်ကို တွေ့ရှိကြရသဖြင့် ဝမ်းမြောက် ဝမ်းသာ ရှိဘွယ်ရာ သတင်းကောင်း တရပ်ပင်။

လူပုဂ္ဂိုလ်ထဲမှ ဝိပဿနာ ဘာဝနာကို လေ့လာ ကျင့် သုံး ဟောပြောကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် ထို ကျမ်းအိပ်ကြီးများကို တိုးတက် လေ့လာ အပ်လှ ပေ၏၊ စာအားမရှိပါက ပါဠိတော်ကို နိဿျ ဘာ သာ ပြန် (ဦးဟုတ်စိန်၏) အဘိဓာန်တို့နှင့် ယှဉ်တွဲ ဖတ်ရှုပါက လွယ်သည်သာတည်း၊ မိမိ ခေါ်တိုနေလျှင် ခြေတလှမ်း တိုး၍ ခုတ်တော်မူကြရန် အထူး တိုက်တွန်း ပါသည်။ ကြိုးစားတော်မူကြပါ ဖြစ်နိုင်သည် သာတည်း။

ရုပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး၊ မဂ္ဂင် ၈-ပါး၊ ပဋိစ္စ သမုပ္ပါဒ်တရား ပဋိစ္စသမုပ္ပန္နတရားတို့ကို သံယုတ် ၅-ကျမ်း နှင့်တကွ ပဋ္ဌာန်းကျမ်းကြီး၏ အစိပ်အပိုင်းတို့ဖြင့် မွမ်းမံ ချယ်လှယ် လိုက်ရပါလျှင် မြန်မာနိုင်ငံတော်တွင်သာမက ကမ္ဘာက လိုလားတောင့်တ နေသော ပါဠိတော်လာ ဝိပဿနာ ဘာဝနာ ပွားများ အားထုတ်နည်းကို ကမ္ဘာသို့ တိကျမှန်ကန်စွာ ပေးဝေလှူဒါန်းနိုင်သော ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတယောက် ဖြစ်မြောက်လာနိုင်ပါသည်။ (မယုံဝိ တထာ ရူပါ သဒ္ဒါ သံဝိဇ္ဇတိ)။ ကြိုးစားက ဘုရားဖြစ်၏။ ကြိုးစားတော်မူပါ။

ထို့ကြောင့် မိမိအကျိုး ကမ္ဘာသူ ကမ္ဘာသားတို့ အကျိုး ငှာ ထို ကျမ်းအိပ်ကြီးများ အထိ လေ့လာ ဆည်းပူးတော် မူကြပြီးလျှင် မိမိကိုယ်တိုင်လည်း ဝိပဿနာ ဘာဝနာကို

ကြီးစား ပွားများအားထုတ်တော်မူလျက် ကမ္ဘာသူ ကမ္ဘာသားတို့အားလည်း ထိုဝိပဿနာ ဘာဝနာ ပွားများနည်းကို ပေးဝေ လှူဒါန်းတော်မူရန် အထူး တောင်းပန်တိုက်တွန်းပါ၏။

## ဝိပဿနာ ပွားများနည်း

ယခုသော် အာနာပါန သမထ ဘာဝနာ လုပ်ငန်းမှ ဝိပဿနာ လုပ်ငန်းသို့ တက်ရောက်သော သုတ်မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာနသုတ် အာနာပါန ပဗ္ဗ၌ လာရှိသော ပါဠိတော်အဆက်ကို ဖော်ပြပေအံ့။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာ-
နုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ
ကာယေ ကာယာ နုပဿီ ဝိဟရတိ၊
အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာ-
နုပဿီ ဝိဟရတိ။

**အနက်ကား**။ ။ဣတိ၊ ဤသို့။ အဇ္ဈတ္တံ၊ မိမိ၏ သန္တာန်၌ ဖြစ်သော။ ကာယေဝါ၊ ထွက်သက် ဝင်သက် အပေါင်း၌လည်း။ ကာယနုပဿီ၊ ထွက်သက် ဝင်သက် အပေါင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါ၊ သူတပါး သန္တာန်၌ဖြစ်သော။ ကာယေဝါ၊ ထွက်သက် ဝင်သက် အပေါင်း၌လည်း။ ကာယာနုပဿီ၊ ထွက်သက် ဝင်သက် အပေါင်းကို အဖန်တလဲလဲ ရှုသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ ရံခါ မိမိသန္တာန်၌ ရံခါ သူတပါးသန္တာန်၌ ဖြစ်သော။ ကာယေဝါ၊ ထွက်သက်

ဝင်သက်အပေါင်း၌လည်း။ ကာယာနုပဿီ၊ ထွက်သက် ဝင်သက် အပေါင်းကို တဖန်တလဲလဲ ရှုသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။

သမုဒယ ဓမ္မာနုပဿီ ဝါ
ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာ-
နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊
သမုဒယ ဝယဓမ္မာနုပဿီ ဝါ
ကာယသ္မိံ ဝိဟရတိ။

**အနက်ကား။** ။ကာယသ္မိံ၊ ထွက် သက် ဝင် သက် အပေါင်း၌။ သမုဒယ ဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်းသဘော ကို အဖန်တလဲလဲ ရှုသည် ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ထွက်သက် ဝင်သက် အပေါင်း၌။ ဝယဓမ္မာ နုပဿီ၊ ပျက်ခြင်း သဘောကို အဖန်တလဲလဲ ရှုသည် ဖြစ်၍ လည်း။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ထွက်သက် ဝင်သက် အပေါင်းတို့၌။ သမုဒယဝယဓမ္မာနုပဿီဝါ၊ ဖြစ်ကြောင်း သဘော ပျက်ခြင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ လည်း။ ဝိဟရတိ၊ နေ၏။

အတ္ထိ ကာယောတိဝါ ပနဿ သတိ
ပစ္စုပဋ္ဌိတာ ဟောတိ ယာဝ ဒေဝ
ဉာဏ မတ္တာယ ပဋိဿတိ မတ္တာယ။

**အနက်ကား။** ။ကာယော၊ ထွက်သက်ဝင်သက်အပေါင်း သည် သာလျှင်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုရဟန်း ၏။ သတိဝါပန၊ အာနာပါန သတိသည်မူလည်း။ ပစ္စုပဋ္ဌိတာ၊ ရှေးရှုထင်သည်။ ဟောတိ၊ ဖြစ်၏။

ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ အဆင့်ဆင့် ဝိပဿနာဉာဏ်၏ တိုးပွားစေခြင်း အတိုင်းအရှည် အကျိုးငှာ။ ပဋိဿတိမတ္တာယ၊ အဆင့်ဆင့် အာနာပါနသတိ၏ တိုးပွားခြင်းအတိုင်း အရှည် အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။

အနိဿိတော စ ဝိဟရတိ၊
န စ ကိဉ္စိလောကေ ဥပါဒိယတိ။
ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခုကာယေ၊
ကာယာနုပဿီ ဝိဟရတိ။

အနက်ကား။ ။သောဘိက္ခု၊ ထိုရဟန်းသည်။ အနိဿိတော စ၊ ထွက်သက်ဝင်သက်ကို တဏှာဒိဋ္ဌိအားဖြင့် မမှီမူ၍လည်း။ ဝိဟရတိ နေ၏။ လောကေ၊ ဥပါဒါနက္ခန္ဓာ ဟူသော လောက၌။ ကိဉ္စိ၊ တစုံတခုသော ရုပ်, နာမ်တရားကို။ အတ္တာတိ ဝါ၊ ငါ၏ကိုယ်ဟူ၍၎င်း။အတ္တနိယံ ဝါ၊ ငါ၏ဥစ္စာ ဟူ၍၎င်း။ န စ ဥပါဒိယတိ၊ မစွဲလမ်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိ ခေါ၊ ဤသို့လည်း၊ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရုပကာယ၌။ ကာယာနုပဿီ၊ ရုပကာယကို အဖန် တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

အထက်တွင် အာနာပါန ကမ္မဋ္ဌာန်းကို ဝိပဿနာ ဘာဝနာ ပွားများရန်အတွက် ပါဠိတော်နှင့်တကွ နိသျကို ပါ ဖေါ်ပြထားသော်လည်း ဝိပဿနာဘာဝနာ ပွားများ နည်းနှင့် သက်ဆိုင်သော တရားတော်အချက် အလက်များ ကို သိရှိနားလည်ထားခြင်း မရှိသူတို့အတွက်မှာ မလွယ်ကူ ချေ။

ဥပမာဆိုသော် အထက်တွင် ဖေါ်ပြထားသော ပါဠိတော်များအနက် ''သမုဒယ ဓမ္မာနုပဿီ ဝါကာယသ္မိံ ဝိဟရတိ''ဆိုသော ပါဠိတော်ကို ပါဠိတော်အတိုင်း အထပ်ထပ် ရွတ်ဆိုပွားများနေခြင်းဖြင့်ရင်း၊ ထိုပါဠိတော်၏ နိဿျအတိုင်း မြန်မာဘာသာဖြင့်....

ထွက်သက်ဝင်သက် အပေါင်း၌ ဖြစ်ကြောင်း
သဘောကို အဖန်ဖန်ရှုသည်ဖြစ်၍ နေ၏။

ဟူ၍ အထပ်ထပ်အကြိမ်ကြိမ် အဖန်ဖန် ရွတ်ဆိုပွားများနေခြင်းဖြင့်ရင်း၊ ဝိပဿနာဘာဝနာ ပွားများ အားထုတ်နေခြင်းမဟုတ်ချေ။ လမ်းလွဲနေပေတော့၏။ အချိန် ကုန်သော်လည်း အကျိုးများသင့်သလောက် မများနိုင်ချေ။

ဤ၌ ပါတော်၏လိုရင်းကား ထွက်သက်ဝင်သက် ထွက်လေဝင်လေတို့၏ မူလဖြစ်ပေါ်လာသော အကြောင်းရင်းကို ဖေါ်ထုတ်ခါ ဆင်ခြင်သိမ်းဆည်းရခြင်း ဖြစ်၏။

ဆင်ခြင် သိမ်းဆည်းပုံကား ထွက်သက် ဝင်သက် ထွက်လေဝင်လေတို့သည် ရုပ်ဖြစ်၏။ ထိုရုပ်၏ ဖြစ်ကြောင်းကား လက်သန်း အဋ္ဌကထာရုပ်ပိုင်း၌....

ကမ္မံ စိတ္တံ ဥတု အာဟာရောစေတိ၊
စတ္တာရိ ရူပသမုဋ္ဌာနာနိ နာမ။

ဟူ၍ လာရှိသဖြင့် ရုပ်၏ဖြစ်ခြင်း အကြောင်း ရင်းကား ကံ,စိတ်, ဥတု,အာဟာရ ဤလေးပါးတို့ ပါတကားဟု ရုပ်၏ဖြစ်ခြင်း အကြောင်းရင်းကို ဆင်ခြင်၏။ တနည်းဆိုသော် ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဥဒယဗ္ဗယ ဉာဏ်ခဏ်း၌....

အဝိဇ္ဇာ သမုဒယာ ရူပသမုဒယော၊
တဏှာ သမုဒယာ ရူပသမုဒယော၊
ကမ္မ သမုဒယာ ရူပသမုဒယော၊
အာဟာရ သမုဒယာ ရူပသမုဒယော၊

စသည်ဖြင့် လာရှိခြင်းကြောင့် အဝိဇ္ဇာဖြစ်သည်ရှိသော် ရုပ်ဖြစ်၏၊ တဏှာဖြစ်သည်ရှိသော် ရုပ်ဖြစ်၏၊ ကံ ဖြစ်သည်ရှိသော် ရုပ်ဖြစ်၏၊ အာဟာရ ဖြစ်သည်ရှိသော် ရုပ်ဖြစ်၏ဟူ၍ ရုပ်၏ဖြစ်ခြင်း အကြောင်းရင်းကို ဆင်ခြင်၏။

ဤသို့ ရုပ်၏ဖြစ်ခြင်း အကြောင်းရင်းကို ဆင်ခြင်ခြင်းကို သာလျှင် အလိုရှိအပ်လေသည်။ ''သမုဒယ ဓမ္မာနုပဿီ'' စသော ပါဠိတော်ကို အကြိမ်ကြိမ်ရွတ်ဆိုရန် မဟုတ်ချေ။

ယင်းသို့ ဆင်ခြင်သိမ်းဆည်းခြင်း၏ အကျိုးကားအဘယ် နည်းဆိုသော် ပထဝီ၊အာပေါ၊တေဇော၊ဝါယော စသော ရုပ်သည် အကြောင်းမဲ့ ဖြစ် ပေါ် လာ သည် မ ဟုတ် ချေ။ အကြောင်းကြောင့် ဖြစ်ပေါ်လာရသော အကျိုးတရားဟူ၍ ယောဂီပုဂ္ဂိုလ်သည် သိရှိလာ၏။

တဖန်တုံလည်း ရုပ်ကို ဖြစ်ပေါ်လာစေရန် တဦးဦးက ပြုပြင်ဖန်ဆင်းပေးခြင်း မဟုတ်ပုံကို သိရှိရပြန်သဖြင့် ဗြဟ္မာ ဖန်ဆင်းသည်ဟူသော အယူဝါဒ ကင်းစင်သွားပြန်၏။

အဝိဇ္ဇာကြောင့် ရုပ်ဖြစ်သည် ဆိုပြန်သဖြင့် ရုပ်ကိုအမျိုး ပြုတ်အောင် ချုပ်အောင် ကြိုးစားနေသော ယောဂီပုဂ္ဂိုလ် သည် အဝိဇ္ဇာဖြစ်ပေါ်မှုကို လက်သင့်မခံရဲတော့ချေ၊ ဝိဇ္ဇာ ဉာဏ်ဖြစ်ပေါ်နေရန် ဝိပဿနာ ဘာဝနာကို ပွားနေပါမှ ပါတကားဟု သဘောပေါက်လာပြန်၏။

တဏှာဖြစ်ပေါ်လျှင် ရပ်ဖြစ်၏ ဆိုပြန်သဖြင့် တပ်နှစ်သက်ခြင်းဟူသော တဏှာကို စိတ်မကူးရန် သဘောပေါက်လာပြန်၏။ ကာမဂုဏ်ကို မခံစားရဲတော့ပြီ။

ကံပြုပါက ရုပ်ဖြစ်၏ ဆိုပြန်သဖြင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ ဆိုရာတွင် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဥ္ဇာဘိသင်္ခါရဟု လာရှိရကား လူဖြစ်ခြင်း၊ နတ်ဖြစ်ခြင်း၊ ပြဟ္မာဖြစ်ခြင်းကို အလိုရှိ၍ကုသိုလ်ပြုလုပ်ခြင်း၏ အပြစ်ကို သိရှိသဘောပေါက်လာပြန်၏။

အာဟာရကြောင့် ရုပ်ဖြစ်သည် ဆိုခြင်းကြောင့် အစားအသောက်ကိုပင် စားသောက်ရန် အပြစ်မြင်လာတော့၏။ သို့ရာတွင် တရားအားထုတ်ရန် အကျိုးငှါ စားရ၏ဟူသော သဘောဖြင့်သာ စားသောက်၏ စားသောက်ရာတွင်လည်း မဟာသတိပဋ္ဌာန် ကာယာနုပဿနာ သမ္ပဇာနပဗ္ဗ၌....

အသိတေ ပီတေ ခါယိတေ
သာယိတေ သမ္ပဇာနကာရီ
ဟောတိ။

ဟူ၍ ဟောတော်မူသည့်အတိုင်း စားသည် ရှိသော် သောက်သည်ရှိသော်၊ ခဲသည်ရှိသော်၊ လျက်သည် ရှိသော် ပညာဖြင့် ဆင်ခြင်၍စားရမည် ဆိုသည်ကို သဘောပေါက်လာပြန်တော့၏။

ထိုမှတပါး ရုပ်တရားအတွက် ရေးသားဖေါ်ပြရန် များစွာကျန်ရှိသေး၏ သို့မှသာလျှင် သတ္တာယဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိစသည်တို့မှ ကျော်လွှန်နိုင်ပေမည်။ ထိုပြင်လည်း

ပညတ်နှင့် ပရမတ်ကွဲရန် ဝိပဿနာ ဘာဝနာအတွက် လို အပ်သော "တဇ္ဇ"ပညတ်နှင့် ပရမတ်ကွဲရန် ရှင်းလင်းရန် လိုပေသေး၏။

ထိုနည်းတူစွာ "နာမ်" တရားစိတ်၏ ဖြစ်ပေါ် လာမှု အကြောင်းတရား စသည်တို့၌လည်း "ရုပ်"တရားကဲ့သို့ပင် ရှင်းလင်းဖော်ပြရန် များစွာ လိုပေသေး၏။ သမထ ကဲ့သို့ မလွယ်ချေ။

ထို့ကြောင့် ရှင်တော်ဘုရား ကိုယ်တော်တိုင် ငါဘုရား၏ တရားတော်သည် နက်နဲခက်ခဲယောင်လည်းရှိ၍နက်နဲခက်ခဲ သည်လည်း ဖြစ်၏ဟု အရှင်အာနန္ဒာအား မိန့်တော်မူ၏။ ဤ၌ ကျယ်ပြန့်စွာ မဟော ပြပါက နားမလည် သဘော မပေါက်နိုင်ဟု မိန့်တော်မူခြင်း ဖြစ်လေသည်။

ရှင်တော်ဘုရား၏ တရားတော်တွင် အခြား ဘာသာ ရပ်များထက် ထူးသည်ကား ပညာစခန်း၌ ထူးခြား ခက်ခဲ နက်နဲခြင်း ဖြစ်၏။ ပညာစခန်းဆိုရာ၌ ဝိပဿနာ ဘာဝနာ ပွားများခြင်းကို ယထာဘူတ သဘာဝဓမ္မကို ကြေပြွန် အောင် သိရှိ နားလည်မှုကို ဆိုလိုပေသည်။

လောကတွင် အသစ် တွင်ရမှုသာ ခက်ခဲလေသည်။ အတုယူ၍ လုပ်ရန်မှာကား ခက်ခဲသည် မဟုတ်တော့ပြီ။ ဝိပဿနာ ဘာဝနာ ပွားများရေးလုပ်ငန်းနှင့် ပတ်သက်၍

ထိုထိုသော ပါဠိတော်များတွင် ရှင်တော်ဘုရားသည် များစွာ ရှင်းလင်းဖေါ်ပြ ဟောတော်မူခဲ့ပြီ ဖြစ်ခြင်းကြောင့် ဝိပဿနာ ဘာဝနာ ပွားများခြင်းနှင့် သက်ဆိုင်သော ပါဠိတော် အဋ္ဌကထာ ဋီကာ စသည်တို့ကို လေ့လာလိုက်စားပြီးနောက် မိမိကိုယ်တိုင် ဝိပဿနာ ဘာဝနာကို ကြိုးစားအားထုတ်နေသူ တဦးဦးက ပြောဟော ပြသပေးမည် ဆိုပါက နားမလည်နိုင်စရာအကြောင်း အနည်းငယ်မျှ မရှိနိုင်ချေ။

မည်သည့် အလုပ်မဆို အစ၌ ခက်သည်ဟု ထင်ရ၏၊ လေ့ကျင့်ပါများသော် တနေ့ထက် တနေ့ အလုပ်ကို ပိုမို ကျွမ်းကျင်လာပြီးလျှင် မကြာမီ အလုပ်၏ဆရာကြီး ဖြစ်လာရပေတော့၏။ ။စာမျက်နှာ ၁၀၇-ရှိ "လက်သမား၏ ပဲခွပ်ရိုး"ကို ပြန်ဘတ်တော်မူပါ။

ထိုနည်းတူစွာ ရှင်တော်ဘုရား၏ တရားတော်မှာလည်း ဆရာကောင်းကို မှီလျက် သင်ကြားလေ့လာ ဆည်းပူးခြင်း ဝိပဿနာ ဘာဝနာပွားခြင်းနှင့်သက်ဆိုင်သော ပါဠိတော် အဋ္ဌကထာ စသည်တို့ကို လိုက်လံ လေ့လာ ဖတ်ရှုခြင်းများကို ပြုပါက ရှင်တော်ဘုရား၏ တရားတော်ကို ယထာဘူတ ကျနစွာ နားလည်လာရုံမျှမက မိမိကိုယ်တိုင်ပင် ပါဠိတော်နှင့် ကိုက်ညီစွာ သင်ကြားပြသ ပေးနိုင်သော ဝိပဿနာ ဆရာကြီးတဦး ဖြစ်လာရပေတော့၏။

ဝိပဿနာ ဘာဝနာ ပွားများခြင်း၏ လုပ်ငန်း သဘာဝကို သဘော ပေါက်သွားသောအခါ ထိုမျှ မှန်ကန်၍ ထိုမျှ

အရသာရှိသော တပါးသော အရသာကို ယောဂီပုဂ္ဂိုလ်သည် တွေ့ကြုံဘူးမည် မဟုတ်တော့ချေ။

ထိုကြောင့် ညီတော် ''မင်းနန်''သည် နန်းတော်ကြီးနှင့် တကွ ရှုမငြိုးဖြစ်သော ''ဇနပဒကလျာဏီ''တို့ထံသို့ မပြန်နိုင်ရှာတော့ဘဲ တရားနှင့် မွေ့လျော်နေခြင်း ဖြစ်၏၊ ဤသို့သျှင်''ယသ'' သူဌေးသား စသည်တို့ကိုလည်း သိအပ်၏၊ ထိုကြောင့် ရှင်တော်ဘုရားသည် ဓမ္မပဒ ပါဠိတော် တဏှာဝဂ်၌ သိကြားမင်းအား-

သဗ္ဗရသံ ဓမ္မရသော ဇိနာတိ၊
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ။

ဟူ၍ ဟောတော်မူ၏။

အနက်ကား။ ။ဓမ္မရသော၊ တရား တည်းဟူသော အရသာသည်။ သဗ္ဗရသံ၊ ခပ်သိမ်းသော အရသာကို။ ဇိနာတိ၊ ကျော်လွန် အောင်မြင်၏။ ဓမ္မရတိ၊ တရား၌ မွေ့လျော်ခြင်းသည်။ သဗ္ဗရတိံ၊ ခပ်သိမ်းသော မွေ့လျော်ခြင်းကို၊ ဇိနာတိ၊ ကျော်လွန်အောင်မြင်၏။ဟု ဟောတော်မူ၏။

ယင်းသို့သော အကြောင်း တို့ကြောင့် ဝိပဿနာ ဘာဝနာ ပွားများအားထုတ်ရာတွင်-

အမေမှာသည့် ဆန်တခွဲ
သုံးစိပ်ရတော့ ငါမလဲ။

ဆိုသော သဘောမျိုး မဖြစ်ရလေအောင် (တနည်းဆိုသော်) သဘာဝ သဘောတရား မပါမရှိသော ဝိပဿနာ "ဆေးနည်းတို" အတုအယောင်များကို တွေ့ရှိရသောအခါ လွယ်ကူစွာ သိရှိပြီးလျှင် အမှန်သို့ ရောက်ရှိလာရလေအောင် ပြုပြင်ဟောပြော ပြသပေးနိုင်ရန် ဝိပဿနာဘာဝနာ ပွားများရေးနှင့် သက်ဆိုင်သော ရှင်တော်ဘုရားအလိုရှိတော်မူအပ်သော "အနတ္တ" ဓမ္မသဘာဝကို ဉာဏ်မျက်စိတွင် ထင်ရှား ရှင်းလင်းစွာ သဘောပေါက်လာနိုင်ရန် များစွာသော ပါဠိတော်တို့ကို ဆောင်လျက် ဝိပဿနာဘာဝနာ ပွားများနည်းကိုဖေါ်ပြရန် ဂမ္ဘီရ ဝိပဿနာရှုဘွယ်ကျမ်း ဒုတိယတွဲကို ဆက်လက် ရေးသားပါဦးအံ့။

---

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"

ဓမ္မအလှူ ပေးဝေမှုက လှူတွင်လှူမြတ်

ခေါ်ပညတ်၏။

**"မယှံ ပိ တထာ ရူပါ သဒ္ဒါ သံဝိဇ္ဇတိ"**

---

ဤကျမ်းကို အစမှ ဤစာမျက်နှာအထိ ဘတ်ရှုပြီးသော ပုဂ္ဂိုလ်တို့သာလျှင် စာမျက်နှာ ၂၁၃-သို့ ဆက်လက် ဘတ်ရှုတော်မူကြစေလိုပါသည်။

**ဤကျမ်း၏ အစမှ စာမျက်နှာ**
**၂၁၂-အထိ ဘတ် ရှုပြီး သော**
**ပုဂ္ဂိုလ်များသာလျှင် အောက်ပါ**
**စာပိုဒ်ကို ဘတ် ရှုတော် မူ ကြ**
**စေလိုပါသည်။ (ကျမ်းပြုသူ)။**

ဘဒ္ဒန္တဇောတ ဆရာတော်
(အဂ္ဂမဟာပဏ္ဍိတ)
ရန်ကုန်မြို့။

## ဆရာတော်ကြီး နှစ်ပါး၏ အာသီသ

အောက်ပါအကြောင်းအရာတို့မှာ ဤကျမ်း ''စာမူ''ကို ကြည့်ရှုစစ်ဆေး စောင့်ရှောက် ပေး တော် မူ ကြ စဉ် က အထက်ပါ ဆရာတော်နှင့် ရန်ကုန်မြို့ တောင်လုံးပြန် အသိဘိကျောင်းတိုက်၊ ရွှေတောင်ကျောင်း၊ သက်တော် ၈၃-နှစ်၊ ဝါတော် ၆၄-ဝါရှိ၊ ဆရာတော် ဦးတေဇိန္ဒတို့၏ မိန့်ဟတော်မူသော စကားရပ်များပေတည်း၊ ။ဆရာတော် အရှင်ဘဒ္ဒန္တဇောတမှာ သက်တော် ၇၇-နှစ်၊ ဝါတော် ၅၇-ဝါ ရှိပြီ ဖြစ်ပါကြောင်း။

(ဆရာတော် ဘဒ္ဒန္တဇောတ) ဒကာ ကြီး ရဲ့ ''စာမူ''ကို ပုဂ္ဂိုလ် တဦးဦးအား ပြသပြီးပြီလော။

(ပဂျိုင်) မှန်ပါ။ အသီတိကျောင်းတိုက် ရွှေတောင်ကျောင်း ဆရာတော် ဦးတေဇိန္ဒအား ပြသပြီးပါပြီဘုရား။ ဆရာတော်ကြီးက "စာမူ"ကို ဘတ်ရှုတော် မူပြီးနောက် ကောင်းသားဘဲ။ ပါဠိတော် အကိုးအကားတွေလဲ အခိုင်အလုံသားဘဲ။ မင်းပါဠိတော်တွေကို ငါ့အကုန် တွေ့ရှိဘူးတယ်၊ ခုဆက်တိုင် ဘော်ဘော် များ များ ရရှိနေသေးတယ်၊ ဒါပေမဲ့ မင်းသိုမှုရာကျမ်းတွေကိုတော့ တချို့တဝက်ဘဲ သတိရတော့တယ်၊ မင်း ကူရင်း ကျမ်းရင်းတွေကို ဖေါ်ပြသားတော့ စာဘတ်တဲ့သူတွေ ရှာရဖွေရ တာလွယ်ကူသွားဟာပေါ့ဟု အမိန့်ရှိပါတယ်ဘုရား။

(ဆရာတော်) ဟာ-ဒါဖြင့် ဆရာတော်ကြီး ကြည့်ရှုပြီးပြီ ဆိုရင် ဘုန်းကြီး ထပ်ကြည့်ရှု စစ်ဆေးဘို့ မလိုတော့ ဘူး ဒကာကြီးရဲ့။ ဘာကြောင့်လဲ ဆိုတော့ ရွှေတိဂုံ စေတီတော်ကြီးရဲ့ ဘုရားလူကြီးများ အဖွဲ့ကြီးက ကောင်မြှောက် ထားတဲ့ "ဩဝါဒါစရိယ"အဖွဲ့ကြီး ရှိတယ်။ အဲဒီအဖွဲ့ကြီးမှာ ဆရာတော်ကြီး ကိုးပါးပါရှိတယ်၊ အဲဒီ"ဩဝါဒါစရိယ"အဖွဲ့ကြီးမှာ ဆရာတော် ဦးတေဇိန္ဒဟာ အကြီးအမှူး ဥက္ကဋ္ဌ ဖြစ်တယ် ဒကာကြီးရဲ့၊ ဒီတော့ ဆရာတော်ကြီး သဘောကျရင် ဘုန်းကြီး ကြည့်ရှုစစ်ဆေးဘို့ မလိုတော့ဘူး။

(ပဂျိုင်) အရှင်ဘုရား အမိန့်ရှိဘာမှန်ပါတယ်။သဘာဝလဲ ကျပါတယ်။ သို့ပေမဲ့ ဆရာတော်ကြီးက မင်း ဒီစာမူကို ယူပြီး အရှင်ဘုရားထံ သွားပြီး ကြည့်ရှုစစ်ဆေး စောင့်

ရှောက်ပေးရန်လျှောက်ထားချေဟု အမိန့်ရှိလိုက်ပါသဖြင့် အရှင်ဘုရားထံ လာရောက် လျှောက် ထား ရ ခြင်း ဖြစ်ပါ သည် ဘုရား။

(ဆရာတော်) အော်-ဒီလိုလား။ ကဲ-ကဲ-ဒါဖြင့် ထားခဲ့ ဟု အ မိန့် ရှိ တော် မူ ၏။ (ဤကား လိုရင်းအတိုချုပ် ပေတည်း)။

အချိန်ကျ၍ "စာမူ"ကို သွားရောက် ယူ သော အခါ ဆရာတော်ကပြုံးလျက်၊ဒကာကြီး-ဒကာကြီးစာကို ဘုန်းကြီး အတော်ပင် စိတ်ဝင်စားတယ်၊ လိုအပ်သည့်တို့ကိုလဲ ကြည့် ရှုစစ်ဆေး စောင့်ရှောက်ပြီးပြီ။ ဒီမှာ တခုတော့ ဒကာကြီး ကို မေတ္တာရပ်ခံချင်တယ်။ ဒါကတော့ တခြား မဟုတ်ပါ ဘူး ဒကာကြီး၊ ဤကျမ်းစာအုပ်ကို ရိုက် နှိပ် ပြီးရင် သြဇာ အာဏာရှိတဲ့ ပုဂ္ဂိုလ်တွေထံ ရောက်အောင် ပို့ပေးဘို့မေတ္တာ ရပ်ခံတယ် ဒကာကြီးဟုနှစ်ကြိမ်သုံးကြိမ် အမိန့်ရှိတော်မူ၏။

(ပဂျိုင်) အရှင်ဘုရား အမိန့်သြဝါဒကို တ ပည့် တော် ဆောင်ရွက် ပါမည်ဘုရား စိတ်ချတော်မူပါဟု နှစ်ကြိမ် သုံးကြိမ်ပင် ဝန်ခံခဲ့၏။

ထိုမှ "စာမူ"ကိုယူ၍ ယခင်ဆရာတော် ဦးတေဇိန္ဒထံသို့ ပြန်လျက် ကိစ္စအဝဝကို လျှောက်ထားရာဆရာတော်ကြီးက "အေး-အကောင်းသားဘဲ သြဇာတိက္ကမရှိတဲ့လူရောရှင်ပါ ဆိုသလို သဘောပေါက်သွားရင် ခရီးရောက်နိုင်တာပေါ့၊ ဒီတော့ မင်းကလဲ ဆရာတော် အမိန့်ရှိလိုက်သလို အရာ

ရောက်မည့် ပုဂ္ဂိုလ်တွေထံ ဤကျမ်းစာအုပ် ရိုက်နှိပ်ပြီးတော့ အရောက်ပို့ပေးပေါ့ဟု အမိန့်ရှိတော်မူလိုက်လေသတည်း။

ယင်းသို့ ဖြစ်ခြင်းကြောင့် သာသနာတော် မြတ်ကြီး အဓွန့်ရှည်ရေးနှင့် မိမိ၏ "ဓမ္မဒါန"ကြီး ပြုစုရေးကိုရှေးရှု တော်မူကြလျက် ဆရာတော်ကြီးများ၏ "အာသီသ"ကို ဖြည့်စွမ်းနိုင်ရန် ကျွန်တော်ကလည်း လက်လှမ်း မှီသော ရဟန်း,ရှင်,လူတို့အား အသီးသီးထံ ပေးပို့လှူဒါန်းပါမည် စာဘတ် ပရိသတ်တို့ကလည်း မိမိတို့ လက်လှမ်းမှီသော ပုဂ္ဂိုလ်အသီးသီးတို့ထံ ဤကျမ်းကို အရောက်ပေးပို့ လှူဒါန်း တော်မူကြရန်အထူးမေတ္တာရပ်ခံပါသည် သူတော်ကောင်း အပေါင်းတို့....။

ပဂျီငို

( ပန်းချီငို )

ဆောင်ပုဒ်ကို အမြဲလက်ကိုင်ထားလျက် "ကြိုးစားက ဘုရားဖြစ်၏" ဟူသော ဂါထာကို အမြဲရွတ်ဆိုပါ။ စိတ်ကောင်းမွေးမြူပါလေ။

ဉာဏ်ပညာဆိုသည်မှာ စိတ်နှင့် စေတသိက်တို့ပင် ဖြစ်၏၊ ဉာဏ်ပညာ စိတ် စေတသိက်တို့ကို တိုးတက်ကြီးမား ရင့်သန်လာရန် အကောင်းဆုံး တရားမှာ မဂ္ဂင်ရှစ်ပါး တရားဖြစ်ကြောင်းကို ရှင်တော်ဘုရား တိကျစွာ ဟောတော်မူခဲ့လေပြီ။

ဤကျမ်းသည် မဂ္ဂင်ရှစ်ပါး သဘောတရားကို လွယ်ကူစွာသိရှိနိုင်ရန် များစွာသော ပါဠိဒေသနာတော်တို့ကို ဆောင်လျက် မသိသည်ကိုသိအောင် "အနုသာသနီ" နည်းဖြင့် ဖေါ်ပြထားသော ကျမ်းဖြစ်၏။

ဤကျမ်းသည် အကြံသစ် ဉာဏ်သစ်တို့ဖြင့် ဗမာသစ်ကိုသာမက ကမ္ဘာသစ်ကိုထူထောင်ရန် ရည်သန်လျက် ရေးသားထားသော ကျမ်းဖြစ်၏၊ ဘတ်ရှုလေ့လာသူတို့အား ယထာဘူတ "သဘာဝဓမ္မ" မြင်မှန်ကိုရရှိစေလျက်ဗမာ့နိုင်ငံရေးခေါင်းဆောင်သာမက ဗမာ့စီးပွားရေး ခေါင်းဆောင် သာမက ဗမာ့ ကလောင်ရေး ခေါင်းဆောင်သာမက ကမ္ဘာ့ ခေါင်းဆောင်ကြီး ဖြစ်လာစေရန်နှင့် ကမ္ဘာကြီး လည်း ကောင်းစားစေ၍ ဗမာတမျိုးလုံးသည်လည်း ကမ္ဘာ့ဆရာကြီး ဖြစ်လာစေရန် ရည်မှန်းလျက် ရေးသားကာ အမွေအနှစ် ပေးအပ်ခဲ့သော ကျမ်းပေတည်း။

ပဂျိုင်
(၁၂၅၉ ခုနှစ်ဖွား)

ဘာသာရေးဆိုင်ရာ

စာပေခွင့်ပြုချက်အမှတ်(၄၁၀၀)

ကြိုးစားက ဘုရားဖြစ်၏

“မယှံပိ တထာရူပါ သဒ္ဒါ သံဝိဇ္ဇတိ”